# ယုံကြည်ခြင်းနှင့်အကျင့်

(အီး ဂျီ ဝှိုက်)

ဦးထွန်းသိန်း မြန်မာပြန်ဆိုသည်

ကယ်တင်ခြင်းပေးဖို့ မည်သည့်အရာကို ဘုရားသခင်အလို ရှိတော်မူပါသနည်း။ သာမန်ယုံကြည်ပါက ကျေနပ်တော်မူပါသလား၊ (သို့မဟုတ်) ပညတ်တရားတော်ကိုလေ့လာ၍ နားထောင်နာယူဖို့လို ပါသေးသလား။

ဤကဲ့သို့သောမေးခွန်းများကြောင့် ယုံကြည်ခြင်းသာအရေးကြီး သည်၊ အကျင့်သာအရေးကြီးသည် စသည်ဖြင့်လူတို့အချိန်ကာလ ကြာမြင့်စွာဘက်လိုက်ခဲ့ကြပါသည်။

သို့သော်ဤစာတမ်းများ၌မူ အယ်လင်ဂျီဝှိုက်ကဘက်လိုက် မထားပါ။ ယုံကြည်ခြင်းနှင့်အကျင့်နှစ်ရပ်စလုံးအရေးကြီးပုံကို ဖော်ပြထားပါသည်။

ပုဂ္ဂိုလ်တစ်ဦးကယ်တင်ခြင်းရဖို့ဤမျှလောက်ရှင်းလင်းစွာ ဖော်ပြထားပုံကိုတွေ့ရခဲ့ပါသည်။ ယုံကြည်ခြင်းနှင့်နားထောင်ခြင်း နှစ်ရပ်စလုံးလိုအပ်သောလမ်းစဉ်ဖြစ်ပါသည်။ ယုံကြည်ခြင်းနှင့် နားထောင်ခြင်းတို့တစ်ခုနှင့်တစ်ခုမည်ကဲ့သို့အားဖြည့်ပေးကြပုံကို လည်းဤစာအုပ်၌သရုပ်ဖော်ထားပါသည်။ ဥပမာအားဖြင့် "လူသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ ထိုယုံကြည်ခြင်း များကိုထိန်းချုပ်ထားနိုင်သည့်အဆင့်သို့ရောက်ဖို့လိုပါသည်။ ထိုမျှမက နားထောင်ခြင်းအားဖြင့်အား ထိုယုံကြည်ခြင်းစုံလင်ပါသည်" ဟု ဆိုထားပါသည်။

အကန့်အသတ်ရှိသောလူအနေဖြင့် အကန့်အသတ်မရှိသည့် ကောင်းကင်ဆုကိုရဖို့မည်သည့်အရာကိုမဆို ပြုလုပ်နိုင်သည်ဟုဆိုသော သဘောတရားကို အီးဂျီဝှိုက်ကဖယ်ရှားလိုက်ပါသည်။ အထင်အမြင် အားဖြင့်သန့်ရှင်းခြင်းအကြောင်းကိုလည်းထုတ်ဖော်လိုက်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်နှင့်ပညတ်တရားကိုပေါ့ပေါ့တန်တန် သဘောမထားစေရန် ယုံကြည်ခြင်းနှင့်အကျင့်၏နေရာမှန်ကိုလည်း ဖော်ပြထားပါသည်။

# ယုံကြည်ခြင်းနှင့်အကျင့်

အယ်လင်ဂျီဝှိုက်ရေးသားပြုစုသည့် “Faith and Work”
စာစောင်ကို ဦးထွန်းသိန်းက “ယုံကြည်ခြင်းနှင့်အကျင့်”
အမည်ဖြင့် မြန်မာပြန်ဆိုသည်။

(ဒုတိယအကြိမ်)

ပထမပုံနှိပ်ခြင်း၊ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ ၅၀၀၀
ဒုတိယပုံနှိပ်ခြင်း၊ ၁၉၉၄ ခုနှစ်၊ ဇွန်လ၊ အုပ်ရေ ၅၀၀၀

စာမူခွင့်ပြုချက်အမှတ် ၉/၉၇ (၂၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၇/၉၉ (၆)

ဓမ္မဒါန

အမှတ် ၆၈၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့၊ မြန်မာပြည်သတ္တမနေ့
ဥပုသ်အသင်း၊ ဦးဘလှသိန်း၊ (မှတ်ပုံတင်အမှတ် ၀၁၈၅၀) က
ထုတ်ဝေသည်

အမှတ် ၂၀၆၊ ရွှေသစ္စာလမ်း၊ ကံဘဲ့၊ ရန်ကုန်မြို့၊ ကင်းစောင့်
ပုံနှိပ်တိုက်၊ ဦးစိုင်းရပ်စ်၊ (မှတ်ပုံတင်အမှတ် ၀၂၈၃၀) က
ရိုက်နှိပ်သည်။

# ယုံကြည်ခြင်းနှင့်အကျင့်

## အယ်လင်ဂျီဝှိုက်၏ဆောင်းပါးများ
## နှင့်
## ခရစ်ယာန်တရားဟောချက်များ

၁၈၈၁ ခုနှစ်မှ ၁၉၀၂ ခုနှစ်အထိတင်ဆက်ဟောပြောခဲ့သည့် ခရစ်ယာန်စာတမ်း ၁၉ စောင်ကိုအပြည့်အစုံ (သို့မဟုတ်) ကောက်နုတ်၍ သက္ကရာဇ်စဉ်အတိုင်းတင်ဆက်ထားပါသည်။

"ယုံကြည်ခြင်းနှင့်အကျင့်သည်လှော်တက်နှစ်ခုဖြစ်သော ကြောင့်ညီမျှအောင်အသုံးပြုရပါမည်" (၁၉၀၁ ခု၊ ပြန်လည်သုံးသပ်ခြင်း နှင့်သံတော်ဆင့်မဂ္ဂဇင်း ဇွန်လ ၁၁ ရက်နေ့ဆောင်းပါး)။

"ဖြောင့်မတ်သည်ဟုမှတ်ယူသောဖြောင့်မတ်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြပါသည်။ သန့်ရှင်းခြင်းသို့ရောက်သော ဖြောင့်မတ်ခြင်းမှာပေးသွင်းတော်မူသောဖြောင့်မတ်ခြင်းဖြစ်ပါသည်။ ပထမဖြောင့်မတ်ခြင်းမှာ ကောင်းကင်နိုင်ငံတော်ကိုပိုင်ဆိုင်ခွင့်ပေးသော ဖြောင့်မတ်ခြင်းဖြစ်ပါသည်။ ဒုတိယဖြောင့်မတ်ခြင်းမှာကောင်းကင် နိုင်ငံတော်နှင့်ထိုက်တန်စေသောဖြောင့်မတ်ခြင်းဖြစ်ပါသည်။" (၁၈၉၅ ခု၊ ဇွန်လ ၄ ရက်၊ ပြန်လည်သုံးသပ်ခြင်းနှင့်သံတော်ဆင့် မဂ္ဂဇင်း)။

---*****---

# မာတိကာ


| | |
|---|---|
| ရှေးဦးစကား | ၁ |
| ယုံကြည်ခြင်းနှင့်အကျင့် | ၉ |
| စစ်မှန်သောသန့်ရှင်းခြင်းစံချိန် | ၃၈ |
| ခရစ်တော်သည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း | ၄၉ |
| အယ်လင်ဂျီဝှိုက်၏ရှင်းလင်းစွာခွဲခြားဖော်ပြချက် | ၅၉ |
| ယုံကြည်ခြင်းနှင့်အကျင့် | ၇၁ |
| သန့်ရှင်းခြင်းအတုအကြောင်းသတိပေးထားခြင်း | ၇၉ |
| ဘုရားသခင်လမ်းပြလျက် ရှိတော်မူကြောင်း မည်သို့သိနိုင်ပါမည်နည်း | ၈၆ |
| ပညတ်တော်စောင့်သည့်ဘုရားသခင်၏ပရိသတ် | ၉၁ |
| ကျွန်ုပ်တို့၏ယုံကြည်ခြင်းအမျိုးအစား | ၉၇ |
| အော့တဝါတရားဟောချက်အပေါ်တုံ့ပြန်မှုအတွက် အီးဂျီဝှိုက်၏အစီရင်ခံစာ | ၁၃၄ |
| နားထောင်ခြင်းနှင့်သန့်ရှင်းစင်ကြယ်ခြင်း | ၁၄၂ |
| ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုခံယူကျင့်သုံးခြင်း | ၁၅၅ |
| ယုံကြည်ခြင်းနှင့်အကျင့်လက်တွဲလျက် | ၁၆၃ |
| ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်းအတွေ့အကြုံလမ်းစဉ် အကျဉ်းချုပ် | ၁၇၀ |
| ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်း | ၁၇၉ |
| ခရစ်တော်အားဖြင့်လက်ခံတော်မူခြင်း | ၁၈၂ |

## မာတိကာ


ယုံကြည်ခြင်းနှင့်အကျင့်အကြောင်းဟောပြောသော
ထိပ်တန်းခရစ်ယာန်ဆရာကြီးတစ်ဦးအတွက်အကြံပေးစကား ၁၉၂
ဘုရားသခင်သန့်ရှင်းတော်မူသကဲ့သို့လူသည်
မိမိအတိုင်းအတာနှင့်အညီသန့်ရှင်းနိုင်ပါသည် ၁၉၈
ဘုရားသခင်၏နှုတ်တော်ထွက်စကားနှင့်ညီညွတ်ဖို့လိုအပ်သော
အယူအဆများနှင့်အလေ့အကျင့်များ ၂၀၈


---***---

## ရှေးဦးစကား

ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်း၊ ဖြောင့်မတ်ရာသို့ ရောက်ခြင်းနှင့်သန့်ရှင်းခြင်းဆိုင်ရာအထူးအရေးကြီးသည့်ကြီးမြတ်သောသမ္မာတရားများကိုအစဉ်တစိုက်စိတ်ဝင်စားနေကြသည်ဖြစ်ရာသခင်ဘုရား၏သံတော်ဆင့်အနေဖြင့်နှစ်ပေါင်းများစွာအသေးစိတ်အနက်ဖွင့်ဆိုခဲ့ပုံများကိုဆက်လက်ဖတ်ရှုနားဆင်ကြမည်ဆိုပါကကောင်းစွာအကျိုးထူးပါလိမ့်မည်။

ယင်းအကြောင်းနှင့်ပတ်သက်၍ ယင်းသံတော်ဆင့်ကြီး၏ဟောပြောသွန်သင်ချက်များရုပ်လုံးပေါ်စေရန် ၁၈၈၁ ခုနှစ်မှ ၂၉၀၂ ခုနှစ်အထိ၎င်း၏ဟောပြောချက်စာတမ်း ၁၈ စောင်ကိုအယ်လင်ဂျီဝှိုက်ရေးရာများအုပ်ချုပ်ရေးအဖွဲ့မှသက္ကရာဇ်စဉ်အလိုက်ကောက်နုတ်စုစည်းလျက်တင်ဆက်အပ်ပါသည်။ ၎င်း၏ဟောပြောချက်များနှင့်ဆောင်းပါးများသည်ပညတ်တရားနှင့်ဧဝံဂေလိတရားတော်၌ပါဝင်ဖော်ပြထားသည့်ကယ်တင်ခြင်းတရား၏အခြေခံသဘောတရားများကိုအသင်းတော်အတွက် ပြန်လည်သုံးသပ်ခြင်းနှင့်သံတော်ဆင့်မဂ္ဂဇင်း၌လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာစာဖတ်ပရိသတ်အတွက်အချိန်ကာလဆိုင်ရာနိမိတ်လက္ခဏာများမဂ္ဂဇင်း၌လည်းကောင်းအသီးအသီးအသကအသကတစ်ခုနှင့်တစ်ခုဆီလျော်ညီညွတ်စွာဖော်ပြတင်းဆက်ခဲ့ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ဆောင်းပါးအများကိုရွေးထုတ်လျက် ၁၈၉၀ ခုနှစ်၊ လက်ရေးမူစာတွဲအမှတ် ၃၆ အဖြစ်တိကျစွာမှတ်သားထားပါသည်။ ၁၈၈၈ ခုနှစ်ဂျင်နရယ်ကွန်ဖရင့်အစည်းအဝေးကြီးပြီးဆုံးသောနောက် "ယုံကြည်ခြင်းနှင့်အကျင့်" အကြောင်းနှင့်စပ်လျဉ်း၍ "ပရိသတ်အများအယူအဆလွဲမှားသွားစေဖို့အန္တရာယ်ကြီးသည့်အခြေ" ၌ရှိနေသည်ဟုအခြားတစ်နေရာ၌ဖော်ပြထားပါသည်။ (၁၈၉၁ ခု၊စာမူ ၂၃)။

သို့ဖြစ်၍ထိုမျှလောက်အရေးကြီးသည့်အချိန်ကာလအတွင်းကရေးသား ခဲ့သည့်စာတမ်းများနှင့်တရားဟောချက်များကိုဆီလျော်သလိုရွေးချယ် လျက်တင်ဆက်အပ်ပါသည်။ အဆိုပါအကြောင်းအရာများကိုရှင်းလင်း ဟောကြားခြင်းနှင့်ပတ်သက်၍ ၁၈၉၀ ခုနှစ်ကခေါင်းစဉ်မပါသောစာမူ ဖြင့်အတိအကျဖော်ပြလျက်ပန္နက်ရိုက်ခဲ့ပါသည်။

အယ်လင်ဂျီဝှိုက်အနေဖြင့်အရေးကြီးသောသမ္မာတရားများနှင့် ပတ်သက်၍အချိန်ကာလအားလျော်စွာကိုင်တွယ်ရာ၌များသောအားဖြင့် တူညီသည့်စနစ်လမ်းစဉ်အတိုင်းရေးသားဟောကြားခဲ့သော်လည်းငင်း စာတမ်းများကိုသဘာဝသက္ကရာဇ်စဉ်အတိုင်းဖတ်ရှုလေ့လာပါကပို၍အ မြင်ကျယ်သဘောပေါက်နိုင်ပါသည်။တန်ဖိုးကြီးသောအသိတရားကို လည်းရပါလိမ့်မည်။ စာတမ်းတစ်ခုစီကိုသက်ဆိုင်သည့်အကြောင်းအရာ ပေါ်တွင်အလေးညီစွာတင်ဆက်ထားသော်လည်းတသီးတသန့်ထင်ရှား စွာအလေးပေးထားသောအချက်များရှိပါသည်။ ဤစာအုပ်၌ငင်းတို့ကို အများအားဖြင့်ပြည့်ပြည့်စုံစုံထည့်သွင်းထားသော်လည်းအချို့စာတမ်း များကိုမူကားနေရာကန့်သတ်ရေးကိုရှေးရှုလျက်အကျဉ်းချုံး၍တစ်စိတ် တစ်ဒေသကိုသာဖော်ပြထားပါသည်။ သို့သော်ယုံကြည်ခြင်းနှင့်အကျင့် အကြောင်းကိုဦးစားပေးထားပါသည်။ ခေါင်းစဉ်ငယ်များနှင့်အချို့ခေါင်း စဉ်ကြီးများကိုစာအုပ်ပြုစုသူများကရွေးချယ်သတ်မှတ်ထားပါသည်။ ငြိုငွေ့စရာမဖြစ်လိုပါ။ ငင်း၏စာအုပ်များ၊ အခြားတရားဟောချက်များ နှင့်ဆောင်းပါးများတို့မှာဤအရေးကြီးသည့်သမ္မာတရားများနှင့်စပ်ဆိုင် ပါသည်။ ယခုတင်ဆက်ထားသည့်စာတမ်းများကိုလေ့လာဖတ်ရှုသူတစ် ဦးတစ်ယောက်အနေဖြင့်ခရစ်ယာန်တိုင်းအတွက်အရေးကြီးသည့်ရေးရာ များကိုထင်ရှားစွာတွေ့သိပါလိမ့်မည်။ ဘုရားရှင်အထူးလမ်းညွှန်တော်မူ

ခြင်းခံယူရသည့်ပုဂ္ဂိုလ်တစ်ယောက်အနေဖြင့်သမ္မာတရားတော်ကိုအသေး စိတ်ရှင်းလင်းဖော်ပြရာ၌တစ်နေရာနှင့်တစ်နေရာဆီလျော်ညီညွတ်ပုံကို စာဖတ်သူကိုယ်တိုင်ရှေ့ဆောင်းပါးများကိုဆက်လက်ဖတ်ရှုသောအခါ တွေ့သိပါလိမ့်မည်။

ကျဆုံးပြီးသောလူသားအတွက်ကယ်တင်ခြင်းစီမံကိန်းကို ကိုယ် စားပြုအသေခံတော်မူသည့်ခရစ်တော်အားယုံကြည်ခြင်းအားဖြင့်လက် ခံသည့်အပေါ်၌သာအခြေပြုထားပါသည်။ ဤသင်ခန်းစာကိုအာဒံခေတ် ကအာဒံနှင့်၎င်း၏သားစဉ်မြေးဆက်တို့အားဧဒင်ဥယျာဉ်တံခါးဝ၌သိုး သငယ်လေးကိုသတ်စေခြင်းအားဖြင့်သင်ပေးခဲ့ပါသည်။ တောကြီးကန္တာရ အတွင်း၌အဆိပ်ရှိမြွေကိုက်ခံရသောဣသရေလလူတို့သည်မောရှေ မြှောက်ထားသည့်ကယ်တင်ခြင်း၏ လက္ခဏာဖြစ်သောကြေးဝါမြွေရုပ် ကိုမျှော်ကြည့်ခြင်းအားဖြင့်မြွေဆိပ်ပြေကြသည်မှာလည်းဤသင်ခန်းစာ ပင်ဖြစ်ပါသည်။ ဣသရေလပရိသတ်ကိုလည်းယဇ်ပူဇော်ခြင်းဆိုင်ရာ စနစ်ထုံးစံဖြင့်ပင်ဤသင်ခန်းစာကိုသင်ပေးခဲ့ပါသည်။ ပုရောဖက်များ၊ တမန်တော်များကလည်း၎င်းသင်ခန်းစာကိုပင်သင်ပြခဲ့ကြပါသည်။ ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက် ကြောင်းကျွန်ုပ်တို့အားအကြိမ်ကြိမ်အဖန်ဖန်သင်ပြခဲ့ပါသည်။ ထို့ ကြောင့်အောက်ပါအတိုင်းကျွန်ုပ်တို့သဘောပေါက်ထားသင့်ပါသည်။

ကယ်တင်ခြင်းရဖို့မှန်သောယုံကြည်ခြင်းအားဖြင့်
ခရစ်တော်အားအကြွင်းမဲ့ကိုးစားသောအခါ
ဘုရားသခင်၏ပညတ်တရားတော်နှင့်စုံလင်စွာ
ညီညွတ်ဖို့ယင်းယုံကြည်ခြင်းကပင်ပို့ဆောင်ပါသည်။
အကျင့်အားဖြင့်ယုံကြည်ခြင်းထင်ရှားပါသည်။

(အောက်တိုဘာလ ၅ ရက်၊ ၁၈၈၆ ခု၊ ပြန်လည်သုံးသပ်ခြင်းနှင့်သံတော်ဆင့်မဂ္ဂဇင်း)

ဤအကြောင်းနှင့်ပတ်သက်၍အလေးညီစွာပေါ်လွင်လျက်ရှိကြောင်းနီးစပ်ရာနမူနာအဖြစ်ရွေးချယ်ထားသည့်ဤစာအုပ်ပါစာတမ်းများ၌တွေ့မြင်ရပါလိမ့်မည်။

ဘုရားသခင်၏ကြီးမားသောဆန့်ကျင်ဘက်ဖြစ်သောသူသည်ကာလ္လနျ၏အချိန်မှအစပြု၍ခေတ်အဆက်ဆက်တွင်ဘုရားသခင်၏စေတနာအကြံတော်ကိုဆန့်ကျင်လျက်ဘုရားသခင်၏ပညတ်တော်များကိုချိုးဖေါက်သောကြောင့် အပြစ်သားဘဝသို့ ရောက်နေသောသူများအနေဖြင့်ကိုယ်တိုင်ကြိုးစားလုပ်ရှားခြင်းဖြင့်ကောင်းမှုကုသိုလ်များနှင့်ကယ်တင်ခြင်းကိုပါရနိုင်ကြောင်း၊ မိမိ၏ကိုယ်ခန္ဓာကိုထိုးနှက်နှိပ်စက်ခြင်းအားဖြင့်ဖြစ်စေ၊ မိမိလက်ဖြင့်ပြုလုပ်ဖန်တီးထားသောဘုရားသခင်တစ်ပါးပါးအားမိမိ၏သားသမီးများကိုပူဇော်သပခြင်းအားဖြင့်ဖြစ်စေ၊ သန့်ရှင်းသည်ဟုမှတ်ယူထားသောအရပ်ဒေတစ်နေရာသို့ဘုရားသခင်ဖူးသွားခြင်းအားဖြင့်ဖြစ်စေ၊ ယဇ်ပုရောဟိတ်ရှေ့၌အပြစ်ဖြေသောနည်းဖြစ်စေ၊ ဘုရားရှိခိုးကျောင်းအတွင်း၌တည်ထားသောအလှူငွေသေတ္တာအတွင်း၌ဘဏ္ဍာငွေထည့်သွင်းခြင်းအားဖြင့်ဖြစ်စေ၊ (သို့မဟုတ်) မိမိကိုယ်တိုင်အားထုတ်ပြုလုပ်သည့်ကုသိုလ်ကောင်းမှုအသက်တာအားဖြင့်ဖြစ်စေကယ်တင်ခြင်းရနိုင်ကြောင်းဤကမ္ဘာမြေကြီးပေါ်၌မှီတင်းနေထိုင်ကြသောလူသားများအားခေါင်းဆောင်လမ်းညွှန်နေပါသည်။

ယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းကိုလက်ခံရရှိနိုင်သည်ဟူသောလွယ်ကူသည့်အတွေ့အကြုံမှာဈေးပေါလွန်းသည်ဟုလူအများသဘောထားကြပါသည်။ ခရစ်တော်၏နောက်တော်သို့လိုက်ပါသည်။

ဟုအဆိုပြုသည့်မရေမတွက်နိုင်လောက်အောင်များသောပရိသတ်က
လည်းကရာနိကုန်းပေါ်၌အသေခံတော်မူသောခရစ်တော်ကိုတချို့တစ်
ဝက်ယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ လူသားကိုယ်တိုင်ကတချို့
တစ်ဝက်အားထုတ်ခြင်းအားဖြင့်လည်းကောင်းကယ်တင်ခြင်းရနိုင်
သည်ဟုသဘောထားကြပါသည်။

ဘုရားသခင်၏ပညတ်တော်များကို ပြောင်းလဲ၍မရနိုင်ကြောင်း
ရှေးဦးသတ္တမနေ့ဥပုသ်သာသနာဝင်များသဘောပေါက်ကြသောအခါ
ပညတ်တရားအတိုင်းကျင့်ဖို့လိုသည်ဟူသောအယူအဆဘက်သို့ယိမ်း
ယိုင်ကြပါသည်။ယင်းအန္တရာယ်ကြီးသည့်လမ်းစဉ်ကိုအချိန်ကာလအ
နည်းငယ်ကိုလျှောက်ကြပြီးမှပုဂ္ဂိုလ်အများအကျိုးမထူးသည့်အတွေ့
အကြုံနှင့်ရင်ဆိုင်ရကြပါသည်။သို့သော်ဘုရားရှင်၏ပညတ်တော်နှင့်
ပတ်သက်၍တော်မှန်သည့်အသိကိုရရှိလျှင်အပြစ်ကိုစွန့်ပယ်လျက်သန့်
ရှင်းဖြူစင်သောအသက်တာလမ်းစဉ်ကိုလိုက်လျှောက်ပါသည်။ထိုကြောင့်
ယုံကြည်ခြင်းနှင့်အကျင့်တရားအကြောင်းနှင့်ပတ်သက်၍လည်းကောင်း၊
ကောင်းပိုမိုသဘောပေါက်ကြစေရန်ဤစာတမ်းများကိုတင်ဆက်လိုက်
ရခြင်းဖြစ်ပါသည်။

ဤစာစောင်ငယ်၌ဖော်ပြထားသည့်ကာလနှစ်ရပ်စပ်ကြားအ
လယ်နှစ်လောက်က ၁၈၈၈ ခုနှစ်တွင်မင်နီယာပိုးလစ်၊ မင်နီစိုတာ၌
ဂျင်နရယ်ကွန်ဖရင့်အစည်းဝေးကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေး
ကြီးမစမီဓမ္မရေးရာသင်တန်းကျင်းပခဲ့ပါသည်။ ၎င်းကွန်ဖရင့်အစည်း
အဝေးများတို့၌ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်းအကြောင်းနှင့်ဆိုင်
သည့်အခြေခံအမှန်တရားများကိုဦးစားပေးအလေးထားခဲ့ပါသည်။ ၎င်း

နှင့်ပတ်သက်၍မျက်ခြည်ပြတ်သွားသည့်သမ္မာတရားများကိုပြန်လည်ဖေါ်ထုတ်ခြင်းတစ်ရပ်ဖြစ်သည်ဟုအယ်လင်ဂျီဝှိုက်ကအမည်တပ်ဖေါ်ပြခဲ့ပါသည်။ ယင်းအကြောင်းအရာနှင့်စပ်လျဉ်း၍ကွန်ဖရင့်အစည်းအဝေးတွင်အယ်လင်ဂျီဝှိုက်ကိုယ်တိုင်တင်ပြခဲ့ခြင်းမရှိပါ။ အယ်လဒါအီး၊ ဂျေ၊ ဝက်ဂနာနှင့်အယ်လဒါအေ၊ တီ၊ ဂျုန်း(စ်)တို့ဆက်ဟောပြောကြသည့်ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်ဆိုင်ရာအလင်းတရားကိုလက်ခံနိုင်ရန်မိမိတို့၏စိတ်နှလုံးတံခါးများကိုဖွင့်ထားကြဖို့ကိုသာတရားနာပရိသတ်အားငင်းကဟောပြောဆော်ဩခဲ့ပါသည်။ ဤအသစ်သောဦးစားပေးသတင်းစကားနှင့်ပတ်သက်၍လက်ခံမှုရောထွေးခဲ့ပါသည်။ တချို့တရားနာပရိသတ်အနေဖြင့်ဝမ်းမြောက်စွာအပြည့်အဝလက်ခံရသော်လည်းတချို့ကကြားနေလျက်တချို့ကမူငြင်းပယ်ကြပါသည်။ သို့သော်ပရိသတ်အများစုအနေဖြင့်ငင်းအစည်းအဝေးတွင်ခရစ်တော်သခင်ယေရှု၌ဘုန်းအသရေရှိသည့်အသစ်သာအတွေ့အကြုံကိုရကြပြီးထိုကွန်ဖရင့်အစည်းအဝေးများမှထွက်ခွာသွားကြကြောင်းမှတ်တမ်းများကထင်ရှားစွာဖေါ်ပြပါသည်။

ထိုကွန်ဖရင့်အစည်းအဝေးကြီးနောက်ပိုင်းအသင်းတော်များ၌ဟောပြောကြသည့်တရားတော်များအားဖြင့်လည်းကောင်း၊ အယ်လင်ဂျီဝှိုက်ဟောကြားသည့်တရားတော်များနှင့်ငင်းရေးသားပြုစုသောစာတမ်းများအားဖြင့်လည်းကောင်းသတ္တမနေ့ဥပုသ်အသင်းဝင်အများစုကယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်းအကြောင်းပိုမိုသဘောပေါက်လက်ခံကြပါသည်။ မင်နီယာပိုးလစ်၌တင်ပြစဉ်ကဦးစွာပထမငြင်းပယ်ခဲ့ကြသည့်ပရိသတ်အနေဖြင့်လည်းကောင်းတရားတော်ကိုယခုလက်ခံကြပါသည်။

ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်းဆိုင်ရာသွန်သင်ချက်၏ အခြေခံသမ္မာတရားများမှာလွယ်ကူသည့်အလျောက်အီးဂျီဝှိုက်၏ စာအုပ်မှငြိမ်းငွေ့စရာဖြစ်လောက်အောင်အနုစိတ်၍အနက်ဖွင့်မထားပါ။ ဤအကြောင်းအရာများကိုဧင်း၏စာပေအများတွင်လက်ရွေးစင်နမူနာများဖြင့်တင်ပြထားပုံကိုမကြာခဏတွေ့ရပါသည်။ ၁၈၉၃ ခုနှစ်က "ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်း" ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ထုတ်ဝေခဲ့ပါသည်။ ယင်းစာတမ်းကိုရွေးချယ်ထားသည့်သတင်းများစာအုပ် အမှတ် ၁ ၌ "ခရစ်တော်သည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း" ခေါင်းစဉ်ဖြင့်စာမျက်နှာ ၅၀ အခန်းတစ်ခန်းအဖြစ်ထည့်သွင်းဖော်ပြထားပါသည်။ ယင်းအခန်းတစ်ခုလုံးကိုဖတ်ဖို့တိုက်တွန်းအပ်ပါသည်။

ခရစ်တော်၏ဖြောင့်မတ်ခြင်းအတွေ့အကြုံကို ယနေ့ပူပူနွေးနွေးခံစားရပြီးသတိတရားမလုံလောက်သောကြောင့်ဖြစ်စေ၊ ထင်မြင်ယူဆမှုကြောင့်ဖြစ်စေနောက်တစ်နေ့တွင်လက်လွတ်သွားနိုင်ပါသည်။ ၎င်းမှာလွယ်ကူစွာလက်ခံလျက်ယုံကြည်ကိုးစားနိုင်သည့်ပုဂ္ဂိလိကအတွေ့အကြုံဖြစ်သောကြောင့်ခံယူချက်မရင့်ကျက်သေးသည့်အခြေအနေ၌ရှိနေနိုင်ပါသည်။ ဘာသာရေးရာအနုစိတ်အချက်အလက်များတို့တွင်အငြင်းပွါးမှုများကြောင့်အယူအဆမကွဲမပြားမှေးမှိန်သွားနိုင်ပါသည်။ ထို့ကြောင့်အယ်လင်ဝှိုက်က–

ဖြောင့်မတ်ခြင်းအကြောင်းကိုအများသောသူတို့ကအနုစိတ်ရှင်းလင်းဖို့ကြိုးစားကြသောကြောင့်မှားကြပါသည်။ ဤအကြောင်းနှစ်ရပ်ကိုအနက်ဖွင့်ဖို့ကိုယ်ပိုင်သဘောတရားအယူအဆများနှင့်သုံးသပ်ချက်များကိုသူတို့ထည့်သွင်းကြပါသည်။ ယုံကြည်ခြင်းအား

ဖြင့်ဖြောင့်မတ်ခြင်းဆိုင်ရာအရေးကြီးသည့်အကြောင်းနှင့်ပတ်သက်၍ ဝိညာဉ်တော်ဖေါ်ပြခြင်းထက်ပို၍အနုစိတ်ရှင်းလင်းရန်မည်သည့် အတွက်အားထုတ်ဖို့လိုပါသနည်း။ ယင်းအကြောင်းများကိုအတိအကျ သဘောပေါက်ပါမှအသက်ဝိညာဉ်ကယ်တင်ခြင်းရလိမ့်မည်ဟူသော သဘောထားဖြင့်အဘယ့်ကြောင့်အချက်အလက်ရှိသမျှကိုအနုစိတ်၍ တွက်ချက်စိစစ်နေပါမည်နည်း။ ပုဂ္ဂိုလ်တိုင်းအမြင်မတူနိုင်ပါ။ (၁၈၉၁ ခုနှစ်၊ စာမူအမှတ် ၂၁ နှင့် 6BC 1072)။

ဤစာတမ်းများဖြင့်ဘုရားသခင်၏သံတော်ဆင့်တင်ဆက် ထားသည့်သမ္မာတရားများကိုနည်းလမ်းအသွယ်သွယ်ဖြင့်ချဉ်းကပ်ကြရာ၌အထူးအရေးကြီးသည့်ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်းအကြောင်း သည်စာဖတ်ပရိသတ်အတွက်ရှင်းလင်းဖို့၊ အလေးညီဖို့နှင့်မရှုပ်မထွေး စေဖို့မှာပုံနှိပ်ထုတ်ဝေသူများနှင့်တကွအောက်ပါအဖွဲ့၏ဆန္ဒမှန်ဖြစ်ပါ သည်။

အယ်လင်ဂွိုက်၏ရေးရာများကို
စောင့်ထိန်းရေးအဖွဲ့
ဝါရှင်တန်ဒီစီ
၁၉၇၈ ခု၊ ဒီဇင်ဘာလ ၇ ရက်

## ယုံကြည်ခြင်းနှင့်အကျင့်
### အယ်လင်ဝှိုက်၏ရှင်းလင်းချက်

ဘက်တဲလ်ခရစ်၌ကျင်းပသည့်ဓမ္မရေးရာသင်တန်းကာလ အတွင်း ၁၈၉၀ ခုနှစ်ကရေး၍ပြန်လည်သုံးသပ်ခြင်းနှင့်သံတော်ဆင့် မဂ္ဂဇင်း၌၁၉၇၇ခု၊ ဖေဖော်ဝါရီလ ၂၄ ရက်နှင့်မတ်လ ၃ ရက်နေ့များဖြင့် ဖော်ပြခဲ့ပါသည်။ ၁၈၉၀ခုစာမူအမှတ်၃၆။ ဤအရေးကြီးသောရှင်းလင်း ချက်သည်ဤစာအုပ်၌သင်္ကေတရာဇ်စဉ်အလိုက်ဖော်ပြထားသည့်စာတမ်း ၁၈စောင်အတွက်လျော်ကန်သင့်မြတ်သောနိဒါန်းဖြစ်ပါသည်။

"မတရားသောသူတို့သည်ဘုရားသခင်၏နိုင်ငံတော်ကိုအမွေ မခံရသည်ကိုသင်တို့မသိကြသလော။.....အထက်ကသင်တို့တွင်အ ချို့သောသူတို့သည်ထိုသို့သောသူဖြစ်ကြသော်လည်းယခုတွင်သခင် ယေရှု၏နာမတော်အားဖြင့်လည်းကောင်း၊ ငါတို့ဘုရားသခင်၏ဝိညာဉ် တော်အားဖြင့်လည်းကောင်းဆေးကြောသန့်ရှင်း၍ဖြောင့်မတ်ရာသို့ ရောက်ကြပြီ" ဟု တမန်တော်ရှင်ပေါလုကဖော်ပြထားပါသည်။ (၁ကောရိန်သု၊၆း၉–၁၁)။ ဘုရားတရားဆည်းကပ်မှုနှင့်ကိုင်းရှိုင်းမှု ကင်းမဲ့၍လူ၏အပြင်သဏ္ဍာန်အားဖြင့်သန့်ရှင်းစင်ကြယ်မှုမရှိခြင်းမှာ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ်တော်မူသောခရစ်တော်သခင်ယေရှုအား ငြင်းပယ်သောကြောင့်ဖြစ်ပါသည်။

ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့်ဆိုင် သည့်သွန်သင်ချက်ကိုအယူအဆလွဲမှားလျက် "ငါ့ကိုချစ်လျှင်ငါ့ပညတ် တို့ကိုစောင့်ရှောက်ကြလော့" ဟူသောနှုတ်ထွက်တရားတော်လာအခြေခံ စည်းကမ်းသတ်မှတ်ချက်များကိုနားထောင်နာယူဖို့ပျက်ကွက်သောလူ တစ်စုရှိပါသည်။ အခြားသောလူတစ်စုကမူဘုရားသခင်၏ပညတ်တော် များကိုယုံကြည်စောင့်ထိန်းပါသည်ဟုအဆိုပြုလျက်ပင်ငင်းတို့အတွက်

အသစ်အဆန်းဖြစ်နေသော၊ ကရာနိလက်ဝါးကပ်တိုင်မျရောင်ပြန်ဟပ်သော၊ အလွန်မွန်မြတ်သောအလင်းတရားရောင်ခြည်များကိုဆန့်ကျင်ကြရာ၌လည်းတူညီစွာအပြည့်အဝအမှားကြီးမှားနေကြပါသည်။ ပထမလူတန်းစားအနေဖြင့်ကိုယ်တော်၏နှုတ်ထွက်တရားတော်နှင့်လျော်ညီစွာကျင့်သောသူတို့အဖို့ဘုရားသခင်၏ပညတ်တော်၌ပါရှိသည့်အံ့သြဖွယ်သောရေးရာတို့ကိုမမြင်မသိကြပါ။ အခြားသောလူတန်းစားတစ်ရပ်ကမူအသေးအဖွဲ့ရေးရာများကိုအကြောင်းမလုံလောက်ဘဲအပြစ်ရှာလျက်ပိုမိုအလေးထားရမည့်ရေးရာများတည်းဟူသောဘုရားသခင်၏မေတ္တာတော်နှင့်ကရုဏာတော်များကိုလျစ်လျူရှုကြပါသည်။

ဘုရားသခင်၏ပညတ်တရားတော်၌ပါဝင်သည့်အံ့သြဖွယ်သောအရာများကိုထင်ရှားစွာသဘောပေါက်ဖို့၎င်းတို့၏နားလည်မှုဆိုင်ရာမျက်စိများကိုဖွင့်မထားကြသောကြောင့်လူအများအလွန်မှဆုံးရှုံးနစ်နာကြပါသည်။ ဘာသာရေးသမားများအနေဖြင့်တစ်ဖက်၌ယေဘုယျအားဖြင့်ပညတ်တရားနှင့်ဧဝံဂေလိတရားတော်ကိုစွန့်ပယ်၍အခြားတစ်ဖက်၌မူအခြားတစ်နည်းဖြင့်အလားတူမှားနေကြသူများကျွန်ုပ်တို့တွင်ရှိနေပါသည်။ ကျွန်ုပ်တို့အနေဖြင့်ခရစ်တော်၏ ဖြောင့်မတ်ခြင်းနှင့်ကိုယ်တော်၏ကြီးမားသောရွေးနုတ်ခြင်းစီမံကိန်းကြီး၏အနက်ပြည့်စုံလေးနက်ပုံကိုလူတို့ရှေ့မှောက်၌တင်ဆက်ခြင်းမပြုသေးပါ။ ကျွန်ုပ်တို့အနေဖြင့်ခရစ်တော်နှင့်ကိုယ်တော်၏အတုမရှိသောမေတ္တာတော်အကြောင်းကိုချန်လှပ်၍မိမိတို့၏စာတွေ့အတွေ့အကြုံများနှင့်အတွေးအခေါ်များကိုသွင်းလာပြီးအငြင်းပွားစရာများကိုဟောပြောကြပါသည်။

မပြောင်းလဲသောသူများကတရားပလ္လင်များပေါ်သို့တက်၍ဟောနေကြပါသည်။ အသက်ရှင်စေသောယုံကြည်ကိုးစားခြင်းကိုမြဲမြံ

စွာဆုပ်ကိုင်ထားခြင်းအားဖြင့်ရရှိခံစားရသည့်အပြစ်ဖြေလွှတ်ခြင်းနှင့် ဆိုင်သည့်ချိုမြိန်သောအရသာကိုမည်သည့်အခါကမျှငင်းတို့၏စိတ်နှလုံး အတွင်း၌မခံစားရဖူးပါ။ ထို့ကြောင့်ငင်းတို့အနေဖြင့်ဘုရားသခင်၏ မေတ္တာတော်၊ ကိုယ်တော်၏ကရုဏာတော်နှင့်အပြစ်ရှိသမျှကိုဘုရား သခင်ဖြေလွှတ်တော်မူသည့်အကြောင်းများနှင့်စပ်လျဉ်း၍မည်သို့ လျှင်ဟောပြောနိုင်ကြပါလိမ့်မည်နည်း။ "မျှော်ကြည့်၍အသက်ရှင် ကြလော့" ဟု အဘယ်သို့လျှင်ငင်းတို့ဟောပြောနိုင်ကြပါလိမ့်မည်နည်း။ ကရာနိလက်ဝါးကပ်တိုင်ကိုမျှော်မှန်း၍ကြည့်ပါကထိုလက်ဝါးကပ်တိုင် ကိုထမ်းဖို့အလိုရှိပါလိမ့်မည်။ ဤကမ္ဘာလောကတစ်ခုလုံးကို ရွေးနုတ်ကယ်တင်တော်မူသောသခင်သည်ထိုကရာနိလက်ဝါးကပ်တိုင် ပေါ်၌ဆွဲထားခြင်းကိုခံတော်မူ၏။ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းနှင့်ထင်ရှားတော်မူသည့်ဤလောက၏ကယ်တင် ပိုင်သူကိုကြည့်ပါလော့။ ဘုရားသခင်၏မြတ်နိုးရာသားတော်ကိုယ်တိုင် ပူဇော်ခြင်းခံတော်မူသည်ကိုတစ်စုံတစ်ယောက်သောသူသည်မြော်ဖူး လျက်၊ ငင်း၏နှလုံးသားကြေကွဲလျက်၊ အရည်ပျော်လျက်မိမိတို့၏ ကိုယ်စိတ်နှလုံးကိုဘုရားသခင်အားဆက်ကပ်ဖို့အဆင်သင့်မရှိသူတစ်စုံ တစ်ယောက်ရှိနိုင်ပါမည်လား။

ကျွန်ုပ်တို့အနေဖြင့်ခရစ်တော်အားရွေးနုတ်ပိုင်သူအဖြစ် လက်ခံထားပြီးပါကကိုယ်တော်သည်ကျွန်ုပ်တို့၏အုပ်စိုးပိုင်သူဖြစ် ကြောင်းကိုပါလက်ခံရကြပါမည်။ ထို့ကြောင့်သင်၏စိတ်နှလုံးအတွင်း ၌ဤခံယူချက်ပြီးပြည့်စုံစွာတည်နေပါစေ။ ခရစ်တော်သည်ကျွန်ုပ်တို့၏ ဘုရင်ကြီးဖြစ်တော်မူသည်ဟုအသိအမှတ်ပြုလျက်ကိုယ်တော်၏ ပညတ်တော်တို့ကိုနားထောင်နာယူခြင်းမပြုမီတိုင်အောင်ကိုယ်တော်သည်

ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူဖြစ်တော်မူသည်ဟုကျွန်ုပ်တို့အနေဖြင့်ပြည့်စုံကုံလုံစွာယုံကြည်လျက်စိတ်ချနေနိုင်မည်မဟုတ်ပါ။ ဘုရားသခင်၏ ခြေတော်ရင်း၌ကျွန်ုပ်တို့သည်သစ္စာရှိစွာဆည်းကပ်လျက်ရှိကြောင်း ဤပုံစံအားဖြင့်ကွင်းဆက်ရှိပါသည်။ထိုအခါတွင်မှကျွန်ုပ်တို့၌စစ်မှန်သော ယုံကြည်ခြင်းကွင်းဆက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော်ဤင်းသည် သာလျှင်အကျင့်နှင့်ယှဉ်သောယုံကြည်ခြင်းဖြစ်၍မေတ္တာနှင့်ယှဉ်သော အကျင့်လည်းဖြစ်ပါသည်။ ထိုအခါ "ဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်၏အသက်ဝိညာဉ်ကိုရွေးနုတ်ဖို့အသေခံတော်မူကြောင်း ယုံကြည်ပါ၏။ ကိုယ်တော်သည်အကျွန်ုပ်၏အသက်ဝိညာဉ်ကို ကယ်နုတ်ဖို့ကိုယ်တော်၏အသက်ကိုပေးတော်မူခြင်းဖြင့်အသက်ဝိညာဉ် တစ်ခုကိုထိုမျှလောက်တန်ဖိုးထားတော်မူသောကြောင့်အကျွန်ုပ် တို့ပြန်ပါမည်။ အကျွန်ုပ်၏အသက်နှင့်တကွအကျွန်ုပ်တတ်စွမ်းနိုင် သမျှကိုအကျွန်ုပ်၏အားနည်းချက်များနှင့်အတူကိုယ်တော်၏ လက်ဝယ်သို့ဆက်ကပ်ပါ၏" ဟု စိတ်ရောကိုယ်ပါလျှောက်ထားပါ။

မိမိ၏အလိုဆန္ဒကိုဘုရားသခင်၏အလိုတော်နှင့်အကြွင်းမဲ့ ညီညွတ်ဖို့ဆက်ကပ်ထားရပါမည်။ ဤသို့ဆက်ကပ်ထားပြီးသောအခါ စိတ်နှလုံးနှင့်တကွစိတ်အာရုံအတွင်းသို့ဝင်ရောက်လာသောအလင်း ရောင်ခြည်အားလုံးကိုငြင်းဆန်တော့မည်မဟုတ်ပါ။ အလင်းကိုအမှောင်၊ အမှောင်ကိုအလင်းဟုမှည့်ခေါ်လျက်စွဲလမ်းမှုတစ်စုံတစ်ရာဖြင့်စိတ် နှလုံးတံခါးကိုပိတ်ဆို့ထားတော့မည်မဟုတ်ပါ။ ကောင်းကင်မှလာသော အလင်းရောင်ခြည်သည်စိတ်ဝိညာဉ်အခန်းပေါင်းစုံကိုဖြည့်ဆည်းသော အလင်းရောင်ဖြစ်သည်ဟုလက်ခံလျက်ကြိုဆိုလိမ့်မည်။ ဤသည်ကား ဘုရားသခင်အားချီးမွမ်းထောမနာပြုကျူးအေးခြင်းဖြစ်ပါသည်။

## ယုံကြည်ခြင်းနှင့်မယုံကြည်ခြင်း

စိတ်နှလုံးအတွင်းမှကျွန်ုပ်တို့မည်မျှလောက်ယုံကြည်ကြပါသနည်း။ ဘုရားသခင်၏အထံတော်သို့တိုးဝင်ချဉ်းကပ်ပါ။ ကိုယ်တော်သည်သင်နှင့်နီးတော်မူလိမ့်မည်။ ဆုတောင်းပတ္ထနာပြုခြင်းအားဖြင့်ဘုရားသခင်နှင့်အတူရှိဖို့အချိန်များစွာယူရမည်ဟုဆိုလိုခြင်းဖြစ်ပါသည်။ သံသယပညာကိုဆည်းပူးထားသည့်မယုံကြည်မှုကိုမြတ်နိုးသောပုဂ္ဂိုလ်များသည်ယုံမှားခြင်းဆိုင်ရာအတွေ့အကြုံကိုပါရထားပြီးမှဘုရားသခင်ဝိညာဉ်တော်ပြုပြင်ခြင်းအားဖြင့်သဘောပေါက်၍မိမိတို့၏မယုံကြည်မှုအတွက်ဝန်ချတောင်းပန်ဖို့ပုဂ္ဂလိကတာဝန်ဖြစ်သည်ဟုသူတို့တွေ့သိလာကြပါသည်။ ထိုအခါငင်းတို့အားပေးသောအလင်းကိုလက်ခံဖို့ငင်းတို့၏စိတ်နှလုံးတံခါးများကိုဖွင့်ကြပြီးအပြစ်နယ်မြေမှဖြောင့်မတ်ခြင်းနယ်မြေသို့လည်းကောင်း၊ သို့လောသို့လောတွေးတောရာလောကမှယုံကြည်ခြင်းလောကသို့လည်းကောင်းယုံကြည်ခြင်းတံတားမှကူးပြောင်းကြပါသည်။ မိမိတို့ကိုယ်တိုင်ထွန်းညှိထားသည့်မီးရောင်မှိန်များမှဘုရားသခင်၏အလင်းရောင်လမ်းစဉ်သို့ကူးပြောင်းလိုက်လျှောက်ဖို့ကိုယ်ကိုကိုယ်အကြွင်းမဲ့ဆက်ကပ်ကြပါသည်။ ငင်းတို့အနေဖြင့်မိမိတို့၏ဆက်ကပ်မှုကိုတည်မြဲစေသည်နှင့်အမျှပို၍လင်းသောအလင်းကိုရကြပြီးထိုအလင်းရောင်သည်ပို၍ပို၍လင်းလာပြီးမွန်းတည့်အလင်းကဲ့သို့ထွန်းတောက်သောအလင်းကိုသူတို့မြင်ရကြပါလိမ့်မည်။

စိတ်ဝိညာဉ်အတွင်း၌မြတ်နိုးစွာသိမ်းထားသောမယုံကြည်မှု၌ဖမ်းစားတတ်သောစွမ်းအားရှိပါသည်။ ငင်းတို့ကြဲထားခဲ့ပြီးသည့်သံသယမျိုးစေ့များ၏အသီးများကိုရိတ်သိမ်းရမည်ဖြစ်သော်လည်းထိုသံသယအပင်များကိုအမြစ်ပါမကျန်ဆက်လက်တူးဆွဖယ်ရှားရကြပါမည်။ ယင်း

အဆိပ်ပင်များကိုဆွဲနုတ်ပြီးသောအခါ အပြောအဆိုအားဖြင့်လည်းကောင်း၊ လှုပ်ရှားမှုအားဖြင့်လည်းကောင်းအာဟာရဓါတ်ရကြတော့မည်မဟုတ်သောကြောင့်ဆက်လက်ရှင်သန်နိုင်ကြတော့မည်မဟုတ်ပါ။ စိတ်ဝိညာဉ်သည်တန်ဖိုးကြီး၍မြင့်မြတ်သည့်ယုံကြည်ခြင်းနှင့်မေတ္တာအပင်များကိုနှလုံးသားမြေလွှာအတွင်း၌စိုက်ပျိုးထားပြီးယင်းနှလုံးကိုစိုးမိုးအုပ်ချုပ်ခွင့်ပေးထားရမည်။

**ကယ်တင်ခြင်းအကြောင်းရှုပ်ထွေးနေသောအယူအဆများ**

ဤကမ္ဘာပေါ်၌ကုန်ကျစရိတ်အကြီးဆုံးသောအရာမှာအပြစ်ဖြစ်ကြောင်းကျွန်ုပ်တို့သည်မည်သည့်အတွက်နားမလည်နိုင်ကြပါသနည်း။ ဖြူစင်ကြည်လင်သောစိတ်ကိုပေး၍အပြစ်ကိုဝယ်ရပါသည်။ အပြစ်ပြုဖို့ဘုရားသခင်၏ကျေးဇူးတော်နှင့်စောင့်ရှောက်မှုကိုလက်လွှတ်ရပါသည်။ ကိုယ်တော်နှင့်လည်းခွဲခွာ၍နေရပါသည်။ နောက်ဆုံး၌ကောင်းကင်နိုင်ငံတော်ကိုပါဆုံးရှုံးပါသည်။ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကိုစိတ်ဆင်းရဲစေသောအပြစ်နှင့်ကိုယ်တော်နှင့်ဆန့်ကျင်ဘက်ဖြစ်သောလမ်းစဉ်ကိုလိုက်သောသူအများသည်အသက်ဝိညာဉ်ဆုံးရှုံးကြပါသည်။

မိမိ၏အသက်တော်ကိုပင်ပူဇော်လျက်ဝယ်ယူထားပြီးသည့်ကျွန်ုပ်တို့ရွေးနုတ်ပိုင်သူ၏လူသားကိုယ်စားလှယ်တိုင်း၏ဆွဲဆောင်မှုဆိုင်ရာတာဝန်များတို့ကိုအဘယ်သူတိုင်းတာနိုင်ပါမည်နည်း။ အသက်ဝိညာဉ်အားလုံးအတွက်ကယ်တင်ခြင်း(သို့မဟုတ်)အသက်ဆုံးရှုံးခြင်းနှင့်စပ်လျဉ်း၍သက်သေခံဖို့စာစောင်များကိုဖွင့်လျက်တရားစီရင်ဆုံးဖြတ်သောအချိန်သို့ရောက်သောအခါမည်သည့်မြင်ကွင်းတစ်ရပ်ကိုတင်ဆက်ပါလိမ့်မည်နည်း။ လူသားဘဝ၌အသက်ရှင်တော်မူလျက်လူသားအတွက်

မိမိအသက်ကိုစွန့်တော်မူသည့်လူသားအားချစ်တော်မူသောကိုယ်တော်အနေဖြင့်သစ္စာရှိ၍ဖြောင့်မတ်သောသူများအားအပြီးအပိုင်ကောင်းချီးဆုချွဲဝေပေးရာ၌လည်းကောင်း၊ သစ္စာမရှိဘဲနားထောင်မှုလည်းကင်းဝေးသည့်မဖြောင့်မတ်သူများသည်နောက်ဆုံးပြစ်ဒဏ်ပေးရာ၌လည်းကောင်းမမှားမယွင်းသောဆုံးဖြတ်ချက်ချဖို့လိုပါလိမ့်မည်။ လူသားတိုင်း၏လုပ်ရှားမှုနှင့်တာဝန်ဝတ္တရားများကိုပြီးပြည့်စုံစွာတိုင်းတာဆုံးဖြတ်ဖို့ဘုရားသခင်၏သားတော်အားတာဝန်လွှဲအပ်ထားပါသည်။ ဘုရားသခင်၏ဆုံးဖြတ်တော်မူချက်များနှင့်ဆန့်ကျင်လျက်အခြားသောသူ၏ပြစ်မှု၌ပါဝင်ပူးပေါင်းသောသူတို့၏အခြေအနေမှာမူကားလွန်စွာကြောက်မက်ဖွယ်ကောင်းသည့်တင်းမာသောမြင်ကွင်းကြီးဖြစ်ပါလိမ့်မည်။

ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်းနှင့်ပတ်သက်၍မှားယွင်းသောအယူအဆများကိုလက်ခံကျင့်သုံးနေကြသောလူမျိုးတစ်မျိုး၏အန္တရာယ်ကြီးမားပုံကိုကျွန်မအားထပ်တလဲလဲပြတော်မူပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍လူတို့စိတ်ရှုပ်ထွေးစရာဖြစ်စေရန်ထူးခြားသောပုံစံဖြင့်စာတန်ဆောင်ရွက်လိမ့်မည်ဟုနှစ်ပေါင်းများစွာကကျွန်မအားပြတော်မူပါသည်။ ဘုရားသခင်၏ပညတ်တော်အကြောင်းများစွာချဲ့ထွင်၍ဟောပြောခဲ့ပါသည်။ လူထုအစည်းအဝေးများ၌လည်းတင်ဆက်ကြပါသည်။ သို့သော်ခရစ်တော်ယေရှု၏အကြောင်းကိုမူကားလုံးဝမသိသကဲ့သို့ဖြစ်၍ကိုယ်တော်နှင့်ကိုယ်တော်၏ပညတ်တော်ကိုဆက်စပ်ထားပုံမှာလည်းကာဣနနှင့်ငင်း၏ပူဇော်သကာကဲ့သို့ဖြစ်နေပါသည်။ လူအများမယုံကြည်ကြသည်မှာကယ်တင်ခြင်းတရားအကြောင်းနှင့်ပတ်သက်၍အယူအဆများရောနှော

ရှုပ်ထွေးနေသောကြောင့်ဖြစ်ကြောင်း၊ လူတို့၏စိတ်နှလုံးများကို ဆွဲဆောင်နိုင်ဖို့ဓမ္မဆရာများဆောင်ရွက်နည်းဆောင်ရွက်ဟန်လွဲမှားနေသောကြောင့်ဖြစ်ကြောင်းကျွန်မအားဖေါ်ပြတော်မူပါသည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုရထားပြီးဖြစ်သည်ဟုမှတ်ယူခြင်းခံရသည့်အကြောင်းနှင့်ပတ်သက်၍ကျွန်မ၏စိတ်အာရုံကိုတွန်းအားပေးနေခဲ့ခြင်းမှာနှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ယင်းအကြောင်းနှင့်ပတ်သက်၍ကျွန်မအားထိုမျှလောက်အမြဲမပြတ်တွန်းအားပေးနေပါလျက်လည်းကောင်း၊ ကျွန်မအနေဖြင့်၊ လူထုပရိသတ်ရှေ့၌ဖြစ်စေ၊ ဆွေးနွေးပွဲများ၌ဖြစ်စေဟောပြောဆွေးနွေးသည့်အခါတိုင်း၌လိုလိုပင်ဤအကြောင်းအရာကိုထည့်သွင်းဆွေးနွေးခဲ့ပါလျက်လည်းကောင်းနိုင်ငံတစ်ဝန်းလုံးရှိကျွန်မတို့၏အသင်းတော်ဘုရားရှိခိုးကျောင်းများ၌ဤအကြောင်းအရာနှင့်ပတ်သက်၍ဆွေးနွေးဟောပြောခြင်းမပြုကြသည်ကိုကျွန်မအံ့ဩမိပါသည်။

လွန်ခဲ့သည့်ဆယ့်ငါးနှစ်၊ အနှစ်နှဆယ်အတွင်းကကျွန်မရေးခဲ့သည့်စာတမ်းများကိုပြန်လည်စိစစ်သောအခါ ဤအကြောင်းအရာနှင့်ပတ်သက်၍ယခုတင်ပြသည့်အတိုင်းပင်ဖြစ်ကြောင်းတွေ့ရပါသည်။ ဆိုလိုသည်မှာမြင့်မြတ်သည့်ဓမ္မအမှုတော်ဆောင်လုပ်ငန်းခွင်သို့ဝင်ရောက်သောပုဂ္ဂိုလ်များအားခရစ်တော်နှင့်တမန်တော်များသွန်သင်ခဲ့သည့်အသက်ရှင်စေသောအခြေခံသဘောတရားများဆိုင်ရာလက်တွေ့ဘုရားတရားကြည်ညိုခြင်းအကြောင်းကိုပထမဦးစားပေးသင်ခန်းစာများအဖြစ်သင်ပေးသင့်ပါသည်။ ထက်သန်သည့်အသက်ရှင်စေသောယုံကြည်ခြင်း၌မည်သည့်သဘောတရားများပါဝင်ကြောင်းငင်းတို့အနေဖြင့်လေ့လာဆည်းပူးထားပြီးဖြစ်သင့်ဖြစ်ပါသည်။

## ယုံကြည်ခြင်းအားဖြင့်သာ

ကယ်တင်ခြင်းစီမံကိန်းအကြောင်းကိုလည်းကောင်း၊ ပြောင်းလဲခြင်းမှန်အကြောင်းကိုလည်းကောင်း ကောင်းစွာသဘောမပေါက်သေးသောလူငယ်များအားအမှုတော်ဆောင်ဖို့စေလွှတ်ကြပါသည်။ အမှန်အားဖြင့်၎င်းတို့ကိုယ်တိုင်ပင်ပြောင်းလဲဖို့လိုနေကြပါသည်။ ကျွန်ုပ်တို့အနေဖြင့်ဤအချက်ကိုကောင်းစွာသဘောပေါက်ထားဖို့လိုပါသည်။ ဓမ္မဆရာများအနေဖြင့်လည်းမှန်သောပြောင်းလဲခြင်းဆိုင်ရာရှင်းလင်းချက်အကြောင်းအရာများကိုပိုမိုပဓါနပြု၍လေ့လာထားဖို့လိုပါသည်။ နှစ်ခြင်းမင်္ဂလာခံယူပြီးသူတိုင်းပြောင်းလဲပြီးကြောင်းသာဓကပြဖို့လိုပါသည်။ ကျဆုံးပြီးသောလူသားအနေဖြင့်မိမိကိုယ်တိုင်အားထုတ်ကြိုးစားသောမည်သည့်အမြတ်ဆုံးသောအကျင့်ကမျှမိမိအတွက်ကောင်းမှုကုသိုလ်မဖြစ်စေနိုင်ကြောင်းဟောကြားသည်ထက်ပို၍ပဓါနပြုဟောကြားစရာ၊ ပို၍အလေးပေးဆွေးနွေးစရာ၊ ပို၍ထပ်တလဲလဲသတိပေးစရာ၊ စိတ်အာရုံအတွင်း၌ပို၍မြဲမြံစွာတည်ဆောက်ထားစရာအခြားမည်သည့်အချက်မျှမရှိကြောင်းလူခပ်သိမ်းအားဟောကြားထားသင့်ပါသည်။ ခရစ်တော်ယေရှု၌ယုံကြည်ကိုးစားသည့်နည်းလမ်းတစ်ခုတည်းဖြင့်သာကယ်တင်ခြင်းရနိုင်ပါသည်။

ယင်းဖြစ်ရပ်ကိုစုံစမ်းစစ်ဆေးသောအခါဘုရားတရားကြည်ညိုခြင်းဆိုင်ရာနက်နဲသည့်အချက်အလက်များတို့နှင့်ပတ်သက်၍နားလည်သဘောပေါက်ထားသင့်သောသူတို့၏သေးသိမ်သောမှတ်ချက်များကိုတွေ့ရသဖြင့်ပြင်းစွာသောစိတ်ဝေဒနာကိုကျွန်ုပ်တို့ခံရပါသည်။ သမ္မာတရားတော်ကိုယုံကြည်လက်ခံပါသည်ဟုအဆိုပြုလျက်ယင်းသမ္မာတရားတော်ကိုသွန်သင်ပြသနေသောကျွန်ုပ်တို့ညီအစ်ကိုများ၏မှန်သောအယူအဆများကိုသတိတရားကင်းမဲ့စွာပြောဆိုနေကြပါသည်။

ကျွန်မ၏ရှေ့၌ဖွင့်ပြထားသည့်အချက်အလက်မှန်များနှင့်များစွာကွာဟနေပါသည်။ ရန်သူသည်၎င်းတို့အားလောကီရေးရာမြူနှင်းများနှင့်ရှုပ်ထွေးမှုန်မှိုင်းစေသောကြောင့်သူတို့၏နားလည်မှုသဘောတရားများအတွင်း၌စွဲနေပြီဖြစ်ရာသူတို့၏ယုံကြည်ခြင်းနှင့်သူတို့၏အကျင့်ခလေ့တွင်တစ်စိတ်တစ်ဒေသဖြစ်ပုံပေါ်နေပါသည်။ ၎င်းတို့အနေဖြင့်ယင်းအခြေအနေသို့ရောက်နေကြပုံကိုကျွန်မအားဖော်ပြတော်မူသောကြောင့်၎င်းတို့အနေဖြင့်အသစ်တစ်ဖန်ပြောင်းလဲပါမှ၎င်းတို့၏ပုံသဏ္ဌာန်ပြောင်း၍ယင်းမမှန်သောအယူအဆများကိုစွန့်လွှတ်နိုင်ကြပါလိမ့်မည်။ ယင်းအယူအဆများကိုသူတို့တွယ်နေကြသည်မှာရေနှစ်သောသူသည်အသက်ကယ်လှေကိုတွယ်ထားဘိသကဲ့သို့ယုံကြည်ခြင်းသင်္ဘောပျက်၍ရေနစ်သေဆုံးခြင်းမှအကာအကွယ်ရဖို့ကြိုးစားနေကြသကဲ့သို့ဖြစ်နေပါသည်။

"သင်သည်အသစ်တစ်ဖန်မွေးဖွားခြင်းကိုခံရမည်၊ သို့မဟုတ်လျှင်မည်သည့်အခါတွင်မျှကောင်းကင်နိုင်ငံတော်ကိုမဝင်ရ" ဟူသောသတင်းစကားကိုဟောပြောဖို့သခင်ယေရှုကကျွန်မအားသွန်သင်ချက်ပေးထားပါသည်။ ထိုကြောင့်ဤအကြောင်းအရာနှင့်ပတ်သက်၍အမှန်တရားကိုနားလည်သဘောပေါက်ထားသောသူအပေါင်းသည်၎င်းတို့၏အငြင်းပွားစရာစိတ်ခါတ်များကိုစွန့်ပယ်လျက်ဘုရားသခင်အားစိတ်နှလုံးအကြွင်းမဲ့ရှာဖွေကြဖို့လိုပါသည်။ ထိုအခါတွင်မှ၎င်းတို့အနေဖြင့်ခရစ်တော်ကိုတွေ့သိပြီးသူတို့၏ခရစ်ယာန်ဘာသာရေးအတွေ့အကြုံအားဖြင့်ထင်ရှားသိသာသောအကျင့်ကိုတည်ဆောက်နိုင်ကြလိမ့်မည်။ သူတို့အနေဖြင့်လွယ်ကူစစ်မှန်သည့်ဘုရားတရားကြည်ညိုခြင်းတည်းဟူသောဤရေးရာများကိုလူထုပရိသတ်ရှေ့မှောက်၌ဆွေးနွေးဟောပြောသမျှတွင်ကွဲကွဲပြားပြားတင်ဆက်သင့်ပါသည်။ သို့မှသာလျှင်ကျွန်ုပ်တို့၏ဘုရားသခင်

ဖြစ်တော်မူသည့်ခရစ်တော်ယေရှု အားဖြင့်ဘုရားသခင်၏မျှော်လင့်ခြင်း၊ ယုံကြည်ခြင်းနှင့်စုံလင်စွာကိုးစားကြသည့်သူများအဖြစ်၌လုံခြုံစွာရပ်တည်ဖို့လိုလားတောင့်တနေကြသည့်ဆာငတ်ခင်မွတ်သောအသက်ဝိညာဉ်တို့၏စိတ်နှလုံးအတွင်း၌စွဲမက်စရာအကြောင်းဖြစ်လာပါလိမ့်မည်။

ကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်၏ရှေ့တော်၌ရပ်တည်ရန်အတွက်ဖြစ်စေ၊ ကျွန်ုပ်တို့အားဘုရားသခင်ကအခမဲ့ပေးတော်မူသောလက်ဆောင်တော်ကိုခံစားရဖို့အတွက်ဖြစ်စေဖန်ဆင်းထားသောလူ၏ကောင်းမှုကုသိုလ်ကမည်သို့မျှအထောက်အကူမပြုနိုင်ကြောင်းရှင်းလင်းပြတ်သားပါစေ။ အခမဲ့ပေးတော်မူသောကယ်တင်ခြင်းလက်ဆောင်ကိုတစ်စုံတစ်ယောက်သောသူအတွက်ယုံကြည်ခြင်းနှင့်အကျင့်အားဖြင့်သာဝယ်ယူ၍ရနိုင်မည်ဆိုပါကဖန်ဆင်းတော်မူသောသခင်သည်ဖန်ဆင်းထားသောလူ၏ကျေးဇူးခံကျေးဇူးစားသာဖြစ်ပါသည်။ ဤသည်မှာအမှားကိုအမှန်အဖြစ်လက်ခံဖို့အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ ပုဂ္ဂိုလ်တစ်ယောက်အနေဖြင့်မိမိကိုယ်တိုင်ဆောင်ရွက်မှုတစ်စုံတစ်ခုအားဖြင့်ကယ်တင်ခြင်းရနိုင်မည်ဟုဆိုပါကထိုပုဂ္ဂိုလ်အနေဖြင့်မိမိ၏အပြစ်များဖြေလွှတ်ခွင့်ရဖို့အာပတ်ဖြေသောကက်သလစ်ဘာသာဝင်ကဲ့သို့ဖြစ်နေပါသည်။ ထိုသို့ဆိုသော်ကယ်တင်ခြင်းသည်တစ်စိတ်တစ်ဒေသအားဖြင့်ကြွေးဆပ်စရာကဲ့သို့ဖြစ်၍လုပ်အားခဖြင့်ဝယ်ယူပေးဆပ်နိုင်သည့်သဘောသက်ရောက်နေပါသည်။ အကယ်၍လူသားသည်မိမိ၏မည်သည့်ကောင်းမှုနှင့်မျှကယ်တင်ခြင်းကိုမရနိုင်ပါကအပြစ်လူသားအနေဖြင့်သခင်ယေရှုအားယုံကြည်လက်ခံသည့်အတွက်ယင်းကယ်တင်ခြင်းကိုကျေးဇူးတော်အားဖြင့်ရရှိကြောင်းထင်ရှားနေပါသည်။ လုံး၀ဥသုံအခမဲ့လက်ဆောင်ဖြစ်ပါသည်။ ယုံကြည်ခြင်း

အားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့်ပတ်သက်၍အငြင်းပွားစရာ မရှိတော့ပါ။ ကျဆုံးသောလူသားသည်မိမိ၏အကျင့်ကောင်းများ အားဖြင့်မည်သည့်အခါတွင်မျှထာဝရအသက်ကိုမဝယ်ယူနိုင်ကြောင်း အပြီးသတ်ရှင်းသွားသောအခါဤအကြောင်းနှင့်ပတ်သက်၍အငြင်း ပွားမှုလည်းဆုံးခန်းတိုင်ရောက်သွားပါသည်။

### လုံးဝကျေးဇူးတော်အားဖြင့်

ကျွန်မအားဘုရားသခင်အလင်းတရားပေးတော်မူရာ၌ဤ အရေးကြီးသောအကြောင်းအရာကိုအခြားအကြောင်းအရာများပေါ်၌ ထားရှိသည်ဟုကျွန်မအာရုံခံစားရပါသည်။ ဖြောင့်မတ်ရာသို့ရောက် ခြင်းသည်လုံးဝဥသုံကျေးဇူးတော်အားဖြင့်ဖြစ်၍ကျဆုံးပြီးသော လူသားကျင့်နိုင်သောမည်သည့်အကျင့်တရားနှင့်မျှဝယ်ယူ၍မရပါ။ အကယ်၍ငွေရတတ်သောပုဂ္ဂိုလ်တစ်ဦးသည်မိမိ၏ရွှေငွေဥစ္စာဘဏ္ဍာ များကိုဘုရားသခင်အားပေးလှူပူဇော်ခြင်းဖြင့်မိမိသည်ဘုရားသခင်အား ကျေးဇူးပြုသောကြောင့်ယင်းကောင်းမှုအတွက်ဘုရားသခင်ကမိမိအား အထူးမျက်နှာသာပေးမည်၊ ပေးတော်မူဖို့တာဝန်ရှိသည်ဟုသဘော ပိုက်ခြင်းဖြင့်၎င်းပူဇော်သောအလှူသည်အလဟဿဖြစ်ဖို့သဘောတရား အမှားဝင်ရောက်လာနိုင်ကြောင်းကျွန်မရှင်းလင်းစွာရှုမြင်ရပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ရှုံးလင်းစွာပညာပေးမှုနည်းလွန်းပါ သည်။ ကိုယ်တော်ပိုင်တော်မူသည့်ဥစ္စာဘဏ္ဍာများကိုလူသားအား ယုံမှတ်လွှဲအပ်ထားခြင်းဖြစ်ရာကိုယ်တော်အလိုရှိတော်မူသောအခါပြန် ၍ဆက်ကပ်ရပါမည်။ ကိုယ်တော်၏ကြံရွယ်တော်မူချက်များအရအမှု တော်ကိုမြှင့်တင်ဖို့၎င်းဥစ္စာဘဏ္ဍာများကိုလိုအပ်မည်ဟုအရိပ်နိမိတ် ပြသောအခါကိုယ်တော်အားပြန်၍ဆက်ကပ်ရပါမည်။ သိတတ်သော ဉာဏ်ကိုဘုရားသခင်ပေးတော်မူ၏။ ကျန်းမာခြင်းနှင့်လောကီရေးရာ

ဉစ္စာပစ္စည်းရှာဖွေနိုင်စွမ်းကိုလည်းပေးတော်မူ၏။ ကမ္ဘာမြေကြီးပေါ်၌ ရှိသောအရာအပေါင်းတို့ကိုဖန်ဆင်းတော်မူ၏။ ကမ္ဘာမြေကြီးဆိုင်ရာ ကြွယ်ဝမှုများဖွံ့ဖြိုးစေဖို့မိမိ၏ဘုန်းတော်ကိုလည်းထင်ရှားစေတော်မူ၏။ ထိုအားလုံးသောအရာတို့မှာကိုယ်တော်စိုက်ပျိုးတော်မူခြင်း၏အသီး အနှံများသာဖြစ်ကြပါသည်။ မြေအသီးအနှံများထွန်းကားဖွံ့ဖြိုးဖို့ရန်နေ၊ မိုးတိမ်၊ မိုးရေစသည်များကိုလည်းပေးတော်မူ၏။ သင်တို့မူကား ဘုရားသခင်ခန့်ထားတော်မူသောလုပ်သားများဖြစ်၍ကိုယ်တော်၏ ကောက်နှံများကိုစုသိမ်းပြီးသင်တို့အတွက်အမှန်လိုသမျှကိုချွေ သုံးစွဲလျက်ပိုသမျှကိုဘုရားသခင်အလိုရှိတော်မူသောအခါပြန်လည် ဆက်ကပ်ရန်စောင့်ရှောက်ထားရပါမည်။ ထိုကြောင့်ဒါဝိဒ်မင်းကဲ့သို့ "ခပ်သိမ်းသောအရာတို့သည်တန်ခိုးတော်ကြောင့်ဖြစ်ပါ၏။ အကျွန်ုပ် တို့သည်ကိုယ်တော်၏ဥစ္စာထဲကသာကိုယ်တော်အားပူဇော်ပါ၏" ဟု (၅ရာဇဝင် ၂၉း၁၄) သင်တို့လည်းလျှောက်ထားနိုင်ပါလိမ့်မည်။ ထိုကြောင့်ကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်ပိုင်တော်မူသောဥစ္စာဘဏ္ဍာ များကိုသာကိုယ်တော်၏အကြံအစည်တော်နှင့်အညီအစဉ်သဖြင့် ကိုယ်တော်အားပြန်လည်ဆက်ကပ်ခြင်းဖြစ်သောကြောင့်ဖန်ဆင်း ထားသောလူသား၏ကောင်းမှုများကိုဘုရားသခင်အားပြန်လည် ဆက်ကပ်ခြင်း၌စိတ်ကျေနပ်ဖွယ်ရာမရှိနိုင်ပါ။

## ဘုရားသခင်၏ကျေးဇူးတော်ကိုအဆုံးခံရခြင်း

ဆန့်ကျင်ပုန်ကန်မှုနှင့်အယူဝါဒဖေါက်ပြန်သောကြောင့်လူ သားအနေဖြင့်ဘုရားသခင်၏ကျေးဇူးတော်များကိုစွန့်လွှတ်ရပါသည်။ ၎င်း၏ရပိုင်ခွင့်များမဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော်၎င်းသည်ပင် လျှင်ဘုရားသခင်မြတ်နိုးတော်မူသည့်သားတော်၌ရင်းနှီးမြှုပ်နှံထားခြင်း

မပြုပါကတန်ဖိုးမရှိပါ။ ဤအချက်ကိုသဘောပေါက်ထားဖို့အမှန်လိုပါသည်။ ဘုရားသခင်သည်ကရုဏာတော်အားဖြင့်၎င်းအားလက်ဆောင်အဖြစ်အခမဲ့ပေးထားသည့်အခွင့်အရေးများနှင့်ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေရန်နှင့်အမှုတော်တိုးတက်စေရန်ကိုယ်တော်ဖန်ဆင်းထားတော်မူသည့်လူသားတို့၏အကျိုးအတွက်အသုံးပြုဖို့အပ်နှင်းထားသည့်ဘဏ္ဍာရတနာကိုအဆုံးခံရပါသည်။ ဘုရားသခင်၏နိုင်ငံတော်နှင့်ဆိုင်သောပညတ်ဥပဒေများကိုဘုရားသခင်၏လက်ရာတော်ဖြစ်သောလူအနေဖြင့်မလိုက်နာပါကယင်းသို့မလိုက်နာသည်နှင့်တစ်ပြိုင်နက်သူသည်ဘုရားသခင်အုပ်စိုးတော်မူခြင်းကိုဆန့်ကျင်ရာသို့ရောက်သဖြင့်ဘုရားသခင်ပေးထားတော်မူသည့်ကောင်းချီးမင်္ဂလာများနှင့်မထိုက်မတန်သည့်အခြေအနေသို့ရောက်သွားပါသည်။

ဤသည်ကားလူသည်အပြစ်ပြု၍ဘုရားသခင်နှင့်ခွဲခွာသွားပြီးနောက်လူသားမျိုးနွယ်တစ်ရပ်လုံး၏အခြေအနေဖြစ်ပါသည်။ ထိုအခါ၎င်းအနေဖြင့်အသက်လေကိုရှူရှိုက်ဖို့၊ နေရောင်ခြည်ကိုရဖို့ (သို့မဟုတ်) စားသောက်စရာစိုးစည်းမျှကိုပင်ရဖို့ အခွင့်အရေးမရှိတော့ပါ။ သို့သော်လူသားဖျက်ဆီးခြင်းမခံရသည်မှာလူသားပြုသောအပြစ်၏အခကိုလူသား၏ကိုယ်စားခံစေခြင်းငှါမိမိမြတ်နိုးတော်မူသောသားတော်ကိုလူသားအတွက်စွန့်လွှတ်တော်မူသည်တိုင်အောင်လူသားအားခမည်းတော်ဘုရားသခင်ချစ်တော်မူသောကြောင့်ဖြစ်ပါသည်။ ခရစ်တော်သည်လူသား၏ကိုယ်စားနှင့်လူသားအတွက်အာမခံအဖြစ်ဆောင်ရွက်ဖို့ကိုယ်တော်တိုင်အဆိုတင်သွင်းခဲ့သည်မှာလူသားအနေဖြင့်အတုမရှိသောကျေးဇူးတော်အားဖြင့်နောက်တစ်ဖန်အခွင့်အရေးရဖို့၊ ဒုတိယကရုဏာတော်အချိန်ရဖို့ဖြစ်ပါသည်။ ထိုရရှိသောအခွင့်အရေးအချိန်၌အာဒံနှင့်ဧဝတို့၏

အတွေ့အကြုံကိုသတိပေးနှိုးဆော်ချက်အဖြစ်မှတ်ယူလျက်ဘုရားသခင်၏ပညတ်တရားတော်ကိုအာဒံနှင့်ဧဝတို့ချိုးဖေါက်သကဲ့သို့မချိုးမဖေါက်ဖို့သတိပြုရပါမည်။ ၎င်းအပြင်လူသားအနေဖြင့်ဘုရားသခင်ထံတော်မှကောင်းချီးများဖြစ်ကြသောနေရောင်ခြည်၊ စားသောက်ဖွယ်ရာစသည်များကိုရရှိခံစားနေရသည်နှင့်အမျှယင်းကောင်းချီးအပေါင်းကိုဘုရားသခင်ပေးသနားတော်မူကြောင်းအသိအမှတ်ပြုလျက်ကျေးဇူးတော်ချီးမွမ်းဖို့ကိုယ်တော်၏ရှေ့တော်၌ဦးညွှတ်ဝတ်ပြုရပါမည်။ ကိုယ်တော်အားပြန်လည်ဆက်ကပ်သမျှသည်ကိုယ်တော်ပိုင်သောအရာများဖြစ်၍ကိုယ်တော်ကပေးသနားတော်မူသောအရာများသာဖြစ်ကြ၏။

လူသည်ဘုရားသခင်၏ပညတ်တော်များကိုချိုးဖေါက်သောကြောင့်လူသားအတွက်အသစ်သောကတိတော်များကိုယခင်ကနှင့်မတူသည့်အခြေခံသစ်ပေါ်၌မူတည်လျက်ရွေးနုတ်ပိုင်သူမှတစ်ဆင့်ပေးသနားတော်မူ၏။ ကောင်းချီးအပေါင်းကိုလည်းကြားဖျန်သူတစ်ဦးမှတစ်ဆင့်သွန်းလောင်းတော်မူ၏။ ယခုအချိန်မှစ၍လူသားမိသားစုကြီးတစ်ခုလုံးကိုလည်းခရစ်တော်၏လက်ဝယ်သို့အပ်နှင်းတော်မူ၏။ ထိုကြောင့်ကျွန်ုပ်တို့ပိုင်သမျှ၊ ကျွန်ုပ်တို့ခံစားရသောဆုကျေးဇူးမှန်သမျှငွေဖြစ်စေ၊ မြေဖြစ်စေ၊ အိမ်ဖြစ်စေ၊ ဆင်ခြင်စဉ်းစားတတ်သောဉာဏ်ဖြစ်စေ၊ ခန္ဓာကိုယ်စွမ်းအားဖြစ်စေ၊ စွမ်းဆောင်ရည်ဆိုင်ရာအတတ်ပညာဖြစ်စေ၊ ယခုဘဝနှင့်ဆိုင်သောအရာဖြစ်စေ၊ နောင်ထာဝရကာလနှင့်ဆိုင်သောကောင်းချီးများဖြစ်စေအလုံးစုံတို့ကိုလူသားအတွက်အကျိုးပြုလုပ်ငန်းများ၌သာသစ္စာရှိစွာအသုံးပြုဖို့ဘုရားသခင်၏ဘဏ္ဍာတော်များအဖြစ် ကျွန်ုပ်တို့၏လက်ဝယ်၌အပ်ထားတော်မူ၏။

ကောင်းချီးဆိုင်ရာဆုကျေးဇူးရှိသမျှကိုလက်ဝါးကပ်တိုင်တံဆိပ်ရိုက်နှိပ်ပြီးခရစ်တော်ယေရှု၏ပုံတော်နှင့်တံဆိပ်တော်ရေးနှိပ်ထားပါသည်။ အရာခပ်သိမ်းကိုဘုရားသခင်၏ထံတော်မှသာရပါသည်။ အငယ်ဆုံးသောအကျိုးကျေးဇူးမှအစပြု၍အကြီးဆုံးသောကောင်းချီးများကိုတစ်ခုတည်းသောလမ်းမှစီးဆင်းစေပါသည်။ ထိုလမ်းကြောင်းမှာလူထက်ကြီးမြတ်သည့်ဖျန်ဖြေရေးဖြစ်ရာတန်ဖိုးမဖြတ်နိုင်သောသွေးတော်နှင့်ပက်ဖျန်းထားသည့်လမ်းဖြစ်ပါသည်။ ယင်းအသွေးတော်သည်သားတော်၌တည်သည့်ခမည်းတော်ဘုရားသခင်၏အသက်တော်ဖြစ်ပါသည်။

ထိုကြောင့်မည်သူတစ်ဦးတစ်ယောက်မျှဘုရားသခင်မပိုင်ဆိုင်သည့်အရာကိုဘုရားသခင်အားမပူဇော်မဆက်ကပ်နိုင်ပါ။ “အကျွန်ုပ်တို့သည်ကိုယ်တော်၏ဥစ္စာထဲကသာကိုယ်တော်အားပူဇော်ပါ၏” ဟုဆိုထားသည်ကိုသတိပြုပါ။ (၁ရာဇဝင်၊ ၂၉း၁၄)။ ကျွန်ုပ်တို့အနေဖြင့်မည်သည့်အရာကိုမျှမပိုင်ကြောင်းတန်ဖိုးအားဖြင့်ဖြစ်စေ၊ အကျင့်အားဖြင့်ဖြစ်စေ၊ ယုံကြည်ခြင်းအားဖြင့်ဖြစ်စေ၊ ဦးစွာပထမဘုရားသခင်၏ထံတော်မှရမထားသောမည်သည့်ရေးရာကိုမျှဘုရားသခင်အားကျွန်ုပ်တို့မဆက်ကပ်နိုင်ကြောင်း၊ ထိုကြောင့်ကိုယ်တော်အနေဖြင့်ထိုအရာအားလုံးကိုငါပိုင်၏။ အခမဲ့ပေးသောဆုကျေးဇူးများ၊ ကောင်းချီးများထောက်ပံ့ခြင်းအားလုံးတို့သည်သင့်အားငါပေးအပ်ထားသောအရာများဖြစ်၍သင်ကိုယ်တိုင်ကြွယ်ဝဖို့မဟုတ်၊ လောကီသားတို့၏ကောင်းကျိုးတိုးပွါးစေခြင်းငှါပညာရှိစွာအသုံးပြုဖို့ဖြစ်သည်ဟုအချိန်မရွေးမိန့်တော်မူနိုင်ကြောင်းကျွန်ုပ်တို့သွားလေရာရာပရိသတ်ရှေ့မှောက်၌ချပြရပါမည်။

## အရာခပ်သိမ်းသည်ဘုရားသခင်၏ထံတော်မှ

ဖန်ဆင်းထားသမျှသောအရာတို့ကို ဘုရားသခင်ပိုင်တော်မူ၏။ လူသားအားဘုရားသခင်လျစ်လျူရှုလိုက်ပါကချက်ချင်းအသက်ရှုရပ်ဆိုင်းသွားပါလိမ့်မည်။ လူသားကိုယ်တိုင်နှင့်တကွငင်း၌ရှိသမျှသည် ဘုရားသခင်နှင့်သက်ဆိုင်သည်ဖြစ်သောကြောင့်ကိုယ်တော်ပိုင်တော်မူ၏။ ဤကမ္ဘာကြီးတစ်ခုလုံးကိုဘုရားသခင်ပိုင်တော်မူ၏။ လူ၏နေအိမ်များ၊ ငင်းဆည်းပူးရရှိထားသောအရာများ၊ တန်ဖိုးကြီးသော (သို့မဟုတ်) ထူးကဲသောအရာများအားလုံးတို့မှာဘုရားသခင်ပေးအပ်ထားသောအရာများသာဖြစ်ပါသည်။ ထိုအရာအားလုံးကိုလူသား၏စိတ်နှလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက်အသုံးပြုရာတွင်ထောက်ပံ့ခြင်းဖြင့်ဘုရားသခင်အားပြန်လည်ဆက်ကပ်ရန်ဖြစ်ပါသည်။ အခမ်းနားဆုံးသောပူဇော်သကာများတို့ကိုဘုရားသခင်၏ပလ္လင်တော်ပေါ်တွင်တင်လှူပူဇော်ခြင်းအားဖြင့်လူတို့အနေဖြင့်ကိုယ်တော်၏ရက်ရော်မှုအတွက်ကိုယ်တော်၏ကျေးဇူးတော်ကိုချီးမွမ်းနိုင်ပါသည်၊ ထောမနာပြုနိုင်ပါသည်၊ ကြည်ညိုနိုင်ပါသည်။ မည်သည့်အရာများဖြင့်ကျေးဇူးတော်ကိုချီးမွမ်းပါမည်နည်း။ “အကျွန်ုပ်တို့သည်ကိုယ်တော်၏ဥစ္စာထဲကသာကိုယ်တော်အားပူဇော်ပါ၏” (၅ရာဇဝင်၊ ၂၉း၁၄)။ ဘုရားသခင်၏အပြစ်ဖြေလွှတ်တော်မူသောမေတ္တာတော်ကိုလူသား၏မည်သည့်ကောင်းမှုကုသိုလ်လုပ်ငန်းနှင့်မျှမလှယ်၍မရပါ။ သို့သော်ဘုရားသခင်၏မေတ္တာတော်သည်လူသား၏စိတ်ဝိညာဉ်အတွင်း၌အပြည့်အဝရှိနေပါကဘုရားသခင်အစဉ်အလိုရှိတော်မူသည့်ရေးရာများကိုလုပ်ဆောင်ပါလိမ့်မည်။ နှစ်သက်ဖွယ်သောအရာဖြစ်သည်ဟုပင်သဘောထား၍ဆောင်ရွက်သင့်ပါသည်။ ငင်းအနေဖြင့်ပေးအပ်ထားတော်မူသည့်တာဝန်အတိုင်းသာဆောင်ရွက်နေခြင်းဖြစ်ပါသည်။

မည်သည့်အခါကမျှမကျဆုံးခဲ့သော ဘုရားသခင်၏ကောင်းကင်တမန်များသည်ကောင်းကင်ဘုံ၌ဘုရားသခင်၏အလိုတော်ကိုအစဉ်တစိုက်နားထောင်နာယူကြပါသည်။ ကျွန်ုပ်တို့၏ကမ္ဘာပေါ်ရှိဘုရားသခင်၏လက်ရာတော်ဖြစ်သောလူသားတို့အားကာကွယ်ခြင်း၊ လမ်းညွှန်ခြင်းနှင့်စောင့်ထိန်းခြင်းပြုကြရာ၌ဖြောင့်မတ်သောသူမဖြောင့်မတ်သောသူဟုမခွဲမခြားဘဲကျေးဇူးတော်တာဝန်များကိုခေတ်အဆက်ဆက်သစ္စာရှိစွာထမ်းဆောင်ကြပါသည်။ ထိုကြောင့် "အားလုံးသောအရာတို့ကိုကိုယ်တော်ပိုင်တော်မူ၏၊ ကိုယ်တော်ပိုင်သောအရာထဲကသာကိုယ်တော်အားအကျွန်ုပ်တို့ဆက်ကပ်ကြပါ၏" ဟုငင်းတို့အနေဖြင့်သစ္စာရှိစွာလျှောက်ထားနိုင်ပါသည်။ ကောင်းကင်တမန်တို့အမှုတော်ထမ်းရွက်ကြပုံကိုလူသားအနေဖြင့်အရိပ်မျှမြင်နိုင်ပါမည်လား။ ဘုရားသခင်၏ကောင်းကင်တမန်တို့ထမ်းဆောင်သည့်ပြည့်စုံသော၊ မြင့်မြတ်သော၊ ဘုန်းကြီးသောအမှုတော်ကိုဖြစ်စေ၊ လူသားတို့အားကာကွယ်ခြင်း၊ လမ်းညွှန်ခြင်း၊ အောင်နိုင်စေခြင်းနှင့်စာတန်၏ထောင်ချောက်မှနုတ်ယူရခြင်းများအတွက်တိုက်ခိုက်ရပုံများကိုလူသား၏စိတ်အာရုံဖြင့်စဉ်းစားဆင်ခြင်စိတ်ကူးယဉ်ဖူးပါ၏လား။ ယင်းသို့ပြုဖူးသည့်လူသား၏အပြုအမူမည်မျှလောက်ထူးခြားပါလိမ့်မည်နည်း။ ဘာသာရေးခံစားမှုမည်မျှလောက်ကွာဟပါလိမ့်မည်နည်း။

## လူသား၏ကောင်းမှုကုသိုလ်

လူသားဆိုင်ရာကျင့်ကောင်းသီလအကြောင်းနှင့်ပတ်သက်၍သေမျိုးဖြစ်သောလူသတ္တဝါအနေဖြင့်အားသွန်ခွန်စိုက်ထောက်ခံဆွေးနွေးပေမည်။ တစ်ဦးစီအနေဖြင့်အကြီးဆုံး၊ အမြတ်ဆုံးဖြစ်ဖို့အားထုတ်ပေမည်။ သို့သော်သခင်ယေရှု၌တည်သည့်သမ္မာတရားကိုငင်းတို့အနေဖြင့်အခြေခံသဘောတရားအားဖြင့်လည်းကောင်း၊ အမှတ်လက္ခဏာအားဖြင့်

လည်းကောင်းမဟုတ်မမှန်ကိုယ်စားပြုတင်ဆက်နေကြောင်းမည်သည့် အခါကမျှမသိကြပါ။ ၎င်းတို့ကိုယ်တိုင်နှင်းတောထဲသို့ရောက်နေသကဲ့ သို့မှုန်ဝါးဝါးဖြစ်နေကြပါသည်။ မီးနှင့်ချွတ်ပြီးသောရွှေနှင့်ပုံဆောင်ထား သည့်ဘုရားသခင်၏မေတ္တာတော်နှင့်ခရစ်တော်၏ဖြူစင်သောအကျင့် တော်တည်းဟူသည့်ဖြူသောဝတ်ရုံကိုသူတို့လိုနေကြပါသည်။ ၎င်းအပြင် ထာဝရအသက်နှင့်ထိုက်တန်ဖို့လူသား၏အကျင့်ဓလေ့ကောင်းမှု၌လုံးဝ တန်ဖိုးမရှိကြောင်းသူတိုပတအံ့တသြရှင်းရှင်းလင်းလင်းမြင်နိုင်ဖို့ ကောင်းကင်မျက်စဉ်းကိုလည်းသူတို့လိုနေကြပါသည်။ ကြည်ညိုလျက် ထိထိရောက်ရောက်လုပ်ဆောင်ခြင်းအားဖြင့်လည်းကောင်း၊ မြင့်မြတ် သည့်အသိဉာဏ်အောင်မြင်မှုအားဖြင့်လည်းကောင်း၊ နားလည်မှု ကျယ်ပြန့်ခြင်းအားဖြင့်လည်းကောင်း၊ မာန်မာနနှိမ့်ချမှုအပြည့်အဝဖြင့် လည်းကောင်းရွေးနုတ်ပိုင်သူ၏ခြေတော်ရင်း၌ဆည်းကပ်လျက်ရှိပေ မည်။ သို့သော်ဘုရားသခင်ကပထမဦးစွာပေးသနားတော်မူသည့်ကျေးဇူး တော်နှင့်စွမ်းဆောင်ရည်ထက်တစ်ပေါက်တစ်စက်မျှမပိုပါ။ တာဝန်အရ သတ်မှတ်ထားသည့်အောက်အနည်းငယ်မျှလျှော့၍မပေးမလှူရပါ။ ၎င်း အပြင်မိမိတို့ပထမလက်ခံရရှိထားသည်ထက်တစ်ပေါက်တစ်စက်မျှ လည်းပို၍မပေးလှူနိုင်ပါ။ ထိုမျှမကမွေးကြိုင်သောနံ့သာပေါင်းကိုပူဇော် သကဲ့သို့ထိုပူဇော်သကာများကိုလောကီရေးရာရနံ့များကင်းစင်စေရန် ခရစ်တော်၏ဖြောင့်မတ်ခြင်းမီးပေါ်၌တင်လျက်မြတ်တော်မူသော ယေဟောဝါဘုရားသခင်၏ရှေ့တော်သို့တင်ဆက်ပါမှမွေးကြိုင်သော ရနံ့အဖြစ်လက်ခံတော်မူပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ ကျွန်မမည်ကဲ့သို့တင်ဆက်ရပါမည်နည်း ဟုလျှောက်တင်သောအခါ–လူသားအတွက်ကိုယ်တော်၏ ဖြောင့်မတ်

ခြင်းတရားကိုတင်ဆက်ရာ၌ယုံကြည်ခြင်းအားဖြင့်လူတို့ခံနိုင်ကြစေခြင်းငှါကျွန်ုပ်မအားသခင်ယေရှုကတန်ခိုးစွမ်းအားရှိသမျှ၊ ကျေးဇူးတော်မှန်သမျှ၊ နောင်တသံဝေဂအပေါင်းနှင့်စိတ်ပါမှုအလုံးစုံကိုပေးလျက်အပြစ်ရှိသမျှကိုလည်းခွင့်လွှတ်တော်မူ၏။ ယုံကြည်ခြင်းအားဖြင့်ဟုဆိုရာ၌ဘုရားသခင်ပေးသနားတော်မူသောယုံကြည်ခြင်းသာဖြစ်ပါသည်။ လူသား၌ရှိသည့်ကောင်းမြတ်သောအရာ၊သန့်ရှင်းသောအရာမြင့်မြတ်သောအရာနှင့်ချစ်ဖွယ်သောအရာမှန်သမျှကိုစုပေါင်းလျက်လူသား၏အသက်ဝိညာဉ်ကိုကယ်တင်ဖို့အတွက်ကောင်းမှုကုသိုလ်တစ်စိတ်တစ်ဒေသအဖြစ်နှင့်ဘုရားသခင်၏ကောင်းကင်တမန်တို့အားတင်ဆက်ပါကသစ္စာဖေါက်ခြင်းကဲ့သို့သာငြင်းပယ်ခြင်းခံရပါလိမ့်မည်။ ၎င်းတို့အားဖန်ဆင်းတော်မူသည့်သခင်၏ရှေ့တော်၌ရပ်လျက်ကိုယ်တော်အားဝန်းရံလျက်ရှိသည့်အတုမရှိသောဘုန်းတော်ကိုရှုစားနေကြသည်မှာဘုရားသခင်၏သိုးသငယ်တော်အားဖူးမြော်နေကြခြင်းဖြစ်ပါသည်။ ထိုသိုးသငယ်တော်ကားနိမ့်ချသောအသက်တာဖြင့်အသက်ရှင်တော်မူလျက်၊ အပြစ်နှင့်ပြည့်ဝသောလူသား၏မထီမဲ့မြင်ပြုခြင်းကိုခံလျက်၊ လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းကိုခံရဖို့ကမ္ဘာဦးကပင်ခွဲခန့်မှတ်သားထားတော်မူသောသခင်ဖြစ်တော်မူ၏။ ထိုပူဇော်သကာ၏အတိုင်းအဆမရှိသောတန်ဖိုးကိုအဘယ်သူတိုင်းတာနိုင်ပါမည်နည်း။

ခရစ်တော်သည်အဆင်းရဲခံတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့သည်ကြွယ်ဝပြည့်စုံခြင်းသို့ရောက်ဖို့ဆင်းရဲခြင်းအပေါင်းကိုခရစ်တော်ယေရှုခံတော်မူ၏။ ၎င်းအပြင်လူသားအနေဖြင့်ဘုရားသခင်အားဆက်ကပ်နိုင်သည့်ကျင့်ကောင်းဓလေ့အလုပ်မှန်သမျှမှာလည်းအလဟဿဖြစ်

ခြင်း၏အောက်သို့ပင်ကျဆင်းလျက်ရှိပါလိမ့်မည်။ ကျွန်မ၏လျှောက်ထားချက်များကိုလက်ခံတော်မူခြင်းမှာခရစ်တော်၏ဖြောင့်မတ်ခြင်းအပေါ်တွင်အမှီပြုလျက်တောင်းလျှောက်သောကြောင့်ဖြစ်ပါသည်။ အပြစ်ဖြေလွှတ်ခြင်းဆိုင်ရာကျေးဇူးတော်ကိုခံစားရဖို့ကုသိုလ်ကောင်းမှုပြုခြင်းမှန်သမျှအစမှသည်အဆုံးတိုင်အောင်မှားယွင်းသောအယူအဆမျှသာဖြစ်ပါသည်။ "ဘုရားသခင်၊ မည်သည့်အဖိုးငွေကိုမျှကျွန်တော်၊ ကျွန်မသည်မသယ်ဆောင်ခဲ့ပါ။ ကိုယ်တော်၏လက်ဝါးကပ်တိုင်တော်ကိုသာဆုပ်ကိုင်ထားပါ၏။"

## လူသားမပြုမလုပ်နိုင်သောအရာ

လူအနေဖြင့်မိမိဂုဏ်အသရေထင်ရှားဖို့ချီးကျူးထိုက်လောက်အောင်မည်သည့်ရေးရာကိုမျှထူးထူးခြားခြားမဆောင်ရွက်နိုင်ပါ။ လူတို့အနေဖြင့်လူတို့ကိုသာမြှောက်စား၍ဂုဏ်ပြုလေ့ရှိပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ကြားရမြင်ရပုံများကြောင့်ကျွန်မတုန်လှုပ်ချောက်ချားပါသည်။ အဘယ်ကြောင့်ဆိုသော်လူတို့၏အတွင်းစိတ်သဘောနှင့်အတွင်းသဏ္ဍာန်များ၌ကိုယ်ကျိုးဖက်မှုအပြည့်အဝရှိနေပုံကိုအနည်းအကျဉ်းသာကျွန်မရှုမြင်ရသည်မဟုတ်ပါ။ ၎င်းတို့အနေဖြင့်ဖေါက်ပြန်ပျက်စီးနေကြပါသည်၊ ယိုယွင်းညစ်ညူးနေကြပါသည်၊ ယုတ်မာနေကြပါသည်။ ၎င်းတို့ပြုမူလှုပ်ရှားသမျှဘုရားသခင်နှင့်အတူအထက်သို့မရောက်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော်၎င်းတို့ပြုမူသမျှကိုယ်တော်၏ရှေ့တော်၌စက်ဆုပ်ရွံရှာဖွယ်သာဖြစ်ကြပါသည်။ အပြစ်ကိုမစွန့်လွှတ်ဘဲမှန်သောပြောင်းလဲခြင်းမရှိနိုင်ပါ၊ ပို၍ဆိုးရွားစေသောအပြစ်အကြောင်းကိုလည်းထင်ရှားစွာမသိမမြင်နိုင်ပါ။ သေမျိုးဖြစ်သောလူအနေဖြင့်ထက်မြက်သောအသိအမြင်ကိုမည်သို့မျှမရနိုင်ပါ။ ဖေါက်ပြန်တတ်သည့်

ဆွဲဆောင်မှုအင်အားများဖြင့်အနှောင့်အယှက်ဖြစ်နေသောလူသားများ သည်လည်းကောင်း၊မစင်ကြယ်သောလက်နှင့်မသန့်ရှင်းသောစိတ်နှလုံး ရှိနေသောလူသားများသည်လည်းကောင်းမိမိတို့၏ထာဝရအရေးကို ဆုံးဖြတ်နေသောသူများဖြစ်ကြောင်းဘုရားသခင်၏ကောင်းကင်တမန် တို့အထင်အရှားသိမြင်ကြပါသည်။ သို့ပါလျက်အပြစ်ဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်း၊ မည်သည့်အရာများနှင့်ဖွဲ့စည်းထားကြောင်း မည်သို့ကုသရမည်ဖြစ်ကြောင်းသဘောမပေါက်သူများလှ ပါသည်။

ပြောင်းလဲခြင်းနှင့်ပတ်သက်၍သမ္မာတရားမဟုတ်သည့် အကြောင်းအရာများကိုအကျယ်တဝင့်ဟောပြောကြပါသည်။ လူတို့ အနေဖြင့်နောင်တသံဝေဂရပါကအပြစ်ဖြေလွှတ်ခွင့်ရမည်၊ နောင်တရခြင်း သည်ကောင်းကင်နိုင်ငံတော်သွားရာလမ်း၊ ဝင်ရာတံခါးပေါက်ဖြစ်သည် ဟုယူဆနေကြပါသည်။ မိမိအတွက်အပြစ်ဖြေလွှတ်ခွင့်ကိုနောင်တ ဖြင့်ဝယ်ယူပိုင်ဆိုင်နိုင်ဖို့နောင်တတရား၌စိတ်ချရသည့်တန်ဖိုးရှိသည် ဟုၚင်းကယူဆနေပါသည်။ လူအနေဖြင့်မိမိကိုယ်တိုင်အားဖြင့်နောင်တ ရနိုင်ပါ၏လား။ မိမိကိုယ်ကိုမိမိကခွင့်လွှတ်နိုင်သည်ထက်မပိုပါ မျက်ရည်များ၊ ဝမ်းနည်းကြေကွဲခြင်းများ၊ အဓ္ဌောန်ပြုခြင်းများအားလုံး တို့မှာဘုရားသခင်ပေးထားတော်မူသည်။ သင့်လျော်ထူးခြားသော စွမ်းရည်များဖြစ်ပါသည် ဘုရားသခင်ပိုင်တော်မူသည့်မိမိ၏အသက် ကိုပို၍ကောင်းစေရန်နှင့်ဘုရားသခင်၏အလိုတော်နှင့်ညီလျော်စေရန် ပြုပြင်ပြောင်းလဲရာ၌အပြစ်ကိုကျော်ခိုင်းခြင်းလည်းဖြစ်ပါသည်။ မိမိကယ်တင်ခြင်းရဖို့ရန်လူ၌အဘယ်ကောင်းမှုရှိရပါသနည်း။ ဘုရားသခင်၏ရှေ့တော်၌တင်ဆက်ပူဇော်ရာဖို့တန်ဖိုးကြီးစုံလင်သောအရာ

တစ်စုံတစ်ခုလှူဒါန်းရှိပါသလား။ သင်၏ဘဏ္ဍာငွေများ၊ နေအိမ်များနှင့်မြေများကိုဆက်ကပ်ပူဇော်ခြင်းအားဖြင့်သင်တို့ကိုယ်တိုင်ထိုက်တန်သူဖြစ်လာနိုင်ပါသလား၊ လုံးဝမဖြစ်နိုင်ပါ။

ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းကိုယုံကြည်ခြင်းအပေါ်၌ကောင်းမှုပြုခြင်းကဲ့သို့သဘောထားမည့်အန္တရာယ်ရှိနေပါသည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုအခမဲ့ရသည့်လက်ဆောင်ဖြစ်သည်ဟုမှတ်ယူလက်ခံလျှင်ခရစ်တော်၏ရွေးနုတ်တော်မူခြင်းအစီအစဉ်ဖြင့်လွတ်လွတ်ကျွတ်ကျွတ်ဖြောင့်မတ်ရာသို့ရောက်ပါသည်။ ယုံကြည်ခြင်းဆိုသည်မှာအဘယ်နည်း။ "ယုံကြည်ခြင်းသည်မြော်လင့်သောအရာတို့ကိုမျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကိုသိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏" (ဟေဗြဲ ၁၁း၁)။ ယုံကြည်ခြင်းဆိုသည်မှာ– ဘုရားသခင်၏နှုတ်ထွက်စကားတော်များဆိုင်ရာအသိပညာကိုသဘောတူလက်ခံခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ– စိတ်နှလုံးကိုဘုရားသခင်အားလိုလားစွာဆက်ကပ်ထားခြင်းနှင့်ဘုရားသခင်၏အမှုတော်ကိုလိုလားစွာဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုဘုရားသခင်သည်ဆိုခဲ့ပြီးသည့်နှုတ်ထွက်တရားတော်များဆိုင်ရာအသိပညာကိုပေးတော်မူ၏။ လက်ခံဖို့စိတ်နှလုံးကိုလည်းလှုပ်ရှားစေတော်မူ၏၊ ကရာနိလက်ဝါးကပ်တိုင်ပေါ်၌ရိုက်ထားခြင်းခံရသောခရစ်တော်အားမျှော်ရှုဖို့စိတ်အာရုံကိုပထမဦးစွာဆွဲဆောင်သောသခင်လည်းဖြစ်တော်မူ၏။ ယုံကြည်ခြင်းဆိုသည်မှာ– အသိဉာဏ်ဆိုင်ရာဆွဲဆောင်မှုစွမ်းရည်များကိုဘုရားသခင်အားဆက်ကပ်ထားခြင်း၊ စိတ်အာရုံကိုစွန့်လွှတ်၍မိမိ၏အလိုဆန္ဒကိုဘုရားသခင်အားဆက်ကပ်ထားခြင်းနှင့်ကောင်းကင်နိုင်ငံတော်သို့ဝင်ရာတံခါးပေါက်မှာခရစ်တော်သာဖြစ်သည်ဟုမှတ်ယူခြင်းတို့ဖြစ်ပါသည်။

မိမိတို့၏အကျင့်တည်းဟူသောကောင်းမှုကုသိုလ်များအား ဖြင့်ဖြောင့်မတ်ခြင်းကိုမရမယူနိုင်ကြောင်းလူတို့သဘောပေါက်သော အခါငင်းတို့အတွက်တစ်ခုတည်းသောမြော်လင့်ရာဖြစ်သည့်ခရစ်တော် ယေရှုအားအကြွင်းမဲ့ကိုးစားလျက်စေ့စေ့မျှော်ရှုကြပါသည်။ မိမိ ကိုယ်ကိုသာအားထားသည့်စိတ်၊ သခင်ယေရှုကိုအားမကိုးသည့်စိတ်ရှိ တော့မည်မဟုတ်ပါ။ အပြစ်မကောင်းမှုများကြောင့်ဝိညာဉ်ရော ခန္ဓာကိုယ်ပါညစ်ညူးယိုယွင်းသည့်အခြေသို့ဆိုက်လျက်ဘုရား သခင်နှင့်စိတ်ဝမ်းကွဲသည့်အခြေအနေသို့ရောက်နေကြသော်လည်း မိမိတို့၏အကန့်အသတ်မရှိသည်မဟုတ်သောကိုယ်ပိုင်ခွန်အားနှင့် ကျင့်ကောင်းခလေ့များအာဖြင့်ရုန်းကန်လှုပ်ရှားနေသောသူအများ အပြားရှိနေပါသည်။ သခင်ယေရှုကတစ်စိတ်တစ်ဒေသကယ်တင်၍ ကျန်သမျှမှာမိမိတို့၏တာဝန်ဖြစ်သည်ဟုထင်မှတ်မှားကြပါသည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းသာလျှင်ငင်းတို့အတွက်တစ်ခုတည်း သောမြော်လင့်ရာဖြစ်သည်ဟုယခုကာလမှသည်နောင်ထာဝရကာလ တိုင်အောင်သူတို့သဘောပေါက်ယုံကြည်ခြင်းအားဖြင့်ရှုမြင်ဖို့လိုပါသည်။

## ဘုရားသခင်လုပ်ဆောင်တော်မူ၏၊ လူသားအလုပ်လုပ်ရမည်

ထူးခြားသောအရည်အချင်းတို့နှင့်စွမ်းဆောင်ရည်များကိုလူ တို့အားဘုရားသခင်ပေးထားတော်မူ၏။ ထိုသို့ပေးသနားထားတော်မူ သည့်ဆုကောင်းချီးများနှင့်အတူဘုရားသခင်သည်လူတို့နှင့်ပူပေါင်းလျက် လုပ်ဆောင်တော်မူ၏။ လူသားအနေဖြင့်လည်းထိုသို့ဘုရားသခင်ပကတိ နှင့်ပူးပေါင်းလျက်ခရစ်တော်၏အမှုတော်ကိုဆောင်ရွက်ပါကအောင်မြင်

သောသူဖြစ်လျက်ထာဝရအသက်ကိုရပါလိမ့်မည်။ လူသားအနေဖြင့် ကိုယ်တော်ဆောင်ရွက်နိုင်ရန်စွမ်းအားပေးထားပြီးသောလုပ်ငန်းကို လုပ်ဆောင်ဖို့ဘုရားသခင်ကအကြံပေးမည်မဟုတ်ပါ။ လူ၏တာဝန်ကို လူကိုယ်တိုင်လုပ်ဆောင်ရပါမည်။ လူသည်ဘုရားသခင်နှင့်ပူးပေါင်း လုပ်ဆောင်သောသူ၊ ထမ်းရွက်စရာတို့ကိုခရစ်တော်နှင့်အတူထမ်း ဆောင်သောသူ၊ ကိုယ်တော်နည်းတူနူးညံ့သိမ်မွေ့သောသူ၊ ကိုယ်တော် နည်းတူနှိမ့်ချသောသူဖြစ်ရပါမည်။ အလုံးစုံသောစွမ်းအားတို့ကို ဘုရားသခင်ချုပ်ထိန်းထားတော်မူ၏။ အလုံးစုံသောဆုကျေးဇူးများကို ဘုရားသခင်ချီးမြှင့်တော်မူ၏။ လူသည်ထိုဆုကျေးဇူးများကိုရယူလက်ခံ လျက်ခရစ်တော်၏ကျေးဇူးတော်ဆိုင်ရာတန်ခိုးစွမ်းအားနှင့်အသက် ရှင်သောကိုယ်စားလှယ်အဖြစ်လှုပ်ရှားပါသည်။

"သင်တို့သည်ဘုရားသခင်၏ဥယျာဉ်တော်ဖြစ်ကြ၏" ဟု ၁ကောရိန်သု ၃း၉ ၌ဖော်ပြထားပါသည်။ ထိုကြောင့်စိတ်နှလုံးမြေကို ပြုပြင်ထားရပါမည်၊ နှိမ်နင်းထားရပါမည်၊ ထွန်ယက်ထားရပါမည်၊ တူးဆွထားရပါမည်။ မျိုးစေ့ကြဲထားရပါမည်။ သို့မှသာကောင်းသော အကျင့်များအားဖြင့်ဘုရားသခင်အဖို့ကောက်နှံများစုသိမ်းနိုင်ပါလိမ့်မည်။ "သင်တို့သည်ဘုရားသခင်၏အိမ်ထောင်ဖြစ်ကြ၏။" "သင်တို့ကိုယ် တိုင်မဆောက်မလုပ်နိုင်ကြပါ။ အသင်းတော်တည်ဆောက်ဖို့အုပ် တစ်ချပ်အပေါ်၌တစ်ချပ်ထပ်ဆင့်ဖို့သင်ကိုယ်တိုင်မစွမ်းဆောင်နိုင်ပါ။ ပြင်ပတန်ခိုးတော်ရှိပါသည်။ ယင်းတည်ဆောက်မှုပြီးမြောက်ဖို့လူသား အားဘုရားသခင်ပေးအပ်ထားသည့်အရည်အချင်းစွမ်းဆောင်ရည်များ ကိုအသုံးပြုလျက်ဘုရားသခင်နှင့်အစဉ်ပူးပေါင်းလုပ်ဆောင်ရပါမည်။ ရွေးနုတ်ပိုင်သူသည်ကိုယ်တော်၏အိမ်တော်၌နေအိမ်တစ်ခုရှာရပါမည်။

ဘုရားသခင်လုပ်ဆောင်တော်မူ၏။ လူသားအလုပ်လုပ်ရမည်။
ဘုရားသခင်ထံတော်မှဆုမင်္ဂလာများကိုရက်ရက်ရောရောဆက်လက်
ပေးဝေနိုင်ရန်ကိုယ်တော်၏ထံတော်မှလည်းအစဉ်တစိုက်လက်ခံရယူ
နေဖို့လိုအပ်ပါသည်။ ဆက်တိုက်ရယူလက်ခံလျက်အစဉ်ဖြည့်တင်း
နေရပါမည်။ အသက်ဝိညာဉ်သည်ကိုယ်တော်ထံမှအာဟာရခါတ်ရဖို့
ဘုရားသခင်အစဉ်စီမံထားတော်မူခြင်းမှာကိုယ်တော်၏ကြံရွယ်တော်မူ
ချက်နှင့်လျော်ညီစွာပြန်လည်ပေးဝေဖို့အတွက်ဖြစ်ပါသည်။
ပြင်ပသို့လျှံ၍ထွက်ဖို့ဘုရားသခင်ထံတော်မှလူသားထံသို့အဝင်ရှိ
ရပါမည်။ "သူတို့တွင်ငါကိန်းဝပ်မည်၊ သူတို့တွင်လှည့်လည်မည်"
ဟုဘုရားသခင်မိန့်တော်မူ၏။ ၂ကောရိန်သု ၆း၁၆။

အသက်ဝိညာဉ်ဗိမာန်တော်သည်အထွတ်အမြတ်ဖြစ်၍
သန့်ရှင်းရပါမည်။ စင်ကြယ်၍ညစ်ညူးခြင်းကင်းရပါမည်။ တန်ခိုးရှိ
သမျှကိုဘုရားသခင်ပိုင်တော်မူသောကြောင့်လည်းကောင်း၊ ဘုန်းအသရေ
ရှိသမျှသည်ဘုရားသခင်နှင့်သာဆိုင်သောကြောင့်လည်းကောင်းပူးပေါင်း
ဆောင်ရွက်ခြင်းသာဖြစ်ရပါမည်။ တာဝန်မှာမူကားကျွန်ုပ်တို့နှင့်သာ
ဆိုင်ပါသည်။ အပြုအမူအားဖြင့်ပြန်လည်ဝေငှဖို့အကြံအစည်အားဖြင့်
ဖြစ်စေ၊ ခံစားမှုအားဖြင့်ဖြစ်စေလက်ခံရယူရပါမည်။ လူသားနှင့်
ဘုရားသခင်ဆိုင်ရာလုပ်ရှားမှုဉပဒေသအရလက်ခံရယူသောသူသည်
ဘုရားသခင်နှင့်အတူပူးပေါင်းလုပ်ဆောင်သောသူဖြစ်ပါသည်။ ယင်း
စည်းကမ်းအရလူသည်ဘုရားသခင်နှင့်ပူးပေါင်းလျက်ဘုရားသခင်နှင့်အတူ
လုပ်ဆောင်နိုင်ခွင့်ရပါသည်။ လူသားအချင်းချင်းတွေ့ထိပါသည်။
ဘုရားသခင်တန်ခိုးနှင့်လူသားကိုယ်စားလှယ်ပူးပေါင်းသောအခါစုံလင်
သည့်အောင်မြင်ခြင်းကိုရပါသည်။ အဘယ်ကြောင့်ဆိုသော်ခရစ်တော်၏

ဖြောင့်မတ်ခြင်းသည်အရာခပ်သိမ်းကိုတတ်စွမ်းနိုင်သောကြောင့်သာ တည်း။

## သဘာဝထက်ပိုသောလုပ်ငန်းအတွက် သဘာဝထက်ပိုသောတန်ခိုး

အများသောသူတို့သည်အမှုတော်ဆောင်ရာ၌အောင်မြင်မှုမရကြသည်မှာငင်းတို့အပေါ်၌ဘုရားသခင်အမှီပြုနေဘိသကဲ့သို့သူတို့လှုပ်ရှားကြသောကြောင့်ဖြစ်ပါသည်။ ထိုမျှမကငင်းတို့အနေဖြင့်ဘုရားသခင်၌မှီခိုရမည့်အစားသူတို့အတွက်ဘုရားသခင်ကမည်ကဲ့သို့ပြုလုပ်ပေးရမည်ကိုပင်ဘုရားသခင်အားသူတို့ကအကြံပြုကြပါသည်။ သဘာဝထက်ပို၍ကြီးမြတ်သောတန်ခိုးတော်ကိုသူတို့ဘေးဖယ်ထားကြသောကြောင့် သဘာဝထက်ကြီးသောလုပ်ငန်းတာဝန်ကိုသူတို့မထမ်းဆောင်နိုင်ကြပါ။ သူတို့သည်သူတို့ကိုယ်တိုင်နှင့်သူတို့ညီအစ်ကိုများ၏လူသားတန်ခိုးစွမ်းအားများကိုသာအစဉ်မှီခိုအားထားနေကြပါသည်။ သူတို့ကိုယ်တိုင်အမြင်ကျဉ်း၍သူတို့၏အကန့်အသတ်ရှိသောလူသားနားလည်မှုဖြင့်သာအစဉ်ဆုံးဖြတ်ကြပါသည်။ အထက်မှတန်ခိုးစွမ်းအားကိုသူတို့မရသေးသောကြောင့်မြှင့်တင်ပေးဖို့လိုအပ်သည်။ ဘုရားသခင်ကကျွန်ုပ်တို့အားခန္ဓာကိုယ်များ၊ ဦးနှောက်စွမ်းအားများ၊ အချိန်နှင့်အခွင့်အရေးများပေးထားသည်မှာလုပ်ငန်းဆောင်ရွက်ရန်ဖြစ်ပါသည်။ ငင်းတို့ကိုအပြည့်အဝအသုံးပြုဖို့လိုပါသည်။ ဘုရားသခင်နှင့်လူသားပေါင်းစပ်လုပ်ဆောင်ပါကထာဝရတည်သောလုပ်ငန်းကိုပြီးမြောက်အောင်မြင်နိုင်ပါသည်။ မိမိတို့တစ်ဦးစီနှင့်ဆိုင်သောလုပ်ငန်းကိုရွေးချယ်ရာ၌ဘုရားသခင်မှားပြီးဟုသဘောထားသောသူများအနေဖြင့်

မိမိတို့လုပ်ဆောင်စရာဖို့လုပ်ငန်းကိုမိမိတို့ကိုယ်တိုင်ရွေးချယ်ခန့်အပ်ကြပါလျှင်စိတ်ပျက်ခြင်းနှင့်သာရင်ဆိုင်ရကြပါလိမ့်မည်။

"ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်၊ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း" ဟုဧဖက် ၂း၈ ၌ဖော်ပြထားပါသည်။ ဤသည်ကားသင့်အနေဖြင့်ဘုရားသခင်ပေးတော်မူသည့်အလင်းရောင်ကိုကာဆီးမထားပါကသင်၏စိတ်အာရုံအတွင်း၌ရှင်းလင်းစွာသဘောပေါက်မည့်သမ္မာတရားတော်ဖြစ်ပါသည်။ ထာဝရအသက်ဆိုသည်မှာ– တန်ဖိုးမဖြတ်နိုင်သောလက်ဆောင်တော်ဖြစ်ပါသည်။ ဤသို့လျှင်တန်ဖိုးမဖြတ်နိုင်သောကြောင့်ကယ်တင်ခြင်းကိုလုပ်အားခဖြင့်မရနိုင်ကြောင်းထင်ရှားနေပါသည်၊ အခမဲ့ပေးတော်မူသောကောင်းချီးဖြစ်သောကြောင့်ယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ ဘုရားသခင်၏ကျေးဇူးတော်နှင့်ဂုဏ်တော်ကိုချီးမွမ်းလျက်လည်းကောင်းလက်ခံရပါမည်။ အခိုင်အမာယုံကြည်ထားပါကမည်သူမျှအယူသီးတော့မည်မဟုတ်ပါ၊ 'ဆိုးညစ်ပျင်းရိသော ငယ်ထားကဲ့သို့လည်းလှုပ်ရှားတော့မည်မဟုတ်ပါ။ လူတို့အနေဖြင့်ယေရှုအားမျှော်ကြည့်ရမည့်နေရာ၌မိမိကိုယ်ကိုသာကြည့်နေကြသည်မှာစာတန်၏ဖမ်းစားတတ်သောဆွဲဆောင်မှုအင်အားကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏ဘုန်းအသရေတော်သည်ကျွန်ုပ်တို့အဖို့ဆုမင်္ဂလာဖြစ်လာစေခြင်းငှါခရစ်တော်၏ဖြောင့်မတ်ခြင်းကိုကျွန်ုပ်တို့ရှေးရှုရကြပါမည်။ ကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်၏အလိုတော်သို့လိုက်လျှောက်ကြပါကကိုယ်တော်ရက်ရောစွာပေးသနားတော်မူသည့်ကောင်းချီးမြောက်မြားစွာကိုလက်ခံရကြပါလိမ့်မည်။ သို့သော်ကျွန်ုပ်တို့၏ကောင်းမှုတစ်စုံတစ်ခုကြောင့်မဟုတ်ပါ။ ဘုရားသခင်၏ရှေ့တော်၌ကျွန်ုပ်တို့၏အကျင့်ကောင်းများတန်ဖိုးမရှိပါ။ ခရစ်တော်၏

အမှုတော်ကိုဆောင်လျှင်ဘုရားသခင်အားကြည်ညိုခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည်ခရစ်တော်သခင်ယေရှု၌အသက်ရှင်လျက်ကယ်တင်ခြင်းရမည့်အကြောင်းကျွန်ုပ်တို့အားချစ်တော်မူသောကြောင့်ကျွန်ုပ်တို့အဖို့ကိုယ့်အသက်ကိုပင်ပေးစွန့်တော်မူသည့်အရှင်အားမှီခိုလျှင်ကျွန်ုပ်တို့အနေဖြင့်အောင်မြင်သောသူများထက်ပင်ပို၍အောင်မြင်ကြပါလိမ့်မည်။

--***---

## စစ်မှန်သောသန့်ရှင်းခြင်းစံချိန်

၁၈၈၁ ခု၊ မတ်လ ၈ ရက်နေ့ထုတ်
ပြန်လည်သုံးသပ်ခြင်းနှင့်
သံတော်ဆင့်မဂ္ဂဇင်းဆောင်းပါး

"ငြိမ်သက်ခြင်း၏ဘုရားသခင်ကိုယ်တော်တိုင်လည်း သင်တို့ကိုအကုန်အစင်သန့်ရှင်းစေတော်မူပါစေသော၊ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါသင်တို့၏ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကိုအပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှါစောင့်မတော်မူပါစေသော။" ၁သက်သာလောနိတ် ၅း၂၃။

ဘုရားသခင်၏အလိုတော်ကိုနာယူမှသာသန့်ရှင်းခြင်းသို့ရောက်ပါသည်။ ယေဟောဝါဘုရားသခင်၏ပညတ်တော်တို့ကိုတမင်ချိုးဖေါက်နင်းနယ်သောသူအများကမိမိတို့၏စိတ်နှလုံးဖြူစင်ပါသည်။ ခန္ဓာကိုယ်စင်ကြယ်ပါသည်ဟုအဆိုပြုကြပါသည်။ သို့သော်ဘုရားသခင်ကိုယ်တော်ကိုလည်းကောင်း၊ ကိုယ်တော်၏ပညတ်တော်များနှင့်ပတ်သက်၍လည်းကောင်းအသက်ရှင်စေသောအသိပညာသည်၎င်းတို့၌မရှိပါ။ ၎င်းတို့သည်မဟာပုန်ကန်သူကြီးနှင့်တစ်တန်းတစ်စာတည်းရပ်တည်သောသူများဖြစ်ကြပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည်ကောင်းကင်နှင့်မြေကြီးကိုအုပ်စိုးတော်မူခြင်းနှင့်ဆိုင်သည့်ဘုရားသခင့်ပညတ်တော်၏အခြေခံအုတ်မြစ်ကိုဆန့်ကျင်တိုက်ခိုက်နေသောပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ထိုကြောင့်၎င်းတို့အားလုံးသည်၎င်းတို့၏ဆရာကြီးကဲ့သို့ပင်ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်များထိရောက်မှုမရှိစေရန်နည်းလမ်းရှာဖွေနေသောသူများဖြစ်ကြပါသည်။ ပညတ်တရားတော်ကိုချိုးဖေါက်လျှင်မည်သူမျှကောင်းကင်နိုင်ငံတော်သို့ဝင်ခွင့်ရလိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်တစ်ချိန်ကလွှမ်းမိုးသောခေရဗိမ်

အဖြစ်ချီးမြှင့်ခြင်းခံရလျက်စိတ်နှလုံးဖြူစင်သောသူပင်ဖြစ်ခဲ့သော်လည်း ဘုရားသခင်စိုးမိုးတော်မူခြင်းကိုဆန့်ကျင်သောကြောင့်နှင်ထုတ်ခြင်းခံခဲ့ရပါသည်။

သန့်ရှင်းခြင်းဟုဆိုရာ၌အများသောသူတို့အတွက်ကိုယ်ပိုင်ဖြောင့်မတ်ခြင်းမျှသာဖြစ်နေပါသည်။ သို့ပါလျက်၎င်းတို့ကသခင်ယေရှုသည်သူတို့၏ကယ်တင်ပိုင်သူဖြစ်သည်၊ သူတို့အားသန့်ရှင်းစေသောသခင်ဖြစ်သည်ဟုအတပ်ဆိုကြပါသည်။ လှည့်ဖြားမှုကြီးပါတကား။ ခမည်းတော်ဘုရားသခင်၏ပညတ်တော်ကိုချိုးဖေါက်နေသောသူအားသားတော်ဘုရားသခင်ကသန့်ရှင်းစေပါလိမ့်မည်လား။ ထိုပညတ်တော်များကိုမြှင့်တင်ဖို့၊ ဂုဏ်ပြုလေးစားဖို့ခရစ်တော်ကြွလာတော်မူ၏။ ထိုကြောင့်ကိုယ်တော်က "ငါသည်ခမည်းတော်၏ပညတ်တော်တို့ကိုစောင့်ရှောက်" သည်ဟုသက်သေခံတော်မူ၏။ မစုံလင်သောလူသား၏စံချိန်အဆင့်နှင့်ညီစေခြင်းငှါပညတ်တော်အဆင့်ကိုဘုရားသခင်နိမ့်ပေးတော်မူမည်မဟုတ်ါ။ လူသားအနေဖြင့်လည်းဘုရားသခင်၏ရှေ့တော်၌နောင်တသံဝေဂမရဘဲ၊ ခရစ်တော်ယေရှု၌ယုံကြည်ကိုးစားခြင်းမပြုဘဲသန့်ရှင်းသောပညတ်တရားတော်ကတောင်းဆိုသည့်စံချိန်ကိုမီလိမ့်မည်မဟုတ်ပါ။

"တစ်စုံတစ်ယောက်သောသူသည်အပြစ်ကိုပြုမိလျှင်ဖြောင့်မတ်တော်မူသောသခင်ယေရှုခရစ်တည်းဟူသောငါတို့အမှုဆောင်သခင်သည်ခမည်းတော်ထံ၌ရှိတော်မူ၏။" (၁ယောဟန် ၂း၁)။ သို့သော်ထာဝရဘုရားသခင်သည်မိမိ၏သားတော်အားဆင်းရဲခြင်းအပေါင်းကိုခံစေလျက်အရှက်ကွဲခြင်း၊ အသရေယုတ်ခြင်း၊ ဂုဏ်ပျက်ခြင်းများဖြင့်အသေသတ်ခြင်းကိုခံတော်မူဖို့ဤလောကအတွင်းသို့စေလွှတ်တော်မူခြင်းမှာလူသားအနေဖြင့်ပညတ်တော်တို့ကိုနားထောင်နာယူခြင်းမှလွတ်ငြိမ်းခွင့်ပေးခြင်းမဟုတ်ပါ။ စာတန်၏လှည့်ဖြားမှုတန်ခိုး

စွမ်းအားသည်ထက်မြက်လွန်းသောကြောင့်ခရစ်တော်အပြစ်ဖြေလွှတ်တော်မူခြင်း၌တန်ဖိုးမရှိဟုလူတို့သဘောထားနေကြပါသည်။ အပြစ်သားအတွက်အခြားမြော်လင့်စရာလုံးဝမရှိတော့သဖြင့်ခရစ်တော်အသေခံတော်မူ၏။ ၎င်းအနေဖြင့်လာမည့်အသက်တာ၌ပညတ်တော်များကိုစောင့်ထိန်းနာယူဖို့အားထုတ်လိမ့်မည်ဖြစ်သော်လည်းအတိတ်ကအပြစ်ကြွေးများတင်နေပါသေးသည်။ ထိုကြောင့်ပညတ်တော်၏တောင်းဆိုချက်အရသေပြစ်သင့်နေပါသည်။ သို့သော်အပြစ်သားအနေဖြင့်မိမိကျူးလွန်မိသည့်အပြစ်အတွက်ကျန်ရှိနေသောအပြစ်ကြွေးကိုမိမိကိုယ်တိုင်မပေးမဆပ်နိုင်သောကြောင့်၎င်းအပြစ်ကြွေးကိုပေးဆပ်ဖို့ခရစ်တော်ယေရှုကြွဆင်း၍လာတော်မူ၏။ ဤပုံစံမှာခရစ်တော်၏အပြစ်ဖြေလွှတ်ခြင်းဆိုင်ရာပူဇော်သကာဖြင့်အပြစ်နှင့်ပြည့်ဝနေသောလူသားအားနောက်တစ်ကြိမ်အစမ်းအသက်ရှင်ဖို့အခွင့်အရေးပေးလိုက်ခြင်းဖြစ်ပါသည်။

**စာတန်၏အကြောင်းပြချက်အမှား**

ခရစ်တော်သည်အသေသတ်ခြင်းကိုခံတော်မူသောကြောင့်ပညတ်တရားကိုကျေးဇူးတရားနှင့်အစားထိုးပြီးဖြစ်သည်ဟုစာတန်ကလူသားအများအထင်မှားလောက်အောင်ကျွမ်းကျင်စွာတင်ဆက်ထားပါသည်။ ခရစ်တော်အသေခံတော်မူခြင်းအားဖြင့်ပညတ်တော်ဆယ်ပါးဆိုင်ရာဥပဒေသများကိုစိုးစဉ်းမျှမပြောင်း၊ မဖျက်၊ မလျှော့နည်းစေပါ။ ကယ်တင်ပိုင်သူ၏အသွေးတော်မှတစ်ဆင့်လူသားအားကမ်းလှမ်းထားသည့်ကျေးဇူးတော်ဖြင့်ဘုရားသခင်၏ပညတ်တော်ကိုတည်မြဲစေပါသည်။ လူသားကျဆုံးသည့်အချိန်မှအစပြု၍ဘုရားသခင်စိုးမိုးတော်မူခြင်းဆိုင်ရာဥပဒေသနှင့်ကိုယ်တော်၏ကျေးဇူးတော်ကိုခွဲခြား၍မရပါ။ ခွင့်လွှတ်ခြင်းတရားမှန်သမျှ၌၎င်းတို့နှစ်ဦးဒွန်တွဲနေပါသည်။ “ကရုဏာနှင့်

သစ္စာတရားဆုံမိပြီ၊ တရားနှင့်ချမ်းသာသည်တစ်ပါးကိုတစ်ပါးနမ်းကြပြီ။" (ဆာလံ ၈၅း၁၀)။

အပြစ်ကျူးလွန်သောလူသားခံရမည့်ပြစ်ဒဏ်ကိုကျွန်ုပ်တို့၏ကိုယ်စားသခင်ယေရှုခံတော်မူ ဖို့သဘောတူတော်မူ၏။ ကိုယ်တော်သည်မိမိ၏ဘုရားသခင်ဇာတိကိုလူသားဇာတိနှင့်ဖုံးအုပ်တော်မူလျက်လူသားဘဝကိုခံယူတော်မူပြီးလျှင်ကယ်တင်ပိုင်သူ၊ ရွေးနုတ်ပိုင်သူဖြစ်တော်မူ၏။ ဘုရားသခင်၏ပညတ်တော်တို့ကိုပြောင်းလဲ၍မရကြောင်းလူသားအားရွေးနုတ်ဖို့ဘုရားသခင်၏ချစ်တော်မူသောသားတော်အသေခံတော်မူခြင်းအားဖြင့်ထင်ရှားစွာပြတော်မူ၏။ လူသားကယ်တင်ခြင်းရဖို့ဘုရားသခင်သည်မိမိ၏ပညတ်တော်များကိုဖျက်သိမ်းလိုက်ပါကခရစ်တော်ကိုယ်တိုင်သည်လည်းကောင်းကင်၌ပင်ဆက်လက်နေနိုင်မည်ဟုအပြစ်သား၏ရှုမြင်ပုံမှာလွယ်ကူလှပါ၏။ ကျေးဇူးတော်အားဖြင့်လွတ်မြောက်ခွင့်ရှိပြီဖြစ်သောကြောင့်ပညတ်တရားတော်ကိုစောင့်ထိန်းဖို့မလိုဟူသောသွန်သင်ချက်မှာသေစေနိုင်သောလှည့်ဖြားမှုတစ်ရပ်ဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တော်တို့ကိုချိုးဖေါက်သောသူတိုင်းသည်အပြစ်ကျူးလွန်သောသူဖြစ်သောကြောင့်အပြစ်မကောင်းမှုတစ်ရပ်ဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တော်တို့ကိုချိုးဖေါက်သောသူတိုင်းသည်အပြစ်ကျူးလွန်သောသူဖြစ်သောကြောင့်အပြစ်မကောင်းမှုအတွင်း၌ကျင်လည်နေသမျှကာလပတ်လုံးသန့်ရှင်းခြင်းသို့မရောက်နိုင်ပါ။

ဘုရားသခင်ချစ်တော်မူသောသားတော်သည်ကိုယ်ကိုကိုယ်နှိမ့်ချလျက်ပြင်းစွာသောနာကျင်မှုကိုခံစားတော်မူခြင်းမှာလူသားအနေဖြင့်ဘုရားသခင်၏ပညတ်တော်များကိုလွတ်လပ်စွာချိုးဖေါက်လျက်ပင်ခရစ်တော်နှင့်အတူကိုယ်တော်၏ပလ္လင်တော်ပေါ်၌ထိုင်ရန်အတွက်မဟုတ်ပါ။ အကြီးဆုံးသောအပြစ်သားသည်ပင်လျှင်ကိုယ်တော်၏ကောင်းမှုကုသိုလ်များကိုကိုင်ဆွဲလျက်မိမိကိုယ်တိုင်ကလည်းနောင်တ

သံဝေဂရမည်ဆိုပါက၊ ၎င်းအပြင်ယုံကြည်ခြင်းလည်းရှိမည်ဆိုပါက အပြစ်ဖြေလွှတ်ခွင့်ရပြီးနားထောင်သည့်အသက်တာ၌ဆက်လက် အသက်ရှင်နိုင်ဖို့ခွန်အားရပါလိမ့်မည်။ အပြစ်သားသည်မိမိ၏အပြစ် များအတွင်း၌ပင်ကယ်တင်ခြင်းရသည်မဟုတ်ပါ။ မိမိ၏အပြစ်မှ ကယ်တင်ခြင်းရပါသည်။

အပြစ်သည်ကား

အပြစ်သားအနေဖြင့်ခရစ်တော်ထံသို့ချဉ်းကပ်လိုသောစိတ် မပေါ်မီ မိမိ၌အပြစ်ရှိသည်ဟုဦးစွာပထမစိတ်ဝိညာဉ်အတွင်းမှခံစား မှုရှိရပါမည်။ "အပြစ်သည်ကားပညတ်တော်ကိုလွန်ကျူးခြင်းဖြစ် သတည်း" ဟု ၁ယောဟန် ၃း၄ ကဆိုထားပါသည်။ "ပညတ်တရားအား ဖြင့်သာအပြစ်သဘောကိုငါသိ၏" ဟုရောမ ၇း၇ ကဆိုထားပါသည်။ အပြစ်သည်အသက်ရှင်၍ရှောလုသေပါသည်။ ဘုရားသခင်၏ ပညတ်တော်ကင်းအားပြစ်ဒဏ်သင့်စေပုံကိုသူတွေ့မြင်ရပါသည်။ အပြစ်၌မည်သည့်အရာများပါဝင်ဖွဲ့စည်းလျက်ရှိကြောင်းမမြင်မသိမီ မိမိသည်အပြစ်သင့်နေပြီဟုအပြစ်သားမခံစားနိုင်ပါ။ ပုဂ္ဂိုလ် တစ်ယောက်အနေဖြင့်မိမိသည်ခရစ်တော်ကိုသာယုံကြည်ပါက ပညတ်တော်ကိုစောင့်သည်ဖြစ်စေ၊ မစောင့်သည်ဖြစ်စေပဓါန မဟုတ်ပါဟုမှတ်ယူထားပါကငင်းအနေဖြင့်သမ္မာကျမ်းဆိုင်ရာ သန့်ရှင်းခြင်းအတွေ့အကြုံကိုမရနိုင်ပါ။

ဘုရားသခင်၏ပညတ်တော်တို့ကိုနာယူပါသည်ဟုအဆိုပြု လျက်ပင်စိတ်နှလုံးအတွင်း၌အပြစ်၏အလိုသို့လိုက်နေသောသူတို့အား သစ္စာရှိ၍ ဟုတ်မှန်သောသက်သေခံပါက အပြစ်တင်ရှုတ်ချပါသည်။

သမ္မာတရားတော်၌အသိပညာကြွယ်ဝပါသည်ဟုသူတို့အဆိုပြုကြသော်လည်းသူ တို့ကိုယ်တိုင်အားဖြင့်မြင့်မြတ်သောအခြေခံသဘောတရားများနှင့်မညီညွတ်ကြပါ။ သူတို့၏အသက်တာများသည်သမ္မာတရားတော်အားဖြင့်စင်ကြယ်ခြင်းသို့မရောက်ကြသေးပါ။ ပညတ်တော်ကိုနာယူပါသည်ဟုအဆိုပြုလျက်ပင်မိမိတို့၏အသက်တာပုံစံများကမိမိတို့၏ယုံကြည်ချက်နှင့်ဆန့်ကျင်ဖီလာနေပါကမျက်စိကန်းခြင်း၊ သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်းနှင့်တကွအဝတ်အချည်းစည်းဖြစ်ခြင်းသာဖြစ်သည်ဟုဘုရားသခင်၏နှုတ်ထွက်စကားတော်ကဆိုထားပါသည်။

ဘုရားသခင်၏ပညတ်တော်တို့သည်ကြည့်မှန်သဖွယ်ဖြစ်၍ မိမိ၏ရှေ့၌ရှိနေပါကမိမိကိုယ်တိုင်၏အခြေအနေမှန်ကိုပြည့်စုံကုံလုံစွာမြင်တွေ့ရပါသည်။ ထိုသို့မြင်ရသော်လည်းအချို့သောသူတို့ကထိုကြည့်မှန်ကိုကျော်ခိုင်းသွားကြသောအခါမိမိကိုယ်တိုင်မည်ကဲ့သို့ပုံပေါ်နေသည်ကိုမေ့သွားကြပါသည်။ အချို့သောသူတို့ကမူမိမိတို့၏အကျင့်ဓလေ့မပြည့်စုံမှုများကိုဖုံးကွယ်နိုင်မည်ဟုသဘောပိုက်လျက်ပညတ်တော်များကိုအကျယ်တဝင့်ပြစ်တင်ဝေဖန်ကြပါသည်။ အခြားသောလူတန်းစားတစ်ရပ်ရှိပါသေးသည်။ ၎င်းတို့ကမူပညတ်တရားတော်အားဖြင့်မိမိ၏အပြစ်ကိုမြင်သိလျက်နောင်တသံဝေဂရပြီးခရစ်တော်၏ကျေးဇူးတော်ကောင်းမှုကိုယုံကြည်အားထား၍ခရစ်တော်၏အကျင့်ဓလေ့ကိုစုံလင်စေကြပါသည်။

သူတို့ငြင်းပယ်သောအလင်းကသူတို့အားပြစ်တင်ရှုတ်ချပါသည်

ကိုယ်တော်၏ပညတ်တော်များကိုကျူးလွန်ကြသောကြောင့်လောကီသားအားလုံးဘုရားသခင်၏ရှေ့တော်၌ပြစ်ဒဏ်သင့်နေပါသည်။ လူအများစုအနေဖြင့်ယင်းသို့ပညတ်တော်များကိုဆက်လက်ကျူးလွန်

လျက်ဘုရားသခင်နှင့်မသင့်မတင့်အခြေအနေ၌ပင်ဆက်လက်တည်မြဲနေကြမည်ဖြစ်သော်လည်းမိမိတို့၏အပြစ်များကိုဖေါ်ပြဝန်ချတောင်းပန်လျက်နားထောင်နာယူသောသူများအဖြစ်သို့ရောက်လာမည့်သူမရှိဟုမဆိုနိုင်ပေ။ "အပေါ်ယံအပြင်သဏ္ဍာန်ကိုသာကြည့်သောပုဂ္ဂိုလ်များအနေဖြင့်ချစ်ဖွယ်ရာချောင်သောသူများ၊ ပညာရှိ၍ရည်မွန်သောသူများသည်လူ့ဘဝအသက်တာ၌စုံလင်သောသူများဖြစ်သည်" ဟုမြင်ကောင်းမြင်ပေမည်ဖြစ်သော်လည်း "လူသည်အဆင်းသဏ္ဍာန်ကိုကြည့်တတ်၏၊ ဘုရားသခင်မူကားနှလုံးကိုကြည့်တတ်၏။" ဟု ၁ရာဇဝင်၁၆း၇၌တွေ့ရပါသည်။ဘုရားသခင်၏နှုတ်ထွက်တရားတော်မှ အသက်ရှင်စေသောသမ္မာတရားတော်သည်စိတ်နှင့်တွေ့သောအခါနားလည်သဘောပေါက်လက်ခံရယူ လျက်မိမိ၏အသက်တာတစ်လျှောက်လက်တွေ့ကျင့်သုံးခြင်းမပြုလျှင်မည်သူ တစ်ဦးတစ်ယောက်မျှကောင်းကင်နိုင်ငံတော်ကိုမမြင်ရပါ။ ဤသမ္မာတရားများသည်အချို့သောပုဂ္ဂိုလ်များအတွက်အသစ်အဆန်းဝတ္ထုရှည်ကြီးပမာစွဲမက်နှစ်သက်ဖွယ်ဖြစ်သောကြောင့်လက်ခံကြမည်ဖြစ်သော်လည်းဘုရားသခင်၏နှုတ်ထွက်တရားတော်ဖြစ်သည်ဟုလက်မခံကြပါ။ မိမိတို့၏ရှေ့မှောက်သို့ရောက်လာသောအလင်းကိုလက်မခံသောသူများသည်ထိုအလင်းတော်၏ပြစ်ဒဏ်စီရင်ခြင်းကိုခံရကြပါလိမ့်မည်။

တိုင်းနိုင်ငံအတွင်းတရားနာပရိသတ်တိုင်း၌ကယ်တင်ခြင်းကိုဆာငတ်ခင်မွတ်လျက်စိတ်ကျေနပ်မှုမရနိုင်သောအသက်ဝိညာဉ်များစွာရှိပါသည်။ ထာဝရအသက်ကိုရခြင်းငှါအကျွန်ုပ်မည်သည့်အမှုကိုပြုရပါမည်နည်းဟုနေ့ရောညပါငင်းတို့၏စိတ်နှလုံးအတွင်း၌ခံစားမှုဝန်ထုပ်ကြီးရှိနေပါသည်။ ရေပန်းစားလူကြိုက်များသောဟောပြော

ချက်များကိုသူတို့နားဆင်ကြသည်မှာဘုရားသခင်၏ရှေ့တော်၌မည်သို့မည်ပုံဖြောင့်မတ်ရာသို့ရောက်နိုင်သည်ကိုသိလိုကြသောကြောင့်ဖြစ်သည်။ သို့သော်သူတို့အများဆုံးကြားကြရသည်မှာနှစ်သက်ဖွယ်ရာဟောပြောချက်များနှင့်အာဝဇ္ဇန်းရှင်သည့်ဆွေးနွေးချက်များသာဖြစ်ကြပါသည်။ မည်သည့်ဘာသာရေးရာတရားပွဲများ၌မဆိုဝမ်းနည်းကြေကွဲလျက်စိတ်ပျက်အားလျော့နေသူများစွာတရားနာနေတတ်ကြပါသည်။ ဓမ္မဆရာကတရားနာပရိသတ်အားသူတို့အနေဖြင့်ပညတ်တော်ကိုမစောင့်ထိန်းနိုင်ကြောင်းဟောကြားပါသည်။ ယနေ့ကျွန်ုပ်တို့၏ခေတ်တွင်ပညတ်တရားတော်ကလူတို့အားချုပ်ချယ်ခြင်းမပြုတော့ပါ၊ ခရစ်တော်ကိုသာယုံကြည်ပါ၊ ယုံကြည်လျှင်ကယ်တင်ခြင်းရလိမ့်မည်ဟုသာဟောပြောပါသည်။ ဤနည်းအားဖြင့်သူတို့၏ခံစားမှုအပေါ်မူတည်လျက်သူတို့ကိုယ်တိုင်ဆုံးဖြတ်ကြဖို့သင်ပေးပါသည်။ အသိတရားနှင့်ယှဉ်သောယုံကြည်မှုကိုမသွန်သင်ကြပါ။ ဓမ္မဆရာအနေဖြင့်အလွန်စိတ်ရင်းကောင်းမည်ဖြစ်သော်လည်းယုံမှားသံသယစိတ်၊ ပူပန်နှောင့်ယှက်ခြင်းခံနေရသောအသက်ဝိညာဉ်အားမြော်လင့်ချက်အမှားဖြင့်နှစ်သိမ့်နေခြင်းသာဖြစ်ပါသည်။

ပျားသကာမွမ်းမံထားသည့်အဆိပ်

ဘုရားသခင်၏ပညတ်တော်တို့ကိုလျစ်လျူရှုထားပါလျက်ခရစ်တော်ကိုယုံကြည်ပါသည်ဟု အဆိုပြုသောသူများအနေဖြင့်၎င်းတို့သည်ကောင်းကင်နိုင်ငံတော်သို့သွားရာလမ်းပေါ်သို့ရောက်နေကြပြီဟုထင်မှတ်ရလောက်အောင်လမ်းညွှန်ခြင်းခံနေရသူအများရှိသည်။ သို့သော်၎င်းတို့သည်ကောင်းကင်နိုင်ငံတော်သို့သွားရာလမ်းပေါ်သို့ရောက်မနေဘဲ ငရဲလမ်းစဉ်အတိုင်းလိုက်လျှောက်နေသူများဖြစ်ကြောင်း

နောက်ဆုံးသောအခါတွေ့သိကြပါလိမ့်မည်။ ဝိညာဉ်ရေးရာအဆိပ်ကို ပျားသကာတည်းဟူသောသန့်ရှင်းစင်ကြယ်ခြင်းဆိုင်ရာသွန်သင်ချက်ဖြင့် မွမ်းမံထားပြီးမှပရိသတ်အားတိုက်ကျွေးပါသည်။ ထောင်ပေါင်းများစွာသောပရိသတ်ကအားပါးတရသောက်သုံးကြပါသည်။ သူတို့အနေဖြင့်ရိုးသားစွာယုံကြည်ပါကလုံခြုံမှုရှိသည်ဟုခံစားရကြပါသည်။ သို့ သော်စိတ်ရင်းစေတနာကောင်းရုံဖြင့်အမှားသည်အမှန်အဖြစ်သို့ မရောက်နိုင်ပါ။ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်စားစရာဟုထင်မှတ်သဖြင့် အဆိပ်ကိုသောက်မိလျှင်သူ၏စိတ်ထားမှန်ကန်မှုကအဆိပ်၏ဩဇာ သက်ရောက်မှုမှအကာအကွယ်မပေးနိုင်ပါ။

ကျွန်ုပ်တို့အတွက်လမ်းညွှန်အဖြစ်အသုံးပြုဖို့မိမိ၏နှုတ်ထွက် တရားတော်ကိုဘုရားသခင်ကပေးထားပါသည်။ ထို့ကြောင့်ခရစ်တော်က "ကျမ်းစာအားဖြင့်ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့်သင်တို့ သည်ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏၊ ထိုကျမ်းစာပင်ငါ၏သက်သေ ဖြစ်၏" ဟု (ယောဟန် ၅း၃၉) သွန်သင်ချက်ပေးထားပါသည်။ ၎င်းအပြင် "ကိုယ်တော်၏သမ္မာတရားအားဖြင့်သူတို့ကိုသန့်ရှင်းစေ တော်မူပါ။ ကိုယ်တော်၏နှုတ်ထွက်စကားတော်သည်သမ္မာတရား ဖြစ်ပါ၏" ဟု (ယောဟန် ၁၇း၁၇) မိမိ၏တပည့်တော်များအတွက် သခင်ယေရှုဆုတောင်းတော်မူ၏။ "နာဇရက်မြို့သားယေရှု၏နာမတော် နှင့်ဆန့်ကျင်သောအမှုများကိုပြုကောင်းသည်ဟုအကျွန်ုပ်သည်စိတ်ထင် လျက်" ပြုမိသည်ဟုတမန်တော်ပေါလုက တမန်တော် ၂၆း၉ ဖြင့် သက်သေခံထားပါသည်။ သို့သော်ယင်းသို့စိတ်ထင်ခြင်းဖြင့်၎င်းလမ်းစဉ် မှန်မသွားပါ။ ခရစ်တော်ယေရှု၏ဧဝံဂေလိတရားတော်ကိုလက်ခံရရှိ သောအခါတွင်မှပေါလုလူသစ်ဖြစ်လာပါသည်။ ထိုအခါသူသည်

ပြောင်းလဲခြင်းသို့ရောက်၍သူ၏စိတ်နှလုံးအတွင်း၌စိုက်ပျိုးလျက်ရှိသော
သမ္မာတရားမျိုးစေ့သည်၎င်းအားယုံကြည်မှုအပြည့်အဝပေး
သောကြောင့်သူသည်ခရစ်တော်၏ရဲရင့်သတ္တိရှိသောတပည့်တော်
ဖြစ်လာပြီးမည်သည့်ဆန့်ကျင်မှုကမျှ၎င်းအားမရွေ့မလျားစေနိုင်ပါ၊
မည်သည့်ဆင်းရဲမှုအခက်အခဲကိုလည်းမကြောက်ရွံ့တော့ပါ။

ဘုရားသခင်၏ပညတ်တော်ကိုငြင်းပယ်ခြင်းနှင့်ပတ်သက်၍
မိမိတို့ကြိုက်နှစ်သက်ရာဆင်ခြေများကိုလူတို့ပေးကြပေလိမ့်မည်။ သို့
သော်တရားစီရင်ရာနေ့သို့ရောက်သောအခါမည်သည့်ဆင်ခြေဆင်လက်
ကိုမျှလက်ခံတော်မူမည်မဟုတ်ပါ။ ဘုရားသခင်ကိုအားပြိုင်လျက်
အပြစ်၌မိမိတို့၏အသက်ဝိညာဉ်ကိုအင်အားဖြည့်တင်းနေသောသူများ
သည်ကိုယ်တော်၏ပညတ်တော်များကိုကျူးလွန်သည့်အတွက်ပညတ်
တရားတော်ကိုပေးတော်မူသောသခင်နှင့်မကြာမီပင်ရင်ဆိုင်ရကြပါ
လိမ့်မည်။

ဘုရားသခင်၏အမျက်တော်နေ့ကြီးတည်းဟူသောအပြစ်အ
လျောက်ဆပ်ပေးရာနေ့ကြီးရောက်လာချိန်နီးပါပြီ။ ကိုယ်တော်၏နေ့
သို့ရောက်သောအခါအဘယ်သူရပ်တည်နိုင်ပါမည်နည်း။ လူတို့သည်
ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကိုဆန့်ကျင်လျက်မိမိတို့၏
စိတ်နှလုံးများကိုခိုင်မာစေသောကြောင့်နောင်တတရားဆိုင်ရာမြား
လက်နက်ကမထိုးမဖေါက်နိုင်သည့်နေရာတွင်ကိုယ်တော်၏အမျက်တော်
မြားကထိုးဖေါက်ပါလိမ့်မည်။ အပြစ်သားနှင့်ရင်ဆိုင်ဖို့ဘုရားသခင်က
အချိန်ကြာမြင့်စွာဆိုင်းတော့မည်မဟုတ်ပါ။ ထိုနေ့ရက်သို့ရောက်လာ
သောအခါအပြစ်လူသားအားသိုးထိန်းအတုကအကာအကွယ်ပေးပါ
မည်လား။ နားမထောင်သည့်လမ်းစဉ်၌အခြားပရိသတ်အများနှင့်အတူ

လိုက်လျှောက်ခဲ့သောပုဂ္ဂိုလ်အနေဖြင့်ဆင်ခြေပေး၍လွှတ်မြောက်နိုင်ပါမည်လား။ လူကြိုက်များသည့်လမ်းစဉ် (သို့မဟုတ်) လိုက်လျှောက်သူအရေအတွက်များသည့်လမ်းစဉ်ဖြစ်၍ပြစ်ဒဏ်လျော့နည်းစရာအကြောင်းရှိပါ၏လား။ ဤသည်တို့ကားအလေးဂရုမပြုသောသူတို့နှင့်အမှတ်တမဲ့နေထိုင်စားသောက်သောသူများအတွက်စဉ်းစားစရာမေးခွန်းများဖြစ်ပါသည်။ သုံးသပ်ဆင်ခြင်လျက်ဆုံးဖြတ်ချက်ရယူထားစရာမေးခွန်းများလည်းဖြစ်ပါသည်။

---× × ×---

# ခရစ်တော်သည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း

(၁၈၈၃ ခုနှစ် ကတင်ဆက်ခြင်းတစ်ရပ်)

ဘက်တဲလ်ခရစ် မစ်ချီဂန်၌ ၁၈၈၃ ခုနှစ်၊ နိုဝင်ဘာလတွင်ကျင်း သည့်ဂျင်နရယ်ကွန်ဖရင့်အစည်းအဝေး၏ နံနက်ယံဝတ်ပြုချိန်အတွက် သတင်းစကား။ ၁၈၉၂ ခုနှစ်နိုပ်ဗေံဂေလိအမှုဆောင်လက်စွဲစာအုပ် စာမျက်နှာ ၄၁၁–၄၁၅ နှင့်ရွေးချယ်ထားသည့်သတင်းစကားများစာအုပ် အမှတ် ၁ စာမျက်နှာ ၃၅၀–၃၅၄။

" ကိုယ်အပြစ်ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ် များကိုလွှတ်၍အပြစ်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါဘုရားသခင် သည်သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့် လည်းကောင်းပြည့်စုံတော်မူ၏။" (၁ယောဟန် ၁း၉)။

ကျွန်ုပ်တို့သည်မိမိတို့၏အပြစ်များကိုဖော်ပြဝန်ချလျက် ဘုရားသခင်၏ရှေ့တော်၌စိတ်နှလုံးနှိမ့်ချဖို့ကိုယ်တော်အလိုရှိတော်မူ၏။ သို့သော်ကိုယ်တော်အားမိမိတို့၏ယုယကြင်နာတတ်သော ဖခင်ပမာစိတ်ချယုံကြည်သောသူတို့အားစွန့်ပစ်တော်မူမည်မဟုတ် သောကြောင့်ကိုယ်တော်ကိုကျွန်ုပ်တို့ယုံကြည်ကိုးစားသင့်ပါသည်။ ကျွန်ုပ်တို့တွင်အများသောသူတို့သည်မျက်မြင်အတိုင်းလျှောက်လှမ်း ၍ယုံကြည်ခြင်းအားဖြင့်မလျှောက်မလှမ်းကြပါ။ ကျွန်ုပ်တို့သည် ကိုယ်တိုင်တွေ့မြင်နေရသောအရာများကိုသာယုံကြည်နေကြပါသည်။ သို့သော်ဘုရားသခင်၏နှုတ်ထွက်စကား၌ဖော်ပြပါရှိသောကတိတော် များကိုမူ ကားတန်ဖိုးမထားကြပါ။ ၎င်းအပြင်ဘုရားသခင်မိန့်တော်မူ

သည်ကိုကျွန်ုပ်တို့မယုံကြည်ခြင်း၊ ဘုရားသခင်သည်ကျွန်ုပ်တို့အပေါ်၌ စိတ်ဝင်စားမှုရှိပါ၏လားဟုသံသယဖြစ်ခြင်း၊ ကိုယ်တော်သည်ကျွန်ုပ်တို့အားလှည့်ဖြားနေပါသလားဟုတွေးတောခြင်းတို့ဖြင့်ဘုရားသခင်အားကျွန်ုပ်တို့မရိုမသေပြုသည်ထက်ပို၍မရိုမသေပြုစရာအကြောင်းမရှိနိုင်တော့ပါ။

ကျွန်ုပ်တို့၏အပြစ်မကောင်းမှုများကြောင့်ဘုရားသခင်က ကျွန်ုပ်တို့အားစွန့်ပစ်တော်မမူပါ။ ကျွန်ုပ်တို့သည်အမှားကိုပြုလျက် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကိုစိတ်ဆင်းရဲစေမည်ဖြစ်သော်လည်းနောင်တရသောအခါကြေကွဲဝမ်းနည်းသောစိတ်နှလုံးဖြင့် ဘုရားသခင်၏ထံတော်သို့ပြန်လာကြပါကကျွန်ုပ်တို့အားမျက်နှာလွှဲတော်မူမည်မဟုတ်ပါ။ ဖယ်ရှားပစ်ဖို့လိုသောအနှောင့်အယှက်အတားအဆီးများရှိပါသည်။ မှားသောအယူအဆတွေ့ထိမှုများကိုမြတ်နိုး၍ မာန်မာနထားနေကြပါသည်။ ကိုယ်တိုင်ဖူလုံသည်ဟုသဘောထား၍ သည်းခံခြင်းတရားမရှိဘဲသည်းညူ နေကြပါသည်။ ဤအရာအားလုံးက ကျွန်ုပ်တို့အားဘုရားသခင်နှင့်ဝေးကွာစေပါသည်။း အပြစ်ရှိသမျှကိုဖေါ်ပြဝန်ချတောင်းပန်ရမည်၊ စိတ်ကိုယ်တိုင်အာနည်းသည်ဟုခံစားရသဖြင့် လေးနက်မည်။ မိမိကိုယ်တိုင်အားနည်းသည်ဟုခံစားရသဖြင့် စိတ်အားငယ် နေသောသူများသည်ဘုရားသခင်၏ခွန်အားကြီးသောလူများအဖြစ်သို့ရောက်၍ဘုရားသခင်အတွက်ဂုဏ်ရှိသောလုပ်ငန်းများကိုဆောင်ရွက်နိုင်ကြပါလိမ့်မည်။ သို့သော်ငင်းတို့အနေနှင့်မြင့်မြတ်သောအမြင်ဖြင့်အမှုတော်ဆောင်ရပါမည်၊ ကိုယ်ကျိုးမဖက်ရပါ။

ခရစ်တော်၏ကျေးဇူးတော်ကောင်းမှုသာ
ကျွန်ုပ်တို့အဖို့မြော်လင့်ရာ

သခင်ခရစ်တော်၏ကျောင်းတော်၌ ကျွန်ုပ်တို့ပညာဆည်းပူးရပါမည်။ ကျေးဇူးတော်ဆိုင်ရာပဋိညာဉ်နှင့်ဆိုင်သည့်ကောင်းချီး

တစ်ခုခုနှင့်ကျွန်ုပ်တို့ထိုက်တန်ဖို့ခရစ်တော်၏ဖြောင့်မတ်ခြင်းမှအပ အခြားမရှိပါ။ ဤကောင်းချီးများကိုကျွန်ုပ်တို့အလိုရှိသောကြောင့် ရဖို့ကြိုးစားခဲ့သည်မှာအချိန်ကာလကြာညောင်းပြီဖြစ်သော်လည်းမရ ကြသည်မှာငင်းတို့ကိုရရှိခံစားထိုက်ဖို့ကျွန်ုပ်တို့ကိုယ်တိုင်အားထုတ် နိုင်ကြသည်ဟူသောအယူအဆကိုမြတ်နိုးနေကြသောကြောင့်ဖြစ်ပါ သည်။ သခင်ယေရှုသည်အသက်ရှင်တော်မူသောကယ်တင်ပိုင်သူဖြစ် သည်ဟုယုံကြည်လျက်ကိုယ်တော်ကိုမကြည့်ဘဲကိုယ်ကိုကိုယ်ကြည့်နေ ကြပါသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ကျင့်ကောင်းခလေ့ကျေးဇူးတရားများ ကကျွန်ုပ်တို့အားကယ်တင်လိမ့်မည်ဟုမထင်မမှတ်သင့်ပါ။ ကျွန်ုပ်တို့ ကယ်တင်ခြင်းရဖို့ခရစ်တော်၏ကျေးဇူးတော်တစ်ခုတည်းသာလျှင် မြောင်လင့်ချက်ရှိပါသည်။ "ဆိုးသောသူသည်မိမိလမ်းခရီးကိုလည်း ကောင်း၊ မတရားသောသူသည်မိမိအကြံတို့ကိုလည်းကောင်းစွန့်ပစ် ၍ဘုရားသခင်ထံတော်သို့ပြောင်းလဲပါစေ၊ သို့ပြုလျှင်သနားတော်မူ လိမ့်မည်၊ ငါတို့ဘုရားသခင့်ထံတော်သို့ပြောင်းလဲပါစေ၊ သို့ပြုလျှင် အထူးသဖြင့်အပြစ်ကိုလွှတ်တော်မူ၏။ ကတိတော်ကိုပကတိအတိုင်း အရာဘုရားသခင်ကတိထားတော်မူ၏။ ကတိတော်ကိုပကတိအတိုင်း ကျွန်ုပ်တို့ယုံကြည်ရပါမည်။ ယုံကြည်ခြင်းအစားခံစားမှုကိုလက်မခံရ ပါ။ ကျွန်ုပ်တို့သည်ဘုရားသခင်အားအကြွင်းမဲ့ယုံကြည်ကိုးစားပါက၊ သခင်ယေရှုသည်အပြစ်ဖြေလွှတ်တော်မူသောကယ်တင်ပိုင်သူဖြစ်သည် ဟုယုံကြည်လျက်ကိုယ်တော်၏ကျေးဇူးတော်ကောင်းမှုများကိုအားထား ပါကကျွန်ုပ်တို့အလိုရှိသမျှသောထောက်ပံ့မှုကိုရရှိကြပါလိမ့်မည်။

ကျွန်ုပ်တို့သည်မိမိကိုယ်ကို မိမိကယ်တင်နိုင်စွမ်းရှိဘိသကဲ့သို့ ကိုယ်ကိုယ်အားကိုးနေကြပါသည်။ သို့သော်ကျွန်ုပ်တို့သည်ကိုယ်ကိုကိုယ်

မကယ်တင်နိုင်သောကြောင့်ကျွန်ုပ်တို့အဖို့သခင်ယေရှုအသေခံတော်မူ၏။ ကိုယ်တော်၌သာကျွန်ုပ်တို့အတွက်မြောင်လင့်ခြင်းနှင့်ဖြောင့်မတ်ခြင်းရှိပါသည်။ ကျွန်ုပ်တို့၌ကယ်တင်ပိုင်သူမရှိသကဲ့သို့အားလျော့ညှိုးငယ်စရာအကြောင်းမရှိပါ၊ ကြောက်စရာမလိုပါ၊ ကျွန်ုပ်တို့အပေါ်၌ကရုဏာစိတ်သဘောမရှိဟုလည်းစိုးရိမ်ကြောင့်ကြမနေသင့်ပါ၊ ယခုအချိန်၌ပင်ကိုယ်တော်သည်ကျွန်ုပ်တို့အဖို့အကျိုးဆောင်လျက်ရှိတော်မူ၏။ ကျွန်ုပ်တို့သည်ခိုးကိုးရာမဲ့သည့်အခြေအနေ၌ပင်ကိုယ်တော်ထံသို့လာ၍ကယ်တင်ခြင်းကိုလက်ခံဖို့ဖိတ်ခေါ်လျက်ရှိတော်မူ၏။ ကျွန်ုပ်တို့၏မယုံကြည်သောစိတ်ဖြင့်ကိုယ်တော်၏ဂုဏ်တော်ကိုထိခိုက်စေပါသည်။ ကျွန်ုပ်တို့၏အကောင်းဆုံးသောမိတ်ဆွေအပေါ်၌ကျွန်ုပ်တို့ပြုမူပုံမှာအံ့အားသင့်စရာပါတကား။ ကျွန်ုပ်တို့အားအစဉ်ကယ်တင်နိုင်တော်မူသောသခင်၊ ကျွန်ုပ်တို့အတွက်မိမိ၏မဟာမေတ္တာတော်ကိုသာဓကထင်ရှားစွာပြတော်မူသောသခင်အပေါ်၌ကျွန်ုပ်တို့၏ယုံကြည်ကိုးစားမှုနည်းလှပါသည်တကား။

မိတ်ဆွေတို့၊ ဘုရားသခင်၏ထံတော်မှသင်တို့သည်မျက်နှာသာရဖို့သင်တို့၏ကျင့်ကောင်းဓလေ့များကထောက်ခံလိမ့်မည်ဟုသဘောထားနေကြပါသေးသလား။ ကိုယ်တော်၏ကယ်တင်နိုင်သောတန်ခိုးကိုအားကိုးအားထားပြုနိုင်ဖို့ဦးစွာပထမသင်တို့ကိုယ်တိုင်အပြစ်နှင့်ကင်းစင်ရမည်ဟုထင်မှတ်ပါသေးသလား။ သင်တို့၏စိတ်နှလုံးများအတွင်း၌ယင်းရုန်းကန်မှုကြီးရှိနေပါကသင်တို့အနေဖြင့်ခွန်အားရလိမ့်မည်ဟုမထင်ပါ။ နောက်ဆုံးတွင်လည်းစိတ်ပျက်ခြင်းနှင့်သာရင်ဆိုင်ရပါလိမ့်မည်။

## မျှော်ကြည့်၍အသက်ရှင်ပါ

တောကြီးကန္တာရအတွင်း၌ဆန့်ကျင်ပုန်ကန်တတ်သော ဣသရေလပရိသတ်အားအဆိပ်မြွေများ၏ကိုက်ခြင်းကိုဘုရားသခင် ခွင့်ပြုထားချိန်ကကြေးဝါမြွေရုပ်ပြုလုပ်လျက်သစ်တိုင်တွင်ထောင် ထားပြီးမှမြွေကိုက်ခံရသောသူတို့သည်၎င်းမြွေရုပ်ကိုမျှော်ကြည့်ခြင်းဖြင့် အသက်ရှင်ကြဖို့စီစဉ်ရန်မောရှေအားညွှန်ကြားတော်မူ၏။ သို့သော် ကောင်းကင်ကသတ်မှတ်ပေးသည့်ထိုအနာပျောက်ဆေးမှရရှိမည့် မစမှုကိုလူအများမမြင်နိုင်ပါ။ သေဆုံးသူများနှင့်သေလုဆဲမြွေကိုက် ခံရသူများကသူတို့အားဝန်းရံလျက်ရှိနေပါသည်။ ဘုရားသခင်ထံမှ အကူအညီမရပါကသူတို့သည်ပျက်စီးရကြတော့မည်ဟုသိနေကြ ပါသည်။ သို့သော်သူတို့၏ဒဏ်ရာဒဏ်ချက်များ၊ နာကျင်မှုများ၊ အမှန် သေဆုံးရတော့မည့်သူတို့၏အရေးစသည်များကိုသူတို့၏ခွန်အား ကုန်ခန်းသည်တိုင်အောင်ပူဆွေးခြင်း၊ ဝမ်းနည်းခြင်းမပြုကြပါ။ သေလု မြောပါးသောလူကဲ့သို့သူတို့၏မျက်စိများကြောင်နေပါသည်။ မျှော်ကြည့် လျှင်ချက်ချင်းအသက်ရှင်နိုင်မည်ဖြစ်ပါလျက်ယင်းသို့ငိုင်နေကြပါသည်။

"မောရှေသည်တော၌မြွေကိုမြောက်ထားသကဲ့သို့လူသား သည်မြှောက်ထားခြင်းကိုခံရမည်။ အကြောင်းမူကားထိုသားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ ထာဝရ အသက်ကိုရမည်အကြောင်းတည်း။" ယောဟန် ၃း၁၄၊၁၅။ သင်၌အပြစ် ရှိသည်ဟုသင်၏စိတ်၌ခံစားရလျှင်ဝမ်းနည်းပူဆွေးခြင်းဖြင့်သင်၏ အင်အားများကိုမကုန်မခန်းစေပါနှင့်၊ မျှော်ကြည့်၍အသက်ရှင်ပါ။ သခင်ယေရှုသည်ကျွန်ုပ်တို့၏တစ်ပါးတည်းသောကယ်တင်ပိုင်သူ ဖြစ်၏။ သန်းပေါင်းများစွာသောလူတို့သည်အနာပျောက်ဖို့လိုအပ်နေ

ပါလျက်နှင့်ကိုယ်တော်ကမ်းလှမ်းထားတော်မူသည့်ကျေးဇူးတော်ကို ငြင်းပယ်ကြပါသည်။ ကိုယ်တော်၏ကျေးဇူးတော်ကောင်းမှုကိုကိုးစား ပါကမည်သူတစ်ဦးတစ်ယောက်မျှမပျက်စီးစေရပါ။ ခရစ်တော်မပါ လျှင်ကျွန်ုပ်တို့၌မြော်လင့်ချက်မရှိသည်ကိုသဘောပေါက်လျက်ပင် ကျွန်ုပ်တို့စိတ်မပျက်သင့်ပါ။ လက်ဝါးကပ်တိုင်ပေါ်၌အသေသတ် ခြင်းကိုခံပြီးမှထမြောက်တော်မူသည့်ကယ်တင်ရှင်အားကျွန်ုပ်တို့သည် ယုံကြည်အားကိုးဖို့လိုပါသည်။ အပြစ်ကြောင့်ဆင်းရဲပင်ပန်းလျက် နာမကျန်းဖြစ်နေသည့်စိတ်အားငယ်နေသော–အိုအသက်ဝိညာဉ်၊ မျှော်ကြည့်၍အသက်ရှင်ပါလော့။ ကိုယ်တော်ထံသို့ချဉ်းကပ်သော သူတိုင်းအားကယ်တင်တော်မူမည်ဟုသခင်ယေရှုကိုယ်တော်တိုင်နှုတ် မြွက်လျက်ကတိပြုတော်မူ၏။

သခင်ယေရှု၏ထံတော်သို့ချဉ်းကပ်လျက်ငြိမ်သက်စွာအနား ယူပါ။ ထိုကောင်းချီးကိုယခုပင်သင်ခံစားနိုင်ပါသည်။ သင်သည် ခိုလှုံရာမဲ့နေသောသူဖြစ်၍ကိုယ်ကိုကိုယ်ကောင်းကျိုးမပေးနိုင်ကြောင်း စာတန်ကဆိုနေပါသည်။ မှန်ပေ၏၊ သင်၌ခိုလှုံရာမရှိပါ။ သို့သော် ရှေ့မှောက်၌ခရစ်တော်အားရှေ့တန်းတင်လျက်– “ငါ၏ဘက်၌ ထမြောက်တော်မူသောကယ်တင်ပိုင်သူရှိ၏၊ ကိုယ်တော်အားငါ ယုံကြည်ကိုးစားသောကြောင့်ကိုယ်တော်ကငါ့အားမည်သည့်အခါမျှ ရှုပ်ထွေး စေမည်၊ ဇဝေဇဝါဖြစ်စေလိမ့်မည်မဟုတ်ပါ၊ ငါသည်ကိုယ်တော် ၏နာမတော်အားဖြင့်အောင်မြင်၏၊ ကိုယ်တော်သည်ငါ၏ဖြောင့်မတ် ခြင်းနှင့်ငါ၏ဝမ်းမြောက်ခြင်းသရဖူဖြစ်တော်မူ၏” ဟုစာတန်အားပြော လိုက်ပါ။ ဤနေရာသို့ရောက်ရှိနေသောပရိသတ်တွင်မြော်လင့်ချက် မရှိတော့ဟုယူဆနေသောပုဂ္ဂိုလ်မရှိပါစေနှင့်၊ မည်သူမျှယင်းအခြေအနေ

တွင်မရှိပါ။ သင်သည်အပြစ်နှင့်ပြည့်ဝ၍ဆိုးရွားနေသောသူဖြစ်သည်ဟု ကိုယ်ကိုကိုယ်မြင်ကောင်းမြင်ပေမည်။ သို့သော်ယင်းသို့မြင်ရခြင်းက ပင်လျှင်သင့်အနေဖြင့်ကယ်တင်ပိုင်သူကိုလိုအပ်နေကြောင်းညွှန်ပြနေခြင်း ဖြစ်ပါသည်။ ဝန်ချတောင်းပန်စရာအပြစ်ကျူးလွန်မိခြင်းများရှိနေပါ ကအချိန်မရွေ့ပါနှင့်။ ဤအချိန်သည်ရွှေတန်သောအချိန်ဖြစ်ပါ၏။ "ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင်ငါတို့အပြစ်များကိုလွှတ်၍ အပြစ်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည်သစ္စာတရား နှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်းပြည့်စုံတော် မူ၏။" ၁ယောဟန် ၁း၉။ ဖြောင့်မတ်ခြင်းပါရမီကိုဆာငတ်ခင်မွတ်သော သူများသည်ဝပြောခြင်းသို့ရောက်ရမည်ဟုသခင်ယေရှုကတိထားတော် မူ၏။ မြတ်တော်မူသောကယ်တင်ပိုင်သူပါတကား။ ကျွန်ုပ်တို့အား လက်ခံဖို့မိမိ၏လက်တော်ကိုကမ်းလှမ်းထားတော်မူပါသည်။ ကိုယ်တော်၏ကြီးမားသောမေတ္တာနှလုံးတော်သည်လည်းကျွန်ုပ်တို့အား ကောင်းချီးပေးဖို့စောင့်နေတော်မူ၏။

မိမိတို့အနေဖြင့်အစမ်းခံရသည့်အချိန်၌ပင်ရှိနေသေးသည်။ သို့ဖြစ်၍ပြောင်းလဲပြီဖြစ်ကြောင်းသာဓကပြနိုင်မှကိုယ်တော်၏ ကောင်းချီးကိုရရှိမည်ဟုခံစားနေရပုံပေါ်သောသူများရှိနေပါသည်။ သို့သော်၎င်းတို့အနေဖြင့်ယခုပင်ကိုယ်တော်ထံမှကောင်းချီးကို တောင်းလျှောက်နိုင်ပါသည်။ မိမိတို့၏ချို့တဲ့မှုများပျောက်စေဖို့ ကိုယ်တော်၏ကျေးဇူးတော်၊ ခရစ်တော်၏ဝိညာဉ်တော်ကိုလိုပါသည်။ သို့တည်းမဟုတ်ပါကခရစ်ယာန်အကင်္ျကိုမတည်ဆောက်နိုင်ပါ။ ကျွန်ုပ် တို့သည်အပြစ်နှင့်ပြည့်ဝလျက်ပင်၊ ခိုလှုံရာမဲ့လျက်ပင်၊ အားကိုးတကြီး အမှီပြုလျက်ပင် မိမိအရှိအတိုင်းသခင်ယေရှု၏ထံတော်သို့လာရောက် ကြဖို့အမှန်ပင်ကိုယ်တော်သည်လိုလားတော်မူ၏။

နောင်တရခြင်းသည်ဘုရားသခင်၏ဆုကျေးဇူး

နောင်တရခြင်းနှင့်တကွ အပြစ်ဖြေလွှတ်ခြင်းတို့သည်ခရစ်တော်မှတစ်ဆင့်ဘုရားသခင်ပေးသနားတော်မူသောဆုကျေးဇူးဖြစ်ပါသည်။ ကျွန်ုပ်တို့သည်ပြစ်ဒဏ်သင့်နေကြောင်း၊ အပြစ်ဖြေလွှတ်ခွင့်ရဖို့လိုကြောင်းသန့်ရှင်းသောဝိညာဉ်တော်ပြုပြင်ခြင်းအားဖြင့်သာအသိတရားရပါသည်။ ကြေကွဲဝမ်းနည်းသူမှအပမည်သူမျှအပြစ်ဖြေလွှတ်ခြင်းမခံရပါ။ သို့သော်နောင်တတရားရဖို့ဘုရားသခင်၏ကျေးဇူးတော်ကဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ချို့တဲ့မှုများနှင့်စုံလင်မှုမရှိသည်များကိုကိုယ်တော်သိတော်မူ၏။ ထို့ကြောင့်ပင်ကိုယ်တော်သည်ကျွန်ုပ်တို့အားကူမတော်မူပါလိမ့်မည်။

နောင်တသံဝေဂရ၍အပြစ်ကိုဖော်ပြဝန်ချပြီးရုံမျှမကသူတို့၏အပြစ်များကိုဖြေလွှတ်ပြီးဖြစ်သည်ဟုခံစားရသဖြင့်ဘုရားသခင်၏ထံတော်၌ဆည်းကပ်နေကြသော်လည်းဘုရားသခင်၏ကတိတော်များကိုတောင်းလျှောက်သင့်သလောက်မတောင်းမလျှောက်သောသူအချို့ရှိပါသည်။ သခင်ယေရှုသည်အမြဲအစဉ်ရှိနေတော်မူသောကယ်တင်ပိုင်သူဖြစ်ကြောင်းသူတို့မသိမမြင်ကြပါ။ သူတို့၏စိတ်နှလုံးအတွင်း၌အစပြု၍အသစ်ပြုပြင်နေသည့်ကျေးဇူးတော်လုပ်ငန်းစုံလင်စွာပြီးဆုံးစေရန်မိမိတို့၏အသက်ဝိညာဉ်များကိုကိုယ်တော်ထံအားကိုးအားထားပြုလျက်ဆက်ကပ်အပ်နှံထားဖို့သူတို့အသင့်မရှိကြသေးပါ။ မိမိတို့အနေဖြင့်ဘုရားသခင်အားကိုယ်ကိုကိုယ်ဆက်ကပ်လျက်ရှိကြသည်ဟုယူဆထားကြသော်လည်းမိမိကိုယ်ကိုသာအားကိုးမှုများနေကြပါသေးသည်။ ရိုးသားသောစိတ်ထားဖြင့်မိမိကိုယ်ကိုတစ်ဝက်၊ ဘုရားသခင်အားတစ်ဝက်

အားကိုးနေသူများရှိပါသည်။ မိမိတို့အားဘုရားသခင်၏တန်ခိုးတော်ဖြင့် စောင့်ရှောက်ထားတော်မူဖို့သူတို့မကြည့်ကြပါ၊ ကိုယ်တော်သည် ၎င်းတို့အားလက်ခံနိုင်ဖို့စုံစမ်းနှောင့်ယှက်ခြင်းကိုကိုယ်တိုင်သတိပြု ကာကွယ်ရမည်၊ အချို့တာဝန်များကိုကိုယ်တိုင်ထမ်းဆောင်ရမည်ဟုသူ တို့သဘောထားယူဆကြပါသည်။ ဤကဲ့သို့သောယုံကြည်ခြင်းမျိုး၌ အောင်မြင်မှုမရှိပါ။ ထိုပုဂ္ဂိုလ်များတို့အနေဖြင့်အလဟဿအားထုတ် နေခြင်းသာဖြစ်ပါသည်။ သူတို့၏အသက်ဝိညာဉ်များသည်အစဉ်တစိုက် ချုပ်ချယ်ခြင်းခံနေရကြသောကြောင့်သူတို့၏ဝန်ထုပ်များကိုသခင်ယေရှု ၏ခြေတော်ရင်းသို့ပို့မထားမီတိုင်အောင်သူတို့သည်ငြိမ်ဝပ်စွာနေရကြမည် မဟုတ်ပါ။

အစဉ်တစိုက်ဂရုပြုစောင့်မျှော်ဖို့မေတ္တာတရားရှေ့ထားလျက် ထက်သန်သောစိတ်ဖြင့်ဆက်ကပ်ထားဖို့လိုပါသည်။ သို့သော်အသက် ဝိညာဉ်ကိုယုံကြည်ခြင်းအားဖြင့်ဘုရားသခင်၏တန်ခိုးတော်၌ဆက်လက် ထားပါကဤအရာအားလုံးကိုအလိုအလျောက်ရပါလိမ့်မည်။ ဘုရားသခင်၏ရှေ့တော်၌မျက်နှာသာရဖို့ကျွန်ုပ်တို့သည်မည်သို့မျှ မထိန်းသိမ်းမစောင့်ရှောက်နိုင်ပါ၊ မည်သို့မျှမတတ်နိုင်ပါ၊ လုံးဝမတတ် နိုင်ပါ။ ကျွန်ုပ်တို့သည်မိမိကိုယ်ကိုဖြစ်စေ၊ မိမိတို့၏ကောင်းမှုများကို ဖြစ်စေလုံးဝအားကိုအားထားမပြုရပါ။ သို့သော်ကျွန်ုပ်တို့သည်မစုံမလင် မှားယွင်းချို့တဲ့သည့်အခြေအနေ၌ပင်ခရစ်တော်၏ထံတော်သို့ချဉ်းကပ် ကြပါကခရစ်တော်၏မေတ္တာတော်၌နားစရာကိုတွေ့နိုင်ပါသည်။ လက်ဝါးကပ်တိုင်ပေါ်၌အသေခံတော်မူသည့်ကယ်တင်ပိုင်သူ၏ကျေးဇူး တော်ကောင်းမှုကိုအကြွင်းမဲ့ယုံကြည်ကိုးစားလျက်ချဉ်းကပ်သောသူ တိုင်းအားဘုရားသခင်ကလက်ခံတော်မူပါလိမ့်မည်။ စိတ်နှလုံးအတွင်းမှ

ချစ်ခြင်းမေတ္တာနိုးထပါသည်။ ဝမ်းမြောက်ခြင်းနှင့်ဆိုင်သည့်ခံစားမှုကို မရနိုင်သော်လည်းငြိမ်သက်ခြင်းနှင့်ဆိုင်သည့်ကိုးစားမှုတည်မြဲနိုင်ပါသည်။ ခရစ်တော်တင်သောထမ်းပိုးသည်ထမ်းလွယ်သောကြောင့်ဝန်ထုတ်တိုင်းပေါ့ပါသည်။ တာဝန်သည်နှစ်သက်ဖွယ်ဖြစ်၍အနစ်နာခံမှုသည်လည်းသာယာဖွယ်ဖြစ်လေ၏။ ယခင်ကမှောင်မိုက်ဖုံးလွှမ်းပုံပေါ်သောလမ်းသည်ယခုအခါတရားတော်နေမင်း၏ရောင်ခြည်တော်ဖြင့်ထွန်းတောက်လေ၏။ ဤသည်ကားခရစ်တော်သည်အလင်းတရား၌တည်နေတော်မူသည်နည်းတူအလင်းတရားအတိုင်းလိုက်လျှောက်နေခြင်းဖြစ်ပါသည်။

---× × ×---

# အယ်လင်ဂျီဝှိုက်၏ရှင်းလင်းစွာခွဲခြားဖော်ပြချက်

"ဖြောင့်မတ်ခြင်းတရားစံချိန်မှန်" ခေါင်းစဉ်ဖြင့် ၁၈၈၅ ခု၊ ဇူလိုင်လ ၃၁ ရက်နေ့ ပိုးစတား၊ မစက်ချူးစက် ၌ဟောသောတရားမှ ကောက်နုတ်ချက်။ ၁၈၈၅ ခု၊ ဩဂုတ်လ ၂၅ ရက်၊ ပြန်လည် သုံးသပ်ခြင်းနှင့်သံတော်ဆင့်မဂ္ဂဇင်း ဆောင်ပါး။

ခရစ်ယာန်အခေါ်ခံသူများအနေဖြင့်ကောင်းချီးခံစား ရဖို့သတ်မှတ်ထားသည့်အခြေခံစည်းကမ်းများကိုလိုက်နာကြပါ၏ လားဟုမေးစရာအကြောင်းရှိပါသည်။ စိတ်ဓါတ်အားဖြင့်ဖြစ်စေ၊ လက်တွေ့သဘောအားဖြင့်ဖြစ်စေလောကနှင့်ခွဲခွါနေကြပါ၏လား။ လောကီအလေ့အထများနှင့်ထုံးစံများမှရှောင်ဖယ်၍နေထိုင်ကြဖို့မည် မျှလောက်ခက်ပါသနည်း။ သို့သော်ပုံသဏ္ဍာန်မှားများဖြင့်စာတန်က ကျွန်ုပ်တို့အားမြူဆွယ်လှည့်ဖြားနေသည်ကိုသတိပြုကြည့်ရှုဖို့လို ပါသည်။ ထာဝရစိတ်ဝင်စားစရာများပါဝင်ပတ်သက်နေပါသည်။ ဘုရားသခင်ဆင့်ဆိုထားတော်မူသည်များကိုပထမဦးစားပေးသင့်ပါသည်။ ကိုယ်တော်အလိုရှိတော်မူသည့်အချက်အလက်များကိုဦးစွာအာရုံစိုက် သင့်ပါသည်။

ကျဆုံးခဲ့သောအာဒံ၏သားတိုင်း၊ သမီးတိုင်းသည်ခရစ်တော် ၏ပုံသဏ္ဍာန်ပြောင်းလဲပေးနိုင်သောကျေးဇူးတော်အားဖြင့်ဘုရားသခင် အလိုတော်ရှိသမျှကိုစုံလင်စွာနားထောင်နာယူသောသူများဖြစ်လာရ ကြပါမည်။ ကိုယ်တော်၏နှုတ်ထွက်စကားတော်မှအရှင်းလင်းဆုံးသော သင်ပြချက်များကိုမသိလိုကြသည်မှာလက်ဝါးကပ်တိုင်ကြားဝင်နေ သောကြောင့်ဖြစ်ပါသည်။ ထိုကြားခံနေသောလက်ဝါးကပ်တိုင်ကိုအ ထက်သို့မြှင့်လိုက်ပါကသူတို့ကိုတစ်လောကလုံးကတသီးတခြားမြင် ကြပါလိမ့်မည်။ ထိုအခါသူတို့ချီတုံချတုံဖြစ်ကာတွန့်ဆုတ်၍သို့လော

သို့လောတွေးတောပြီးလက်ဝါးကပ်တိုင်ကိုရှောင်ကွင်းဖို့အကြောင်းရှာကြပါသည်။ နှုတ်တော်ထွက်တရားတော်ကိုနဂိုအရှိအတိုင်းလက်ခံခြင်းမှာအကောင်းဆုံးနည်းလမ်းမဟုတ်ကြောင်း၊ ဟုတ်မှန်သောအကြောင်းပြချက်များတင်ဆက်ဖို့စာတန်အနေဖြင့်အစဉ်အသင့်ရှိနေပါသည်။ လက်တွေ့လည်းကျင့်သုံးပါသည်။ ဤနည်းအားဖြင့်အသက်ဝိညာဉ်များသည်သေစေတတ်သောလှည့်ဖြားမှုများနှင့်ရင်ဆိုင်ရကြပါသည်။

အောင်မြင်သောလှည့်ဖြားမှု

စာတန်၏အအောင်မြင်ဆုံးသောလှည့်ဖြားမှုတစ်ရပ်မှာလူသည်ဘုရားသခင်၏ပညတ်တရားကိုမစောင့်ထိန်းသော်လည်းသန့်ရှင်းသည့်အခြေ၌ရှိပါသည်ဟုအဆိုပြုနိုင်ကြစေရန်လမ်းညွှန်မှုပေးနေခြင်းဖြစ်ပါသည်။ ထိုသို့သောသူများအားသခင်ယေရှုက "သခင်၊ သခင်၊ အကျွန်ုပ်တို့သည်ကိုယ်တော်အခွင့်နှင့်ဆုံးမသွန်သင်ပေးသည်မဟုတ်လော၊ ကိုယ်တော်အခွင့်နှင့်နတ်ဆိုးတို့ကိုနှင်ထုတ်ပါပြီမဟုတ်လော၊ ကိုယ်တော်အခွင့်နှင့်များစွာသောတန်ခိုးတို့ကိုပြပါပြီမဟုတ်လော" ဟုလျှောက်ကြမည့်သူများနှင့်အတူတူပင်ဖြစ်ကြောင်းဖော်ပြတော်မူ၏။

မှန်ပါသည်၊ မိမိတို့သန့်ရှင်းပါသည်ဟုအဆိုပြုသူများအနေဖြင့်သခင်ယေရှု၏အသွေးတော်အားဖြင့်သာကယ်တင်ခြင်းရသည့်အကြောင်းနှင့်ပတ်သက်၍အကျယ်တဝင့်ဆွေးနွေးကြပါသည်။ သို့သော်ငင်းတို့၏သန့်ရှင်းခြင်းမှာသခင်ယေရှု၌ရှိသည့်သမ္မာတရားအားဖြင့်သန့်ရှင်းခြင်းမဟုတ်ပါ။ ကိုယ်တော်အားယုံကြည်ပါသည်ဟုအဆိုပြုလျက်ပင်၊ ကိုယ်တော်၏နာမတော်အားဖြင့်အံ့သြဖွယ်သောအမှုတို့ကိုအထင်အရှားပြုလျက်ပင်ခမည်းတော်၏ပညတ်တော်များကိုငင်းတို့လျစ်လျူရှုကြပါသည်။ ထိုမျှမကအသက်ဝိညာဉ်အပေါင်းကိုရန်ဘက်ပြုနေသည့်

ပုဂ္ဂိုလ်ကြီး၏ကိုယ်စားလှယ်များအဖြစ်တာဝန်ယူလျက်ထိုပုဂ္ဂိုလ်ကြီး ကိုယ်တိုင်ဒေဒင်ဥယျာဉ်၌အစပြုခဲ့သည့်လုပ်ငန်းကိုသူတို့ဆက်လက် တာဝန်ယူနေကြပါသည်။ ထိုလုပ်ငန်းမှာဘုရားသခင်၏စကားတော် များကိုအတိအကျနားထောင်ဖို့မလိုပုံပေါ်အောင်လှည့်ဖြားမှုဆင်ခြေ များတီထွင်သည့်လုပ်ငန်းဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တရားကို လျစ်လျူရှုခြင်းအားဖြင့်ဘုရားသခင်အားမရိုမသေပြုဖို့လူတို့အားလမ်း ညွှန်နေသည့်သူတို့၏လုပ်ငန်းကြီးသည်တစ်နေ့သောအခါသူတို့၏ ရှေ့မှောက်၌ပင်ငင်းလုပ်ငန်း၏အကျိုးသက်ရောက်မှုမှန်များနှင့်အတူ ထင်ရှားလိမ့်မည်။

သမ္မာကျမ်းအရထာဝရအသက်နှင့်ဆိုင်သောစည်းကမ်းချက် များမှာရှင်းလှပါသည်။ ထိုကြောင့်မသန့်ရှင်းသည့်အသက်ဝိညာဉ်များ သည်အလင်းတရားကိုမခံနိုင်၊ အမှောင်ကိုသာနှစ်သက်တတ်သော ကြောင့်အမှန်တရားကိုပစ်ပါနမထားဘဲအမှားကိုတမင်တကာရွေးကြ ပါသည်။ သို့သော်အခြားမည်သူမျှလမ်းမလွဲနိုင်ပါ။

ခရစ်တော်ထံသို့ချဉ်းကပ်သောကျမ်းတတ်တစ်ဦးက ခရစ်တော်အားစုံစမ်းလိုသဖြင့် “ထာဝရအသက်ကိုအမွေခံရအံ့သော ငှါအကျွန်ုပ်သည်အဘယ်အမှုကိုပြုရပါမည်နည်း” ဟုမေးလျှောက် သော်သခင်ယေရှုသည်ထိုအမေး၏ရည်ရွယ်ရင်းကိုငင်း၏အပေါ်သို့ပင် ပြန်၍တင်လျက် “ပညတ္တိကျမ်း၌အဘယ်သို့လာသနည်း၊ သင်သည် အဘယ်သို့ဖတ်သနည်း” ဟုမေးတော်မူသောအခါထိုကျမ်းတတ်က “သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့အစွမ်းသတ္တိ ရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့၊ ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့် အမျှချစ်လော့” ဟုလျှောက်လေ၏။ ထိုအခါခရစ်တော်က “သင်၏

စကားသည်မှန်ပေ၏။ ထိုသို့ပြုလျှင်အသက်ကိုရလိမ့်မည်ဟုမိန့်တော်မူ၏။" (လု၊ ၁၀း၂၅–၂၈)။ ဤကားခပ်သိမ်းသောသူတို့အတွက်အထူးသင့်လျော်သောသွန်သင်ချက်ဖြစ်ပါသည်။ ဤအခြေခံစည်းကမ်းများကိုကျွန်ုပ်တို့လိုက်နာဖို့လိုလားကြပါ၏လား။ ဘုရားသခင်၏အလိုတော်ကိုနာယူလျက်ကိုယ်တော်၏ပညတ်တော်တို့ကိုစောင့်ထိန်းပါမည်လား။ ကျွန်ုပ်တို့သည်တရားနာရုံမျှသာမဟုတ်၊ ကျင့်သောသူများဖြစ်ကြပါမည်လား။ ဘုရားသခင်သည်ပြောင်းလဲခြင်းမရှိသကဲ့သို့ကိုယ်တော်၏ပညတ်တော်ကိုလည်းပြုပြင်ပြောင်းလဲ၍မရပါ။ ပညတ်တရားတော်ဆိပ်သုဉ်းဖို့လူတို့ကမည်သို့ပင်ပြောကြပါစေ၊ မည်သို့ပင်ပြုကြပါစေပညတ်တရား၏တောင်းဆိုချက်များပြောင်းမသွားပါ၊ (သို့မဟုတ်) ပညတ်တရားကိုနားထောင်နာယူခြင်းမှလည်းလွတ်ငြိမ်းခွင့်မရပါ။

ကျွန်ုပ်တို့သည်ဘုရားသခင်၏ထံတော်မှ ပညာအလင်းရောင်ကိုနေ့စဉ်ရဖို့လိုအပ်ပါသည်။ ထိုကြောင့် "တရားတော်၌အံ့ဖွယ်သောအရာတို့ကိုမြင်နိုင်ပါမည်အကြောင်းအကျွန်ုပ်၏မျက်စိတို့ကိုဖွင့်တော်မူပါ" ဟုဆာလံကျမ်း ၁၁၉း၁၈ အရဒါဝိဒ်မင်းကြီးဆုတောင်းသကဲ့သို့ကျွန်ုပ်တို့ဆုတောင်းသင့်ပါသည်။ ကိုယ်တော်၏ပညတ်တော်တို့ကိုရိုသေလိုက်နာခြင်းဖြင့်ကိုယ်တော်၏ဘုန်းတော်ကိုကွယ်ကာမည့်လူတစ်စုကိုဤလောကအတွင်း၌ဘုရားသခင်ထားတော်မူပါလိမ့်မည်။ ကိုယ်တော်၏ပညတ်တရားတော်ကိုစောင့်ထိန်းသောသူတို့ကိုပူဆွေးစိုးရိမ်မှုမရှိနိုင်ပါ၊ အနှောင်အဖွဲ့ထမ်းပိုးလည်းမဖြစ်နိုင်ပါ၊ "အိုထာဝရဘုရားသခင်၊ စီရင်တော်မူချိန်ရောက်ပါပြီ၊ သူတစ်ပါးများတို့သည်တရားတော်ကိုပယ်ကြပါ၏။" ဟုဒါဝိဒ်မင်းကြီးပတ္ထနာပြုသကဲ့သို့ပတ္ထနာပြုချိန်ရောက်ပါပြီ။ (ဆာလံကျမ်း ၁၁၉း၁၂၆)။

ဘုရားသခင်၏ပညတ်တရားကိုချိုးဖေါက်လျက်ကိုယ်တော်အားမရိုမသေပြုသည့်အသက်တာပုံစံဖြင့်ကျွန်ုပ်တို့အသက်မရှင်နိုင်ပါ။ သမ္မာတရားကိုလျစ်လျူရှုပြီးလောကီဥစ္စာဘဏ္ဍာရှာဖို့ကျွန်ုပ်တို့လိုက်စားနေကြပါကတန်ဖိုးမဖြတ်နိုင်သည့်ဆုံးရှုံးမှုဖြစ်ပါသည်။ အသက်ဝိညာဉ်နှင့်တကွထာဝရကြွယ်ဝမှုများကိုပါဆုံးရှုံးစေလောက်အောင်လောကီဂုဏ်အသရေနှင့်လောကီအခွင့်အရေးကောင်းများကိုသာရှာဖွေနေသူအများ၏ဆုံးရှုံးနစ်နာမှုကြီးမားပုံကိုထာဝရကာလကသာထင်ရှားစေပါလိမ့်မည်။ ဘုရားသခင်၏အသက်တော်နှင့်ချိန်ဆနိုင်သည့်အသက်ကိုသူတို့ရနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော်ကောင်းကင်ဘဏ္ဍာများနှင့်ကောင်းချီးများကိုငင်းတို့လက်လှမ်းမီစေရန်သခင်ယေရှုအသေခံတော်မူ၏။ ထိုသို့အားဖြင့်သူတို့သည်ထာဝရကာလဆိုင်ရာမြင့်မြတ်သောစံချိန်နှင့်လျော်ညီစေခြင်းငှါသူတို့သည်ကိုယ်တိုင်ပင်ပန်းခြင်း၊ ဆင်းရဲငြိုငြင်ခြင်း၊ သနားဖွယ်ဖြစ်ခြင်းတို့နှင့်ကင်းလွတ်မည်အကြောင်းတည်း။

ပညတ်တရားချိုးဖေါက်သူများမဝင်ရ

သမ္မာတရားဆိုင်ရာအလင်းတရားကိုလက်ခံရရှိပြီးမှပညတ်တရားချိုးဖေါက်သူများအဖြစ်နှင့်ဘုရားသခင်၏မြို့တော်တွင်းသို့မဝင်ရပါ။ ကောင်းကင်ပေါ်၌လည်းကောင်း၊ ကမ္ဘာမြေကြီးပေါ်၌လည်းကောင်းဘုရားသခင်စိုးမိုးတော်မူခြင်းဆိုင်ရာအခြေခံအုတ်မြစ်မျာကိုယ်တော်၏ပညတ်တရားဖြစ်ပါသည်။ သူတို့သည်ကမ္ဘာမြေကြီးပေါ်၌သိလျက်နှင့်ဘုရားသခင်၏ပညတ်တော်များကိုချိုးဖေါက်နင်းနယ်၍မထီမဲ့မြင်ပြုကြသူများဖြစ်ကြပါက  ကောင်းကင်ဘုံ၌လည်းယင်းသို့ပင်ပြုကြမည်ဖြစ်

သောကြောင့်၎င်းတို့အားကောင်းကင်နိုင်ငံတော်သို့ခေါ်ဆောင်မည် မဟုတ်ပါ။ ခရစ်တော်ကြွလာတော်မူသောအခါအကျင့်ဓလေ့ပြောင်း လဲဖို့အချိန်မရှိတော့ပါ။

ကရုဏာတံခါးမပိတ်မီအကျင့်ဓလေ့တည်ဆောက်ရပါမည်။ လူတို့၏လှုပ်ရှားမှုများကိုကောင်းကင်စာစောင်၌နေ့ရက်အစဉ်အတိုင်း မှတ်တမ်းတင်ထားသည်ဖြစ်ရာဘုရားသခင်၏နေ့တော်ကြီးသို့ရောက် လာသောအခါယင်းလှုပ်ရှားမှုများနှင့်လျော်ညီသောအခကိုရကြပါလိမ့် မည်။ မည်သူတို့ကောင်းချီးရကြလိမ့်မည်ကိုထိုအခါတွေ့မြင်ရ ပါလိမ့်မည်။ "အသက်ပင်နှင့်ဆိုင်၍မြို့တံခါးအတွင်းသို့ဝင်အံ့သောငှါ ပညတ်တော်တို့ကိုကျင့်သောသူတို့သည်မင်္ဂလာရှိကြ၏။" ဗျာ၊ ၂၂း၁၄။

ဘုရားသခင်၏ပညတ်တော်များကိုတိုက်သောသူတို့သည် ဘုရားသခင်ကိုယ်တော်တိုင်အားစစ်ထိုးသောသူများဖြစ်ကြပါသည်။ ဘုရားသခင်၏ပညတ်တော်ကိုစောင့်သောသူများအားမုန်းတီးသောသူ တို့သည်ပင်လျှင်မိမိတို့သန့်ရှင်းသည်၊ မိမိတို့၌အပြစ်မရှိဟုအသံအ ကျယ်ဆုံးနှင့်ကြွားလုံးထုတ်သောသူများဖြစ်ကြပါသည်။ ထိုသို့ဖြစ်ရပုံ ကိုရှင်းပြရန်တစ်နည်းသာရှိပါသည်။ ၎င်းတို့အနေဖြင့်ကိုယ်တိုင်အ ကျင့်ချွတ်ယွင်းနေပုံကိုတွေ့မြင်ဖို့ကြည့်မှန်မရှိသောကြောင့်ဖြစ်ပါသည်။ ယောသပ်၊ ဒံယေလနှင့်တမန်တော်အပေါင်းကပင်လျှင်၎င်းတို့၌အပြစ် မရှိဟုမဆိုကြပါ။ ဘုရားသခင်နှင့်အနီးကပ်ဆုံးနေထိုင်ခဲ့သူများ၊ သိ လျက်နှင့်ဘုရားသခင်အားပြစ်မှားမည့်အစားကိုယ်တိုင်အသေခံမည့်သူ များ၊ ဘုရားသခင်၏အလင်းတရားနှင့်တန်ခိုးတော်ကိုရရှိထားသူများ အားလုံးတို့ကလည်းမိမိတို့သည်အပြစ်နှင့်ပြည့်ဝသောကြောင့်ဘုရားသခင် ၏ထံတော်မှမျက်နှာမရထိုက်ဟုဝန်ခံကြပါသည်။ သူတို့၏အားနည်း

မှုကိုသူတို့သိ၍သူတို့၏အပြစ်များအတွက်ဝမ်းနည်းကြပါသည်။ ထိုကြောင့်ခရစ်တော်သခင်ယေရှု၏ပုံစံနမူနာကိုအတုယူဖို့အားထုတ်ကြပါသည်။

လူတန်းစားနှစ်ရပ်၊ နားထောင်သူနှင့်နားမထောင်သူ

ဤကမ္ဘာမြေကြီးပေါ်၌လူတန်းစားနှစ်ရပ်သာရှိပါသည်။ ၎င်းတို့မှာကိုယ်တော်၏စကားကိုနားထောင်ညှဲ့ဘုရားသခင်၏သားသမီးများနှင့်နားမထောင်သောသူများဖြစ်ပါသည်။ ထိုကြောင့်ခရစ်တော်သည်ယင်းလူတန်းစားနှစ်ရပ်နှင့်ပတ်သက်၍တရားစီရင်ပုံကိုမိမိ၏တရားနာပရိသတ်၏ရှေ့မှောက်၌ချ၍ပြတော်မူ၏။ "လူသားသည်မိမိဘုန်းအာနုဘော်ကိုဆောင်လျက်သန့်ရှင်းသောကောင်းကင်တမန်များအခြံအရံတို့နှင့်တကွကြွလာတော်မူသောအခါဘုန်းရှိသောပလ္လင်တော်ပေါ်မှာထိုင်၍ရှေ့တော်၌လူမျိုးအပေါင်းတို့ကိုစုဝေးစေသဖြင့်သိုးထိန်းသည်သိုးနှင့်ဆိတ်တို့ကိုတခြားစီခွဲထားသကဲ့သို့လူအပေါင်းတို့ကိုအသီးအခြားခွဲ၍သိုးတို့ကိုလက်ယာတော်ဘက်၊ဆိတ်တို့ကိုလက်ဝဲတော်ဘက်၌ထားတော်မူလတ္တံ့။

"ထိုအခါလက်ယာတော်ဘက်၌ရှိသောသူတို့အားမင်းကြီးက၊ ငါ့မခည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင်သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကိုလာ၍အမွေခံကြလော့။ အကြောင်းမူကားငါသည်မွတ်သိပ်သောအခါသင်တို့သည်ကျွေးကြ၏။ ငါသည်ရေငတ်သောအခါသင်တို့သည်သောက်ဖို့ပေးကြ၏။ ငါသည်ဧည့်သည်ဖြစ်သောအခါသင်တို့သည်ဧည့်သည်ဝတ်ကိုပြုကြ၏။ ငါသည်အဝတ်အချည်းစည်းရှိသောအခါသင်တို့သည်အဝတ်နှင့်ဖုံးလွှမ်းကြ၏။ ငါသည်အနာရောဂါစွဲသောအခါသင်တို့သည်ပြုစုကြည့်ရှုကြ၏။ ငါသည်

ထောင်ထဲမှာနေရသောအခါသင်တို့သည်ငါ့ထံသို့လာကြ၏ဟုမိန့်တော်မူလျှင်–

"ဖြောင့်မတ်သောသူတို့ကသခင်၊ကိုယ်တော်သည်မွတ်သိပ်တော်မူသည်ကိုအဘယ်အခါ၌အကျွန်ုပ်တို့သည်မြင်၍ကိုယ်တော်ကိုလုပ်ကျွေးပါသနည်း။ ရေငတ်တော်မူသည်ကိုအဘယ်အခါ၌အကျွန်ုပ်တို့သည်မြင်၍ကိုယ်တော်ကိုသောက်ဖို့ပေးပါသနည်း။ ဧည့်သည်ဖြစ်တော်မူသည်ကိုအဘယ်အခါ၌အကျွန်ုပ်တို့သည်မြင်၍ဧည့်သည်ဝတ်ကိုကိုယ်တော်အားပြုပါသနည်း။ အဝတ်အချည်းစည်းရှိတော်မူသည်ကိုအဘယ်အခါ၌အကျွန်ုပ်တို့သည်မြင်၍ကိုယ်တော်အားအဝတ်နှင့်ဖုံးလွှမ်းပါသနည်း။ အနာစွဲတော်မူသည်ကိုလည်းကောင်း၊ထောင်ထဲမှာနေတော်မူသည်ကိုလည်းကောင်းအဘယ်အခါ၌အကျွန်ုပ်တို့သည်မြင်၍အထံတော်သို့ရောက်ပါသနည်းဟုပြန်၍လျှောက်ကြသော်၊ မင်းကြီးကငါအမှန်ဆိုသည်ကားသင်တို့သည်ဤသူတည်းဟူသောငါ့ညီတို့တွင်အငယ်ဆုံးသောသူတစ်ယောက်အားပြုကြသမျှတို့ကိုငါ့အားပြုကြပြီဟုပြန်၍မိန့်တော်မူလတ္တံ့။" (မဿဲ ၂၅း၃၁–၄၈)။

စိုးရိမ်မှုဆင်းရဲရောက်နေသောလူသား၌မိမိစိတ်ဝင်စားတော်မူကြောင်းယင်းပုံစံဖြင့်ခရစ်တော်ရှင်းပြတော်မူ၏။ မိမိ၏သားသမီးတို့အားစောင့်ရှောက်သမျှသည်မိမိကိုယ်တိုင်အားပြုသကဲ့သို့ခရစ်တော်မှတ်ယူတော်မူ၏။ ခေတ်မီစွာသန့်ရှင်းသည်ဟုအဆိုပြုသောသူများသည်ဝင့်ကြွားစွာရှေ့တန်းသို့တက်လာကြ၏ပြီး "သခင်၊သခင်၊အကျွန်ုပ်တို့အားကိုယ်တော်မသိပါသလော၊ အကျွန်ုပ်တို့သည်ကိုယ်တော်အခွင့်နှင့်ဆုံးမသွန်သင်ပေးပါပြီမဟုတ်လော၊ ကိုယ်တော်အခွင့်နှင့်နတ်ဆိုးတို့ကိုနှင်ထုတ်ပါပြီမဟုတ်လော၊ ကိုယ်တော်အခွင့်နှင့်များစွာသောတန်ခိုး

တို့ကိုပြပါပြီမဟုတ်လော့” ဟုလျှောက်ကြလိမ့်မည်။ ယခုအတိုင်းပုံစံဖော်ထားသောသူများသည်ဟန်ဆောင်မှုအပြည့်အဝနှင့်အဆိုတင်သွင်းသောသူများဖြစ်၍သခင်ယေရှုအားမိမိတို့၏လုပ်ရပ်များအတွင်းသို့ဆွဲသွင်းသောသူများဖြစ်ကြပါသည်။ ထိုကြောင့်သူတို့သည်ခေတ်မီသန့်ရှင်းသောသူဖြစ်သည်ဟုအဆိုပြုသောသူများအားအံ့ဝင်ခွင်ကျကိုယ်စားပြုနေသောသူများဖြစ်ပါသည်။ သို့သော်ငင်းတို့အနေဖြင့်ဘုရားသခင်၏ပညတ်တော်များကိုတိုက်ပွဲဆင်နေသောသူများဖြစ်ကြပါသည်။ ၎င်းတို့အားခရစ်တော်ကအပြစ်လုပ်သားများဟုအမည်ပေးထားပါသည်။ အဘယ်ကြောင့်ဆိုသော်သူတို့သည်လိမ်လည်လှည့်ဖြားသောသူများဖြစ်၍သူတို့၏အကျင့်ခလေ့ချွတ်ချော်ပုံကိုဖုံးကာဖို့သူတို့အတွင်းစိတ်မသန့်ရှင်းသောကြောင့်အတွင်းသဏ္ဍာန်ဆိုးသွမ်းပုံကိုဖုံးကာဖို့ဖြောင့်မတ်ခြင်းဝတ်ရုံကိုခြုံထားသောသူများဖြစ်ပါသည်။

ပျက်စီးဆုံးရှုံးသူများ၌ရှိသည့်မဖြောင့်မတ်ခြင်းနှင့်ဆိုင်သောလိမ်လည်လှည့်ဖြားမှုအမျိုးစုံဖြင့်လုပ်ငန်းဆောင်ရွက်ဖို့ယနေ့နောက်ဆုံးအချိန်၌စာတန်သည်အပြင်းအထန်လှုပ်ရှားနေပါသည်။ ပုရောဖက်အတုအယောင်များ၏ရှေ့မှောက်တွင်လည်းကောင်း၊ လူတို့၏ရှေ့မှောက်၌လည်းကောင်းသူကိုယ်တိုင်သည်ပင်လျှင်ခရစ်တော်ဖြစ်သည်ဟုအဆိုပြုလျက်ခန့်ညားထည်ဝါစွာသိက္ခာရှိရှိဖြင့်စာတန်ပီသစွာအံ့ဩဖွယ်ရာနိမိတ်လက္ခဏာများကိုပြပါသည်။ မိမိတို့၏လှည့်ဖြားမှုလုပ်ငန်းကိုအထောက်အကူပြုနေသောသူတို့အားစာတန်ကမိမိ၏တန်ခိုးအာဏာကိုလွှဲအပ်ထားပါသည်။ ထိုကြောင့်ဘုရားသခင်ထံတော်မှကြီးမားသောတန်ခိုးရထားသည်ဟုအဆိုပြုသောသူတို့အားယေဟောဝါဘုရားသခင်၏ပညတ်တရားတော်နှင့်စုံစမ်းထောက်လှမ်းမှသာအမှန်အမှား

ကိုထင်ရှားစွာခွဲခြား၍သိမြင်နိုင်ပါလိမ့်မည်။ ဖြစ်နိုင်လျှင်အရွေးချယ်ခံပုဂ္ဂိုလ်များကိုလှည့်ဖြားလိမ့်မည်ဟုဘုရားသခင်ကိုယ်တော်တိုင်သတိပေးထားပါသည်။ ၎င်းတို့ခြုံလွှမ်းထားသည့်သိုး၏ဝတ်ရုံသည်အစစ်အမှန်နှင့်တူပုံပေါ်လှသောကြောင့်ဘုရားသခင်၏ကြီးမြတ်သောကိုယ်ကျင့်တရားစံချိန်နှင့်ယှဉ်သောအခါတွင်မှကြမ်းတမ်းသောဝံပုလွေဖြစ်နေကြောင်း၊ ယေဟောဝါဘုရားသခင်၏ပညတ်တော်များကိုချိုးဖေါက်နေသောသူဖြစ်ကြောင်းထင်ရှားသိသာပါလိမ့်မည်။

## အချိန်တစ်ချိန်ချိန်သာရှိခဲ့ပါက

ကျွန်ုပ်တို့အနေဖြင့်ယုံကြည်ခြင်းရှိဖို့နှင့်ဝိညာဉ်ရေးအသိပညာရှင်သန်ဖို့လိုအပ်သည့်အချိန်တစ်ချိန်ချိန်ရှိခဲ့ပါကယခုအချိန်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏အလိုတော်ကိုသိ၍ယင်းအလိုတော်နှင့်အညီနာယူလိုက်လျှောက်လိုသောဆန္ဒမှန်ဖြင့်ဆုတောင်းလျက်စောင့်မျှော်နေသောသူများ၊ ကျမ်းစာကိုနေ့စဉ်စေ့စေ့ရှာဖွေနေသောသူများသည်စာတန်၏မည်သည့်လှည့်ဖြားမှုကြောင့်မျှလမ်းလွဲမည်မဟုတ်ပါ။ ကောက်ကျစ်စဉ်းလဲသောလူတို့၏ပရိယာယ်နှင့်ထောင်ချောက်များကိုထိုသူတို့သာခွဲခြားသိကြပါလိမ့်မည်။ လောကီရေးရာများ၊ ဝတ်စားတန်ဆာများ၊ အစာအးသောက်များ၌အာရုံပြုအချိန်ကုန်ခံလွန်းသောကြောင့်လူအများဆုတောင်းပတ္ထနာပြုစရာ၊ ကျမ်းစာလေ့လာစရာအချိန်မရှိမကျန်တော့ပါ။

အချက်အလက်တိုင်း၌အမှန်တရားကိုသိထားဖို့ရတနာသိုက်ကိုတူးဆွရှာဖွေသကဲ့သို့ရှာဖွေရပါမည်။ ဒဏ္ဍာရီပုံပြင်များပေါများလှပါသည်၊ လူတို့သည်လည်းအမှန်တရားနေရာ၌အမှားကိုရွေး၍ယုံကြပါသည်။ အဘယ်ကြောင့်ဆိုသော်အမှန်တရားကိုလက်ခံဖို့လက်ဝါး

ကပ်တိုင်ပါဝင်ပတ်သက်နေပါသည်။ ကိုယ်ကျိုးကိုစွန့်လွှတ်ရပါမည်။ ကိုယ်တိုင်လက်ဝါးကပ်တိုင်၌အသေခံရပါမည်။ ထိုကြောင့်ဘုရားသခင်၏ပြည်တော်ကိုပျက်ယွင်းစေခြင်းဖြင့်သူတို့အတွက်လွယ်ကူသောလမ်းစဉ်ကိုစာတန်ကဖန်တီးထားပါသည်။ လူသားအနေဖြင့်ကိုယ်လမ်းကိုကိုယ်လိုက်ဖို့ဘုရားသခင်ခွင့်ပြုထားသောအချိန်သည်ထိုသူ၏အသက်တာ၌အမှောင်ဆုံးသောအချိန်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်လိုလားစွာနားမထောင်သောသားအားမိမိကိုယ်တိုင်ရွေးချယ်သောလမ်းအတိုင်းသွားဖို့ခွင့်လွှတ်ထားခြင်း၊ မိမိစိတ်ယိမ်းညွှတ်ရာဘက်သို့လိုက်၍ဘုရားသခင်တရားစီရင်တော်မူခြင်းဆိုင်ရာမှောင်ရိပ်များကိုစုသိမ်းနေခြင်းမှာကြောက်ဖွယ်ရာကောင်းလှပါသည်။

သို့သော်နောင်တရဖို့သေးသိမ်လွန်းသည်ဟုသဘောထားသည့်စာတန်၏ကိုယ်စားလှယ်များသည်ဘုရားသခင်၏အမှုတော်ကိုအစိတ်စိတ်အမွှာမွှာဖြစ်စေလိုသောငါမိမိတို့၏ခြေဖြင်းနင်းနယ်ဖို့အစဉ်ကြံစည်နေသောစာတန်၏ကိုယ်စားလှယ်များအလွန်ပေါပါသည်။ ထိုသူတို့သည်မိမိတို့၏လုပ်ရပ်များနှင့်ပတ်သက်၍ဝမ်းနည်းစိတ်ပျက်စရာအကျိုးသက်ရောက်မှုနှင့်ရင်ဆိုင်ရသောနေ့ကြီးသို့ရောက်လာပါလိမ့်မည်။ ခရစ်တော်ယေရှုအားဖြင့်ကယ်တင်ခြင်းသို့ရောက်ရမည့်အသက်ဝိညာဉ်အများသည်သူတို့၏သွန်သင်ချက်များနှင့်ဆွဲဆောင်မှုများကြောင့်ဆုံးရှုံးကြပါသည်။

ထိုသူတို့အသက်ရှင်ကြဖို့ခရစ်တော်အသေခံတော်မူ၏။ သူတို့သည်ခရစ်တော်၏ကျေးဇူးတော်ကောင်းမှုကိုအမှီပြုလျက်ပညတ်တရားတော်တို့ကိုစောင့်ထိန်းနိုင်ဖို့လမ်းစဉ်ကိုကိုယ်တော်ဖွင့်ထားတော်မူ၏။ "သင်၏အကျင့်ကိုငါသိ၏။ အဘယ်သူမျှမပိတ်နိုင်သော

တံခါးကိုသင့်ရှေ့၌ငါဖွင့်ထားပြီ” ဟုခရစ်တော်မိန့်တော်မူ၏။ ဗျာ၊ ၃း၈။ ထိုတံခါးကိုပိတ်ဖို့လူတို့မည်မျှလောက်အားထုတ်ကြပါသနည်း။ သို့သော်သူတို့မပိတ်မဆို့နိုင်ကြပါ။ အဘယ်ကြောင့်ဆိုသော် “တစ်ဖန်ကောင်းကင်ဘုံ၌ဘုရားသခင်၏ဗိမာန်တော်ကိုဖွင့်ထား၍ ဗိမာန်တော်ထဲမှာသေတ္တာတော်ထင်ရှားလေ၏။”ဟု ဗျာ၊ ၁၁း၁၉ အားဖြင့်တမန်တော်ယောဟန်ကသက်သေခံထားပါသည်။ ပဋိညာဉ်သေတ္တာတော်အတွင်းကရဏာပလ္လင်အောက်၌ထာဝရဘုရားသခင်ပညတ်တော်တို့ကိုအက္ခရာတင်ထားသည့်ကျောက်ပြားနှစ်ပြားရှိပါသည်။ ဤကမ္ဘာလောကသို့ဖြန့်ဝေရမည့်ပညတ်တော်မှဋ္ဌင်းတို့ထံသို့ အလင်းရောင်ထွန်းတောက်ပုံကိုဘုရားသခင်၏ဥစ္စာရှိသောသူများမြင်ရပါသည်။ ယခုအခါထိုအလင်းတရားတံခါးပေါက်ကိုပိတ်ဖို့မှာစာတန်၏ပြင်းထန်သောလှုပ်ရှားမှုဖြစ်ပါသည်။ သို့သော်တံခါးကိုမည်သူမျှမပိတ်နိုင်ရာဟုသခင်ယေရှုမိန့်တော်မူ၏။ အလင်းတရားကိုလူတို့ကျောခိုင်းကြပေမည်။ ရှုပ်ချစွပ်စွဲကြပေမည်။ မထီမဲ့မြင်ပြုကြပေမည်။ သို့သော်ရှင်းလင်းစွာ၊ ကြည်လင်စွာဖြင့်ထိုအလင်းရောင်ဆက်လက်ထွန်းလင်းနေသောကြောင့်ကြည့်မြင်သူတိုင်းယင်းထင်ရှားသောအလင်းရောင်ကြောင့်ဝမ်းမြောက်ခြင်းနှင့်ကောင်းချီးကိုခံစားရကြပါသည်။

ဘုရားသခင်၏သားသမီးတို့သည်ထိုအသက်ဝိညာဉ်များ၏ရန်သူကြီးနှင့်ပြင်းစွာသောတိုက်လှန်ပွဲကိုဆင်နွှဲရကြပါလိမ့်မည်။ ထိုတိုက်လှန်ပွဲကြီးပြီးဆုံးလုနီးသောအခါကျွန်ုပ်တို့ပို၍ပြင်းပြင်းထန်ထန်ခါးခါးသီးသီးတိုက်ရကြပါလိမ့်မည်။ သို့သော်ကိုယ်တော်၏သမ္မာတရားဘက်မှမားမားမတ်မတ်တွန်းလှန်ကာကွယ်သောသူများအားကူမတော်မူပါလိမ့်မည်။

---× × ×---

# ယုံကြည်ခြင်းနှင့်အကျင့်

၁၈၈၅ ခု၊ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဘက်စဲလ်မြို့ ၌ကျင်းပသည့်တရားပွဲဟောပြောချက်။
၁၈၉၀ ခု၊ ဇွန်လ ၁၆ ရက်နေ့ အချိန်ကာလဆိုင်ရာနိမိတ်လက္ခဏာများမဂ္ဂဇင်း ဆောင်းပါး။

"ယုံကြည်ခြင်းမရှိလျှင်ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်၊ အကြောင်းမူကားဘုရားသခင်အထံတော်သို့ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုလည်းကောင်း၊ကိုယ်တော်ကိုရှာသောသူအားအကျိုးပေးတော်မူသည်ကိုလည်းကောင်းယုံကြည်ရမည်။" ဟေဗြဲ ၁၁း၆။ ကယ်တင်ခြင်းရဖို့ယုံကြည်ရန်သာလိုသည်ဟုအဆိုပြုသောသူအများသည်ခရစ်ယာန်လောက၌ရှိပါသည်။ အကျင့်တရားအရေးမကြီးပါ၊ ယုံကြည်ခြင်းသာလိုရင်းအချက်ဖြစ်သည်ဟုပြောကြပါသည်။ သို့သော်အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည်တစ်ပါးတည်းရှိသောကြောင့်အသေဖြစ်၏ဟုသမ္မာကျမ်းကဆိုထားပါသည်။ လူအများကဘုရားသခင်၏ပညတ်တရားကိုနားထောင်နာယူခြင်းမပြုသော်လည်းယုံကြည်ခြင်းကိုအထူးဦးစားပေးကြပါသည်။ သို့သော် ယုံကြည်ခြင်း၌အခြေခံအုတ်မြစ်ရှိရပါမည်။

ဘုရားသခင်သည်စည်းကမ်းသတ်မှတ်ချက်များအပေါ်၌သာကတိတော်များကိုပေးထားတော်မူ၏။ ကျွန်ုပ်တို့သည်ကိုယ်တော်၏အလိုတော်သို့လိုက်လျှောက်ကြပါက၊ သမ္မာတရားတော်လမ်းစဉ်နှင့်အညီလိုက်လျှောက်ကြပါကကျွန်ုပ်တို့အမှန်လိုအပ်သည်ကိုတောင်းလျှောက်လျှင်ပေးသနားတော်မူပါလိမ့်မည်။ ကျွန်ုပ်တို့သည်နားထောင်ဖို့စိတ်ပါကိုယ်ရောက်ကြိုးစားအားထုတ်ချိန်တွင်ကျွန်ုပ်တို့၏ပတ္ထနာသံကိုဘုရားသခင်နားညောင်းတော်မူမည်ဖြစ်သော်လည်းနားမထောင်

သည့်အခြေအနေ၌မူကျွန်ုပ်တို့အားကောင်းချီးပေးတော်မူမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည်ကိုယ်တော်၏ပညတ်တော်များကိုမစောင့်ထိန်းဘဲ "ယုံကြည်ခြင်း၊ ယုံကြည်ခြင်း၊ ယုံကြည်ခြင်းသာအဓိကဖြစ်သည်" ဟုအော်ဟစ်တောင်းလျှောက်နေကြသော်လည်း "အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည်အသေဖြစ်၏" ဟုပင်ဘုရားသခင်၏တိကျသောနှုတ်တော်ထွက်တရားတော်မှအဖြေကိုသာရကြပါလိမ့်မည်။ ယာကုပ် ၂း၂၀။ ထိုကဲ့သို့သောယုံကြည်ခြင်းမျိုးသည်တီးသံကိုသာပေးတတ်သောလင်းကွင်းနှင့်အသံမြည်သောတံပိုးခရာကဲ့သို့သာဖြစ်လိမ့်မည်။ ဘုရားသခင်၏ကျေးဇူးတော်ဆိုင်ရာအကျိုးသက်ရောက်မှုများကိုခံစားရဖို့ကျွန်ုပ်တို့၏တာဝန်ကိုကျွန်ုပ်တို့ကဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့အနေဖြင့်သစ္စာနှင့်လုပ်ဆောင်လျက်နောင်တသံဝေဂနှင့်ဆိုင်သောအသီးများကိုဖြစ်ထွန်းစေရပါမည်။

ကျွန်ုပ်တို့သည်ဘုရားသခင်နှင့်အတူ တွဲဖက်လုပ်ဆောင်သောသူများဖြစ်ကြပါသည်။ ဘုရားသခင်အတွက်မဟာအမှုတော်ဆောင်ဖို့အခွင့်ကောင်းအခါထူးကြီးတစ်စုံတစ်ခုရောက်လာလိမ့်မည်ဟူသောသဘောဖြင့်အပျင်းဖက်၍စောင့်နေခြင်းမျိုးမဟုတ်ပါ။ သင်၏ရှေ့လမ်းစဉ်ပေါ်၌တိုက်ရိုက်ကျရောက်နေသည့်တာဝန်ကိုလျစ်လျူရှုထားရန်မဟုတ်ပါ။ သင်၏ဝန်းကျင်၌မြင်တွေ့နေရသည့်အခွင့်အရေးယ်များကိုတိုးတက်ကောင်းမွန်အောင်ပြုပြင်ရပါမည်။

အကြိတ်အနယ်အားထုတ်ပါ

ယုံကြည်ခြင်းနှင့်ဆိုင်၍ကောင်းစွာသောတိုက်လှန်ခြင်းအတွက်ကျွန်ုပ်တို့ဘက်မှတာဝန်ကျေရပါမည်။ ကျဉ်းမြောင်းသောတံခါးကိုဝင်ရာ၌ရုန်းကန်ရပါမည်။ လုံ့လဝီရိယစိုက်ရပါမည်၊ ကြိုးစားအား

ထုတ်ရပါမည်၊ ပြင်းစွာသောဝေဒနာကိုခံရပါမည်။ ကျွန်ုပ်တို့၏ဘုရားသခင်အားအစဉ်ရှေးရှုနေရပါမည်။ ကျွန်ုပ်တို့ပြုမူလုပ်ရှားလေသမျှ၌ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်းငှါကျွန်ုပ်တို့၏စင်ကြယ်သောလက်များနှင့်သန့်ရှင်းသောစိတ်နှလုံးများကိုအသုံးပြုလျက်ရှာဖွေလုပ်ဆောင်ရပါမည်။ ကျွန်ုပ်တို့အတွက်အထောက်အပံ့ကိုကျွန်ုပ်တို့အားကယ်တင်နိုင်တော်မူသောအရှင်အားဖြင့်စီမံထားပြီးဖြစ်ပါသည်။ သမ္မာတရားနှင့်အလင်းတရားဆိုင်ရာစိတ်ဓါတ်သည်၎င်း၏အံ့သြဖွယ်ရာနက်နဲသောလုပ်ဆောင်ချက်များဖြင့်ကျွန်ုပ်တို့အားနိုးထစေလျက်အသစ်ပြုပြင်ပေးပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာတိုးတက်မှုအားလုံးသည်မိမိတို့ကိုယ်တိုင်အားဖြင့်မဟုတ်၊ ဘုရားသခင်၏ထံတော်မှဖြစ်ပါသည်။ မှန်သောအမှုဆောင်အတွက်ထောက်ပံ့မှုတန်ခိုးကိုဘုရားသခင်၏ထံတော်မှရပါသည်။ အလဟဿနေသောပုဂ္ဂိုလ်အားဘုရားသခင်၏ဝိညာဉ်တော်ကထောက်ပံ့မည်မဟုတ်ပါ။

တစ်နည်းအားဖြင့်ဆိုရသော်ကျွန်ုပ်တို့အားကျွန်ုပ်တို့၏အင်အားအပေါ်၌ပင်ပြန်၍တင်ထားခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့စိတ်အားထက်သန်ဖို့နှင့်နောင်တရဖို့ကိုလည်းကောင်း၊ ညစ်ညူးမှုအစုံမှကျွန်ုပ်တို့၏လက်များစင်ကြယ်ဖို့နှင့်စိတ်နှလုံးများသန့်ရှင်းစေဖို့ကိုလည်းကောင်းတည်ငြိမ်သောစိတ်ထားဖြင့်ကျွန်ုပ်တို့အားထုတ်ရပါမည်။ ကျွန်ုပ်တို့လုံလဝီရိယစိုက်ထုတ်ရာ၌ဘုရားသခင်ကူမတော်မူမည်ဟုယုံကြည်လျက်အမြင့်ဆုံးသောအဆင့်သို့ရောက်အောင်ကြိုးစားရပါမည်။ တွေ့လိုလျှင်ရှာရပါမည်။ ယုံကြည်ခြင်းအားဖြင့်အမှန်ရှာရပါမည်။ ကျွန်ုပ်တို့အားတံခါးဖွင့်လက်ခံစေဖို့တံခါးခေါက်ရပါမည်။ ကျွန်ုပ်တို့

၏ကယ်တင်ခြင်းနှင့်ဆိုင်သောရေးရာအားလုံးသည်ကျွန်ုပ်တို့ကိုယ်တိုင်လှုပ်ရှားမှုလမ်းစဉ်အပေါ်၌ပင်အမှီပြုနေသည်ဟုသမ္မာကျမ်းကသွန်သင်ပါသည်။ ကျွန်ုပ်တို့ပျက်စီးဆုံးရှုံးပါကကျွန်ုပ်တို့ကိုယ်တိုင်၌သာအကြွင်းမဲ့တာဝန်ရှိပါသည်။ အကယ်၍ကြိုတင်ပြင်ဆင်မှုရှိလျက်ဘုရားရှင်သတ်မှတ်ထားသည့်အချက်အလက်များကိုကျွန်ုပ်တို့လက်ခံပါကထာဝရအသက်ကိုဆွဲကိုင်နိုင်စရာအကြောင်းရှိပါသည်။ ယုံကြည်ခြင်းအားဖြင့်ခရစ်တော်ထံကျွန်ုပ်တို့ဆည်းကပ်ရပါမည်။ ကျွန်ုပ်တို့အားခေါ်တော်မူခြင်းနှင့်ရွေးချယ်တော်မူခြင်းတည်မြဲစေရန်ဖွဲလုံ့လရှိဖို့လိုပါသည်။

အပြစ်ဖြေလွှတ်ခြင်းဆိုင်ရာကတိတော်သည်နောင်တသံဝေဂရ၍ယုံကြည်သောသူအတွက်ဖြစ်ပါသည်။ အဆုံးတိုင်အောင်သစ္စာရှိသောသူမှုကားအသက်သရဖူကိုဆုချခြင်းခံရပါလိမ့်မည်။ ကျွန်ုပ်တို့ရရှိထားပြီးသည့်ကျေးဇူးတော်များကိုတိုးတက်ကောင်းမွန်စေခြင်းဖြင့်ကျေးဇူးတော်၌ကျွန်ုပ်တို့ကြီးပွားတိုးတက်ပေလိမ့်မည်။ ဘုရားသခင်၏နေ့ကြီး၌ကျွန်ုပ်တို့အပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှါလောကီရေးရာအစွန်းအထင်းများနှင့်ကင်းစင်စေဖို့လိုပါသည်။ ယုံကြည်ခြင်းနှင့်အကျင့်လက်တွဲနေပါသည်။ အောင်မြင်ခြင်းသို့ရောက်ဖို့ထိုတရားနှစ်ပါးလုံးတညီတညွတ်တည်းလှုပ်ရှားပါသည်။ ယုံကြည်မှုကင်းသောအကျင့်သည်အသေဖြစ်သကဲ့သို့အကျင့်မပါသောယုံကြည်ခြင်းသည်လည်းအသေဖြစ်ပါသည်။ အကျင့်တရားကကျွန်ုပ်တိုပအားမည်သည့်အခါတွင်မျှကယ်တင်ခြင်းမပေးနိုင်ပါ။ ခရစ်တော်၏ကောင်းမှုကသာကျွန်ုပ်တို့အားအကျိုးပေးပါလိမ့်မည်။ ကျွန်ုပ်တို့၏မစုံလင်သည့်အားထုတ်မှုအလုံးစုံကိုဘုရားရှင်လက်ခံနိုင်တော်မူဖို့ခရစ်တော်ကိုယုံကြည်

ပါကကိုယ်တော်ကပင်ဆောင်ရွက်ပေးပါလိမ့်မည်။ ကျွန်ုပ်တို့၌ရှိရမည့်ယုံကြည်ခြင်းမှာမည်သည့်အရာကိုမျှလုပ်ဖို့မလိုသည့်ယုံကြည်ခြင်းမဟုတ်ပါ၊ အသက်ရှင်စေသောယုံကြည်ခြင်းဆိုသည်မှာမေတ္တာသက်ဝင်စေသောယုံကြည်ခြင်းဖြစ်၍အသက်ဝိညာဉ်ကိုစင်ကြယ်သန့်ရှင်းစေသောယုံကြည်ခြင်းဖြစ်ပါသည်။ ဒေါသမာန်ကင်းလျက်သံသယရှင်းသည့်သန့်ရှင်းသောသဘောဖြင့်ဘုရားသခင်အားဆည်းကပ်သောပုဂ္ဂိုလ်သည်ဘုရားသခင်၏ပညတ်တရားလမ်းကိုအသိပညာအပြည့်အဝနှင့်လိုက်လျှောက်ပါလိမ့်မည်။

ကျွန်ုပ်တို့၏အပြစ်များကိုဖြေလွှတ်ခွင့်ရဖို့ဦးစွာပထမအပြစ်၏အကြောင်းကိုသဘောပေါက်ထားဖို့လိုပါသည်။ သို့မှသာကျွန်ုပ်တို့သည်နောင်တရလျက်ယင်းနောင်တနှင့်ညီလျော်သည့်အသီးများကိုသီးကြပါလိမ့်မည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတွက်ခိုင်မြဲသောအခြေခံအုတ်မြစ်ရှိရပါမည်။ ထိုအုတ်မြစ်ကိုဘုရားသခင်၏နှုတ်ထွက်စကားတော်အပေါ်၌တည်ဆောက်ထားရပါမည်။ သို့မှသာလျှင်ဧင်း၏အကျိုးသက်ရောက်မှုများသည်ဘုရားသခင်ကအတိအလင်းဖော်ပြထားတော်မူသည့်ကိုယ်တော်၏အလိုတော်နှင့်ညီလျော်ကြောင်းမြင်သာပါလိမ့်မည်။ ထိုကြောင့် "သန့်ရှင်းခြင်းပါရမီမရှိလျှင်အဘယ်သူမျှဘုရားသခင်ကိုမဖူးမမြင်ရ" ဟု ဟေဗြဲ ၁၂း၁၄ ၌မှတ်တမ်းတင်ထားပါသည်။

ကျွန်ုပ်တို့ခရစ်ယာန်အကျင့်ဓလေ့စုံလင်မှုရဖို့တည်ဆောက်ရာ၌အောင်မြင်ဖို့ယုံကြည်ခြင်းနှင့်အကျင့်ကအလေးညီစေပါလိမ့်မည်။ "သခင်၊ သခင်ဟုငါ့ကိုလျှောက်သောသူတိုင်းကောင်းကင်နိုင်ငံတော်သို့ဝင်ရလိမ့်မည်မဟုတ်၊ ကောင်းကင်ဘုံ၌ရှိတော်မူသောငါ့ခမည်းတော်

၏အလိုကိုဆောင်သောသူသာလျှင်ဝင်ရလိမ့်မည်” ဟုသခင်ယေရှုမိန့်တော်မူ၏။ မဿဲ ၇း၂၁။ လောကီအစားအသောက်နှင့်ပတ်သက်၍ “သင်တို့နှင့်အတူရှိစဉ်အခါအလုပ်မလုပ်ချင်သောသူမည်သည်ကား အစာကိုလည်းမစားနှင့်ဟုပညတ်ထားကြပြီ” ဟု ၂သက်သာလောနိတ် ၃း၁၀ အရတမန်တော်ပေါလုကသွန်သင်ချက်ပေးထားပါသည်။ ယင်းပညတ်တရားသည်ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာဆိုင်ရာ အာဟာရနှင့်လည်းသက်ဆိုင်ပါသည်။ ထာဝရအသက်ရှင်စေသော အစားအသောက်ကိုအလိုရှိသောပုဂ္ဂိုလ်အနေဖြင့်လည်းထိုနည်းတူ ကြိုးစားအားထုတ်၍ရှာပါစေ။

ဤကမ္ဘာမြေကြီး၏အရေးကြီးသည့်စိတ်ဝင်စားဖွယ်သော သမိုင်းအချိန်သို့ကျွန်ုပ်တို့ရောက်နေကြပါပြီ၊ ထိုကြောင့်ယုံကြည်ခြင်း ကိုယခင်ကလိုအပ်သည်ထက်ယခုပို၍လိုအပ်ပါသည်။ အထက်မှပို၍ ခိုင်မြဲစွာဆွဲကိုင်ထားခြင်းခံရဖို့လည်းလိုအပ်ပါသည်။ စာတန်သည် ကျွန်ုပ်တို့အားအနိုင်ရအောင်မြင်ဖို့မိမိ၏တန်ခိုးစွမ်းအားရှိသမျှနှင့် ဆောင်ရွက်နေပါသည်။ အဘယ်ကြောင့်ဆိုသော်သူ့အတွက်လုပ် ဆောင်စရာအချိန်အနည်းငယ်သာကျန်တော့ကြောင်းကောင်းကောင်း သိထားပါသည်။ မိမိကယ်တင်ခြင်းခံရဖို့အားထုတ်ရာ၌တမန်တော် ရှင်ပေါလုကိုယ်တိုင်ကြောက်ရွံ့တုန်လှုပ်ခဲ့ပါသည်။ ထိုကြောင့်ကျွန်ုပ် တို့အနေဖြင့်ကတိတော်တစ်ရပ်လက်လွတ်သွားမည်ကိုပို၍မစိုးရိမ် သင့်ပါသလော။ ကျွန်ုပ်တို့အသရေမပျက်ဖို့၊ (သို့မဟုတ်) ထာဝရ အသက်နှင့်မထိုက်မတန်ဖြစ်မည်ကိုမည်သူမဆိုပို၍စိုးရိမ်သင့်သည် မဟုတ်ပါလော။ ကျွန်ုပ်တို့ဆုတောင်းပတ္ထနာပြုလျက်စောင့်မျှော်

နေကြဖို့အမှန်လိုအပ်ပါသည်။ ကျဉ်းမြောင်းသောတံခါးကိုဝင်နိုင်ဖို့ ဆင်းရဲအခက်အခဲခံလျက်အပတ်တကုတ်ကြိုးစားအားထုတ်သင့်ပါသည်။

## ကျွန်ုပ်တို့၏မစုံလင်မှုကိုသခင်ယေရှုဖြည့်တော်မူ၏

အပြစ် (သို့မဟုတ်) ပျင်းရိခြင်းအတွက်ဆင်ခြေမရှိပါ။ သခင်ယေရှုလမ်းပြတော်မူပြီးဖြစ်၍ယင်းလမ်းစဉ်အတိုင်းကျွန်ုပ်တို့လိုက်လျှောက်ဖို့ကိုယ်တော်အလိုရှိတော်မူ၏။ ကယ်တင်ခြင်းကိုကျွန်ုပ်တို့အားလုံးလက်လှမ်းမီစေခြင်းငှါကိုယ်တော်သည်ကျွန်ုပ်တို့အတွက်ဆင်းရဲခြင်းနှင့်အခက်အခဲအပေါင်းကိုခံတော်မူ၏။ ကျွန်ုပ်တို့တွင်မည်သူမျှမပူဇော်နိုင်သည့်ယဇ်ကိုလည်းကိုယ်တော်ပူဇော်တော်မူ၏။ ကျွန်ုပ်တို့သည်စိတ်ပျက်အားလျော့စရာအကြောင်းမရှိပါ။ ကိုယ်တော်၏ကျေးဇူးတော်အားဖြင့်ကျွန်ုပ်တို့သည်ပုံသဏ္ဌာန်ပြောင်းလဲ၍ကိုယ်တော်နှင့်တူနိုင်စေခြင်းငှါလူသားအားဘုရားသခင်နှင့်ဆိုင်သောတန်ခိုးကိုပေးဖို့ဤလောကသို့သခင်ယေရှုကြွဆင်းတော်မူ၏။

ဘုရားသခင်၏အလိုတော်ကိုနာယူဖို့စိတ်နှလုံးအတွင်း၌ဖြစ်ပေါ်လာသည့်အတိုင်းကြိုးစားသောအခါထိုစိတ်ထားနှင့်တကွအားထုတ်မှုသည်လူ၏အကောင်းဆုံးသောဝတ်ပြုခြင်းဖြစ်သည်ဟုသခင်ယေရှုလက်ခံတော်မူလျက်လိုသမျှကိုလည်းမိမိ၏ကျေးဇူးတော်ကောင်းမှုနှင့်ဖြည့်ပေးတော်မူ၏။ သို့သော်ကိုယ်တော်အားယုံကြည်ပါသည်ဟုအဆိုပြုလျက်ပင်ခမည်းတော်၏ပညတ်တရားအတိုင်းအလိုက်လျှောက်သောသူများအားလက်ခံတော်မူမည်မဟုတ်ပါ။ ယုံကြည်ခြင်းအကြောင်းမြောက်မြားစွာကြားရပါသည်။ သို့သော်အကျင့်အကြောင်းပို၍ကြားရသင့်ပါသည်။ ပေါ့ပေါ့တန်တန်နေထိုင်ခြင်းအားဖြင့်ဖြစ်စေ၊

လက်ဝါးကပ်တိုင်နှင့်မယှဉ်သည့်ဘာသာအယူဝါဒကိုလိုက်လျှောခြင်းအားဖြင့်ဖြစ်စေလူအများသည်ကိုယ်ကိုကိုယ်လှည့်ဖြားနေကြပါသည်။

သို့သော် မဿဲခရစ်ဝင် ၁၆း၂၄ ၌မူကား "ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင်ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်၊ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ငါ့နောက်သို့လိုက်ရမည်" ဟုသခင်ယေရှုမိန့်တော်မူ၏။

---× × ×---

# သန့်ရှင်းခြင်းအတုအကြောင်းသတိပေးထားခြင်း

၁၈၈၆ ခု၊ဇွန်လ အလယ်ကကျင်းပသည့် "ဆွီဒင်နိုင်ငံ ကွန်ဖရင့်" အစီရင်ခံစာမှကောက်နုတ်ချက်။ ၁၈၈၆ ခု၊ အောက်တိုဘာ ၅ ရက်၊ ပြန်လည်သုံးသပ်ခြင်းနှင့် သံတော်ဆင့် မဂ္ဂဇင်းဆောင်းပါး

ဘုရားသခင်၏ပညတ်တော်သည်ဖြောင့်မတ်ခြင်းတရား၏ ကြီးမားသောစံချိန်ဖြစ်ကြောင်းကိုလည်းကောင်း၊ ဘုရားသခင်အား ကိုယ်ကိုဆက်ကပ်လျက်ဝတ်ပြုခြင်းမဟုတ်ဘဲစိတ်အလိုအလျောက် ဝတ်ပြုခြင်းမှအစပြုပေါ်ပေါက်လာသည့်ခေတ်မီသန့်ရှင်းခြင်းအတုနှင့် ပတ်သက်၍မိမိလူတို့အားသတိပေးရမည့်အကြောင်းကိုလည်းကောင်း အော်ဘရို၌ကျင်းပသည့်ဓမ္မစည်းဝေးပွဲများ၌တင်ဆက်ဖို့ဘုရားသခင်၏ ဝိညာဉ်တော်ကကျွန်မအားတိုက်တွန်းပါသည်။ ထိုအမှားတရားသည် ကမ္ဘာအနှံ့အရှိန်အဟုန်နှင့်ပြန့်ပွားလျက်ရှိသောကြောင့်ကျွန်ုပ်တို့သည် ဘုရားသခင်၏သက်သေခံများဖြစ်ကြသည်အားလျော်စွာဝင်းအမှား တရားနှင့်ဆန့်ကျင်၍တိတိကျကျသက်သေခံဖို့ခေါ်တော်မူခြင်းခံရ ကြပါလိမ့်မည်။ ထိုလှည့်ဖြားမှုကြီးမှာယနေ့နောက်ဆုံးအချိန်ကာလ အတွက်အဆိုးဆုံးသောလှည့်ဖြားမှုကြီးတစ်ခုဖြစ်၍ယနေ့သမ္မာတရား ကိုယုံကြည်သောသူအားလုံးအားစုံစမ်းဆွဲဆောင်နေကြောင်းသာဓကေ ထင်ရှားလိမ့်မည်။ မိမိ၏ယုံကြည်ခြင်းကိုဘုရားသခင်၏နှုတ်ထွက် စကားတော်၌ခိုင်မြဲစွာအခြေစိုက်မထားသောသူတို့သည်လမ်းလွဲ ကြပါလိမ့်မည်။ ဝမ်းနည်းစရာအကောင်းဆုံးမှာထိုအယူအဆ အမှားလှည့်ဖြားခြင်းကိုခံရသောသူအများမှအနည်းငယ်သာ အလင်းတရားလမ်းမှန်သို့ပြန်၍ရောက်ကြပါသည်။

မိမိတို့သန့်ရှင်းခြင်းသို့ရောက်ပြီဟု အဆိုပြုသောပုဂ္ဂိုလ်များအား စမ်းသပ်ရန်တစ်ခုတည်းသောနည်းလမ်းမှာသမ္မာကျမ်းစံချိန်ဖြစ်ပါသည်။ မိမိ၏တပည့်တော်များအားသမ္မာတရားအားဖြင့်သန့်ရှင်းစေတော်မူပါဟုသခင်ယေရှုဆုတောင်းတော်မူလျက် "ကိုယ်တော်၏နှုတ်ထွက်စကားတော်သည်သမ္မာတရားဖြစ်ပါ၏" ဟုဆက်၍မိန့်တော်မူ၏။ ယောဟန် ၁၇း၁၇။ ဆာလံဆရာကလည်း "ကိုယ်တော်၏တရားသည်သစ္စာတရားဖြစ်ပါ၏" ဟု ဆာလံ ၁၁၉း၁၄၂ အရဖော်ပြထားပါသည်။ ဘုရားသခင်လမ်းပြပို့ဆောင်တော်မူခြင်းကိုခံရသူအားလုံးတို့သည်ကျမ်းစာအားဖြင့်ကိုယ်တော်၏အသံတော်ကိုကြားနာရကြသောကြောင့်ထိုကျမ်းစာကိုအထူးအလေးထားကြပါသည်။ အဘယ်ကြောင့်ဆိုသော်သမ္မာကျမ်းကဒင်းတို့အား "စုံလင်သောသူကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလိုငှါပြင်ဆင်သောသူဖြစ်မည်အကြောင်းသွန်သင်ပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏။" ၂တိမောသေ ၃း၁၇။ "ထိုသူတို့၏အကျင့်ကိုထောက်၍သူတို့၏သဘောကိုသိကြလိမ့်မည်။" မဿဲ ၇း၁၆။

သန့်ရှင်းခြင်းသို့ရောက်နေသောပုဂ္ဂိုလ်ဟုတ်မဟုတ်၊ မှန်မမှန်ဆုံးဖြတ်ဖို့အခြားသောသာဓကမလိုပါ။ ဘုရားသခင်၏အလိုတော်ကိုအကြွင်းမဲ့ကြောက်ရွံ့ရိုသေသောသူဖြစ်လျှင်၊ ကိုယ်တော်၏အသံတော်ကိုဝီရိယစိုက်၍နားထောင်နာယူလျှင်၊ ကိုယ်တော်၏ပညတ်တရားကိုယုံကြည်ကိုးစားလျှင်၊ ကိုယ်တော်၏နှုတ်ထွက်စကားတော်ကိုမိမိတို့၏အကြံပေးသူအဖြစ်တင်စားလျှင်၊ ထိုနောက်အများသူငါထက်ပို၍မြင့်မြတ်သည့်ဂုဏ်ရှိသည်ဟုမဝင့်ကြွားလျှင်ခရစ်ယာန်အကျင့်စုံလင်ခြင်းသို့ရောက်ဖို့ ရှာကြံနေသောသူဖြစ်သည်ဟု ကျွန်ုပ်တို့စိတ်ချစွာ

ယုံကြည်နိုင်ပါသည်။ သို့သော်မိမိသန့်ရှင်းပါသည်ဟုအဆိုပြုလျက် ပင်ကျမ်းစာကိုဆက်လက်လေ့လာရှာဖွေစရာမလိုတော့ကြောင်းပြောကြပါကထိုသူတို့၏သန့်ရှင်းခြင်းမှာအတုမျှသာဖြစ်ကြောင်းမဆိုင်းမတွပြတ်သားစွာပြောနိုင်ပါသည်။ ဘုရားသခင်၏အလိုတော်နှင့်ညီလျော်စွာပြောင်းလဲခြင်းသို့မရောက်ဘဲမိမိတို့ကိုယ်တိုင်နားလည်မှုကိုအမှီပြုယိမ်းယိုင်နေသောသူများသာဖြစ်ပါသည်။

ဘုရားသခင်ဆင့်ဆိုသောသန့်ရှင်းခြင်း

ဒေင်ဥယျာဉ်တော်အတွင်းမှ သန့်ရှင်းသောဇနီးမောင်နှံစုံတွဲအားမိမိ၏ဆင့်ဆိုချက်ကိုစုံလင်စွာနာယူဖို့ဘုရားသခင်အလိုရှိတော်မူသည်နည်းတူယနေ့လည်းအလိုရှိတော်မူ၏။ ကိုယ်တော်၏ပညတ်တရားသည်ခေတ်အဆက်ဆက်ပြောင်းလဲခြင်းမရှိ၊ နဂိုမူလအတိုင်းတည်ခဲ့ပါသည်။ ဓမ္မဟောင်းခေတ်ကတင်ဆက်ခဲ့သည့်ဖြောင့်မတ်ခြင်းကြီးမားသောစံချိန်သည်ဓမ္မသစ်ခေတ်သို့ရောက်သောအခါ၌လည်းလျော့မသွားပါ။ ဘုရားသခင်၏သန့်ရှင်းသောပညတ်တရားအရဆင့်ဆိုချက်များအင်အားလျော့နည်းသွားစေဖို့မှာဧဝံဂေလိတရားတော်၏လုပ်ငန်းမဟုတ်ပါ။ ၎င်းနှင့်ဆိုင်သည့်သွန်သင်ချက်များကိုလူတို့စောင့်ထိန်းနိုင်စေရန်လူသားအားအဆင့်မြှင့်ပေးခြင်းဖြစ်ပါသည်။

အသက်ဝိညာဉ်ကိုကယ်တင်နိုင်သည့်ခရစ်တော်အားယုံကြည်ခြင်းဆိုသည်မှာလူအများသရုပ်ဖော်နေကြသည့် "ယုံကြည်ဖို့သာလိုသည်၊ ခရစ်တော်ကိုသာယုံကြည်ပါ၊ ကယ်တင်ခြင်းရပါလိမ့်မည်၊ ထိုထက်ပို၍လုပ်ဆောင်စရာမလိုပါ" ဟုအော်ဟစ်တင်ဆက်နေသည့်ယုံကြည်ခြင်းမျိုးမဟုတ်ပါ။ စစ်မှန်သောယုံကြည်ခြင်းမှုကားကယ်တင်ခြင်းရဖို့ ခရစ်တော်အားအကြွင်းမဲ့ယုံကြည်ကိုးစားချိန်၌ပင်

ဘုရားသခင်၏ပညတ်တော်နှင့်စုံလင်စွာညီညွတ်ဖို့ကိုလည်းရှေးရှု ပို့ဆောင်ပါလိမ့်မည်။ အကျင့်အားဖြင့်ယုံကြည်ခြင်းပေါ်လွင်ပါသည်။ ထိုကြောင့်တမန်တော်ရှင်ယောဟန်က "ထိုသခင်ကိုငါသိ၏ဟု ပညတ်တော်တို့ကိုမစောင့်ဘဲလျက်ဆိုသောသူသည်မုသားကိုသုံးသော သူဖြစ်၍ထိုသူ၌သစ္စာမရှိ" ဟု ၁ယောဟန် ၂း၄ အရဆိုထားပါသည်။

တွေ့သိခံစားမှုများတို့နှင့်စိတ်အာရုံ၌ထင်ဟပ်နေပုံများကို ယုံကြည်ကိုးစားခြင်း၌လုံခြုံမှုမရှိပါ။ စိတ်မချရသောလမ်းညွှန်ချက် များဖြစ်ပါသည်။ သန့်ရှင်းခြင်းအတွက်မှန်ကန်သည့်တစ်ခုတည်းသော စံချိန်မှာဘုရားရှင်၏ပညတ်တော်ပင်ဖြစ်ပါသည်။ ပညတ်တရားအား ဖြင့်သာအကျင့်ဓလေ့ကိုဆုံးဖြတ်ရပါမည်။ "ထာဝရအသက်ကိုအ မွေခံရအံ့သောငါအကျွန်ုပ်သည်အဘယ်အမှုကိုပြုရပါမည်နည်း" ဟု ကယ်တင်ခြင်းရလိုသောပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကမေးလာလျှင် ခေတ်မီသန့်ရှင်းရေးဆရာများက "သင့်အားသခင်ယေရှုကယ်တင်တော် မူကြောင်းကိုသာယုံကြည်ပါ" ဟုအဖြေပေးကြပါလိမ့်မည်။ သို့သော် ခရစ်တော်အားထိုမေးခွန်းကိုမေးသောအချိန်က "ပုရောဖက်ပြုကျမ်း၌ အဘယ်သို့လာသနည်း၊ သင်သည်အဘယ်သို့ဖတ်သနည်း" ဟုပြန်၍ မေးတော်မူ၏။ ထိုအမေးကိုမေးသောသူကပင် "သင်၏ဘုရားသခင် ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့.......ချစ်လော့၊ ကိုယ်နှင့် စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှချစ်လော့" ဟုအဖြေပေးပြန်သော အခါသခင်ယေရှုက "သင်၏စကားသည်မှန်ပေ၏။ ထိုသို့ပြုလျှင် အသက်ကိုရလိမ့်မည်" ဟုမိန့်တော်မူ၏။ လုကာ ၁၀း၂၅–၂၈။

ဘုရားသခင်၏ပညတ်တော်အလုံးစုံကိုစင်ကြယ်သည့် စိတ်သဘောဖြင့်အလေးထားခြင်း၊ စွမ်းရည်ရှိသမျှကိုသတိတရား

ကြီးစွာဖြင့်တိုးတက်ကောင်းမွန်စေခြင်း၊ အဘက်ဘက်မှသတိထား စဉ်းစားလျက်စကားပြောဆိုခြင်း၊ လှုပ်ရှားမှုအလုံးစုံ၌ ခရစ်တော်နည်းတူ နူးညံ့သိမ်မွေ့နှိမ့်ချသောသဘောကိုပြခြင်းစသည်တို့ဖြင့်သန့်ရှင်း ခြင်းမှန်ကိုသာဓကပြပါသည်။

ဘုရားသခင်နှင့်လမ်းခွဲသွားသောသန့်ရှင်းခြင်း

ထိုစဉ်ကလူကြိုက်များခေတ်စားနေသည့်သန့်ရှင်းခြင်းအယူ အဆများကိုလက်ကိုင်ထားကြသည့်ပုဂ္ဂိုလ်အများ၏အစည်းအဝေး ၌ရှိနေကြရာဘုရားသခင်၏ပညတ်တော်ဆိုင်ရာဆင့်ဆိုချက်များကိုအ စည်းအဝေး၌တင်ဆက်သောအခါထိုအမှားအယူအဆ၏လက္ခဏာ များအထင်အရှားပေါ်လာပါသည်။ ပုဂ္ဂိုလ်တစ်ဦးကမူစိတ်မထိန်းနိုင် လွန်းသောကြောင့်ရုတ်တရက်ထ၍စည်းဝေးမှထွက်ခွါသွားပါသည်။ ထိုသူမှာ၎င်းအစည်းအဝေးသို့တက်ရောက်ဖို့စတော့ဟုန်းမြို့မှလာ ရောက်ခဲ့သောသူဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ဓမ္မဆရာတစ်ဦးနှင့်စကား ပြောဆွေးနွေးစဉ်ကသူကိုယ်တိုင်၌ဒုစရိုက်မကောင်းမှုမရှိကြောင်း၊ သမ္မာကျမ်းကိုလည်းဖတ်ရှုဖို့မလိုတော့ကြောင်း၊ မိမိပြုလုပ်ရမည့်ရေးရာ များကိုဘုရားသခင်ကတိုက်ရိုက်ပြောကြောင်းစသည်ဖြင့်ဆွေးနွေး ကြောင်းကိုနောက်ပိုင်းတွင်မှသိရပါသည်။ ထိုပုဂ္ဂိုလ်အနေဖြင့်သမ္မာကျမ်း သွန်သင်ချက်များနှင့်ဝေးကွာလှပါသည်။ ဘုရားသခင်၏နှုတ်ထွက် စကားတော်ကိုအမှီမပြုဘဲမိမိထင်မြင်ယူဆချက်များကိုသာအမှီပြုနေ သောသူသည်ကိုယ်ကိုကိုယ်လှည့်ဖြားနေသောသူဖြစ်၍အဘယ်မြော်လင့် စရာရှိပါမည်နည်း။ တစ်ခုတည်းသောအမှားစမ်းသပ်ကိရိယာကိုသူတို့ စွန့်ပယ်ကြပြီဖြစ်သောကြောင့်မဟာလှည့်ဖြားသူကြီး၏ဖမ်းစားမှု ထောင်ချောက်မှမည်သို့လျှင်သူတို့အကာအကွယ်ရကြပါလိမ့်မည်နည်း။

ဤပုဂ္ဂိုလ်မှာလူတန်းစားတစ်ရပ်ကိုပုံဆောင်နေသောသူ ပုဂ္ဂိုလ်ဖြစ်ပါသည်။ သန့်ရှင်းခြင်းအတုကသမ္မာကျမ်းနှင့်တိုက်ရိုက် ဆန့်ကျင်ဝေးကွာစေပါသည်။ ဘာသာအယူဝါဒတစ်ရပ်လုံး၏ဒဏ္ဍာရီ ယုံတမ်းစကားအဖြစ်သို့ရောက်သွားပါသည်။ တွေ့သိခံစားမှုများနှင့် စိတ်အာရုံ၌ထင်ဟပ်မှုများကိုမှတ်ကျောက်အဖြစ်အသုံးပြုကြပါသည်။ သူတို့ကိုယ်တိုင်၌အပြစ်မရှိဟုအဆိုပြုလျက်သူတို့၏ဖြောင့်မတ်ခြင်း အကြောင်းကိုဝါကြွားဂုဏ်ယူကြသည့်ကိုယ်ကိုကိုယ်သန့်ရှင်းသူများ ဖြစ်သည်ဟု အဆိုပြုသောသူတို့ကလူတို့အနေဖြင့်ဘုရားရှင်၏ပညတ် တော်တို့ကိုချိုးဖေါက်နိုင်ကြောင်း၊ ပညတ်တရားကိုစောင့်ထိန်းသော သူများမှုကားကျေးဇူးတရားကိုလက်လွှတ်ရသောသူများဖြစ်ကြောင်း သွန်သင်ကြပါသည်။ ၎င်းအဆိုပြုချက်များကိုတင်ဆက်ပါကသူတို့ ၏အတိုက်အခံပြုလိုသောစိတ်များနိုးထ၍အမျက်ဒေါသနှင့်မထီမဲ့မြင် ပြုလိုသောစိတ်ကိုလှုံ့ဆော်ပေးပါသည်။ ထိုနည်းအားဖြင့်သူတို့၏ အကျင့်ဓလေ့ပေါ်လွင်ပါသည်။ အဘယ်ကြောင့်ဆိုသော် "ဇာတိ ပကတိ၏စိတ်သဘောသည်ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏တရားတော်အလိုသို့မလိုက်တတ်၊ ထိုမျှမက မလိုက်နိုင်။" ရောမ ၈း၇။

စစ်မှန်သောခရစ်ယာန်တစ်ယောက်အနေဖြင့်မိမိသန့်ရှင်းခြင်း သို့ရောက်ပြီဟုဝါကြွားလိမ့်မည်မဟုတ်ပါ။ အပြစ်သားပြစ်ဒဏ်သင့် နေကြောင်းဘုရားသခင်၏ပညတ်တရားအားဖြင့်ထင်ရှားပါသည်။ ပညတ်တရားနှင့်ညီသည့်စုံလင်သောဖြောင့်မတ်ခြင်းနှင့်ယှဉ်လျှင် မိမိသည်အပြစ်နှင့်ပြည့်ဝလျက်ရှိကြောင်းမြင်သိသောအခါစိတ်နှလုံး နှိမ့်ချရန်နောင်တရပါသည်။ ထိုအခါခရစ်တော်၏သွေးတော်အားဖြင့်

ဘုရားသခင်နှင့်သင့်မြတ်သည့်အခြေသို့ရောက်၍ကိုယ်တော်နှင့်အတူ ဆက်လက်လျှောက်လှမ်းနေသမျှကာလပတ်လုံးဘုရားသခင်၏သန့်ရှင်း တော်မူခြင်းဆိုင်ရာဂုဏ်တော်ကိုလည်းကောင်း၊ ကိုယ်တော်၏ဆင့်ဆို တော်မူချက်များအရာရောက်ပုံကိုလည်းကောင်းပို၍ပို၍ရှင်းလင်းစွာ သိမြင်ပါလိမ့်မည်။ မိမိမစုံလင်ပုံများကိုလည်းပို၍တွေ့သိလာပြီးအစဉ် တစိုက်နှောင်တရဖို့လိုအပ်ကြောင်း၊ ခရစ်တော်၏သွေးတော်ကို ယုံကြည်အားကိုးဖို့လိုအပ်ကြောင်းပို၍တွေ့သိခံစားရပါလိမ့်မည်။

ခရစ်တော်သည်မိမိနှင့်အတူအစဉ်ရှိတော်မူသည်ဟုခံယူထား သောသူအနေဖြင့်မိမိကိုယ်ကိုယုံကြည်အားကိုးလိမ့်မည်မဟုတ်ပါ။ မိမိသည်ဖြောင့်မတ်သောသူဖြစ်သည်ဟုလည်းခံစားရလိမ့်မည်မဟုတ် ပါ။ မည်သည့်ပုရောဖက်၊ မည်သည့်တမန်တော်မျှမိမိသန့်ရှင်းသည်ဟု မဝါကြွားပါ။ သူတို့၏အကျင့်ဓလေ့စုံလင်ဖို့နီးလာသည်နှင့်အမျှသူ တို့သည်ထိုက်တန်သူများမဟုတ်ကြောင်း၊ ဖြောင့်မတ်သူများလည်း မဟုတ်ကြောင်းသူတို့ကိုယ်သူတို့ပို၍မြင်ကြပါသည်။ သို့သော်သခင် ယေရှုစုံလင်တော်မူသည့်အကြောင်းကိုအနည်းဆုံးသိသောသူများ၊ ကိုယ်တော်အားအနည်းဆုံးမျက်နှာမူသောသူများကမူမိမိတို့စုံလင် ခြင်းသို့ရောက်ပြီဟုအခိုင်မာဆုံးအဆိုပြုကြပါသည်။

---× × ×---

# ဘုရားသခင်လမ်းပြလျက်ရှိတော်မူကြောင်း မည်သို့သိနိုင်ပါမည်နည်း

"ကျမ်းစာကိုစေ့စေ့လေ့လာပါ" ခေါင်းစဉ်ဖြင့် ၁၈၈၆ ခု၊ ဇူလိုင်လ ၂၁ ရက်နေ့ နံနက်ပိုင်း ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်၊ မြို့၌တင်ဆက်သည့် ခရစ်ယာန်တရားဟောချက်မှကောက်နုတ်ချက်။ ပြန်လည်သုံးသပ်ခြင်းနှင့် သံတော်ဆင့်မဂ္ဂဇင်း ၁၈၈၈ ခု၊ ဧပြီလ ၃ ရက်နေ့ ဆောင်းပါး။

မိမိစင်ကြယ်ပါသည်၊ သန့်ရှင်းပါသည်ဟုအဆိုပြုသောသူများနှင့်ဆုံတွေ့ဖူးကြပါလိမ့်မည်၊ ကျွန်မလည်းကြုံရဆုံရဖူးပါသည်။ ယင်းအဆိုပြုပုံနှင့်ပတ်သက်၍ဖမ်းစားခြင်းခံရသကဲ့သို့သွေးဆောင်ခြင်းခံရနိုင်ပါသည်။ မိမိတို့အားဘုရားသခင်လမ်းပြလျက်ရှိတော်မူကြောင်း၊ သွန်သင်လျက်ရှိတော်မူကြောင်းအံ့ဖွယ်ရာဦးနှောက်အလေ့အကျင့်ပြုရပုံများကိုပြောပြကြပေလိမ့်မည်။ ထိုသို့သူတို့ပြောပြသံများကိုကြားရသောအခါ ၎င်းတို့အားဘုရားသခင်ပြလျက်ရှိတော်မူကြောင်းမည်သို့သိနိုင်ပါမည်နည်း။ စိစစ်ဝေဖန်စရာနည်းလမ်းရှိပါသည်။ "သူတို့ပြောသောစကားသည်နှုတ်ထွက်စကားတော်နှင့်မညီလျှင်သူတို့၌အရုဏ်မတက်သေး။" (ဟေရှာယ၊ ၈း၂၀)။

မြတ်တော်မူသောယေဟောဝါဘုရားသခင်၏နာမတော်ကိုမြွက်ဆိုလိုက်သောအခါလူ၏စိတ်အတွင်း၌မလိုမုန်းထားသောစိတ်များပေါ်လာပါကထိုသူသည်ဘုရားသခင်နှင့်အဆက်အသွယ်မရှိကြောင်းသိနိုင်သည်။ သခင်ယေရှု၌ကြီးမားသောယုံကြည်ခြင်းရှိပါသည်ဟုအဆိုပြုသောသူများကမိမိတို့အနေဖြင့်မည်သို့မျှလုပ်ဆောင်စရာမလိုကြောင်း၊ ခရစ်တော်ကဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြပါလိမ့်မည်။ ယင်းကိစ္စရပ်နှင့်ပတ်သက်၍ဖေါ်ပြလိုသည်မှာသေလွန်သောသူ

များထမြောက်ကြဖို့ခရစ်တော်ခေါ်တော်မူသည့်အချိန်သို့ရောက်သော အခါပုဂ္ဂိုလ်တစ်ဦးအတွက်ထာဝရအသက်ရှင်ရာထမြောက်ခြင်းဖြစ် လိမ့်မည် (သို့မဟုတ်) အပြစ်စီရင်ရာထမြောက်ခြင်းဖြစ်လိမ့်မည်ဆိုသည် မှာသက်ဆိုင်ရာပုဂ္ဂိုလ်၏လှုပ်ရှားမှုလမ်းစဉ်အပေါ်အကြွင်းမဲ့မူတည် ပါသည်။ ဤသို့လျှင်လူတို့သည်ဤအမှန်တရားများကိုအမှားများနှင့် ရောထွေးစေသောကြောင့်အမှန်တရားကိုမသိနိုင်တော့ပါ။ ယင်းအ ကြောင်းအရာနှင့်ပတ်သက်၍ဘုရားသခင်ကမည်သို့မိန့်မှာတော်မူကြောင်း သဘောပေါက်ရန်အတူတကွထိုင်၍သမ္မာကျမ်းမှလေ့လာရှာဖွေကြ ပါစို့ဟုဖိတ်ခေါ်သောအခါသဘောတူလက်ခံသောသူနှင့်မည်သည့် အခါကမျှကျွန်မသည်မကြုံရဖူးပါ၊ သူတို့အနေဖြင့်သမ္မာကျမ်းကိုလေ့လာ ရှာဖွေဖို့မလိုအပ်ကြောင်း၊ မည်သို့ပြုလုပ်ရမည်ကိုဘုရားသခင်ကသူ တို့အားပြောပြထားပြီးဖြစ်ကြောင်းကိုသာဖြေကြပါသည်။

ဘုရားသခင်သည်မိမိ၏နှုတ်ထွက်တရားတော်အားဖြင့်ကျွန်ုပ် တို့အားအသံပေးလျက်စကားပြောတော်မူ၏။ အသံမျိုးစုံကိုလည်း ကျွန်ုပ်တို့ကြားရကြပေလိမ့်မည်။ သို့သော်ခရစ်တော်ဘုရားက “ဤ အရပ်၌ခရစ်တော်ရှိသည်၊ ထိုအရပ်၌ခရစ်တော်ရှိသည်” ဆိုသောအသံ များကိုကြားလျှင်သတိထားကြဖို့မှာထားတော်မူ၏။

ထိုကြောင့်သမ္မာကျမ်းနှင့်မယှဉ်ပါကသူတို့၌သမ္မာတရားရှိ ကြောင်းအဘယ်သို့လျှင်သိနိုင်ပါမည်နည်း။ မိမိသည်ခရစ်တော်ဖြစ် ကြောင်းကိုယ်တော်၏နာမတော်ကိုအသုံးပြုလျက်ထွက်ပေါ်လာကြ မည့်ပုရောဖက်အတုအယောင်ဆောင်များတို့ကိုသတိပြုကြဖို့ခရစ်တော် ကိုယ်တိုင်မှာထားတော်မူ၏။ ထိုကြောင့်သမ္မာတရားတော်ကိုမိမိ ကိုယ်တိုင်နားလည်သဘောပေါက်ထားဖို့ အရေးမကြီးပါဟုဆိုလျှင်

ယင်းကဲ့သို့သောအယူအဆသွန်သင်မှုများနောက်သို့တဖြည်းဖြည်းလိုက်ပါသွားပေလိမ့်မည်။ ထို့ကြောင့်စစ်ကြောဆုံးဖြတ်သောနေ့သို့ရောက်သောအခါ "သခင်၊ သခင်အကျွန်ုပ်တို့သည်ကိုယ်တော်အခွင့်နှင့်ဆုံးမသွန်သင်ပေးပါပြီမဟုတ်လော၊ ကိုယ်တော်အခွင့်နှင့်နတ်ဆိုးတို့ကိုနှင်ထုတ်ပါပြီမဟုတ်လော၊ ကိုယ်တော်အခွင့်နှင့်များစွာသောတန်ခိုးတို့ကိုပြပါပြီမဟုတ်လောဟုအများသောသူတို့သည်လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါသင်တို့ကိုငါအလျှင်းမသိ၊ အဓမ္မအမှုကိုပြုသောသူတို့၊ ငါ့ထံမှဖယ်ကြ။" (မဿဲ၊ ၇း၂၂၊၂၃) ဟုစစ်ကြောစီရင်ခြင်းခံရမည့်လူတစ်စုရှိလိမ့်မည်ဖြစ်ကြောင်းခရစ်တော်ကိုယ်တိုင်သတိပေးထားတော်မူ၏။

အပြစ်ဆိုသည်မှာအဘယ်နည်း။ ကျွန်ုပ်တို့အမှန်သိလိုကြပါသည်။ အပြစ်သည်ကားပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း။ အပြစ်အကြောင်းနှင့်ပတ်သက်၍ဤမျှသာသမ္မာကျမ်းကအနက်ဖွင့်ဆိုထားပါသည်။ ထို့ကြောင့်ဘုရားသခင်လမ်းပြတော်မူခြင်းကိုရရှိထားပါသည်ဟုအဆိုပြုသောသူများအနေဖြင့်ဘုရားသခင်နှင့်တကွကိုယ်တော်၏ပညတ်တော်များမှလုံးဝခွဲခွာသွားကြသောသူများသာလျှင်သမ္မာကျမ်းကိုမလေ့လာမရှာဖွေကြောင်းသိနိုင်ပါသည်။ သို့သော်ဘုရားသခင်သည်မိမိ၏ပရိသတ်အားလမ်းပြပို့ဆောင်တော်မူမည်သာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်ကိုယ်တော်ကမိမိ၏သိုးတို့သည်မိမိ၏အသံကိုကျွမ်းသောကြောင့်မိမိနောက်သို့လိုက်တတ်ကြ၏၊ မဆိုင်သောသူတို့၏စကားသံကိုမကျွမ်းသောကြောင့်မဆိုင်သောသူနောက်သို့မလိုက်ဘဲပြေးတတ်ကြသည်ဟုမိန့်တော်မူ၏။ သို့ဖြစ်၍ သမ္မာကျမ်းကို စေ့စေ့စပ်စပ်နားလည်သဘောပေါက်ထားဖို့

အမှန်လိုအပ်ပါသည်။ ထိုအခါအခြားသောသူများ၌သမ္မာတရားရှိမရှိ
သိဖို့ရန်မေးဖို့လိုတော့မည်မဟုတ်ပါ။ သူတို့၏အကျင့်ဓလေ့၌ထင်ရှား
ပေါ်လွင်နေမည်သာတည်း။

စာတန်ကလည်းနိမိတ်လက္ခဏာများပြပါလိမ့်မည်
စာတန်ကမိမိသည်ခရစ်တော်ဖြစ်သည်ဟုဆိုလျက်ပရိသတ်
ရှေ့မှောက်၌အံ့သြဖွယ်ရာနိမိတ်လက္ခဏာများပြချိန်ရောက်လာပါ
လိမ့်မည်။ ထိုကြောင့်မိမိ၏ခြေတို့ကိုသမ္မာတရားတော်၌အခြေစိုက်
မထားလျှင်ခြေချော်လိမ့်မည်။ လုံခြုံမှုရဖို့တစ်ခုတည်းသောနည်းလမ်း
မှာဝှက်ထားသောရတနာသိုက်ကိုရှာဖွေသကဲ့သို့ဘုရားသခင်၏
သမ္မာတရားတော်ကိုရှာဖွေရပါမည်။ မြေ၌မြှုပ်ထားသောဘဏ္ဍာကို
တူး၍ရှာသကဲ့သို့သမ္မာတရားတော်ကိုတူးဆွရှာဖွေရပါမည်။ ဘုရားသခင်
၏နှုတ်ထွက်တရားတော်တည်းဟူသောသမ္မာကျမ်းကိုဘုရားသခင်၏
ရှေ့တော်သို့တင်ဆက်လျက် "ကျွန်တော်ကျွန်မအားသမ္မာတရားကို
သင်ပြတော်မူပါ၊ အလင်းတရားပေးတော်မူပါ" ဟုတောင်းလျှောက်
ကြပါ။

သင်၏စိတ်နှလုံးသည်သမ္မာတရားတော်ကိုစွဲမှတ်ထားနိုင်ဖို့
ကိုယ်တော်၏သန့်ရှင်းသောဝိညာဉ်တော်သည်သင်၏စိတ်နှလုံးအ
တွင်းသို့ကြွဝင်တော်မူသောအခါသမ္မာကျမ်းကိုအလွယ်တကူလက်
လွှတ်တော့မည်မဟုတ်ပါ။ ထိုအခါသမ္မာကျမ်းကိုလေ့လာရာ၌အတွေ့
အကြုံကြွယ်ဝပြီဖြစ်သောကြောင့်အချက်အလက်ရှိသမျှကိုဆည်းပူး
ဆောက်တည်ပြီးဖြစ်ပါလိမ့်မည်။ အစဉ်မပြတ်ဆက်လက်ရှာဖွေလေ့
လာရန်လိုအပ်သည်သာမကအရေးကြီးပါသည်။ ကျွန်ုပ်တို့သည်
ဘုရားသခင်၏သားသမီးများနှင့်အတူတကွမနေရ၊ မထိုင်ရသည်၃၃၃

သာမကမတွေ့ရသည့်အခါများရှိကောင်းရှိမည်ဖြစ်သောကြောင့် ဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုဦးနှောက်အတွင်း၌သိုဝှက်ထားဖို့အမှန်လိုအပ်ပါသည်။ သို့ဖြစ်၍ဆိုင်ပြိုင်တိုက်လှန်ရခြင်းများနှင့်ကြုံရသောအခါသမ္မာကျမ်းနှင့်ယှဉ်၍ဆုံးဖြတ်နိုင်ရန်ဘုရားသခင်၏နှုတ်ထွက်တရားတော်ဆိုင်ရာဘဏ္ဍာရတနာများကိုမိမိတို့၏စိတ်နှလုံးအတွင်း၌သိုဝှက်ထားပြီးဖြစ်ဖို့အလိုရှိကြမည်သာတည်း။

---× × ×---

# ပညတ်တော်စောင့်သည့်ဘုရားသခင်၏ပရိသတ်

မစက်ချူးစက်ပြည်နယ်၊ တောင်လင်ကက်စတာမြို့၌
၁၈၈၉ ခု၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် "ကိုယ်တော်၌
အလင်းရှိ၏" ခေါင်းစဉ်ဖြင့်ဟောကြားသောခရစ်ယာန်တရားမှ
ကောက်နုတ်ချက်။ ၁၈၈၉ ခု၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့၊
ပြန်လည်သုံးသပ်ခြင်းနှင့် သံတော်ဆင့် မဂ္ဂဇင်းဆောင်းပါး။

ပညတ်တော်တို့ကိုစောင့်ထိန်းပါသည်ဟုအဆိုပြုသည့်ဘုရားသခင်၏ပရိသတ်အားကောင်းကင်တစ်ခွင်လုံးကလွန်စွာစိတ်ဝင်စားလျက်စောင့်ကြည့်နေကြပါသည်။ ဘုရားသခင်၏ပြည့်စုံကြွယ်ဝသောကတိတော်များကိုခံစားထိုက်သောပရိသတ်မှာဧင်းတို့ဆောင်ရွက်ကြသည့်လုပ်ငန်းဆောင်တာများ၌ဘုရားသခင်၏ဘုန်းတော်ကိုရောင်ပြန်ဟပ်စေနိုင်ခြင်းငှါဂုဏ်အသရေတစ်ဆင့်မှတစ်ဆင့်သို့လည်းကောင်း၊ စွမ်းဆောင်ရည်တစ်ဆင့်မှတစ်ဆင့်သို့လည်းကောင်းတက်လှမ်းနေသောအကျင့်ကိုမြင်၍ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘ၏ဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှါသူတစ်ပါးရှေ့၌သင်တို့၏အလင်းကိုလင်းစေကြလော့" ဟုယေရှုမိန့်တော်မူ၏။ (မဿဲ၊ ၅း၁၆)။

ကျွန်ုပ်တို့သည်ဘုရားသခင်၏ထံတော်မှကောင်းချီးအမြောက်အမြားကိုရရှိခံစားရကြပါသည်။ သို့သော်ဤမျှဖြင့်သာကျေနပ်ပြီးရပ်နားနေရန်မဟုတ်ပါ။ ကောင်းကင်ဘုံမှဘုရားသခင်ပေးပို့တော်မူသည့်အလင်းတော်ရောင်ခြည်များကိုလည်းပို၍ပို၍ရယူရန်လိုပါသေးသည်။ ထိုနောက်ထိုအလင်းကိုအဆင်ပြေစွာလက်ခံနိုင်သည့်နေရာ၌ရပ်လျက် အခြားသောသူများသွားရာလမ်းခရီးကိုလင်းစေခြင်းငှါ

အရင်းတိုင်းထပ်ဆင့်ပေးပို့ထွန်းလင်းစေရပါမည်။ အမှုတော်ဆောင်ရွက်ခြင်းအတွက်ယခုရရှိသည့်ရဲရင့်ခြင်းအစွမ်းနှင့်ယုံကြည်စိတ်ချရခြင်းမျိုးကိုယခင်၌မည်သည့်အချိန်ကမျှမရရှိခဲ့ဖူးပါ။ ဘုရားသခင်၏ပညတ်တော်တို့ကိုမရိုမသေမလိုက်နာသောသူများ (သို့မဟုတ်) လိုက်နာပါသည်ဟုအဆိုမပြုသောသူများသည်ယနေ့လောက၌များပြားလှပါသည်။ သို့ပါလျက်ဘုရားသခင်၏ကောင်းချီးများကိုငင်းတို့ကလည်းရယူခံစားနေကြပါသည်။ ယင်းကောင်းချီးများကိုခံစားသင့်သည့်အခြေခံစည်းကမ်းများကိုမလိုက်နာဘဲထိုကောင်းချီးများကိုရယူခံစားနေကြပါသည်။ ယင်းကောင်းချီးများသည်သူတို့နှင့်မထိုက်တန်ပါ။

သို့သော်ပညတ်တော်တို့ကိုစောင့်ထိန်းသောဘုရားသခင်၏လူတို့အနေဖြင့်ကိုယ်တော်၏သားသမီးတို့အားပေးသနားတော်မူသည့်ကောင်းချီးအပေါင်းကိုအဘယ်သို့လျှင်ရပိုင်ခွင့်မရှိဘဲနေပါမည်နည်း။ ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုပညတ်တရား၌မြင်သာပါ၏။ လက်ဝါးကပ်တိုင်၌မူကား "ကရုဏာနှင့်သစ္စာဆုံမိပြီ၊ တရားနှင့်ချမ်းသာသည်တစ်ပါးကိုတစ်ပါးနမ်းကြပြီ။" (ဆာလံ ၈၅း၁၀)။ အမှုတော်ဆောင်ရာ၌ယင်းသို့သမအောင်ကောင်းစွာစပ်မိဖို့လိုပါသည်။

သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းတရားသည်ခရစ်တော်၌ထင်ရှားသကဲ့သို့ထင်ရှားစေရန်ဘုရားသခင်၏မေတ္တာတော်ဖြင့်တင်ဆက်ရပါမည်။ ထိုအခါမည်မျှလောက်စင်ကြယ်သန့်ရှင်းကြောင်းပေါ်လွင်ပါလိမ့်မည်။ ကိုယ်ကျင့်တရားညစ်ညမ်းမှုရှိသမျှသန့်စင်စေဖို့လိုကြောင်းကိုလည်းမြင်သာပေလိမ့်မည်။ ယင်းသို့ပေါ်လွင်မြင်သာသောအခါရွေးနုတ်တော်မူသောသခင်မြင့်မြတ်တော်မူပုံကိုလည်းကောင်း၊ ကိုယ်တော်၏ကရုဏာတော်နှင့် ကြင်နာတော်မူခြင်းကြွယ်ဝပုံကို

လည်းကောင်းသိမြင်ရကြသဖြင့်အလင်းတရားကိုမမြင်နိုင်စေရန် ၎င်းတို့အားကာဆီးထားသည့်ခေါင်းမာသောစိတ်ထားများအရည်ပျော် လိမ့်မည်။

ကျွန်ုပ်တို့ရှိရှိသမျှသည်ကျောက်တော်ပေါ်၌လဲကျ၍ကျိုးပဲ့ ကြေမွရကြပါလိမ့်မည်။ ထိုအခါဆက်လက်၍ခေါင်းမာနေသူရှိနိုင်ပါ ဦးမည်လား၊ မိမိကိုယ်ပိုင်ဖြောင့်မတ်ခြင်းကိုကိုင်စွဲထားသူရှိနိုင်ပါဦး မည်လား၊ ခရစ်တော်မြင့်မြတ်တော်မူပုံကိုမမြင်နိုင်သူရှိပါဦးမည်လား၊ သခင်ယေရှု၏မေတ္တာတော်ဆွဲဆောင်ခြင်းကိုမခံမယူသူရှိနိုင်ပါဦးမည် လား၊ ကိုယ်ကိုကိုယ်အထင်ကြီးစရာစိုးစဉ်းမျှရှိပါဦးမည်လား။

ကျွန်ုပ်တို့သည်ဘုရားသခင်၏ထံတော်သို့ပို၍နီးကပ်စွာချဉ်း ကပ်ဖို့လိုပါသည်။...မည်သည့်အတွက်ကျွန်ုပ်တို့၏နှလုံးသား များကဘုရားသခင်၏မေတ္တာတော်ကိုအာရုံမခံစားဘဲနေနိုင်ကြပါ သနည်း။ ကျွန်ုပ်တို့၏ကောင်းကင်ဘုံအဖဘုရားသခင်အကြောင်းကို မည်သည့်အတွက်ကျွန်ုပ်တို့မမှန်းဆနိုင်ကြပါသနည်း။ ကျွန်မအား ဘုရားသခင်ပြတော်မူသည့်အလင်းတရားအရဆိုပါကကျွန်ုပ်တို့၏ အဖဘုရားသခင်အားစာတန်ကဖြစ်နိုင်သည့်နည်းမျိုးစုံဖြင့်မဟုတ်မမှန် ကိုယ်စားပြုထားသောကြောင့်ဖြစ်ကြောင်းကျွန်မသိရပါသည်။ ကျွန်ုပ်တို့၏ဘုရားသခင်သည်ကရုဏာတော်သခင်ဖြစ်ကြောင်း၊ ကြင်နာ တော်မူကြောင်း၊ ဖြောင့်မှန်တော်မူကြောင်းမသိနားမလည်စေရန် ကျွန်ုပ်တို့၏ရှေ့မှောက်လမ်းစဉ်၌စာတန်ကသူ၏ငရဲအရိပ်ကိုဖြန့်ကာ ထားသောကြောင့်ဖြစ်ပါသည်။ ထိုနည်းအားဖြင့်ကျွန်ုပ်တို့၏စိတ် နှလုံးများသည်သံကျောက်ကဲ့သို့ခိုင်မာနေကြပါသည်။

ထိုမျှမကကျွန်ုပ်တို့၏အပေါ်သို့အခမ္ဘလူစာတန်ကလွှမ်းအုပ်ထားသည့်အမှောင်ထုအကြောင်းကိုကျွန်ုပ်တို့ပြော၍ဆွေးနေတတ်ကြပါသည်။ ယင်းသို့ဆွေးနွေးနေခြင်းအားဖြင့်အခြားသောသူများအားယင်းအမှောင်ထုအတွင်းသို့ဆွဲသွင်းရာရောက်ပါသည်။ ထိုကြောင့်ကျွန်ုပ်တို့အားထိခိုက်စေသောအရာကသူတစ်ပါးတို့အတွက်ထိမိ၍လဲစရာဖြစ်စေပါသည်။ ကျွန်ုပ်တို့ပြောဆိုကြသည့်မယုံကြည်သောစကားရပ်များကသူတစ်ပါးတို့အားအမှောင်ဖုံးလွှမ်းစေလျက်သံသယဖြစ်စေပါသည်။

ယင်းသို့ကျွန်ုပ်တို့ပြုကြဖို့မလျော်မသင့်ပါ။ ယင်းသို့ပြုလျှင်ကောင်းကင်ဘုံ၌ရှိတော်မူသည့်ကရုဏာတော်သခင်သည်ကျွန်ုပ်တို့၏အဖဘုရားသခင်အားအလင်းတရားအတုဖြင့်ဖေါ်ညွှန်းနေခြင်းဖြစ်ပါသည်။ ထိုကြောင့်ယင်းပုံစံများကိုပြောင်းသင့်ပါပြီ။ ဘုရားသခင်၏ဖြောင့်မှန်သောအလင်းတရားကိုကျွန်ုပ်တို့စုစည်းရယူလျက်အခြားသောသူများသွားရာအမှောင်ဖုံးသောလမ်းအတွက်အလင်းဖြစ်စေသင့်ပါသည်။ ဤလောက၏အလင်းဖြစ်တော်မူသည့်ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သောသူများအတွက်ကောင်းကင်မှအလင်းရောင်ထိုးနေပါသည်။ ထိုကြောင့်ကိုယ်တော်က "ငါ့နောက်သို့လိုက်သောသူသည်မှောင်မိုက်၌မသွားမလာ၊ အသက်၏အလင်းကိုရလိမ့်မည်ဟုမိန့်တော်မူ၏။" (ယောဟန် ၈း၁၂)။

ကျွန်ုပ်တို့သည်ဝမ်းနည်းခြင်းများဖြင့်ညည်းတွားမြည်တမ်းနေကြပါလျှင်သခင်ယေရှု၏ဘာသာအယူအဆနှင့်ပတ်သက်၍မည်ကဲ့သို့သက်သေခံနေကြပါသနည်း။ သမ္မာတရားတော်သည်အသက်ဝိညာဉ်ကိုသန့်ရှင်းစေတတ်ကြောင်း၊ အကြံအစည်များကိုညစ်ညမ်းမှုကင်းစေလျက်စင်ကြယ်စေနိုင်ကြောင်း၊ အသက်တာနှင့်အကျင့်ခလေ့

ကိုမြှင့်တင်ပေးနိုင်ကြောင်းပညတ်တရားတော်ကိုစောင့်ထိန်းသူများက ထင်ရှားပြသသင့်ပါသည်။ ကျွန်ုပ်တို့၏အသက်တာများ၌ဘုရားသခင်၏ပုံသဏ္ဌာန်တော်ဆိုင်ရာကိုယ်ကျင့်တရားပြန်လည်ရှင်သန်တည်မြဲလျက်ကျွန်ုပ်တို့၏ဝန်းကျင်ရှိပရိသတ်အပေါ်ရောင်ပြန်ဟပ်စေရန်ကျွန်ုပ်တို့အတွက်ခရစ်တော်အသေခံတော်မူ၏။

ကျွန်ုပ်တို့သည်အသက်စမ်းရေတွင်းရှိအသက်စမ်းရေကိုနက်သည်ထက်ပို၍နက်အောင်ခပ်ယူသောက်သုံးဖို့လိုပါသည်။ ထာဝရကာလအတွက်ပြည့်စုံကုံလုံစွာမလုပ်ဆောင်ဘဲကျေနပ်နေကြဖို့မသင့်ပါ။ ယနေ့မှအစပြုလျက်ကျင့်ကောင်းခလေ့အားဖြင့်လည်းကောင်း၊ ပုံစံမူနာအားဖြင့်လည်းကောင်းခရစ်တော်၏ကိုယ်စားလှယ်များဖြစ်ကြောင်းကျွန်ုပ်တို့အားလုံးသာဓကပြကြဖို့ကျွန်မမျှော်လင့်ပါသည်။ "အကျွန်ုပ်၏ဝိညာဉ်အတွက်ဘုရားသခင်မည်သို့ပြုတော်မူသည်ကိုနားထောင်ပါလော့" ဟုသင်၌အသက်ရှင်သောသက်သေခံချက်ရှိကောင်းရှိပေမည်။ ပို၍ကြီးမားများပြားသောကောင်းချီးများသွန်းလောင်းတော်မူဖို့ဘုရားသခင်သည်အမြဲအစဉ်အသင့်ရှိနေတော်မူ၏။

မိမိ၏ကောင်းမြတ်တောမူခြင်းရှိသမျှကိုမောရှေ၏ရှေ့မှောက်၌ပြန့်သွားစေဖို့ဘုရားသခင်ခွင့်ပြုတော်မူ၏။ ဘုရားသခင်သည်ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူကြောင်း၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကိုဖြေလွှတ်တော်မူသောဘုရားသခင်ဖြစ်တော်မူကြောင်းကိုကြွေးကြော်တော်မူ၏။ မောရှေသည်ထိုထိုသောကျင့်ကောင်းခလေ့များဖြင့်ဣသရေလပရိသတ်ရှေ့၌

ဘုရားသခင်အားကိုယ်စားပြုရမည်ဖြစ်ရာကျွန်ုပ်တို့သည်လည်းအလား တူစွာကိုယ်စားပြုကြရန်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည်ရှေ့သို့ချီတက်လျက်ဘုရားသခင်ကောင်းမြတ်တော်မူကြောင်းကိုကြွေးကျော်လျက်ကိုယ်တော်၏ဂုဏ်တော်မှန်ကိုလူထုရှေ့၌ထင်ရှားစွာဖော်ပြရပါမည်။ ကိုယ်တော်၏ဘုန်းတော်ကိုလည်းရောင်ပြန်ဟပ်ရပါမည်။ လွန်ခဲ့သောအချိန်ကကျွန်ုပ်တို့သည်ယင်းသို့ဆောင်ရွက်ခဲ့ကြပါ၏လား။ ကျင့်ကောင်းဓလေ့အားဖြင့်လည်းကောင်း၊ ပုံစံနမူနာအားဖြင့်လည်းကောင်းဘုရားသခင်၏ဘုန်းတော်ကိုကျွန်ုပ်တို့သည်ထင်ရှားစေကြပါပြီလား။ အသက်ဝိညာဉ်အပေါင်း၏ရန်သူကြီးနှင့်ဆိုင်သောလုပ်ငန်း၌ကျွန်ုပ်တို့ပါဝင်ပူးပေါင်းလျက်ကောင်းကင်ဘုံအဖဘုရားသခင်အားမဟုတ်မမှန်ကိုယ်စားပြုကြပါသေးသလား။ ကျွန်ုပ်တို့၏ညီအစ်ကိုတို့၏စကားရပ်များနှင့်လှုပ်ရှားပုံများကိုဝေဖန်ခြင်းဖြင့်၎င်းတို့အားပြစ်တင်စီရင်မှုပြုကြပါသေးသလား။ ယင်းသို့ပြုမိကြလျှင်ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်း၌ဘုရားသခင်၏မေတ္တာတော်မတည်ရှိနိုင်ပါ။ ကျွန်ုပ်တို့ပြတ်ပြတ်သားသားဆုံးဖြတ်လျက်ပြောင်းလဲကြပါစို့။

---× × ×---

# ကျွန်ုပ်တို့၏ယုံကြည်ခြင်းအမျိုးအစား

မင်နီယာပိုးလစ်ကွန်ဖရင့် အစည်းအဝေးပွဲအပြီး လအနည်း
ငယ်အတွင်း ကန်စပြည်နယ်၊ အော့တဝါမြို့၌ ၁၈၈၉ ခု၊
မေလ ၁၁ ရက်၊ ဥပုသ်နေ့တွင် အယ်လင်ဂျီဝှိုက်ဟောကြားသည့်
လွယ်ကူ၍လက်တွေ့ကျသောဒေသနာ။ ၁၈၈၉ ခု၊ လက်ရေး
မူစာတွဲအမှတ် ၁။
ယောဟန် ၃း၁–၁၆။ (တရားဟောသူကိုယ်တိုင်ဖတ်ပါသည်)။

ကောင်းကင်ဘုံသို့သွားရာလမ်းခရီးအကြောင်းကိုသမ္မာကျမ်း၏အခြားကဏ္ဍများ၌ပို၍တိတိကျကျဖော်ပြထားခြင်းမရှိလျှင်ဤကျမ်းချက်များ၌ဖော်ပြပါရှိပါသည်။ စိတ်နှလုံးပြောင်းလဲခြင်းအကြောင်းကိုလည်းအနက်ဖွင့်ဆိုထားပါသည်။ ကယ်တင်ခြင်းရဖို့မည်သို့မည်ပုံဆောင်ရွက်ရမည်ကိုလည်းဖော်ညွှန်းထားပါသည်။ ထိုမျှမကဓမ္မမိတ်ဆွေအပေါင်းတို့၊ ဘာသာရေးနယ်ပယ်အတွင်းဤလောက၌ဆောင်ရွက်ရမည့်လုပ်ငန်းဆောင်တာကိုအောက်ခြေအထိမသွယ်မဝိုက်တိုက်ရိုက်သွန်သင်မှုပေးထားပါသည်။ တစ်စုံတစ်ရာထူးထူးခြားခြားပြောင်းလဲမှုမရှိဘဲဘုရားသခင်၏သားသမီးဖြစ်လာနိုင်သည်ဟုဆိုသည့်သဘောတရားကိုလည်းတိုက်ရိုက်ဆန့်ကျင်ထားပါသည်။ ဘုရားသခင်၏သမ္မာတရားတော်၌စင်ကြယ်စေနိုင်သည့်တန်ခိုးရှိသောကြောင့်ကျွန်ုပ်တို့၏စိတ်နှလုံးများအတွင်း၌ယင်းသမ္မာတရားတော်နေရာယူပြီးဖြစ်ပါကကျွန်ုပ်တို့ပြတ်ပြတ်သားသားပြောင်းလဲပါသည်။ အဆင့်မြင့်သောသမ္မာတရားကိုရရှိပြီးဖြစ်သည်ဟုကျွန်ုပ်တို့အဆိုပြုကြသကဲ့သို့အလားတူစွာအခြားအဆိုပြုသောသူများ၌ဖြောင့်မတ်ခြင်း

တရားဆိုင်ရာအသီးများကိုမြင်တွေ့ရလျှင်ထိုသူတို့သည်လည်း ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ထားပြီးဖြစ်ကြောင်းသာဓကပြသည့် လုပ်ရှားမှုလမ်းစဉ်ရှိမည်သာတည်း။ နိကောဒင်အားခရစ်တော်ကိုယ်တိုင် ကကြိုတင်မြွက်ဆိုတော်မူခဲ့သည့်အတိုင်းဣသရေလ၏မြော်လင့်ရာ ဖြစ်စေသောခရစ်တော်အားလက်ဝါးကပ်တိုင်ပေါ်၌ရိုက်ထားလျက် မြောက်ထားခြင်းခံရသောအခါတပည့်တော်များ၏မြော်လင့်ခြင်း သည်သခင်ယေရှုနှင့်အတူသေဆုံးချုပ်ငြိမ်းကြပါသည်။ မည်သည့် အတွက်ကြောင့်ယင်းသို့ဖြစ်ရသည်ကိုတပည့်တော်များကရှင်းမပြနိုင်ကြ ပါ။ ယင်းသို့ဖြစ်ရမည်ဟုခရစ်တော်ကကြိုတင်၍ပြောပြမှာထားခဲ့သော် လည်းတပည့်တော်များကနားမလည်နိုင်ကြပါ။

သို့သော်ခရစ်တော်ထမြောက်တော်မူသောအခါသူတို့၏ မြော်လင့်ခြင်းများသည်လည်းကိုယ်တော်နှင့်အတူထမြောက်ကြပါ သည်။ ထိုတွင်မှခရစ်တော်၏အကြောင်းကိုလည်းကောင်း၊ လက်ဝါးကပ်တိုင်ပေါ်၌ရိုက်ထားခြင်းခံရသည့်သခင်၏ကြောင်း ကိုလည်းကောင်းသူတို့ကြွေးကြော်ဟောပြောကြပါသည်။ အသက်၏ သခင်ကိုယ်တော်အားမေ့လူတစ်စုမည်ကဲ့သို့ဖမ်းဆီးသွား ကြကြောင်း၊ မည်ကဲ့သို့လက်ဝါးကပ်တိုင်ပေါ်၌ရိုက်ထားကြကြောင်း သို့သော်ထိုသခင်သည်သေခြင်းမှထမြောက်တော်မူပြီးဖြစ်ကြောင်းကို ပြတ်ပြတ်သားသားဟောကြပြောကြ၏။ ဤနည်းအားဖြင့်အသက် နှင့်ဆိုင်သောတရားတော်များကိုရဲရဲရင့်ရင့်ဟောပြောကြရာပရိသတ် အများကအံ့အားသင့်ကြပါသည်။

ယေရှုသည်မေရှိယသခင်ဖြစ်တော်မူကြောင်းတပည့်တော်များ ကယင်းသို့ရဲစွမ်းသတ္တိအပြည့်အဝဖြင့်ကြွေးကြော်ကြသောအခါတရားနာ

ပရိသတ်အများစုနှင့်တကွဖါရိရှဲတို့ကထိုဟောပြောသူများသည် ယေရှုရှင်နှင့်အတူနေထိုင်ခဲ့ကြသောကြောင့်ကိုယ်တော်၏အကြောင်း ကိုအတပ်သိသူများဖြစ်သည်ဟုအနက်ကောက်ကြပါသည်။ သခင်ယေရှုပြောဟောတော်မူသကဲ့သို့တပည့်တော်များပြောဟောကြပါ ဖြစ်သည်ဟုကြားနာရသူများကအတပ်မှတ်ယူကြပါသည်။ အချိန် ကာလအစဉ်အဆက်တပည့်တော်များသည်မည်သည့်အခြေအနေ၌ရှိခဲ့ကြ ပါသနည်း။ ခရစ်တော်အကြောင်းကိုသူတို့သိခဲ့ကြသည်မဟုတ်ပါလား။ ကိုယ်တော်၏ကျောင်းတော်၌သူတို့နေ၍ကိုယ်တော်၏ကျောင်းသား များဖြစ်ခဲ့ကြသည်မဟုတ်ပါလား။ ထိုကြောင့်လူ၏စိတ်ဝိညာဉ်နှင့် ဘုရားသခင်စပ်ကြားအသက်လမ်းဆက်စပ်နေပုံကိုခရစ်တော်သင်ပြ တော်မူသည့်သင်ခန်းစာများမှတပည့်တော်တို့သည်သင်ယူရရှိထားကြပါ သည်။ ကျွန်ုပ်တို့အားကယ်တင်ခြင်းပေးနိုင်သည့်အသက်ရှင်သော ယုံကြည်ခြင်းသာလျှင်အဓိကအချက်ဖြစ်ရာကျွန်ုပ်တို့၏ဖြောင့်မတ် ခြင်းဖြစ်တော်မူသည့်ခရစ်တော်၊ လက်ဝါးကပ်တိုင်ပေါ်၌ရိုက်ထားခြင်း ကိုခံရပြီးမှထမြောက်တော်မူသောခရစ်တော်၊ ထိုခရစ်တော်၏အသွေး တော်တည်းဟူသောကောင်းမှုကုသိုလ်တော်များကိုကျွန်ုပ်တို့စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားသင့်ပါသည်။

လူသား၏အသက်ဝိညာဉ်ကိုမှုန်ဝါးဝါးအခြေအနေကဝန်းရံ ထားပုံပေါ်နေပါသည်။ ယင်းအခြေအနေကလည်းလူသား၏စိတ် အာရုံအတွင်း၌စွဲကပ်နေပါသည်။ ယင်းသို့မှုန်ဝါးဝါးဖြစ်နေသည့် သို့လောသို့လောအခြေအနေနှင့်မယုံကြည်မှုကိုတစ်နည်းအားဖြင့် ထိုအားနည်းသော ယုံကြည်ခြင်းကိုချိုးဖေါက်၍ မဖြစ်နိုင်သလောက်

ခက်ခဲပါသည်။ မိမိအနေဖြင့်ကယ်တင်ခြင်းရဖို့မည်သို့မည်ပုံပြုလုပ်ရမည်ကိုသဘောပေါက်ရန်အမှန်စိတ်ဝင်စားမှုနိုးထလာစေဖို့မှာလည်းမဖြစ်နိုင်သလောက်ပင်ခက်ခဲပါသည်။

ကယ်တင်ပြီးဖြစ်ဖို့လွယ်ကူပုံ

ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုဆုပ်ကိုင်ထားသူ အနေဖြင့်မိမိ၏အပြစ်မကောင်းမှုများကိုမိမိကိုယ်တိုင်သင်ပုန်းချေဖို့တစ်ခဏမျှပင်စောင့်ဆိုင်းဖို့မလိုပါ။ ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုလက်ဆုပ်လက်ကိုင်ရယူနိုင်ဖို့အတွက်ဦးစွာပထမသင့်လျော်စွာနောင်တရထားရန်လည်းမလိုပါ။ ကယ်တင်ခြင်းဆိုင်ရာရေးရာကိုကျွန်ုပ်တို့နားမလည်ပါ။ ကကြီး၊ ခခွေးလွယ်သည်နည်းတူကယ်တင်ခြင်းရဖို့လွယ်ပါသည်။ သို့သော်ကျွန်ုပ်တို့နားမလည်ပါ။

သို့ဖြစ်ရာပုဂ္ဂိုလ်တစ်ယောက်မည်ကဲ့သို့နောင်တရပါသနည်း။ သူကိုယ်တိုင်ကြောင့်ပါလား၊ မဟုတ်ပါ။ လူသား၏သဘာဝစိတ်ထားသည်ဘုရားသခင်နှင့်လုံးဝဆန့်ကျင်နေသောကြောင့်ယင်းသဘာဝစိတ်နှလုံးအနေဖြင့်နောင်တတရားရဖို့စွမ်းအားမရှိပါ။ ထိုကြောင့်မိမိ၏စိတ်နှလုံးမည်ကဲ့သို့လျှင်လှုပ်ရှားစေလျက်နောင်တရနိုင်ပါမည်နည်း။ လူသားသည်နောင်တတရားလမ်းအတွင်းသို့မည်ကဲ့သို့ရောက်လာပါသနည်း။ ခရစ်တော်ယေရှုကခေါ်ဆောင်ခဲ့ခြင်းသာဖြစ်ပါသည်။ ကိုယ်တော်ကမည်ကဲ့သို့ဆောင်ယူခဲ့ပါသနည်း။ ကိုယ်တော်ဆောင်ယူခဲ့သည့်နည်းလမ်းပေါင်းထောင်နှင့်ချီ၍ရှိပါသည်။

ထာဝရဘုရားသခင်သည် ကောင်းကင်ဘုံမှလူသား၏စိတ်အာရုံကိုအစဉ်တစိုက်ဆွဲဆောင်လျက်ရှိတော်မူ၏။ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကလည်းလူသားအားဖိတ်ခေါ်လျက်ရှိ၏။ ထိုမျှမက

ယေရှုခရစ်တော်ကိုယုံကြည်လျက်၎င်းတို့၏အကျင့်ဓလေ့များ၌ ခရစ်တော်ပေါ်လွင်ပါကထိုသူများကလည်းဖိတ်ခေါ်နေကြပါသည်။ ထိုသူတို့အနေဖြင့်နှီးနှောပြောဆိုခြင်းပြုကောင်းမှပြုကြပေမည်၊ သူတို့အနေဖြင့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံသို့တိုက်ရိုက်သွား ရောက်လျက်ထိုပုဂ္ဂိုလ်၏နောင်တမရသေးသောအခြေအနေကိုပြော ပြကောင်းမှပြောပြပေမည်၊ သို့သော်ထိုပုဂ္ဂိုလ်သည်ခရစ်တော်ယေရှု့ တပည့်တော်တစ်ဦးတစ်ယောက်နှင့်ဆုံရကြုံရသောအခါမိမိ၌မရှိ သေးသည့်အရာတစ်စုံတစ်ခုကိုထိုတပည့်တော်၌ရှိနေကြောင်းတွေ့မြင် နိုင်ပါလိမ့်မည်။ မိမိတို့အနေဖြင့်အနက်မဖေါ်နိုင်သည့်ရေးရာများကို တပည့်တော်တို့၌ရှိနေပုံကိုဖာရိရှဲတို့မြင်သိကြပါသည်။ တပည့်တော် များ၌အံ့သြဖွယ်သောအရာတစ်ခုခုရှိနေသည်မှာ၎င်းတို့အနေဖြင့် ယေရှုသင်ပြတော်မူခြင်းများကိုနာယူလျက်ကိုယ်တော်ထံမှသင်ခန်း စားများရထားသောကြောင့်ဖြစ်သည်ဟုဖာရိရှဲတို့စွဲမှတ်ထားကြသည်။

လူ၏စိတ်နှလုံးအတွင်းစွဲမှတ်ထားသည့်အရာတစ်စုံတစ်ခု အမြဲရှိနေတတ်ပါသည်။ လူသား၏စိတ်ဝိညာဉ်ကိုဝန်းရံထားသည့် အခြေအနေတစ်ရပ်အမြဲရှိနေတတ်ပါသည်။ ယင်းအခြေအနေကား ကောင်းကင်အခြေအနေ (သို့မဟုတ်) ငရဲအခြေအနေတစ်ခုခုဖြစ် နိုင်ပါသည်။ ယင်းအခြေအနေနှစ်မျိုးကိုထင်ရှားသည့်စည်းဖြင့်တား ထားပါသည်။ ထို့ကြောင့်ကျွန်ုပ်အနေဖြင့်ခရစ်တော်၏ဘက်၌မရှိလျှင် ရန်သူ၏ဘက်၌ရှိက်မည်သာဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့်ဘုရားသခင် နှင့်ဆိုင်သောဘုန်းတော်ရောင်ခြည်ကိုစဉ်ဆက်မပြတ်ခံယူနေကြပါက ဘုရားသခင်၏ကောင်းကင်တမန်များကကျွန်ုပ်တို့အားဝန်းရံထားကြ မည်ဖြစ်ရာ ကျွန်ုပ်တို့၏လူသားဆိုင်ရာဝန်းကျင့်အခြေအနေထူးခြား

မည်ဖြစ်ပါသည်။ ထိုအခါကျွန်ုပ်တို့၏စိတ်နေသဘောထား၊ ကိုယ်နေ
ကိုယ်ဟန်များ၊ ပြောဆိုအသုံးပြုသောစကားလုံးများကပါပြောင်းလဲ
ကြောင်းကျွန်ုပ်တို့၏ဆွဲဆောင်မှုစက်ဝန်းအတွင်းသို့ဝင်ရောက်လာ
သူတိုင်းအားသာဓကပြပါလိမ့်မည်။ "ဝိညာဉ်တော်နှင့်ထိမ်းမြားသူ
သူတို့သမီးကလာခဲ့ပါဟုဆိုကြ၏၊ ကြားသောသူကလည်းလာခဲ့ပါ
ဟုဆိုပါစေ။"

ကျွန်ုပ်တို့သည်အသက်ရှင်သောစပျစ်နွယ်ပင်၏အခက်
အလက်များဖြစ်ကြသောကြောင့်ယင်းစပျစ်နွယ်ပင်မမှစီးဆင်းသော
အသက်ရည်ကိုရကြပါသည်။ အခက်အလက်တိုင်းသို့ထိုအသက်
ရည်အစဉ်တစိုက်စီးဆင်းနေပါသည်။ ထိုကြောင့်ထိုအခက်အလက်
တိုင်းသည်လည်းဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသည့်အသီး
များသီးကြပါလိမ့်မည်။ "သင်တို့သည်များစွာသောအသီးကိုသီး"
စေခြင်းငှါ "အလိုရှိတော်မူ၏။" ထိုကြောင့်ကျွန်ုပ်တို့၏ပုံစံအနေ
အထားမည်သို့ရှိပါသနည်း။ အသက်ရှင်သောယုံကြည်ခြင်းဆိုင်ရာ
အနေအထားဖြစ်ဖို့လိုပါသည်။

**စဉ်းစားဉာဏ်ဖြင့်မဖော်ပြနိုင်ပါ**

"အကျွန်ုပ်စဉ်းစားကြည့်လိုက်ပါသည်" ဟုတစ်ယောက်သော
သူကဆိုပါသည်။ ကောင်းပေ၏။ ဆင်ခြင်သုံးသပ်နိုင်ပါကဆင်ခြင်
သုံးသပ်ပါလော့။ "လေသည်အလိုရှိတိုင်းသွားလာ၏။" လေ၏အသံ
ကိုကြားရသော်လည်းယင်းသို့ကြားရပုံကိုရှင်းမပြနိုင်ပါတကား။ ထို
နည်းနှင့်နှင့်လူသား၏စိတ်နှလုံးအပေါ်ဘုရားသခင်နှင့်ဆိုင်သောရေးရာ
များကိုရှင်းမပြနိုင်ပါ။ လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းကိုခံရပြီး
ထမြောက်တော်မူသောကယ်တင်ပိုင်သူ၏အသွေးတော်ဆိုင်ရာကောင်း

မြတ်တော်မူခြင်းများကိုကိုင်စွဲထားသည့်ယုံကြည်ခြင်းအကြောင်းကို လည်းရှင်းမပြနိုင်ပါ။ ထိုယုံကြည်ခြင်းသည်ကားသင်၏အသက်တာ သို့ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားကိုယူဆောင်ခဲ့သောယုံကြည် ခြင်းပေတည်း။ သင်၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းမဟုတ်၊ ခရစ်တော်၏ ဖြောင့်မတ်ခြင်းကိုဆင်မြန်းပြီးသောအခါမိမိအနေဖြင့်မည်ကဲ့သို့ပြု လုပ်နိုင်သည်၊ မည်ကဲ့သို့ပြုလုပ်မည်ကိုအားကိုးအားထားပြုတော့မည် မဟုတ်ပါ။ ခရစ်တော်မပါလျှင်လုပ်မိမိကိုယ်တိုင်အားဖြင့်မည်သို့မျှမပြုလုပ် နိုင်ကြောင်းသိပါ၏လား။ "ငါနှင့်ကွာလျှင်သင်တို့သည်အဘယ်အမှု ကိုမျှမတတ်နိုင်ကြ" ဟုကိုယ်တော်မိန့်တော်မူ၏။ (ယောဟန် ၁၅း၅)။

သင်သည်သင်၏ထမင်းစားပွဲ၌ထိုင်လျက်စားသောက်နေ သောအခါထိုစားစရာများကခရစ်တော်၏မေတ္တာတော်ကိုဖေါ်ပြပါ သည်။ ဘုရားသခင်၏နှုတ်ထွက်တရားတော်လာသမ္မာတရားများကို စာဖတ်သည့်စားပွဲ၌ထိုက်လျက်ဖတ်ရှုနာယူရသည်မှာလည်းဘုရားသခင် ပေးပို့တော်မူသည့်အသက်ရှင်သောသတင်းစကားဖြစ်ပါသည်။

ယခုတရားနာပရိသတ်အတွင်း၌ခရစ်တော်၏ဖြောင့်မတ်ခြင်း ကိုဆန့်ကျင်လျက်သို့လောသို့လောတွေးတောနေသူများရှိပါသေး သလား။ မေးခွန်းထုတ်နေသောသူများရှိပါသေးသလား။ မည်သူတို့က ယင်းသို့ပြုမူနေကြပါသနည်း၊ မည်သူ့ဘက်၌ရပ်တည်ကြမည်နည်း။

ယခုပင်တင်ဆက်ခဲ့ပြီးသည့်မွန်မြတ်လှသောသမ္မာတရား တော်များကိုတစ်ချက်ပြီးတစ်ချက်အနက်ကောက်ယူအဆများအတိုင်း ကြပါ၏လား (သို့မဟုတ်) ကိုယ်ပိုင်သဘောထားအယူအဆများအတိုင်း လိုက်လျှောက်ဖို့စဉ်းစားနေကြပါသေးသလား (သို့မဟုတ်) ဘုရားသခင် ၏နှုတ်ထွက်တရားတော်ကိုဖတ်သောအခါမိမိ၏ထင်မြင်ယူဆချက်နှင့်

စာတွေ့အတွေ့အကြုံများဖြင့်ပင်ဆုံးဖြတ်ကြပါမည်လား၊ (သို့မဟုတ်) မိမိတို့၏ထင်မြင်ယူဆချက်များနှင့်စာတွေ့အတွေ့အကြုံများ၌မည်သည့် ချွတ်ယွင်းချက်များရှိနေသည်၊ မည်ကဲ့သို့မလုံမလဲဖြစ်နေသည်ကို သိမြင်ဖို့ယင်းယူဆချက်နှင့်အတွေ့အကြုံများကိုဘုရားသခင်အသက် ရှင်စေသောအဖော်ပြခြင်းကဖွင့်ပြစေခြင်းငှါဆက်ကပ်ပါမည်လား။ မိမိတို့ဤသို့ယူဆပါသည်။ ထိုသို့ယုံကြည်ပါသည်ဟုအဆိုပြုလျက် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုမိမိတို့၏ထင်မြင်ယူဆချက်များ အတိုင်းမဆုံးဖြတ်နိုင်ပါ။ "တရားတော်ကိုလည်းကောင်း၊ သက်သေခံ တော်မူချက်ကိုလည်းကောင်းနားထောင်ကြကုန်၊ သူတို့ပြောသောစကား သည်နှုတ်ထွက်စကားတော်နှင့်မညီလျှင်သူတို့၌အရုဏ်မတက်သေး။" (ဟေရှာယ ၈း၂၀)။

အလင်းတရားကိုအမှန်လိုအပ်သည်ဟုသဘောထားသောလူ မျိုးတစ်ခုရှိမည်ဆိုပါကဤကမ္ဘာမြေကြီး၏နိဂုံးချုပ်ချိန်၌နေထိုင်ကြ သည့်ယနေ့လူမျိုးပင်ဖြစ်ပါသည်။ သမ္မာကျမ်းကမည်ကဲ့သို့ဆိုလို သည်၊ သမ္မာကျမ်း၌မည်ကဲ့သို့လာသည်ကိုကျွန်ုပ်တို့သိလိုတတ်ကျွမ်း ချင်ကြပါသည်။ ဘုရားသခင်အသက်ရှင်စေသောဖော်ပြခြင်းရှိရာသို့ ကျွန်ုပ်တို့ချဉ်းကပ်ကြပါသည်။ အတိုင်းမသိတန်ဖိုးကြီးတော်မူသည့် လက်တော်ကိုဆွဲကိုင်သည့်ယုံကြည်ခြင်းမျိုးကိုကျွန်ုပ်တို့အလိုရှိကြပါ သည်။ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ်တော်မူသောခရစ်တော်အပေါ် ၌ကျွန်ုပ်တို့လုံးလုံးလျားလျားအားထားမှီခိုကြပါသည်။ မှန်ပါသည်၊ ယင်းသို့ကျွန်ုပ်တို့ပြုနိုင်ကြပါည်။ ကျွန်ုပ်တို့၏ကိုယ်ကျိုးအတွက် ပေတည်း။

သင့်အနေဖြင့်လည်းအသက်ရှင်သောစပျစ်နွယ်ပင်နှင့်အဆက်အသွယ်ရနိုင်ပါသည်။ သင်၏ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံးကို ထိုစပျစ်နွယ်ပင်နှင့်ဆက်ထားနိုင်ပါသည်။ ထိုအခါစပျစ်နွယ်ပင်မှ စီးဆင်းသောအာဟာရဓါတ်ပြည့်ဝသည့်အသက်ပါသောအရည်သည် စပျစ်နွယ်ပင်၌ရှိသမျှသောအခက်အလက်အပေါင်းအားအာဟာရ ဓါတ်ပေးပို့ပါလိမ့်မည်။ ယင်းသို့အာဟာရဓါတ်ကိုရဖို့ခရစ်တော်သည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်တော်မူသကဲ့သို့ကျွန်ုပ်တို့ သည်လည်းခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ရန်လိုပါသည်။ ဤနည်းအားဖြင့်ကိုယ်တော်၏ကောင်းချီးအပေါင်းကိုသင်တို့အား ပေးသနားတော်မပါလိမ့်မည်။ သို့သော်ညီအစ်ကိုမောင်နှမအပေါင်းတို့၊ ကျွန်ုပ်တို့၌ယုံကြည်ခြင်းမရှိပါတကား။ ယင်းသို့ကျွန်ုပ်တို့၌ ယုံကြည်ခြင်းမရှိသည့်အတွက်ဘုရားသခင်၏ဘုန်းတော်ကိုထိခိုက်စေ သည်မှာအချိန်ကာလကြာမြင့်လှပါလေပြီ။

## ခြေလက်သေရောဂါလူနာ၏ယုံကြည်ခြင်း

ခြေလက်သေရောဂါရထားသောကြောင့်မိမိ၏ခြေလက်များ ကိုအသုံးမပြုနိုင်သောသူ၏အကြောင်းကိုပြောပြလိုပါသည်။ ကပေရ နောင်မြို့မှာဖြစ်ပါသည်။ ယဇ်ပုရောဟိတ်များ၊အစိုးရသောမင်းများ နှင့်ကျမ်းပြုဆရာများကထိုလက်ခြေသသောသူအားစစ်ဆေးစမ်း သပ်ပြီးဘယ်သူမပြုမိမိမှုသာဖြစ်ကြောင်း၊ မိမိ၏အပြစ်များကြောင့်သာ ယင်းအခြေအနေသို့ရောက်နေကြောင်း၊ ရောဂါပျောက်ဖို့မျှော်လင့်ချက် မရှိတော့ကြောင်းစီရင်ဆုံးဖြတ်ပြီးဖြစ်ပါသည်။။ သို့သော်ယေရှုအမည် ရှိသောပုဂ္ဂိုလ်ကြီးတစ်ယောက်ရှိကြောင်း၊ ယခုပင်မိမိတို့ဒေသ၌ ရှိနေကြောင်း၊ ဘုန်းတန်ခိုးကြီးသောပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း၊ ရောဂါ

ခံစားနေရသူများအားပကတိကျန်းမာစေနိုင်ကြောင်း၊ သေသော သူကိုပင်အသက်ရှင်စေနိုင်ကြောင်းစသည့်သတင်းကောင်းများကို ထိုလက်ခြေသေသောသူကြားရပါသည်။ သို့သော် "ထိုပုဂ္ဂိုလ်ကြီးထံသို့ အဘယ်သို့လျှင်ရောက်နိုင်ပါမည်နည်း" ဟုသာညည်းညူရှာလေ၏။

ထိုအခါသူ၏မိတ်ဆွေများက "စိတ်မပူပါနှင့်၊ ထိုပုဂ္ဂိုလ်ကြီး ယေရှုထံသို့အကျွန်ုပ်တို့ခေါ်သွားပါမည်။ သူ၏အကြောင်းနှင့်တကွ သူရှိသည့်နေရာကိုပါသတင်းရပြီးပါပြီ" ဟုအားပေးစကားပြောကြ ပါသည်။

ကိုယ်တော်ရောက်ရှိနေသည့်နေရာသိကြပြီးဖြစ်သည်အား လျော်စွာမျှော်လင့်ချက်မရှိတော့သည့်ထိုလက်ခြေမစွမ်းမသန်ဖြစ်နေ သောသူအားငင်း၏မိတ်ဆွေများကထမ်းစင်ဖြင့်ခေါ်ဆောင်သွားကြ ပါသည်။ သို့သော်လူထုပရိသတ်ကြီးကထိုနေအိမ်ကိုဝန်းရံထားသော ကြောင့်တိုးမပေါက်ပါ။ သခင်ယေရှု၏အနီးအပါးသို့ရောက်ဖို့ကိုမဆို ထားဘိနေအိမ်တံခါးဝသို့ပင်မချဉ်းကပ်နိုင်ပါ။ မည်သို့မည်ပုံပြုကြပါ အားလျှောချဖို့သွက်ချာပါဒရောဂါသည်ကမိမိ၏မိတ်ဆွေများအား တောင်းပန်အကြံပေးပါသည်။

သူ၏ယုံကြည်ခြင်းကိုထိုသို့ပြလိုက်ရာသူ၏မိတ်ဆွေများက လက်တွေ့အကောင်အထည်ဖော်ကြပါသည်။ ထိုအခါလက်ခြေသေ သောသူသည်သခင်ယေရှုမြင်နိုင်သည့်နေရာသို့ရောက်သွားပါသည်။ ထိုကြောင့်သူ၏ယုံကြည်ခြင်းကိုကိုယ်တော်မြင်ရသောအခါမေတ္တာ ကရုဏာသက်ဝင်လေသောကြောင့် "ငါ့သား၊ သင်၏အပြစ်ကိုလွှတ် စေပြီ" ဟုမိန့်တော်မူ၏။ (မာကု ၂း၅)။ ဝမ်းမြောက်ဖွယ်ပါတကား။

ထိုအပြစ်ရောဂါသင့်နေသောအသက်ဝိညာဉ်အမှန်လိုအပ်သောအရာကို သခင်ယေရှုသိတော်မူ၏။ ၎င်း၏စိတ်ကၡင်းအားညှဉ်းပန်းနေပုံကိုလည်းသခင်ယေရှုသိမြင်တော်မူ၏။ ထိုကြောင့် "သင်၏အပြစ်ကိုလွှတ်စေပြီ" ဟုမိန့်တော်မူသောအခါထိုသူသည်မည်မျှလောက်စိတ်ချမ်းသာခြင်းသို့ရောက်ပါသနည်း၊ မည်မျှလောက်ကြီးမားသောမျှော်လင့်ခြင်းကိုရသွားပါသနည်း။

"အပြစ်ဖြေလွှတ်နိုင်သောတန်ခိုးအာဏာသည်မည်သူ၌သာရှိပါသနည်း။ အကယ်စင်စစ်ဘုရားသခင်တစ်ပါးတည်း၌သာရှိရမည်" ဟုထိုခြေမသန်လက်မစွမ်းသောသူ၏စိတ်နှလုံးအတွင်း၌အတပ်ထင်ဟပ်လေ၏။

ထိုရောအခါသခင်ယေရှုက "လူသားသည်မြေကြီးပေါ်မှာအပြစ်လွှတ်ပိုင်သည်ကိုသင်တို့သိစေခြင်းငှါထလော့၊ ကိုယ်အိပ်ရာကိုဆောင်၍ကိုယ်အိမ်သို့သွားလော့၊ သင့်အားငါဆိုသည်" ဟုလက်ခြေသေသောသူအားမိန့်တော်မူ၏။ (လုကာ၊ ၅း၂၄)။ အကြောသေနေသောလက်များဖြင့်မိမိအိပ်ရာကိုဘယ်ဆောင်နိုင်ပါမည်လား၊ ခြေလက်သေရောဂါဖြစ်နေသည့်ခြေများဖြင့်လမ်းလျှောက်နိုင်ပါမည်လား၊ ထိုခြေလက်သေသူကမည်ကဲ့သို့တုံ့ပြန်ပါသနည်း။ သခင်ယေရှုမိန့်တော်မူသည့်အတိုင်းတစ်သဝေမတိမ်းချက်ချင်းနာယူလေ၏။ စိတ်အလို၏တန်ခိုးအားဖြင့်အကြောသေနေသောလက်ခြေတို့လှုပ်ရှားလေ၏၊ ယခင်ကယင်းစိတ်အလိုအတိုင်းမလှုပ်ရှားခဲ့သည်မှာအချိန်ကာလကြာမြင့်ခဲ့ပါလေပြီ။ ထိုနေ့၊ ထိုအချိန်၊ ထိုနေရာ၌ရှိနေသောပရိသတ်အပေါင်းတို့အလယ်တွင်အပြစ်ဖြေလွှတ်ပိုင်သည်သာမကအနာရောဂါများကိုလည်းပျောက်စေနိုင်သည့်တန်ခိုးတော်ရှိသရှိနေကြောင်းထိုအခြင်းအရာဖြင့်ထင်ရှားပြတော်မူ၏။

သို့သော်ထိုမျှလောက်ဘုန်းကြီးတော်မူသည့်နိမိတ်လက္ခဏာကိုပြတော်မူသော်လည်းဖါရိရှဲတို့၏စိတ်နှလုံးများမပြောင်းလဲကြပါ။ လူသားအနေဖြင့်မိမိ၏မယုံကြည်မှု၊ သံသယဖြစ်နေမှုနှင့်အယူအဆမှားနေမှုတို့ဖြင့်မိမိ၏စိတ်ကိုထိုမျှလောက်ဖုံးအုပ်ထားနိုင်သောကြောင့်သေသောသူအားအသက်ရှင်ပြန်စေသော်လည်းသဘောမပေါက်မယုံကြည်နိုင်တော့ပါ။ ထိုသူတို့သည်မယုံကြည်ကြသောကြောင့်ထိုမယုံကြည်သည့်အခြေအနေ၌ပင်နောင်တမရမပြောင်းလဲနိုင်တော့ပါ။ သို့သော်သမ္မာတရားကိုလက်ခံနိုင်သည့်စိတ်နှလုံးနှင့်ထိုသမ္မာတရားကိုနာယူနိုင်သည့်နားရှိသောသူများကမူဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းလျက် "ဤကဲ့သို့တစ်ခါမျှမဖြစ်စဖူး" ဟုသက်သေခံကြလေ၏။

## လုံးလုံးလဲနေသောလူမမာတုံ့ပြန်ပုံ

သုံးဆယ့်ရှစ်နှစ်ပတ်လုံးရောဂါစွဲ၍တုံးလုံးနေရသောသူနှင့်သခင်ယေရှုစကားပြောတော်မူသောအခါထိုသူကဝမ်းနည်းစကားပြောပါသည်။ မိမိ၏ရောဂါပျောက်ဖို့ရေကန်အတွင်းသို့ဆင်းရန်အကြိမ်ကြိမ်အဖန်ဖန်ကြိုးစားကြောင်း၊ သို့သော်ယင်းသို့ကြိုးစားသည့်အခါတိုင်းအခြားသူတစ်ဦးကဦးစွာပထမဆင်းသွားနိုင်သောကြောင့်မိမိကျမ်းမာဖို့အခွင့်အရေးမရနိုင်ကြောင်းတင်ပြလျှောက်ထားပါသည်။ ထိုအခါသခင်ယေရှုက "သင်သည်ကျန်းမာခြင်းသို့ရောက်လိုသလော" ဟုမေးတော်မူ၏။ (ယောဟန် ၅း၆)။ မည်သို့မေးတော်မူလိုက်ပါသနည်း။ ထိုသူထိုနေရာသို့ရောက်နေခြင်းမှာထိုအတွက်ကြောင့်မဟုတ်ပါလော။ သို့သော်ထိုသူ၏စိတ်နှလုံးအတွင်း၌ရှိနေသည့်ဆန္ဒမှန်ကိုဖော်ထုတ်ရန်ခရစ်တော်အလိုရှိတော်မူ၏။ ထိုကြောင့် "ထလော့၊ ကိုယ်အိပ်ရာ

ကိုဆောင်၍လှမ်းသွားလော့” ဟုမိန့်တော်မူသောအခါခရစ်တော်မိန့်တော်မူသည့်အတိုင်းထိုသူလှမ်းသွားလေ၏။ “ဤနေရာ၌ငါရှိနေခဲ့သည်မှာနှစ်ပေါင်းသုံးဆယ်ကြာခဲ့လေပြီ၊ ထိုအတောအတွင်းတစ်ခါမျှမထနိုင်၊ တစ်လှမ်းမျှလည်းမလှမ်းနိုင်ပါတကား” ဟုမတွေးမတောဘဲမိန့်တော်မူသည့်အတိုင်းချက်ချင်းလိုက်နာပါသည်။ ထိုကြောင့်ထိုသူသည်မိမိ၏အိပ်ရာကိုဆောင်လျက်လှမ်းသွားသည့်အချိန်မှစ၍ပကတိကျန်းမာခြင်းသို့ရောက်လေ၏။

ယင်းကဲ့သို့သောယုံကြည်ခြင်းမျိုးကိုကျွန်ုပ်တို့လိုပါသည်။ သို့သော်အရာခပ်သိမ်းကိုအသေးစိတ်ရှင်းဖို့ရပ်တန့်နေပါက၊ အချက်အလက်ရှိသမျှကိုဆင်ခြင်သုံးသပ်နေပါကမည်သည့်အခါတွင်မျှကျေနပ်မှုရလိမ့်မည်မဟုတ်ပါ။ မိမိ၏ဒုစရိုက်အတွင်း၌သာနစ်မြုပ်၍သေဆုံးခြင်းသို့ရောက်ပါလိမ့်မည်။

## ကြေးဝါမြွေရုပ်

အခြားအကြောင်းတစ်ခုရှိပါသေးသည်။ တောကြီးကန္တာရအတွင်း၌မောရှေကမြွေရုပ်လုပ်၍မြှောက်ထားခဲ့ပုံကိုနိကောဒင်အားသခင်ယေရှုကရှင်းပြသည့်အကြောင်းဖြစ်ပါသည်။ ထိုသို့ရှင်းပြရာ၌ “လူသားသည်မြှောက်ထားခြင်းကိုခံရမည်” ဟုခရစ်တော်မိန့်တော်မူ၏။ (ယောဟန် ၃း၁၄)။ ကိုယ်တော်သည်ယင်းသို့မြှောက်ထားခြင်းကိုခံရလျှင်လူအပေါင်းတို့အားမိမိထံသို့ဆွဲယူမည်ဖြစ်ပါသည်။ ထိုကြောင့် “သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရမည်အကြောင်းတည်း” (ယောဟန် ၃း၁၅)။ ကြေးဝါမြွေရုပ်အကြောင်းစဉ်းစားကြည့်ကြပါစို့။ ဘုရားသခင်သည်ကောင်းကင်တမန်တို့အားစေလွှတ်တော်မူလျက်

မိမိတို့အားစောင့်ရှောက်ထားတော်မူကြောင်း၊ အကာအကွယ်လည်း ပေးထားတော်မူကြောင်းကိုဣသရေလပရိသတ်ကသဘောမပေါက်ပါ။ တောကြီးကန္တာရတစ်လျှောက်၌မီးမြွေများကသူတို့အားအန္တရာယ် မပေးနိုင်ကြပါ။ ကျေးဇူးတရားမသိတတ်သောပရိသတ်ဖြစ်ကြပါသည်။

ကျွန်ုပ်တို့သည်လည်းထိုဣသရေလပရိသတ်ကဲ့သို့ဖြစ်နေကြ ပါသည်။ ထောင်ပေါင်းများစွာသောဘေးအန္တရာယ်အမျိုးမျိုးမှကျွန်ုပ် တို့အားကောင်းကင်ဘုံအဖဘုရားသခင်ကအကာအကွယ်ပေးထားတော် မူကြောင်းကိုကျွန်ုပ်တို့သဘောမပေါက်ကြပါ။ ကျွန်ုပ်တို့၏စားဝတ် နေရေးလုံလောက်နေခြင်းမှာဘုရားသခင်၏ကြွယ်ဝသောကောင်းချီး များဖြစ်ကြောင်းနှင့်ကျွန်ုပ်တို့အားစောင့်ရှောက်ထားဖို့ကောင်းကင် တမန်များကိုလည်းစေလွှတ်ထားတော်မူကြောင်းကျွန်ုပ်တို့သဘော မပေါက်ကြပါတကား။ ထိုထိုသောကောင်းချီးမြောက်မြားစွာ အတွက်ဘုရားသခင်၏ကျေးဇူးတော်ကိုကျွန်ုပ်တို့နေ့စဉ်ချီးမွမ်းသင့်လှ ပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်းမှကျေးဇူးတရားနိုးထလျက် ဘုရားသခင်၏ထံတော်သို့ကျေးဇူးတော်ချီးမွမ်းခြင်းဆိုင်ရာပူဇော်စရာ များနှင့်နေ့စဉ်ချဉ်းကပ်သင့်ပါသည်။ ကျွန်ုပ်တို့အားစောင့်ရှောက်ထား တော်မူခြင်းအတွက်မိမိတို့၏နေအိမ်အတွင်း၌မိသားစုဝင်များစုရုံး လျက်နေ့စဉ်ဆုတောင်းပတ္ထနာပြုကာကျေးဇူးတော်ချီးမွမ်းသင့်ပါသည်။ တောလမ်းခရီးတစ်လျှောက်၌အဆိပ်ရှိသောသတ္တဝါများမှမိမိတို့အား ဘုရားသခင်ကာကွယ်ထားတော်မူကြောင်းကိုဣသရေလပရိသတ်တို့ သတိမရကြပါ။ သို့သော်မိမိ၏လက်တော်ကိုဘုရားသခင်ကရုပ်သိမ်း တော်မူသောအခါသူတို့အဆိပ်သင့်ကြပါသည်။ မြွေကိုက်ခံရကြ ပါသည်။

ထိုအခါမည်ကဲ့သို့ဖြစ်သွားကြပါသနည်း။ မည်သည့်အတွက်ကြောင့်ပါနည်း။ ကြေးဝါမြွေရုပ်လုပ်၍ဣသရေလပရိသတ်မြင်သာအောင်ကိုမြွေရုပ်ကိုသစ်တိုင်နှင့်မြှောက်ထားဖို့မောရှေအားခရစ်တော်ကိုယ်တိုင်မှာထားတော်မူ၏။ ထိုမြွေရုပ်ကိုမော့ကြည့်သောသူတိုင်းအသက်ရှင်ဖို့ဖြစ်ပါသည်။ ပရိသတ်အနေဖြင့်အထွေအထူးလုပ်စရာမလိုပါ။ ဘုရားသခင်ကမော့ကြည့်သင့်သည်ဟုမှာထားတော်မူသည့်အတိုင်းသာမော့ကြည့်ကြရန်ဖြစ်ပါသည်။

"ကြေးဝါမြွေရုပ်အသက်မရှိပါ၊ အရုပ်ကိုကြည့်ရုံမျှနှင့်အသက်ရှင်နိုင်ပါမည်လား" ဟုတွေးတောနေပါမည်လား။ အဖြေရှာနေပါမည်လား။ ဘုရားသခင်မိန့်တော်မူသည့်အတိုင်းယုံကြည်လျက်မော့ကြည့်သူတိုင်းဝေဒနာပျောက်ကြပါသည်။ မော့ကြည့်သောသူများအသက်ရှင်ကြပါသည်။ အငြင်းပွားစဉ်းစားပြီးဆင်ခြေကန်နေသောသူများသေဆုံးကြပါသည်။

ကျွန်ုပ်တို့မည်သို့ဆောင်ရွက်ကြပါမည်နည်း။ မော့ကြည့်လျက်အသက်ရှင်ဖို့အမှန်လိုပါသည်။ "မောရှေသည်တော၌မြွေကိုမြှောက်ထားသကဲ့သို့လူသားသည်မြှောက်ထားခြင်းကိုခံရမည်။" (ယောဟန် ၃း၁၄)။ မည်သည့်အတွက်ကြောင့်ပါနည်း။ မော့ကြည့်သောသူအပေါင်းတို့သည် "ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ" ဖြစ်သတည်း။ (ယောဟန် ၃း၁၆)။

ထိုယုံကြည်ခြင်းသည်ကားမည်ကဲ့သို့သောယုံကြည်ခြင်းဖြစ်ပါသနည်း။ သာမန်ယုံကြည်ဖို့သာလိုပါသလား၊ (သို့မဟုတ်) ဝန်ခံသောယုံကြည်ခြင်းဖြစ်ပါသလား။ ဤပရိသတ်အတွင်း၌ယင်းသို့ယုံကြည်သောသူအများရှိပါသည်။ ယေရှုသည်ဘုရားသခင်၏သားတော်ဖြစ်

ကြောင်းယုံကြည်ကြပါသည်။ သို့သော်မိမိကိုယ်တိုင်ကယ်တင်ခြင်းရဖို့အတွက်ပုဂ္ဂလိကယုံကြည်ခြင်းဖြစ်ပါ၏လား၊ ယေရှုသည်မမိ၏ကယ်တင်ပိုင်သူဖြစ်သည်ဟုမိမိယုံကြည်ပါ၏လား၊ မိမိအားရွေးနုတ်တော်မူဖို့ကရာနိလက်ဝါးကပ်တိုင်ပေါ်၌ခရစ်တော်အသေခံတော်မူသည်ဟုမိမိယုံကြည်ပါ၏လား၊ ခရစ်တော်အားယုံကြည်သောသူအတွက်ထာဝရအသက်ကိုကမ်းလှမ်းထားသည်ဟုသင်ဝန်ခံယုံကြည်ပါ၏လား။

## ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းဆိုသည်မှာ

ယုံကြည်သည်ဟုဆိုရာ၌မည်သည့်အနက်ရှိပါသနည်း။ ခရစ်တော်ယေရှုသည်ကျွန်ုပ်တို့၏ပူဇော်သကာအဖြစ်အသေခံတော်မူလျက်ကျွန်ုပ်တို့၏ကိုယ်စားကျိန်ခြင်းကိုခံတော်မူကြောင်း၊ ကျွန်ုပ်တို့၏အပြစ်များဆိုင်ရာအဖိုးအခကိုကျွန်ုပ်တို့၏ကိုယ်စားခရစ်တော်ကပေးဆပ်တော်မူကြောင်း၊ သို့ပြီးမှကိုယ်တော်၏ဖြောင့်မတ်ခြင်းကိုကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဟုမှတ်ယူတော်မူကြောင်းကိုအကြွင်းမဲ့ယုံကြည်လျက်ယင်းယုံကြည်ချက်ကိုလက်ခံထားခြင်းဖြစ်ပါသည်။ ထို့ကြောင့်ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုကျွန်ုပ်တို့တောင်းလျှောက်ရယူခွင့်ရှိပါသည်။ ထိုဖြောင့်မတ်ခြင်းကိုကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ထို့ကြောင့်ထိုဖြောင့်မတ်ခြင်းသည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ်ပါသည်။ ကိုယ်တော်သည်ကျွန်ုပ်တို့ထားတော်မူသည့်အတိုင်းကယ်တင်တော်မူ၏။ ထိုအကြောင်းကြောင့်ကိုယ်တော်သည်ကျွန်ုပ်တို့အားမည်သို့မည်ပုံကယ်တင်တော်မူနိုင်ကြောင်းအသေးစိတ်ရှင်းလင်းချက်ထုတ်ဖို့လုပ်ပါသေးသလား။ ကျွန်ုပ်တို့သည်ဘုရားသခင်၏ထံတော်သို့တိုးဝင်ချဉ်းကပ်နိုင်စေခြင်းငှါ

ကိုယ်ကိုကိုယ်ပို၍ကောင်းစေနိုင်ပါသလား။ မိမိ၌ရှိသည့်အပြစ်အနာအဆာအစွန်းအထင်းများကိုဖြူစင်သန့်ရှင်းစေနိုင်သည့်ကောင်းမှုတစ်စုံတစ်ခုရှိပါသလား။ ကျွန်ုပ်တို့မည်သို့မျှမတတ်နိုင်ကြပါ။

သူဌေးကလေးသည်ခရစ်တော်ထံသို့ချဉ်းကပ်လျက်ထာဝရအသက်ကိုရအံ့သောငှါအကျွန်ုပ်သည်အဘယ်ကောင်းမှုကိုပြုရပါမည်နည်းဟုမေးလျှောက်လျှင်ခရစ်တော်ကပညတ်တော်တို့ကိုစောင့်ရှောက်လော့ဟုမိန့်တော်မူကြောင်းကိုသတိရကြပါလိမ့်မည်။ ထိုအခါသူဌေးကလေးကထိုပညတ်ရှိသမျှတို့ကို "အကျွန်ုပ်သည်ငယ်သောအရွယ်မှစ၍စောင့်ရှောက်ပါပြီ၊ အဘယ်အကျင့်လိုသေးသနည်း" ဟုမေးလျှောက်ပြန်သောအခါခရစ်တော်သည်ထိုလူငယ်အားချစ်သောစိတ်ရှိ၍စုံလင်ခြင်းသို့ရောက်စေလိုသော်လည်း "အကျွန်ုပ်စောင့်ရှောက်ပါပြီ" ဟုအဖြေပေးခြင်းဖြင့်မိမိ၌မည်သည့်ရေးရာတစ်ခုလိုနေကြောင်း၊ မည်သည့်အကြောင်းကြောင့်ထာဝရအသက်ကိုမရနိုင်ကြောင်းထိုသူဌေးကလေးမသိသေးသည်မှာထင်ရှားနေပါသည်။ ထိုအခါခရစ်တော်ကထာဝရအသက်ကိုရခြင်းငှါ "ငါ့နောက်သို့လိုက်လော့" ဟုမိန့်တော်မူခြင်းဖြင့်သူဌေးကလေး၏နှလုံးသား၌စွဲကပ်နေသောရောဂါကိုထောက်ပြတော်မူ၏။

ထိုမိန့်တော်မူချက်ကိုသူဌေးကလေးသည်မည်သို့လျှင်ခံယူနိုင်ပါမည်နည်း။ ထိုသူဌေးကလေးသည်များစွာကြွယ်ဝသောကြောင့်ထိုစကားကိုကြားလျှင်အလွန်စိတ်မသာသည်နှင့်သွားလေ၏။

အမှန်အားဖြင့်ထိုသူဌေးကလေး၏အနေဖြင့်ပညတ်တော်များကိုလုံးဝမစောင့်ထိန်းခဲ့ပါ။ ယေရှုအားမိမိ၏ကယ်တင်ပိုင်သူအဖြစ်ကိုယ်တိုင်လက်ခံလျက်ယေရှု၏ဖြောင့်မတ်ခြင်းကိုလက်ဆုပ်

လက်ကိုင်ရယူသင့်ပါသည်။ ထိုသို့ယေရှု၏ဖြောင့်မတ်ခြင်းကို လက်ဝယ်ရထားပြီးမှသာဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ရှောက်နိုင်ပါလိမ့်မည်။ ထိုသူဌေးကလေးအနေဖြင့်ပညတ်တရားတော်ကို ခုတုံးလုပ်၍မရပါ။ ပညတ်တရားတော်ကိုလေးစားရိုသေရပါမည်၊ ချစ်မြတ်နိုးရပါမည်။ ထိုရောအခါတွင်မှလူသား၏အားထုတ်မှုနှင့် ဘုရားသခင်၏တန်ခိုးကိုယေရှုကပေါင်းစပ်ပေးပါလိမ့်မည်။

ကျွန်ုပ်တို့အဖို့အလိုငှါယေရှုသည်လူသားဘဝကိုဆောင်ယူတော်မူလျက်ဘုရားသခင်ပကတိကိုလည်းဝတ်ဆင်ထားတော်မူ၏။ ဘုရားသခင်ပကတိနှင့်လူ၏ဇာတိပေါင်းစပ်ထားတော်မူ၏။ ဘုရားသခင်၏ပညတ်တော်များတို့ကိုလူသားမစောင့်ထိန်းနိုင်ဟုစာတန်ကကြေညာထားသော်လည်းလူသားအနေဖြင့်ဘုရားသခင်၏ပညတ်တော်များကိုစောင့်ထိန်းနိုင်ကြောင်းယေရှုကသာဓကပြတော်မူ၏။ စာတန်၏လိမ်လည်မှုကိုဖေါ်ထုတ်ဖို့ယေရှုသည်လူဇာတိအဖြစ်ကိုဆောင်ယူလျက်ဤလောကသို့ကြွဆင်းတော်မူ၏။ ဘုရားသခင်ပကတိနှင့်လူ၏ဇာတိကိုပေါင်းစပ်ထားပါကလူသားအနေဖြင့်ယေဟောဝါဘုရားသခင်၏ပညတ်တော်များကိုစောင့်ရှောက်နိုင်ကြောင်းလက်တွေ့ပြဖို့လူသား၏ဘဝကိုယေရှုယူဆောင်တော်မူ၏။ လူသားဘဝကိုဘုရားသခင်တန်ခိုးနှင့်ပေါင်းစပ်မထားပါကထိုလူသားအနေဖြင့်မည်ကဲ့သို့ပင်ကြိုးစားအားထုတ်သော်လည်းယေရှုသည်ဒုတိယအကြိမ်ကြွလာတော်မူသည်တိုင်အောင်မိမိကိုယ်တိုင်အားဖြင့်ဖြောင့်မတ်ခြင်းသို့ရောက်လိမ့်မည်မဟုတ်ပါ၊ အကျိုးထူးလိမ့်မည်မဟုတ်ပါ။ ဆုံးရှုံးမည်သာဖြစ်ပါသည်။

အသက်ရှင်စေသောယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ စိတ်ပါကိုယ်ရောက်ဆုတောင်းပတ္ထနာပြုခြင်းအားဖြင့်လည်းကောင်း၊

ယေရှု၏ကောင်းမှုများကိုဆုပ်ကိုင်ရယူထားခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့သည်ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုဆင်မြန်းလျက်ကယ်တင်ခြင်းသို့ရောက်ကြပါလိမ့်မည်။ "ဟုတ်ပေ၏၊ ကျွန်ုပ်တို့သည်မည်သို့မျှမပြုမလုပ်ဘဲကယ်တင်ခြင်းရထားပါသည်။ အမှန်အားဖြင့် ကျွန်ုပ်တို့သည်ကယ်တင်ခြင်းရပြီးသောကြောင့်ဘုရားသခင်၏ပညတ်တော်များကိုစောင့်ရှောက်ဖို့မလိုတော့ပါ။ ခရစ်တော်ယေရှု၏ဖြောင့်မတ်ခြင်းအားဖြင့်ကယ်တင်ခြင်းရထားပါသည်" ဟုအချို့ကပြောကြပါသည်။ လူသားအပေါင်းသည်ဘုရားသခင်၏သစ္စာတော်ခံများအဖြစ်သို့ပြန်၍ရောက်ကြစေခြင်းငှါကျွန်ုပ်တို့၏ဤကမ္ဘာသို့ခရစ်တော်ကြွဆင်းလာတော်မူ၏။ ခရစ်တော်သည်ဘုရားသခင်၏ပညတ်တရားတော်နှင့်လျော်ညီစွာဆောင်ရွက်ပြီးဖြစ်၍ကျွန်ုပ်တို့အနေဖြင့်ဘုရားရှင်၏ပညတ်တော်များကိုချိုးဖေါက်နိုင်ပြီဟုယူဆနေပါလျှင်သေခြင်းတရားလမ်းစဉ်သာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်မိမိကိုယ်တိုင်ပင်လျှင်အခြားတစ်ပါးသောသူများနည်းတူအပြစ်သားစစ်စစ်ဖြစ်ပါသည်။

ထိုကြောင့်အဘယ်သို့ဖြစ်ရပါမည်နည်းဟူမူကားယုံကြည်ခြင်းအားဖြင့်ဆုပ်ကိုင်ထားပြီးသည့်ခရစ်တော်၏ဖြောင့်မတ်ခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တော်၏ဘုရားသခင်တန်ခိုးနှင့်ဆောင်ရွက်မှုအားဖြင့်ပေးထားတော်မူသည့်ဖြောင့်မတ်ခြင်းအားဖြင့်လည်းကောင်း ဘုရားသခင်၏ပညတ်တရားတော်များကိုစောင့်ရှောက်နိုင်ကြောင်းကြားသိဖို့မြင်တွေ့ဖို့ဖြစ်ပါသည်။

## ပျင်းရိခြင်း၌ကယ်တင်ခြင်းမရှိ

ထိုကဲ့သို့သောယုံကြည်ခြင်းမျိုးကိုကျွန်ုပ်တို့သည်အလိုရှိကြပါသည်။ သို့သော်လူသည်ပျင်းရိဖင့်နွဲ့နေလျက်ပင်ကယ်တင်ခြင်းရပါ

မည်လား။ မည်သည့်အခါမျှမရနိုင်ပါ။ ခရစ်တော်ယေရှုနှင့်အတူ ပူးပေါင်းလုပ်ဆောင်သောသူဖြစ်ရပါမည်။ မိမိကိုယ်ကိုမိမိမကယ်တင်နိုင်ပါ။ "ငါတို့သည်ဘုရားသခင်ထံ၌အလုပ်လုပ်သောသူချင်းဖြစ်ကြ၏။" (၁ကော၊ ၃း၉)။ မည်သို့ဖြစ်ပါသနည်း။ လူသားမျိုးနွယ်တစ်ရပ်လုံးအနေဖြင့်အပြစ်ကြောင့်အဆင့်အတန်းနိမ့်ကျနေသောကြောင့် မြင့်တင်ပေးဖို့ကောင်းကင်သားအပေါင်းကပူးပေါင်းဆောင်ရွက်နေကြပါသည်။ မြေကြီးသားတို့အဖို့ကောင်းကင်တစ်ခွင်လုံးကိုဖွင့်ထားပါသည်။ ကယ်တင်တော်မူခြင်းကျေးဇူးကိုအမွေခံလတ္တံ့သောသူတို့ကိုပြုစုစေခြင်းငှါ ကောင်းကင်တမန်တို့အားစေလွှတ်ထားတော်မူ၏။ "သင်တို့သည်အလိုရှိစေခြင်းငှါလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှါလည်းကောင်းသင်တို့အထဲ၌စေတနာတော်အားဖြင့်ပြုပြင်တော်မူသောသူကားဘုရားသခင်ပေတည်း။" (ဖိလိပ္ပိ၊ ၂း၁၃)။

သင်အလိုရှိသောယုံကြည်ခြင်းမှာထိုသို့အကျင့်ကျင့်သောယုံကြည်ခြင်းဖြစ်ပါသည်။ မည်သို့ကျင့်ပါသနည်း။ မေတ္တာတော်အားဖြင့်ကျင့်ပါသည်။ မည်သည့်မေတ္တာတော်ဖြစ်ပါသနည်း။ ကရာနိလက်ဝါးကပ်တိုင်မှအလင်းရောင်ထုးသောမေတ္တာတော်ဖြစ်ပါသည်။ ထိုမေတ္တာတော်သည်ကောင်းကင်နှင့်ကမ္ဘာမြေကြီး၏အလယ်ဗဟို၌တည်နေသည်ဖြစ်၍ထိုလက်ဝါးကပ်တိုင်ကိုမျှော်ရှုခြင်းအားဖြင့်ကယ်တင်ခြင်းရပါသည်။ ထိုလက်ဝါးကပ်တိုင်ကိုခမည်းတော်လက်ခံတော်မူပြီးဖြစ်ပါသည်။ ထိုလက်ဝါးကပ်တိုင်သို့ကောင်းကင်တမန်တို့ချဉ်းကပ်ကြပါသည်။ ဘုရားသခင်ကိုယ်တော်တိုင်ဦးနှိမ်၍ထိုပူဇော်သကာကိုလက်ခံတော်မူ၏။ ကောင်းကင်ကတော်င်းဆိုသည်ကိုလက်ဝါးကပ်တိုင်ဖြင့်တုံ့ပြန်တော်မူ၏။ ထိုကြောင့်ကိုယ်တော်၌

ကျွန်ုပ်တို့ယုံကြည်လျက်ခရစ်တော်ယေရှုအားဖြင့်ကယ်တင်ခြင်းရကြပါသည်။ ထိုစုံလင်၍ပြီးပြည့်စုံသည့်ပူဇော်သကာတစ်ရပ်လုံးဖြင့်ဘုရားသခင်သည်လူသားနှင့်လည်းကောင်း၊ လူသားသည်ဘုရားသခင်နှင့်လည်းကောင်းပြန်လည်သင့်မြတ်ခြင်းသို့ရောက်ကြပါသည်။

ညီအစ်ကိုမောင်နှမအပေါင်းတို့၊ ယုံကြည်ခြင်းကိုကျွန်ုပ်တို့အလိုရှိကြပါသည်။ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်အားယုံကြည်ခြင်းနှင့်ဆိုင်သောပညာကိုပေးလိုကြပါသည်။ ယင်းသို့ပညာပေးရာ၌လည်းအဆင့်တိုင်းကိုယုံကြည်ခြင်းနှင့်ဆိုင်သောအဆင့်တစ်ခုစီဖြစ်စေလိုပါသည်။ ကျွန်ုပ်တို့အဖို့ဤသို့ပူဇော်ပြီးသည့်ယဇ်၌ကျွန်ုပ်တို့ယုံကြည်လိုကြပါသည်။ “ကရုဏာနှင့်သစ္စာဆုံမိပြီ၊ တရားနှင့်ချမ်းသာသည်တစ်ပါးကိုတစ်ပါးနမ်းကြပြီ” (ဆာလံ၊ ၈၅း၁၀)။ ထိုကြောင့်အလင်းတရားလမ်းစကိုကျွန်ုပ်တို့မြင်ရသောအခါဆွဲကိုင်ထားလိုကြပါသည်။ စာတန်ကမူယင်းသို့ကျွန်ုပ်တို့မပြုမလုပ်ဖို့အစဉ်တစိုက်ဆန့်ကျင်လျက်လုပ်ဆောင်နေပါသည်။ ဤယုံကြည်ခြင်းသည်ကားကရာနိလက်ဝါးကပ်တိုင်ပေါ်မှထင်ရှားစွာပြတော်မူသည့်မေတ္တာတော်အားဖြင့်လက်တွေ့ကျင့်သုံးသည့်ယုံကြည်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏ဝိညာဉ်ကိုချစ်တော်မူသည့်ကိုယ်တော်၏မေတ္တာတော်ဖြစ်ပါသည်။ အကျွန်ုပ်အဖို့ခရစ်တော်အသေခံတော်မူ၏။ အတိုင်းအဆမရှိသောအဖိုးအခကိုပေး၍အကျွန်ုပ်အားဝယ်တော်မူလျက်ကိုယ်တော်အားအကျွန်ုပ်ပြစ်မှားမိခဲ့သမျှကိုလည်းချေဖျက်တော်မူ၏။ ထိုကြောင့်အကျွန်ုပ်အနေဖြင့်ကိုယ်တော်နှင့်ပူးပေါင်းလုပ်ဆောင်သောသူဖြစ်ရပါမည်။ ကိုယ်တော်၏ထမ်းပိုးကိုအကျွန်ုပ်ထမ်းရပါမည်၊ ကိုယ်တော်၏

ထမ်းပိုးကိုသယ်ဆောင်ရပါမည်၊ ကိုယ်တော်၏ဝန်ထုပ်ဝန်ပိုးများကို ချီပင့်ရပါမည်။ အကျွန်ုပ်သည်အပြစ်၌နစ်မြုပ်နေရာမှမြင့်ရာ သို့ရောက်ဖို့ခရစ်တော်ယေရှု၌ရှိသည့်ဖြောင့်မတ်ခြင်းကိုအသက် ရှင်သောယုံကြည်ခြင်းဖြင့်မည်ကဲ့သို့ဆွဲကိုင်ထားရကြောင်းသူတစ်ပါး အားသင်ပြရပါမည်။ ဤသည်ကားအပြစ်သားအတွက်တစ်ခုတည်း သောကယ်တင်ခြင်းလမ်းစဉ်ဖြစ်ပါသည်။

## ကိုယ်ကိုကိုယ်မကယ်တင်နိုင်ပါ

သင့်အနေဖြင့်ကိုယ့်ဖြောင့်မတ်ခြင်းကိုတွယ်တာစွဲလမ်း၍နေ ကောင်းနေပေမည်။ ယင်းသို့စွဲလမ်းနေရာ၌လည်းလမ်းမှန်သို့ရောက် သလောက်ရှိနေပြီဟုထင်ကောင်းထင်ပေမည်။ ထိုကြောင့်နောက်ဆုံး ၌ကယ်တင်ခြင်းရလိမ့်မည်ဟုသဘောထားကောင်းထားပေလိမ့်မည်။ ၎င်းတို့ကိုခရစ်တော်ဆောင်ရွက်ပြီးဖြစ်ကြောင်းသင်မသိနိုင်ပါ။ "ငါ ၏ပထမတာဝန်မှာနောင်တရဖို့ဖြစ်၏၊ ခရစ်တော်မပါဘဲငါတတ် နိုင်သမျှရှေ့သို့တိုးရမည်၊ ထိုအခါလမ်းခုလတ်၌ခရစ်တော်ကငါ့အား တွေ့ဆုံလက်ခံလိမ့်မည်" ဟုယူဆနေသောသူများရှိသည်။

သင်သည်ခရစ်တော်မပါလဲတစ်စုံတစ်ခုကိုမျှမကြံည် မဆောင်ရွက်နိုင်ပါ။ လူ၏စိတ်အာရုံကိုကိုယ်တော်၏ဝိညာဉ်တော်က လှုပ်ရှားစေလျက်ဆွဲဆောင်ခြင်းမပြုဘဲကိုယ်တော်ဘက်သို့သင်၏ စိတ်နှလုံးမယိမ်းယိုင်နိုင်ပါ။ အကယ်၍ဤကမ္ဘာမြေကြီးပေါ်ရှိတစ်စုံ တစ်ယောက်သောသူအနေဖြင့်ဘုရားသခင်၏ထံတော်ပါးသို့တိုးဝင် ချဉ်းကပ်ဖို့အလိုဆန္ဒဖြစ်ပေါ်လာပါကထိုပုဂ္ဂိုလ်၏ကိုယ်စိတ်နှလုံးကို ဆွဲဆောင်ဖို့စိမံပြုပြင်ထားသည့်အရာမြောက်မြားစွာကြောင့်သာဖြစ် ပါသည်။ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ဖို့ကိုလည်းကောင်း၊ မိမိ

အတွက်ကိုယ်တော်ဆောင်ရွက်တော်မူသည့်ဘုရားသခင်၏ကြီးမားသော အမှုတော်ကိုတန်ဖိုးထားစေခြင်းငှါလည်းကောင်းထိုဆွဲဆောင်မှုများဖြင့် ခေါ်နေပါသည်။

ထိုကြောင့်ကျွန်ုပ်တို့ဦးစွာပထမနောင်တရပြီးမှခရစ်တော်က ခွင့်လွှတ်တော်မူမည်ဟုကျွန်ုပ်တို့မည်သည့်အခါတွင်မျှမပြောသင့်ပါ။ အပြစ်ဖြေလွှတ်ခြင်းသည်ဘုရားသခင်၏ကျေးဇူးတော်ဖြစ်၏။ ဘုရားသခင်၏တန်ခိုးတော်ကြောင့်ကျွန်ုပ်တို့နောင်တရကြသည်မှာ လည်းဘုရားသခင်၏ကျေးဇူးတော်ဖြစ်၏။ ထိုကြောင့်အရာခပ်သိမ်း သည်ခရစ်တော်ယေရှုကြောင့်သာဖြစ်ပါသည်။ အရာခပ်သိမ်းသည် ခရစ်တော်နှင့်သာဆိုင်၏။ သင့်အနေဖြင့်ဘုရားသခင်၏ဘုန်းတော်ကို သာထင်ရှားစေနိုင်ပါသည်။ အစည်းအဝေးပွဲများ၌သင်တို့အပေါင်း ဆုံမိကြသောအခါမည်သည့်အတွက်ပို၍မတုံ့ပြန်ကြပါသနည်း။ ယေရှု၏မေတ္တာတော်နှင့်ကိုယ်တော်၏ကယ်တင်ခြင်းတရားကို သင်တို့၏ရှေ့မှောက်၌ချပြသောအခါကိုယ်တော်၏ဝိညာဉ်တော်က ဆွဲဆောင်ခြင်းအားဖြင့်မည်သည့်အတွက်သင်တို့သက်ဝင်လှုပ်ရှားမှု မရကြပါသနည်း။အဘယ်ကြောင့်နည်းဟူမူကားခရစ်တော်သည်ပထမ၊ ကိုယ်တော်သည်နောက်ဆုံးနှင့်အကောင်းဆုံး၊ ခရစ်တော်သည် အာလဖ၊ ကိုယ်တော်သည်ဩမေဃ၊ ခရစ်တော်သည်အစ၊ ကိုယ်တော်သည်အဆုံး၊ ခရစ်တော်သည်ယုံကြည်ခြင်းကိုအစအဦးစီရင်၍စုံလင် စေတော်မူသောသခင်ဖြစ်တော်မူကြောင်းသင်တို့မသိကြသောကြောင့် ဖြစ်ပါသည်။ ဤသို့သင်တို့သဘောမပေါက်ကြသောကြောင့်သင်တို့ ၏အပြစ်အတွင်း၌သာသင်တို့နစ်မြုပ်နေကြပါသည်။ အဘယ် ကြောင့်ဤသို့ဖြစ်ရပါသနည်း။ အဘယ်ကြောင့်ဆိုသော်စာတန်သည်

ဤနေရာဤအရပ်၌လူတို့၏စိတ်ဝိညာဉ်များကိုအပိုင်စီးဖို့လုံးထွေး လျက်စစ်ပြိုင်နေသောကြောင့်ဖြစ်ပါသည်။ သူ၏ငရဲအရိပ်ကိုလည်း ကျွန်ုပ်တို့သွားရာလမ်းပေါ်၌ကျွန်ုပ်တို့၏ရှေ့မှဖြန့်ချထားသောကြောင့် ရန်သူနှင့်တကွရန်သူ၏ တန်ခိုးအာဏာကိုသာမြင်နေရပါသည်။

ရန်သူ၏တန်ခိုးအာဏာကိုမကြည့်ဘဲအစွမ်းကုန်ကယ်တင် နိုင်တော်မူသောကယ်တင်ပိုင်သူကိုသာဖူးမြော်ကြပါ။ ခရစ်တော်ရှိရာ သို့ရောက်ဖို့ထိုငရဲအရိပ်ကိုသင်၏ယုံကြည်ခြင်းဖြင့်မည်သည့်အတွက် မဖြတ်မကူးနိုင်ပါမည်နည်း။ ကိုယ်တော်သည်ဖမ်းသွားချုပ်ထားခြင်း ခံရသူများအားလမ်းပြခေါ်ဆောင်လျက်လူတို့အားဆုချတော်မူ၏။ ကိုယ်တော်ပိုင်ပစ္စည်းအဖြစ်ကိုယ်တော်နှင့်မပူးပေါင်းသူအားလုံးကို စာတန်ကသူပိုင်သည်ဟုအဆိုပြုလိမ့်မည်ဖြစ်ကြောင်းကိုလည်းသင့် အားသင်ပြတော်မူပါလိမ့်မည်။

**ကြီးမားသောတိုက်လှန်ပွဲကြီး၏အရေးကြီးသောအချက်**

စာတန်သည်ကားသေခြင်းတရား၏မူလအစဖြစ်ပါသည်။ ခရစ်တော်သည်စာတန်အားမရဏာနိုင်ငံ၏အောက်သို့ပို့ပြီးသောအ ခါမည်ကဲ့သို့ပြုတော်မူပါသနည်း။ ခရစ်တော်သည်လက်ဝါးကပ်တိုင် ပေါ်၌အသက်တော်ကိုစွန့်တော်မူချိန်ရောက်သောအခါ "အမှုပြီးပြီ" ဟုမိန့်တော်မူ၏။ (ယောဟန် ၁၉း၃၀)။ မိမိပြုသောအမှုတရားလွန်သွား ပြီဖြစ်ကြောင်းနတ်ဆိုးကြီးစာတန်သိမြင်လေ၏။ ခရစ်တော်အသေခံ တော်မူခြင်းအားဖြင့်စာတန်သေဆုံးရမည့်အရေးကိုပြီးမြောက်စေ လျက်လူသား၏ထာဝရအသက်ရှင်ရေးတည်းဟူသောမသေမပျောက် နိုင်သည့်အခြေအနေအတွက်အလင်းရောင်ပေါ်လေ၏။

ခရစ်တော်သည်သေခြင်းမှထမြောက်တော်မူသောအခါ မည်သို့ပြုတော်မူပါသနည်း။ ကိုယ်တော်သည်မိမိ၏တန်ခိုးတော်ကို ဆွဲကိုင်တော်မူလျက်မိမိ၏မင်းအာဏာကိုကိုင်ထားတော်မူ၏။ ဖမ်းသွားချုပ်ထားခြင်းခံနေရသူများကိုလည်းသင်္ချိုင်းများကိုဖွင့်ဟလျက် ခေါ်ထုတ်တော်မူ၏။ ယင်းသို့ပြုတော်မူခြင်းအားဖြင့်မိမိသည်သေခြင်း တရားကိုအစိုးပိုင်တော်မူသည့်သခင်ဖြစ်ကြောင်း၊ သေခြင်း၏ ချုပ်ထားခြင်းကိုခံနေရသူများအားကယ်တင်တော်မူကြောင်း ဤကမ္ဘာလောကကြီးကိုသာမကဖန်ဆင်းထားသမျှတို့ကိုပါထင်ရှားစွာ သက်သေပြတော်မူ၏။

ထိုအချိန်ကယေရှုအားယုံကြည်သူအားလုံးကိုသ်ကရှု် ထမြောက်စေခဲ့သည်မဟုတ်ပါ။ ခရစ်တော်သည်ထိုမျှလောက်သော ပုဂ္ဂိုလ်တို့ကိုမိမိနှင့်အတူကောင်းကင်သို့ခေါ်ဆောင်သွားခြင်းဖြင့် ကျွန်ုပ်တို့အားသေခြင်းတရားနှင့်သင်္ချိုင်းဂူများကထာဝရဖမ်းချုပ် ထားနိုင်မည်မဟုတ်ကြောင်းကျွန်ုပ်တို့အတပ်သိဖို့နမူနာမျှလောက် သာပြတော်မူ၏။ ၎င်းအပြင်ခရစ်တော်သည်ဘုန်းတန်ခိုးအာနုတော် ကိုဆောင်လျက်ဤလောကသို့နောက်တစ်ဖန်ကြွလာတော်မူပြန်သော အခါသင်္ချိုင်းဂူများကိုပွင့်စေလျက်ကြီးမားသောအကျဉ်းထောင်ကြီးကို ဖွင့်တော်မူပါလိမ့်မည်။ ထိုအခါကိုယ်တော်၌သေလွန်သောသူများသည် ဘုန်းကျက်သရေကိုဆောင်လျက်ထမြောက်ကြပြီးမသေမပျောက်နိုင် သည့်အခြေအနေသို့ရောက်ကြပါလိမ့်မည်။

ထိုသူတို့သည်ကားဤကောင်းကင်မိုးကုပ်စက်ဝိုင်းနှင့်ဘုရား သခင်ဖန်ဆင်းထားတော်မူသမျှသောကမ္ဘာများအားတင်ဆက်ပြသရန် မိမိနှင့်အတူခရစ်တော်ကောင်းကင်သို့ခေါ်ဆောင်သွားသည့်ကိုယ်တော်၏ အောင်ပွဲရအထိမ်းအမှတ်များသာဖြစ်ပါသည်။ ယခင်ကလွှမ်းမိုးသော

ခေရုဗိမ်၏အရာ၌ထင်ရှားခဲ့သည့်လူစီဖာအပေါ်မေတ္တာသက်ဝင်နေသေးသမျှယခုပျက်ပြယ်ကြလေပြီတကား။ မိမိ၏အကျင့်ဓလေ့ကိုပြန်လည်တည်ဆောက်ဖို့ဘုရားသခင်အခွင့်အခါပေးတော်မူခဲ့ပါသည်။ အကယ်၍၎င်းအားဘုရားသခင်ကယင်းသို့အခွင့်အရေးမပေးခဲ့ပါကမိမိအားတရားမျှတသည့်အခွင့်အရေးမပေးဟုစာတန်၏စွပ်စွဲချက်ကိုနားယောင်နေသူများ၌တရားမျှတမှုရှိနေပေလိမ့်မည်။

အသက်၏သခင်နှင့်မှောင်မိုက်၏သခင်တို့တိုက်လှန်ပွဲဆင်ရကြပါသည်။ အသက်၏သခင်အောင်မြင်သော်လည်းပေးရသည့်တန်ဖိုးမှာမူကားအတိုင်းမသိများလှပါသည်။ ယင်းသို့ကိုယ်တော်အောင်မြင်ခြင်းမှာကျွန်ုပ်တို့အတွက်ကယ်တင်ခြင်းဖြစ်ပါသည်။ ကိုယ်တော်သည်ကျွန်ုပ်တို့၏ကိုယ်စားခံတော်မူလျက်ကျွန်ုပ်တို့၏အာမခံလည်းဖြစ်တော်မူ၏။ ၎င်းအပြင်လူသားအနေဖြင့်အောင်မြင်ခြင်းရဖို့တစ်စုံတစ်ရာလုပ်ဆောင်ဖို့လိုမလိုကိုလည်းကိုယ်တော်၏အောင်မြင်ခြင်းကသာဓကပြပါသည်။ အဘယ်ကြောင့်ဆိုသော်ကိုယ်တော်က "ငါသည်အောင်မြင်၍ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာခမည်းတော်နှင့်အတူထိုင်နေသကဲ့သို့အောင်မြင်သောသူသည်ငါ၏ပလ္လင်ပေါ်မှာငါနှင့်အတူထိုင်နေရသောအခွင့်ကိုငါပေးမည်" ဟုမိန့်တော်မူ၏။ (ဗျာ၊ ၃း၂၁)။

## အောင်မြင်သောသူ၏အငန်းအတာ

ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူအနေဖြင့်အောင်မြင်စရာတစ်စုံတစ်ခုရှိခဲ့သည်မဟုတ်ပါလော။ မှောင်မိုက်ကိုအစိုးတရပြုသောမှောင်မိုက်၏သခင်နှင့်ဆိုင်ပြိုင်တိုက်လှန်ခဲ့ရသည်မဟုတ်ပါလော။ ထိုသို့တိုက်လှန်ရာတွင်လည်းအချက်တိုင်း၌အောင်မြင်သည်တိုင်အောင်တိုက်လှန်

တော်မူ၏။ ယင်းသို့အောင်မြင်တော်မူခဲ့သည့်အချိန်ကအစပြုလျက်ထို လုပ်ငန်းကိုဆက်လက်လုပ်ဆောင်ဖို့တပည့်တော်များအားတာဝန်ပေး ခဲ့သည်မဟုတ်ပါလော။ ထိုကြောင့်ကျွန်ုပ်တို့အသီးသီးတစ်စုံတစ်ရာ ဆောင်ရွက်ကြဖို့လိုပါသည်။ မိမိဆောင်ရွက်ရမည့်အငန်းအတာကို အောင်မြင်သည့်အထိဆောင်ရွက်ဖို့ကျွန်ုပ်တို့၌လည်းအောင်မြင်သော သူ၏တာဝန်ဝတ္တရားရှိသည်မဟုတ်ပါလော။ ကိုယ်တော်ကြွလာတော် မူမည့်အချိန်သည်နံနက်ကဲ့သို့လည်းကောင်း၊ ရွာသောမိုးကဲ့သို့လည်း ကောင်း၊ မြေပေါ်သို့ရွာသောမိုးကဲ့သို့လည်းကောင်းရောက်လာတော် မူပါလိမ့်မည်။ ထိုကြောင့်ထိုကြွလာတော်မူသောလမ်းကိုသတိထားဖို့ ကျွန်ုပ်တို့အနေဖြင့်တစ်ဆင့်ပြီးတစ်ဆင့်လိုက်လျှောက်သင့်ကြသည် မဟုတ်ပါလော။ ပို၍လင်းသောအလင်းသို့ကျွန်ုပ်တို့ရောက်သည်တိုင် အောင်ထိုလိုက်လျှောက်ခြင်းဆိုင်ရာအလင်းများကအလင်းရောင်ပေး ပါလိမ့်မည်။ ထိုရှိသောအလင်းကိုမိမိရရဆုပ်ကိုင်လျက်ဘုရားသခင် အားအမှန်ကြည်ညိုသောစိတ်ဖြင့်ကိုယ်တော်ဖေါ်ပြတော်မူသော အလင်းတရားကိုကျွန်ုပ်တို့ရှာဖွေစုဆောင်းသင့်ပါသည်။

ယာကုပ်ထောင်ချောက်မိသဖြင့်မိမိအစ်ကို၏သားဦးအရာကို လုည့်ပတ်ရယူခဲ့ပါသည်။ သို့သော်ခရစ်တော်နှင့်လုံးထွေးသောအချိန် ကသူ၏အပြစ်ကိုသူ၏ရှေ့၌မျက်ဝါးထင်ထင်မြင်ရပါသည်။ ထိုအခါ ယာကုပ်နှင့်လုံးထွေးသောကောင်းကင်တမန်က "ငါ့ကိုလွှတ်ပါဟု ပြောသောအခါယာကုပ်က" ကိုယ်တော်သည်အကျွန်ုပ်ကိုကောင်းချီး မပေးလျှင်မသွားရ" ဟုပြန်၍တောင်းလျှောက်ခဲ့ပါသည်။
(ကမ္ဘာ၊ ၃၂း၂၆)။

ယင်းသို့သင်တောင်းလျှောက်ပါမည်လား။ ဘုရားသခင်သည် သင့်အားထင်ရှားစွာပြတော်မူပြီဟုသဘောပေါက်သည်အထိဤမေ့ စည်းဝေးပွဲ၌ဘုရားသခင်နှင့်သင်လုံးထွေးပါမည်လား။ သင်၏စိတ် ဝိညာဉ်ကိုဖိစီးနှိပ်စက်နေသည့်အပြစ်မကောင်းမှုများသင်၌ရှိနေပါသည်။ သင်၏အပြစ်များကြောင့်သင်စိတ်ဆင်းရဲနေသည်။ ထိုကြောင့် "ဘုရားသခင်၊ ကျွန်တော်၊ ကျွန်မ၏အမည်ဘေး၌ 'အပြစ်ဖြေလွှတ်ပြီး' ဟုရေးပေးတော်မူပါ" ဟုမရအရတောင်းလျှောက်ပါမည်လား၊ ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုဆုပ်ကိုင်လျက်ဘုရားသခင်နှင့် လုံးထွေးကာအသနားခံပါမည်လား။ "ကိုယ်တော်ကအပြစ်လွှတ် ရမည်သာဖြစ်ပါသည်၊ ကိုယ်တော်ကိုကျွန်ုပ်ယုံကြည်ပါသည်၊ ကိုယ်တော်မိန့်တော်မူသည့်အတိုင်းဆောင်ရွက်တော်မူမည်ဟုကျွန်ုပ် စိတ်ချပါသည်။" ညီအစ်ကိုမောင်နှမအပေါင်းတို့၊ ကျွန်ုပ်တို့ မည်ကဲ့သို့ပြုလုပ်ကြပါမည်နည်း။

ထိုအချိန်ကယာကုပ်အောင်မြင်သောကြောင့်အမည်နာမ ပြောင်းပေးခြင်းခံရပါသည်။ ဘုရားသခင်နှင့်လုံးထွေးရာမှာယာကုပ် အနိုင်ယူခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့်အခမဲ့ကယ်တင်ခြင်းအပြည့် အဝရဖို့ဘုရားသခင်လမ်းဖွင့်ထားတော်မူသောကြောင့်ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ ကျွန်ုပ်တို့သွားရာလမ်း၌စာတန်ဖြန့်ထားသည့်မှောင်ရိပ် ကိုကျွန်ုပ်တို့ကြည့်နေဖို့မလိုပါ။ ကောင်းကင်ဘုံနှင့်ယေရှုကိုလည်း ကောင်း၊ အလင်းတရားနှင့်ကောင်းကင်တန်ခိုးတော်ကိုလည်းကောင် ကျွန်ုပ်တို့မမြင်မတွေ့စေရန်စာတန်ကဖုံးကွယ်ထားပေလိမ့်မည်။ ကျွန်ုပ်တို့ကလည်းစာတန်၏တန်ခိုးအာဏာများအကြောင်းကိုသာ ပြောနေကြပေလိမ့်မည်။ သို့သော်ကျွန်ုပ်တို့ယင်းသို့ပြောနေကြဖို့မလို ပါ။ "ငါတို့အဖို့သူငယ်ကိုဖွားမြင်၏၊ ငါတို့အားသားကိုပေးသနား

တော်မူ၏၊ ထိုသူသည်အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်၊ နာမတော်မူ ကားအံ့ဩဖွယ်၊ တိုင်ပင်ဖက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရ အဘ၊ ငြိမ်သက်ခြင်းသခင်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံတော်မူလိမ့် မည်" ဟုပုရောဖက်ဟေရှာယကဖေါ်ပြထားပါသည်။ (ဟေရှာယ၊ ၉း၆)။ ဤသည်ကား "ငါသည်ငါ့ခမည်းတော်နှင့်တစ်လုံးတစ်ဝ တည်းဖြစ်သည်" ဟုဆိုထားခြင်းပင်မဟုတ်ပါလော။

ညီအစ်ကိုမောင်နှမတို့၊ လက်ခြေသောသူပြုလုပ်သကဲ့သို့ လည်းကောင်း၊ တုံးလုံးလဲနေသူပြုလုပ်သကဲ့သို့လည်းကောင်း၊ လက် တစ်ဖက်သေနေသူတုံ့ပြန်သကဲ့သို့လည်းကောင်းကျွန်ုပ်တို့ပြုလုပ်တုံ့ ပြန်ကြဖို့နိုးကြားကြစေရန်ဘုရားသခင်စောင့်မတော်မူပါစေ။ မိန့်မြွက် တော်မူသည့်အတိုင်းတိတိကျကျသူတို့လိုက်နာကြပါသည်။ ကျွန်ုပ်တို့ သည်ထာဝရအသက်ကိုရကြစေခြင်းငှါသားတော်သည်အဆုံးတိုင် အောင်ကယ်တင်နိုင်တော်မူကြောင်း၊ ထိုကြောင့်ကျွန်ုပ်တို့သည် ဘုရားသခင်၏သားတော်ကိုယုံကြည်ကြဖို့ဘုရားသခင်မစတော်မူပါစေ သော်။

သို့သော်သမ္မာတရားတော်ကိုတုံ့ပြန်နိုင်လောက်အောင်သင် တို့အများစု၏စိတ်ဝိညာဉ်များ၌သက်ဝင်လှုပ်ရှားပုံမပေါ်ပါ။ ယေရှု သည်ယောသပ်၏သင်္ချိုင်းဂူသစ်အတွင်း၌ပင်ရှိနေသေးပုံပေါ်အောင် သင်တို့တွင်အချို့တို့ပြုမူနေကြပါသည်။ ထိုဂူအတွင်း၌ကိုယ်တော်မရှိ တော့ပါ။ ကိုယ်တော်သည်သေခြင်းမှထမြောက်တော်မူပြီးသောကြောင့် ကျွန်ုပ်တို့အဖို့အသက်ရှင်တော်မူသောကယ်တင်ပိုင်သူရှိနေပြီးဖြစ်သည် သာမကယနေ့ကိုယ်တော်သည်ကျွန်ုပ်တို့ကိုယ်စားကြားဖျန်တောင်း ပန်လျက်နေတော်မူ၏။

သို့ဖြစ်၍ကိုယ်တော်၏မေတ္တာတော်အကြောင်းကိုပြောပါ၊ ကိုယ်တော်၏တန်ခိုးတော်အကြောင်းကိုဟောပါ၊ ကိုယ်တော်၏ကျေးဇူးတော်အကြောင်းကိုချီးမွမ်းပါ။ သင်၌စကားပြောနိုင်သည့်အသံရှိလျှင်ဘုရားသခင်၏အကြောင်းကိုပြောပါ၊ ကောင်းကင်နိုင်ငံတော်အကြောင်းနှင့်ထာဝရအသက်အကြောင်းကိုပြောပါ။ အိမ်နီးချင်းများကကြားရလောက်အောင်မိမိတို့နေအိမ်၌စကားကျယ်ကျယ်ပြောသောသူအချို့အစည်းအဝေးပွဲများသို့ရောက်လာကြသောအခါထ၍စကားအနည်းငယ်ပြောကြသော်လည်းမပီမသေသူတစ်ပါးမကြားနိုင်လောက်အောင်လုံးထွေး၍ပြောလေ့ရှိကြပါသည်။ ခရစ်တော်၏ကျောင်းတော်၌ပညာဆည်းပူးထားသောကြောင့်တိုးတက်မှုရှိနေကြောင်းသင်ပြလိုပါသည်။ "ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါစိတ်နှလုံးဖြင့်ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါနှုတ်ဖြင့်ဝန်ခံရ၏။" (ရောမ၊ ၁၀း၁၀၊၁၁)။ ယနေ့ကြားနာရသည့်သမ္မာတရားတော်ကိုယုံကြည်သူမည်မျှရှိပါသနည်း။ ဤသမ္မာတရား၌အလင်းရှိကြောင်းဝန်မခံမီလအနည်းငယ်ဆိုင်းထားလိုပါသေးသလား။ အချက်အလက်ရှိသမျှကိုဆင်ခြင်သုံးသပ်ဖို့စောင့်ဆိုင်းလိုပါသေးသလား။ ထိုအချိန်မရောက်မီမရဏာနိုင်ငံသို့သင်သွားရပါလိမ့်မည်။

## ဘုရားသခင်မိန့်တော်မူခြင်းဖြစ်၍ယုံပါ

အမှန်တရားဖြစ်သောကြောင့်ယုံပါ။ ဘုရားသခင်မိန့်တော်မူရာဖြစ်ပါသည်။ လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံပြီးမှထမြောက်တော်မူသည့်ကယ်တင်ပိုင်သူ၏ကျေးဇူးတော်ကောင်းမှုဖြစ်သည့်သွေးတော်ကိုဆုပ်ကိုင်ထားပါ။ ကိုယ်တော်သည်သင့်အတွက်တစ်ခုတည်းသောမြော်လင့်ခြင်း၊ ကိုယ်တော်သည်သင်၏ဖြောင့်မတ်ခြင်း၊ ကိုယ်တော်

သည်သင်၏ကိုယ်စားခံတော်မူလျက်သင်၏အာမခံဖြစ်တော်မူ၏။ ကိုယ်တော်သည်သင့်အဖို့အလုံးစုံတို့၏အလုံးစုံဖြစ်တော်မူ၏။ ယင်းသို့သဘောပေါက်နားလည်ထားပါကသင့်အနေဖြင့်ကျေးဇူးတော်ချီးမွမ်းသည့်ပူဇော်သကာကိုသာယူဆောင်လာဖို့လိုပါတော့သည်။ သို့သော်သင့်အနေဖြင့်ယင်းသို့ခရစ်တော်ထံသို့ချဉ်းကပ်လျက်ကိုယ်တော်သည်သင့်အဖို့အလုံးစုံတို့ကိုဆောင်ရွက်ပြီးကြောင်းအသိအမှတ်ပြုဖို့ဆန္ဒမရှိဘဲဦးစွာပထမသင်၏ဆန္ဒအရရှေ့သို့တက်လှမ်းပါမှဘုရားသခင်ကလမ်းခုလတ်တွင်သင့်အားတွေ့ဆုံကြိုဆိုလိမ့်မည်ဟုသဘောထားသေးလျှင်ကာဣန၏ပူဇော်သကာကဲ့သို့ပင်ဖြစ်နေပါသေးသည်။ ယေရှုကိုကာဣနမသိပါ။ ယေရှု၏အသွေးတော်အားဖြင့်သူ၏အပြစ်များကိုဆေးကြောသန့်စင်စေလျက်သူ၏ပူဇော်သကာကိုဘုရားသခင်လက်ခံလိမ့်မည်ဖြစ်ကြောင်းကာဣနမသိပါ။ ယေရှု၏အသွေးတော်မပါသောကြောင့်မသန့်ရှင်းသည့်အလှူများနှင့်ညစ်ညူးသောပူဇော်သကာများကိုယူဆောင်လာသည့်ကာဣနတစ်ယောက်ထက်ပို၍များနေပါသည်။ ခရစ်တော်ယေရှုထံသို့အဆင့်တိုင်း၌ချဉ်းကပ်ဖို့လိုပါသည်။ ယေရှု၏အသွေးတော်အားဖြင့်လည်းကောင်း၊သွေးတော်၏သန့်စင်စေနိုင်သောတန်ခိုးအားဖြင့်လည်းကောင်းဘုရားသခင်၏ထံတော်မှအသနားခံပါ၊ အလေးနက်ဆုတောင်းပတ္ထနာပြုပါ၊ ယခင်မည်သည့်အခါကမျှမလေ့လာခဲ့ဖူးသည့်ပုံစံဖြင့်သမ္မာကျမ်းကိုလေးလေးနက်နက်လေ့လာဆည်းပူးပါ။

သမ္မာတရားဆိုသည်မှာအဘယ်နည်း။ သမ္မာတရားဆိုသည်မှာယုံကြည်သည့်နှစ်ကာလအတိုင်းအတာအပေါ်မူတည်သည်မဟုတ်ပါ။ သင်၏ယုံကြည်ခြင်းဆိုင်ရာအယူအဆကိုသမ္မာကျမ်းနှင့်ယှဉ်ပါ။ သမ္မာ

ကျမ်း၌ရှိသောအလင်းတရားကသင်၏အယူအဆကိုအနက်ဖွင့်ဆို စေလျက်ယင်းအယူအဆ၌မည်သည့်အခက်အခဲရှိနေသည်၊မည်ကဲ့သို့ မလုံမလောက်ဖြစ်နေသည်ကိုသမ္မာကျမ်းကပင်ဖွင့်ပြပါစေ။ သမ္မာကျမ်း ကိုစံထားပါ။ ဘုရားသခင်၏အသက်ရှင်စေသောဖေါ်ပြချက်များက သင့်အားလမ်းပြပါစေ။ လယ်၌ဝှက်ထားသောဘဏ္ဍာကိုရှာသကဲ့သို့ သမ္မာတရားတော်ကိုရှာပါ။ မည်သည့်နေရာ၌ဘဏ္ဍာ၊ ရတနာ ရှိသည်ကိုရှာပြီးမှကျောက်မျက်ရတနာများကိုအပိုင်ရဖို့လယ်မြေကို တစ်လက်မစီထွန်ယက်ရှာဖွေပါ။ သမ္မာတရားသတ္တုတွင်းများ၌ ကျောက်မျက်အသစ်များ၊ စိန်သစ်များရဖို့သင်ကိုယ်တိုင်ရှာဖွေရပါ မည်။ရှာသည့်အတိုင်းတွေ့ပါလိမ့်မည်။

ပါပတန်ခိုးအာဏာအကြောင်းသိကြပါသည်။ ယင်းတန်ခိုး အာဏာအောက်၌လူတို့အနေဖြင့်သမ္မာကျမ်းကိုအနက်ဖွင့်ဆိုခွင့်မရှိပါ ၎င်းတို့အတွက်အနက်ဖွင့်ဆိုပေးသူသီးခြားရှိရပါသည်။ သင်၌ဦးနှောက် မရှိပါသလား။ သင်၌စဉ်းစားဉာဏ်မရှိပါသလား။ ဘုရားသခင် သည်ယဇ်ပုရောဟိတ်များနှင့်ခေါင်းဆောင်လူကြီးများအားဆုံးဖြတ် တတ်သောဉာဏ်ကိုပေးထားတော်မူသကဲ့သို့သာမန်လူပရိသတ်အား လည်းပေးထားတော်မူသည်မဟုတ်ပါလော။ အသက်၏သခင် ဖြစ်တော်မူသောယေရှုခရစ်တော်သည်ဤလောကသို့ကြွဆင်းလာ တော်မူစဉ်ကကိုယ်တော်ကိုၚင်းတို့သိခဲ့ကြပါလျှင်ကိုယ်ဓာတ်ကို လက်ဝါးကပ်တိုင်ပေါ်၌တင်၍အသေသတ်ခဲ့ကြလိမ့်မည်မဟုတ်ပါ။ သမ္မာကျမ်းကိုလေ့လာရှာဖွေဖို့သူတို့ကိုဘုရားသခင်မှာထားတော်မူ၏။ “ကျမ်းစာအားဖြင့်ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့်သင် တို့သည်ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏၊ ထိုကျမ်းစာပင်ငါ၏သက် သေဖြစ်၏။” (ယောဟန် ၅း၃၉)။

ကျွန်ုပ်တို့ကျမ်းစာလေ့လာဆည်းပူးသူများဖြစ်ဖို့ဘုရားသခင်မစတော်မူပါစေ။ သမ္မာကျမ်းစာအချက်အလက်များနှင့်စပ်လျဉ်း၍ "ဘုရားသခင်မိန့်တော်မူသည်ကား" ဟုသင်ကိုယ်တိုင်နားလည်အောင်လေ့လာပါ၊ သမ္မာကျမ်းကိုအနက်ဖွင့်ဆိုခြင်းနှင့်ပတ်သက်၍အခြားမည်သည့်သက်ရှင်လူသားကိုမျှမကိုးစားပါနှင့်။ ဤအချက်ကိုမြင်နိုင်သောအခါသင်ကိုယ်တိုင်သဘောပေါက်၍ဘုရားသခင်၏သမ္မာတရားတော်ဖြစ်ကြောင်းကိုယ်တိုင်သိပါလိမ့်မည်။ ထိုအခါတွင် "အကျွန်ုပ်ဖတ်ပြီးပါပြီ၊ အကျွန်ုပ်၏စိတ်နှလုံးအတွင်းစွဲမှတ်ပြီးပါပြီ၊ နှုတ်တော်ထွက်တရားတော်အားဖြင့်အကျွန်ုပ်အားဖွင့်ပြတော်မူသည့်ဘုရားသခင်၏သမ္မာတရားတော်ဖြစ်ပါသည်" ဟုပြောနိုင်ပါလိမ့်မည်။ ထိုသို့ဆိုလျှင်ကျွန်ုပ်တို့သည်ပုဂ္ဂလိကခရစ်ယာန်များဖြစ်ရကြပါမည်။ ကျွန်ုပ်တို့တစ်ဦးစီအနေဖြင့်ကိုယ်တိုင်ကိုယ်ကျအတွေ့အကြုံများရှိထားဖို့လိုပါသည်။ ဂျူးပရိသတ်ပြောင်းလဲသကဲ့သို့ကျွန်ုပ်တို့ပြောင်းလဲဖို့လိုပါသည်။ အလင်းရောင်၏အစကိုမြင်ရသောအခါ "အခြားညီအစ်ကိုများဖြစ်ရသည်တိုင်အောင်စောင့်ဦးမည်" ဟုသဘောထားပြီးနောက်မဆုတ်ပါနှင့်။ ယင်းသို့ပြုလျှင်မှောင်မိုက်အတွင်း၌ပင်ဆက်လက်တည်မြဲနေပါလိမ့်မည်။

သမ္မာတရားတော်ကိုတတ်ကျွမ်းဖို့ကျွန်ုပ်တို့အားဘုရားသခင်ထောက်မတော်မူပါသည်။ ထို့ကြောင့်ဘုရားသခင်၏အမှန်တရားကိုသိမြင်သောအခါအလင်းတရားအတွင်းသို့တိုက်ရိုက်တိုးဝင်လျက်အကာအဆီးရှိသမျှကိုသင်၏နောက်ကျောဘက်သို့တွန်းပို့ပါ။ ဇာတိပကတိကိုသင်၏လက်ရုံးရည်အဖြစ်အသုံးမပြုပါနှင့်။ အသက်ရှင်သောအတွေ့အကြုံများကိုဆည်းပူးပါ။ ထိုအခါသင်၏မျက်နှာ၌ဘုရားသခင်၏ဘုန်း

တော်ရောင်ထွန်းတောက်ပါလိမ့်မည်။ သင်သည်ကိုယ်တော်နှင့်လျှောက်ပြီးဖြစ်၍ကိုယ်တော်သည်သင့်အားမြှင့်တင်တော်မူ၏။ သင်သည်ကိုယ်တော်နှင့်လုံးထွေးလျက်ကိုယ်တော်၏ထံတော်မှအသနားခံပြီးသောကြောင့်ကိုယ်တော်သည်မိမိ၏အလင်းတော်ကိုသင်၏အပေါ်၌လင်းစေတော်မူ၏။

## ယုံကြည်ခြင်းအကြောင်းပြောပါ၊ ယုံကြည်လျက်အသက်ရှင်ပါ၊ ယုံကြည်စွာလှုပ်ရှားပါ

ညီအစ်ကိုတို့၊ သင်တို့အနေဖြင့်သံသယနယ်မြေအတွင်း၌မေးခွန်းထုသူများဖြစ်ခဲ့သောကြောင့်ယခုအခါသင်တို့၏စိတ်ဝိညာဉ်များအားယုံကြည်ခြင်းနှင့်ဆိုင်သောပညာကိုပေးဖို့အချိန်တန်နေပါပြီ။ သင်တို့အနေဖြင့်ယုံကြည်ခြင်းအကြောင်းပြောရပါမည်။ ယုံကြည်ခြင်း၌အသက်ရှင်ရပါမည်၊ ယုံကြည်ခြင်း၌လှုပ်ရှားရပါမည်။ သို့မှသာသင်တို့၏ယုံကြည်ခြင်းအသက်ရှင်၍ဖွံ့ဖြိုးတိုးတက်ပါလိမ့်မည်။ ထိုအသက်ရှင်သောယုံကြည်ခြင်းကိုလေ့ကျင့်ပေးပါကသင်တို့သည်ခရစ်တော်ယေရှု၌ခွန်အားကြီးသောအမျိုးသားနှင့်အမျိုးသမီးများဖြစ်ကြ၍ကြီးထွားရှင်သန်ကြပါလိမ့်မည်။ ယခုကျွန်ုပ်တို့ကျင်းပနေသည့်ဤအစည်းအဝေးကြီးသည်သင်တို့၌တရားတော်နေမင်းထွက်ပေါ်သည့်အစည်းအဝေးကြီးဖြစ်စေဖို့ဘုရားသခင်ခွင့်ပြုတော်မူပါစေ၊ ၎င်းအပြင်သင်တို့သည်လည်းဤလောက၏အလင်းဖြစ်ကြစေခြင်းငှါသင်တို့၏စိတ်နှလုံးများအတွင်းသို့ထိုအလင်းရောင်ထွန်းလင်းပါစေ။

သင်တို့သည်ဤလောက၏အလင်းဖြစ်ကြ၏ဟုတပည့်တော်တို့အားခရစ်တော်မိန့်တော်မူသည်နည်းတူသင်တို့သည်လည်း "ဤလောက၏အလင်း" ဖြစ်နိုင်ကြပါသည်။ (မဿဲ ၅း၁၄)။ သင်တို့အနေ

ဖြင့်ထိုအလင်း၊ ထိုမြော်လင့်ခြင်းနှင့်ထိုယုံကြည်ခြင်းကိုသူတစ်ပါးတို့အားဆက်လက်ဖြန့်ဝေသင့်ပါသည်။ ကိုယ်တော်သည်သင်တို့၏ခက်ခဲသောလုပ်ငန်းပိုင်ဖြစ်ပုံပေါ်စေခြင်းငှါကိုယ်တော်အဖို့သင်တို့အမှုဆောင်ရာလမ်းတစ်လျှောက်၌သင်တို့မသယ်မဆောင်နိုင်သောဝန်ထုပ်များကိုထမ်းဆောင်စေသကဲ့သို့ညည်းညူနေကြဖို့မသင့်ပါ။ ဤသို့မဟုတ်ပါ။ သင်၌ဝမ်းမြောက်ခြင်းအပြည့်အဝရှိနေဖို့၊ ဘုရားသခင်ပေးသနားတော်မူသည့်ကောင်းချီးများကိုအပြည့်အဝရနေဖို့၊ လူတို့၏အသိဉာဏ်ဖြင့်မတိုင်းမတာနိုင်သည့်ဘုရားရှင်၏မေတ္တာတော်ဆိုင်ရာအနိမ့်အမြင့်နှင့်အနံအလျားကိုသိမြင်စေဖို့ကိုယ်တော်အလိုရှိတော်မူ၏။ ကိုယ်တော်၏နာမတော်ကိုမြွက်ဆိုသောအခါအဓိကသင်္ကေတကိုထိစေခြင်းဖြင့်သင်၏စိတ်နှလုံးအတွင်း၌တုံ့ပြန်မှုရှိစေခြင်းငှါကိုယ်တော်အလိုရှိတော်မူ၏။ ထိုရောအခါသင်သည်ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသခင်၊ သိုးသငယ်တော်၏ဘုန်းတော်နှင့်ကျေးဇူးတော်ကိုချီးမွမ်းထောမနာပြုနိုင်ပါလိမ့်မည်။

ထိုချီးမွမ်းသီချင်းကိုသီဆိုတတ်ဖို့ယခုဤနေရာမှအစပြုလေ့ကျင့်ထားသင့်ပါသည်။ သို့မှသာမျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းပြောင်းလဲခြင်းသို့ရောက်သောအခါကောင်းကင်တမန်များနှင့်တကွကယ်တင်ခြင်းရပြီးသည့်သန့်ရှင်းသူများနှင့်အတူထိုအောင်မြင်သောသီချင်းကိုဆိုရန်မည်သည့်သင်္ကေတမှအစပြုရမည်ကိုသိပါလိမ့်မည်။ ကျွန်ုပ်တို့သည်ထိုသို့ကျေးဇူးတော်နှင့်ဘုန်းတော်ကိုချီးမွမ်းထောမနာပြုကြသောအခါကောင်းကင်ပေါင်းကူးကြီးများ၌ထိုသီဆိုသံများပဲ့တင်သံဟိန်းပါလိမ့်မည်။ ထိုကြောင့်ယခုပင်ဤနေရာပေါင်းကူးများတို့မှပဲ့တင်သံဟိန်းပါစေ။ ဤနေရာတွင်သင်တို့၏စိတ်နှလုံးများအတွင်းမှ

ကျေးဇူးတော်ချီးမွမ်းဖို့စိတ်နှလုံးနိုးထနိုင်ပါစေ။ ဤနေရာ၌သင်တို့ရှိနေကြစဉ်မြစိမ်းရောင်ကတ္တီပါကော်ဇောကြီးပမာမြင့်မားလှသောသစ်ပင်ကြီးများတို့ကိုမျှော်ရှုလျက်သင်တို့၏စိတ်နှလုံးများအတွင်းမှကျေးဇူးတော်ချီးမွမ်းဖို့နိုးကြားပါ။ ဤမျှလောက်လှပတင့်တယ်သည့်ဤကမ္ဘာမြေကြီးပေါ်၌ကျွန်ုပ်တို့ရှိနေဖို့အခွင့်အရေးပေးတော်မူသည့်အတွက်ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းကြပါ။ ပို၍ကောင်းသောအရပ်သို့ကျွန်ုပ်တို့ခရီးဆက်နေကြပါသည်။ ဤကမ္ဘာမြေကြီးကိုအရည်ကျိုလျက်ဆေးကြောသန့်ရှင်းစေပြီးမှအပြစ်နှင့်ကင်းသောနေရာဖြစ်စေတော်မူပါလိမ့်မည်။

ကျွန်ုပ်တို့၌ကောင်းကင်စိတ်သဘောများရှိနေကြဖို့ပြုလုပ်ဆောင်ရွက်စရာအစုံအလင်ရှိနေသည်မဟုတ်ပါလော။ အနက်မရှိဘဲပေါ့ပြက်ပြက်သောစကားများကိုပြောခြင်း၊ ပြောင်ရွှတ်ရွှတ်နှင့်ပြက်လုံးထုတ်ခြင်း၊ မဟုတ်မမှန်သတင်းပေးခြင်း၊ နှုတ်မစောင့်ခြင်း၊ မနာလိုသောကြံစည်ခြင်းအစရှိသည့်လောကီဆန်သောအာရုံခံစားခြင်းနှင့်ဆိုင်သည့်မကောင်းမှုများကိုပယ်ဖို့ကျွန်ုပ်တို့၌အစုံအလင်ရှိသည်မဟုတ်ပါလော။ ထိုအရာအားလုံးကိုပယ်ပါ။ အသင်းတော်၏ကျက်သရေကိုဆုတ်ယုတ်စေပါသည်။ အသင်းတော်၏အင်အားကိုချည့်နဲ့စေပါသည်။

ကျွန်ုပ်တို့ပြောဆိုသောစကားများသန့်ရှင်းပါစေ။ ဘုရားသခင်နှင့်ဆိုင်သမျှသန့်ရှင်းတော်မူသကဲ့သို့ကျွန်ုပ်တို့နှင့်ဆိုင်သမျှသန့်ရှင်းပါစေ။ မိမိ၏အသက်ကိုစွန့်တော်မူလျက်ကျွန်ုပ်တို့အားရွေးနုတ်တော်မူသည့်မြတ်တော်မူသောကယ်တင်ပိုင်သူ၌ဝမ်းမြောက်၍ဘုရားသခင်၏ဘုန်းတော်ကိုရောင်ပြန်ဟပ်ကြပါစို့။ ကျွန်ုပ်တို့သည်ကောင်းကင်နှင့်ပူးပေါင်းလျက်ဤလောက၌ကိုယ်တော်အားချီးမွမ်းကြပါစို့။ ထာဝရ

ဘုရားသခင်၏မြို့တော်အတွင်း၌ကောင်းကင်တမန်တို့သီဆိုချီးမွမ်းပြုကြရာတွင်လည်းကျွန်ုပ်တို့ပါဝင်ကြပါစို့။

---× × ×---

## အော့တဝါတရားဟောချက်အပေါ်တုံ့ပြန်မှုအတွက် အီးဂျီပို့က်၏အစီရင်ခံစာ

ပြန်လည်သုံးသပ်ခြင်းနှင့် သတော်ဆင့်မဂ္ဂဇင်း တွင် ၁၈၈၉ ခု၊ ဇူလိုင်လ ၂၃ ရက်နေ့စွဲဖြင့်လည်းကောင်း၊ ရွေးချယ်ထားသည့်သတင်းစကားများ စာအုပ်အမှတ် စာမျက်နှာ ၃၅၅–၃၅၈ ၌ကျင်းပသည့်တဲရှင်စခန်း စည်းဝေး၏အစီရင်ခံစာ။

ရန်သူစာတန်၏တန်ခိုးအာဏာအစိတ်စိတ်အမြွာမြွာဖြစ်စေဖို့၊ လောကီမှောင်မိုက်၌ရှိနေသောပရိသတ်သည်မိမိတို့၏စိတ်နှလုံးများကိုဖွင့်ဟလျက်ဘုရားသခင်ပေးသနားတော်မူမည့်သတင်းစကားဆိုင်ရာသမ္မာတရားတော်ကိုမြင်နိုင်ကြဖို့၊ ထိုသတင်းစကားများသည်သူတို့အတွက်အသစ်အဆန်းများပင်ဖြစ်နေစေကာမူရှေးသမ္မာတရားဟောင်းကိုအသစ်သောပုံစံဖြင့်မြင်သိနိုင်ကြဖို့ကန်စအစည်းအဝေး၌ဘုရားသခင်၏ထံတော်မှကျွန်မဆုတောင်းပတ္တနာပြုပါသည်။ စာတန်သည်ထာဝရဘုရား၏ဘုန်းတော်ကိုမဟုတ်မတရားကိုယ်စားပြုထားသောကြောင့်ဘုရားသခင်၏ပရိသတ်အနေဖြင့်ကိုယ်တော်၏အကြောင်းကိုအမှန်အတိုင်းသဘောမပေါက်နားမလည်နိုင်ကြပါ။ ကျွန်ုပ်တို့၏မြတ်တော်မူသောကျေးဇူးတော်ဘုရားသခင်အားစာတန်၏ဘုန်းများဖြင့်ဆင်မြန်းလျက်ပရိသတ်ရှေ့မှောက်တွင်တင်ဆက်ထားသောကြောင့်သမ္မာတရားတော်ကိုနှစ်ရှည်လများလေ့လာရှာဖွေနေကြသည့်အမျိုးသားများနှင့်အမျိုးသမီးများပင်ဘုရားသခင်အားအလင်းတားအတုဖြင့်သာရှုမြင်နေကြပါသည်။ ယင်းသို့မထင်မရှား

မြင်သိစေသည့်မိမိတို့၏မျက်စိရှေ့မှကာဆီးနေသည့်တိမ်လွှာကိုပယ်ရှားဖို့မလွယ်ကူပါ။ အများသောသူတို့သည်ယုံမှားသံသယ၏နယ်ပယ်အတွင်းသို့ရောက်နေကြသောကြောင့်၎င်းတို့၏ရှေ့မှောက်၌ရှိနေသည့်ခရစ်တော်၏ဧဝံဂေလိတရားတော်နှင့်ဆိုင်သောမြော်လင့်ခြင်းကိုမခံမယူနိုင်ကြပါ။

မေလ၁၁ရက်ဥပုသ်နေ့ကတင်ဆက်သည့်သမ္မာတရားများမှာတက်ရောက်လာကြသည့်ပရိသတ်အတွက်အသစ်အဆန်းဖြစ်နေပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်ဆိုင်ရာရတနာတိုက်တော်မှရေးရာအသစ်အဟောင်းများကိုဖေါ်ထုတ်လိုက်ခြင်းသာဖြစ်ပါသည်။ ယင်းသို့အမှန်တရားများကိုဖွင့်ပြတင်ဆက်လိုက်သော်လည်းပရိသတ်အနေဖြင့်နားလည်သဘောပေါက်လျက်သင့်လျော်စွာလက်ခံဖို့အခက်ကြုံရပါသည်။ ခရစ်တော်သည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ်တော်မူသည့်အကြောင်းအချက်နှင့်စပ်လျဉ်း၍ပညတ်တရားနှင့်ဧဝံဂေလိတရားတော်ဆိုင်ရာဘုရားသခင်၏ဖေါ်ပြတော်မူချက်များမှလျှပ်စစ်ပမာအလင်းရောင်ထိုးပါသည်။ သမ္မာတရားတော်ကိုဆာငတ်နေသောပရိသတ်ကမူထိုအလင်းတရားကိုလက်ခံဖို့တန်ဖိုးကြီးလွန်းသကဲ့သို့ပင်ဖြစ်ရပါသည်။

သို့သော်ဥပုသ်နေ့ကဆောင်ရွက်များအလဟဿမဖြစ်ပါ။ တက်ရောက်လာကြသည့်ပရိသတ်အနေဖြင့်ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးအခြေအနေများသိသိသာသာပြောင်းလဲသည်တိုင်အောင်ဘုရားသခင်၏ဝိညာဉ်တော်လုပ်ဆောင်လျက်ရှိကြောင်းတနင်္ဂနွေနေ့နံနက်ရောက်သောအခါသာဓကထင်ရှားပါသည်။ မိမိတို့၏စိတ်နှလုံးအသီးသီးကိုဘုရားသခင်အားဆက်ကပ်ကြပါသည်။ မှောင်မိုက်အတွင်း

တာရှည်စွာနစ်မွန်းနေခဲ့သောပရိသတ်များသက်သေခံကြပါသည်။ ခရစ်တော်သည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ်တော်မူသည်ဆိုသည့် ကောင်းသောသတင်းစကားကိုလက်မခံနိုင်မီမိမိကိုယ်တိုင်နှင့်လုံးထွေး ရသည့်အတွေ့အကြုံကိုညီအစ်ကိုတစ်ဦးကတင်ပြသက်သေခံပါသည်။ တိုက်လှန်ပွဲပြင်းထန်သော်လည်းဘုရားသခင်သည်မိမိနှင့်အတူ လုပ်ဆောင်တော်မူကြောင်း၊ ထိုကြောင့်မိမိစိတ်နှလုံးပြောင်းလဲကြောင်း၊ ခွန်အားသစ်လည်းရကြောင်းတင်ပြပါသည်။ မြော်လင့်ခြင်းရှိသမျှနှင့် ကယ်တင်ခြင်း၏မူလအစည်ယေရှုခရစ်တော်သာလျှင်ဖြစ်တော်မူ ကြောင်းနှင့်ပတ်သက်သည့်သမ္မာတရားတော်ကိုထိုသူအား ဘုရားသခင်ကရှင်းလင်းစွာဖွင့်ပြတော်မူ၏။ “နှုတ်တော်ထွက်စကား၌ အသက်ရှိ၏။ ထိုအသက်သည်လည်းလူတို့၏အလင်းဖြစ်၏။............ နှုတ်တော်ထွက်စကားသည်လည်းလူဇာတိအဖြစ်ကိုခံယူ၍ကျေးဇူးတော် နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်းပြည့်စုံလျက်ငါတို့တွင် တည်နေတော်မူ၏။” (ယောဟန် ၁း၄၊၁၄)။

ကျွန်ုပ်တို့၏ဓမ္မအမှုဆောင်ညီအစ်ကိုငယ်တစ်ဦးကယခုအ စည်းအဝေးအတွင်းမိမိရရှိခံစားရသည့်ဘုရားသခင်၏မေတ္တာတော်နှင့် ကောင်းချီးများမှာမိမိ၏ရှေ့ပိုင်းအသက်တာတစ်လျှောက်၌ ရရှိခဲ့သည့်မေတ္တာနှင့်ကောင်းချီးများထက်ပိုကြောင်းသက်သေခံပါသည်။ အခြားတစ်ဦးကမူမိမိရင်ဆိုင်ရသည့်စုံစမ်းသွေးဆောင်ခြင်းများ၊ ရှုပ်ထွေးမှုများနှင့်ဆိုင်ပြိုင်တိုက်လှန်ရခြင်းများ၏အခြေအနေ ကြောင့်ကိုယ်ကိုကိုယ်လုံးဝအရှုံးပေးလက်လျှော့ဖို့ကိုပင်သွေးဆောင် ခြင်းခံကြောင်း၊ ခရစ်တော်၏ကျေးဇူးတော်ကိုသာပို၍မရပါကမြော် လင့်ချက်မရှိတော့ဟုမိမိခံစားရကြောင်း၊ သို့သော်လည်းအစည်းအဝေး

၏အရှိန်အဝါကြောင့်ခရစ်တော်အရှင်၌ယုံကြည်လျက်ကယ်တင်ခြင်း
တရားအကြောင်းပို၍နားလည်သဘောပေါက်ပြီးစိတ်နှလုံးပြောင်းလဲ
သည့်အတွေ့အကြုံကိုရကြောင်း၊ ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာ
သို့ရောက်နိုင်သည့်အခွင့်အရေးရှိသည်ကိုသိမြင်လျက်ဘုရားသခင်
၌ငြိမ်သက်ခြင်းရကြောင်း၊ ထိုကြောင့်မိမိ၏စိတ်နှလုံးအတွင်း၌သက်
သာခြင်းရကြောင်းများကိုမျက်ရည်ကျလျက်သက်သေခံပါသည်။ လူ
မှုရေးအစည်းအဝေးတိုင်း၌အလင်းတရားတော်ကိုရရှိသောကြောင့်
စိတ်ငြိမ်သက်ခြင်း၊ စိတ်ချမ်းသာခြင်းနှင့်ဝမ်းမြောက်ရကြောင်းကို
လူအများသက်သေခံကြပါသည်။

ပရိသတ်၏ရှေ့မှောက်၌တင်ဆက်စရာအဖို့ကျွန်ုပ်တို့၌အ
လင်းတရားတော်ကိုရရှိထားသောကြောင့်ဘုရားသခင်၏ကျေးဇူး
တော်ကိုစိတ်ရောကိုယ်ပါချီးမွမ်းပါ၏။ ယနေ့နှင့်ဆိုင်သည့်
သမ္မာတရားကိုရရှိထားသောကြောင့်လည်းကျွန်ုပ်တို့ဝမ်းမြောက်ကြ
ပါသည်။ ခရစ်တော်သည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ်တော်မူကြောင်း
ဆိုင်ရာသတင်းစကားအားဖြင့်လူအများဝမ်းမြောက်ကြပါသည်။
ထိုမျှမက “ရှေ့သို့ချီတက်ကြလော့” ဟု မိမိ၏လူတို့အားဘုရားသခင်
မိန့်တော်မူ၏။ ယနေ့ကျွန်ုပ်တို့၏အခြေအနေမှာလည်းလောဒိကိအသင်း
တော်၏အခြေအနေကဲ့သို့ပင်ဖြစ်နေပါသည်။ ဘုရားသခင်၏နှုတ်
တော်ထွက်တရားတော်ကိုတတ်ကျွမ်းသောကြောင့်ဂုဏ်ယူနေကြသောသူ
များအနေဖြင့်မိမိတို့၌အမှန်တရားရှိသည်ဟုသဘောထားကြသော်
လည်းငင်းတို့၏အသက်တာများ၌နှုတ်တော်ထွက်တရားတော်ဆိုင်ရာ
စင်ကြယ်စေနိုင်သည့်တန်ခိုးမရှိသောအခြေအနေမှာပေါ်လွင်သည်။
ငင်းတို့၏စိတ်နှလုံးများအတွင်း၌ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်

ထက်သန်မှုလျော့နည်းနေပါသည်။ ထိုမေတ္တာတော်ထက်သန်မှုကသာ လျှင်ဘုရားသခင်၏လူတို့အားဤလောက၏အလင်းဖြစ်စေနိုင်ပါသည်။

**လောဒိကိသတင်းစကား**

ခရစ်တော်မရှိ၊ အေးစက်စက်ဖြစ်လျက်အသက်မဲ့နေသည့် အသင်းတော်အား "သင်၏အကျင့်ကိုငါသိ၏၊ သင်သည်အအေး မဟုတ်အပူမဟုတ်သည်ကိုငါသိ၏။ အေးခြင်းဖြစ်စေ၊ ပူခြင်းဖြစ်စေ တစ်ခုခုကိုငါအလိုရှိ၏၊ ထိုသို့အအေးမဟုတ်အပူမဟုတ်၊ နွေးရုံရှိသော ကြောင့်ငါ၏ခံတွင်းသည်သင့်ကိုထွေးလုပြီ" ဟုသစ္စာရှိ၍ဟုတ်မှန် သောသခင်မိန့်တော်မူ၏။ (ဗျာ၊ ၃း၁၅၊၁၆)။ အောက်ပါစကားရပ် များကိုသတိပြုပါ။ "သင်ကလည်းငါသည်ဥစ္စာရတတ်၏။ ဘဏ္ဍာ များကိုဆည်းပူးပြီ၊ တစ်စုံတစ်ခုကိုမျှမလိုဟုပြောဆို၍ကိုယ်တိုင်ပင် ပန်းခြင်း၊ သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ် အချည်းစည်းရှိခြင်းဖြစ်သည်ကိုမသိပါတကား။" ဤသည်ကားဝိညာဉ် ရေးအတတ်ပညာနှင့်ဓမ္မရေးရာအခွင့်အရေးများကိုပိုင်ဆိုင်ရသည့် အတွက်ဂုဏ်ယူဝင့်ကြွားနေသူများအားကိုယ်စားပြုထားခြင်းဖြစ်ပါ သည်။ သို့သော်မိမိတို့၏အကျင့်ကောင်းခလေ့များကြောင့်မဟုတ်ဘဲ ဘုရားသခင်သွန်းလောင်းတော်မူသည့်ကောင်းချီးများကိုသူတို့ မတုံ့ပြန်ကြပါ။ နာခံမှုကင်းခြင်း၊ ကျေးဇူးတရားမသိတတ်ခြင်း၊ ဘုရားသခင်အားမေ့လျော့နေခြင်းစသည့်စိတ်ဓါတ်များနှင့်ပြည့်ဝနေကြ ပါသည်။ ဆုံးမပဲ့ပြင်ခြင်းကိုမနာခံ၊ ကျေးဇူးတရားကိုလည်းမသိတတ် သောသားအားမေတ္တာထားလျက်ခွင့်လွှတ်တတ်သောဖခင်ကမိမိ၏ သားအားဆက်ဆံသကဲ့သို့ထိုသူတို့အားဘုရားသခင်ဆက်ဆံတော်မူ၏။ ကိုယ်တော်၏ကျေးဇူးတော်ကိုသူတို့ငြင်းပယ်ကြပါသည်။ ကိုယ်တော်

ပေးအပ်ထားသည့်အထူးအခွင့်အရေးများကိုမတော်မတရားအသုံးပြု ကြပါသည်။ ရရှိသည့်အခွင့်ကောင်းအခါကောင်းများကိုမလေးမစား ပြုကြပါသည်။ တင်းတိမ်ရောင့်ရဲမှုဥ္စနစ်မြုပ်နေကြပါသည်။ ဝမ်းနည်း ဖွယ်ရာကျေးဇူးတရားမသိတတ်ခြင်း၊ အနှစ်သာရမရှိသည့်ထုံးစံများ၊ မရိုးသားသည့်အယောင်ဆောင်ခြင်းများဖြင့်ကျေနပ်နေကြပါသည်။ ငါသည်ဥစ္စာရတတ်၏၊ ဘဏ္ဍာများကိုဆည်းပူးပြီ၊ တစ်စုံတစ်ခုကိုမျှ မလို" ဟုဖါရိရှဲတို့ဝင့်ဝါသကဲ့သို့သူတို့ဂုဏ်ယူဝင့်ကြွားကြပါသည်။ (ဗျာ၊ ၃း၁၇)။

ဆုံးမခြင်း၊ သတိပေးခြင်းနှင့်ဖျောင်းဖျခြင်းတို့ဖြင့်သင်၏ထံ သို့သတင်းစကားတစ်မျိုးပြီးတစ်မျိုးကိုယေရှုပေးပို့ခဲ့သည်မဟုတ် ပါလော။ ကိုယ်တော်အကြံပေးတော်မူခဲ့သည်များတို့ကိုမထီမဲ့မြင် ပြုလျက်ပယ်ကြသည်မဟုတ်ပါလော။ ကိုယ်တော်ရွေးချယ်စေ လွှတ်တော်မူသည့်တမန်များအားပြောင်လှောင်လျက်၎င်းတို့ပြော ဟောသောစကားများသည်အနှစ်သာရမရှိသောပုံပြင်များသာဖြစ်သည် ဟုယူဆကြသည်မဟုတ်ပါလော။ လူမမြင်သောအရာကိုခရစ်တော် မြင်တော်မူ၏။ စိတ်ရှည်တော်မူသည့်ဘုရားသခင်၏သည်းခံတော် မူခြင်းကိုကုန်ခန်းစေမည့်နောင်တမရသောအပြစ်များကို ကိုယ်တော်မြင်တော်မူ၏၊ မိမိကိုယ်တိုင်ပြည့်စုံကုံလုံသည်ဟုကိုယ်ကို ကိုယ်စိတ်ချကျေနပ်နေသောသူများ၏အမည်နာမများကိုခရစ်တော် မယူဆောင်နိုင်ပါ။ ကိုယ်တော်မစတော်မူခြင်းကိုမလိုပါဟုသဘော ထားသောသူများ၊ အရာခပ်သိမ်းကိုသိ၍ပိုင်ဆိုင်သည်ဟုအဆိုပြုသော သူများ၏ကိုယ်စားကိုယ်တော်ကမတောင်းပန်နိုင်ပါ။

ရွှေးနုတ်တော်မူသောသခင်ကြီးသည်ကြွယ်ဝများပြားလှသော ပစ္စည်းများဖြင့်ကောင်းကင်ကုန်သည်ကြီး၏အသွင်ဖြင့်တစ်အိမ်တက် ဆင်းလှည့်လည်တော်မူပြီးလျှင်တန်ဖိုးမဖြတ်နိုင်သောကုန်ပစ္စည်းများ ကိုပြလျက် "သင်သည်ဥစ္စာရတတ်ခြင်းငှါမီးနှင့်ချွတ်ပြီးသောရွှေကို လည်းကောင်း၊ အဝတ်အချည်းစည်းရှိ၍တစ်ပါးရှေ့တွင်မရှက်စေ ခြင်းငှါခြုံစရာဖို့ဖြူသောအဝတ်ကိုလည်းကောင်းငါ့ထံမှာဝယ်လော့။ သင်၏မျက်စိမြင်စေခြင်းငှါမျက်စိ၌မျက်စဉ်းခတ်လော့ဟုသင့်အား ငါသည်အကြံပေး၏။ ငါချစ်သမျှသောသူတို့၏အပြစ်ကိုငါစစ်ဆေး၍ သူတို့ကိုဆုံးမတတ်၏။ ထိုကြောင့်ကိုယ်စိတ်ကိုကိုယ်နှိုးဆော်လော့။ နောင်တရလော့။ ငါသည်တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည်ငါ၏အသံကိုကြား၍တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင် ၍သူနှင့်အတူစားသောက်မည်၊ သူသည်လည်းငါနှင့်အတူစားသောက် ရလိမ့်မည်။" (ဗျာ၊ ၃း၁၈–၂၀)။

ကျွန်ုပ်တို့သည်ဘုရားသခင်၏ရှေ့တော်၌မိမိတို့၏အခြေမှန် အနေမှန်ကိုစစ်ဆေးသုံးသပ်ကြပါစို့။ သစ္စာရှိ၍ဟုတ်မှန်တော်မူသော သက်သေခံသူ၏အကြံပေးစကားတော်တို့ကိုနာယူကြပါစို့။ ကျွန်ုပ် တို့၏စိတ်နှလုံးများအတွင်းသို့အလင်းတရားမဝင်ရောက်စေမည့်ရှေး ယုဒလူများ၏မျက်နှာလိုက်ခြင်းမျိုးကိုရှောင်ကြပါစို့။ "သင်တို့သည် အသက်ကိုရအောင်ငါ့ထံသို့လာခြင်းငှါအလိုမရှိကြ" (ယောဟန် ၅း၄၀) ဟုထိုသူတို့အားခရစ်တော်မိန့်တော်မူသကဲ့သို့ကျွန်ုပ်တို့အား မိန့်တော်မူစရာမလိုအပ်စေခြင်းငှါကြိုးစားကြပါစို့။

ဂျင်နရယ်ကွန်ဖရင့်အထွေထွေအစည်းအဝေးကြီးအချိန်မှအစ ပြုလျက်အစည်းအဝေးတိုင်း၌ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားနှင့်

ဆိုင်သောသတင်းစကားကိုစိတ်အားထက်သန်စွာလက်ခံသောသူ အများအပြားရှိပါသည်။ ထိုသူတို့အနေဖြင့်မိမိတို့မပိုင်မဆိုင်သေးသည့် ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာတည်းဟူသောမီးနှင့်ချွတ်ပြီးသော ရွှေ၊ ခရစ်တော်၏ဖြောင့်မတ်ခြင်းတည်းဟူသောဖြူသောဝတ်ရုံ၊ ဓမ္မ ရေးရာကိုနားလည်ခြင်းတည်းဟူသောမျက်စဥ်းအစရှိသည့်မိမိတို့ မပိုင်မဆိုင်သေးသည့်အရာတစ်စုံတစ်ခုကိုငင်းတို့အနေဖြင့်အမှန်လို အပ်နေကြောင်းသဘောပေါက်ကြသည့်အသက်ဝိညာဉ်များအတွက် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းပါ၏။ ထိုမျှလောက်တန်ဖိုးကြီး သောဆုကျေးဇူးတော်များကိုအပိုင်ရထားကြပါလျှင်လူသားဗိမာန် တော်သည်လူအများမရှိသေးသောတန်ဆောင်းအဖြစ်သို့မရောက်နိုင် ပါ။ ညီအစ်ကိုမောင်နှမအပေါင်းတို့၊ နာဇရက်မြို့သားခရစ်တော်ယေရှု ၏နာမတော်ဖြင့်ဘုရားသခင်အမှုတော်ဆောင်ရွက်သည့်နေရာ၌ အမှုတော်ဆောင်ရွက်ဖို့ကျွန်မဖိတ်ခေါ်ပါ၏။ ယနေ့သည်ကားကျေးဇူး တော်ဆိုင်ရာအခွင့်ကောင်းအခါကောင်းနှင့်အခွင့်အရေးဖြစ်ပါ၏။

---× × ×---

## နားထောင်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်း

၁၈၉၀ ခု၊ မေလ ၁၉ ရက်နေ့၊ အချိန်ကာလဆိုင်ရာနိမိတ်
လက္ခဏာများ မဂ္ဂဇင်းမှဆောင်းပါး။

"ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့် ဘုရားသခင်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါကိုယ်ကိုကိုယ် ဆက်ကပ်၍ယဇ်ပူဇော်လျက်ငါတို့အတွက်စွန့်တော်မူသည်နည်းတူ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။" (ဧဖက် ၅း၂)။ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းရှိသမျှနှင့်လည်းကောင်း၊ အစွန်းအထင်းလုံးဝမရှိဘဲ အပြစ်တင်ခွင့်နှင့်ကင်းစင်သည့်လူဇာတိ၏ ကျက်သရေအပေါင်းနှင့်လည်းကောင်းပြီးပြည့်စုံတော်မူသည့် ခရစ်တော်သခင်သည်ကျွန်ုပ်တို့အဖို့ဘုရားသခင်၏ရှေ့တော်၌ရက်ရော သောစေတနာအပြည့်အဝဖြင့်ကိုယ်ကိုကိုယ်ပူဇော်တော်မူ၏။ ထိုကြောင့် ကိုယ်တော်ထံချဉ်းကပ်သောသူအသီးသီးတို့အနေဖြင့်ကိုယ်တော် သည်မိမိတစ်ဦးတည်းအတွက်အပြစ်၏အခကိုပေးဆပ်ဖို့ပူဇော်ခြင်း ခံတော်မူသည်ဟုသဘောထားလျက်ကိုယ်တော်ကိုလက်ခံသင့်ပါသည်။ လူအပေါင်းတို့သည်အာဒံအားဖြင့်သေခြင်းတရားလက်အောက် သို့ရောက်ကြသည်နည်းတူလူအပေါင်းတို့သည်ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ရောက်ကြပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နားထောင်သောသူများသည်မသေမပျောက်နိုင်သည့်အခြေအနေ၌ ထမြောက်၍အပြစ်ပြုသောသူများမှုကားသေခြင်းကိုရင်ဆိုင်ဖို့ သေခြင်းမှထမြောက်ကြပါလိမ့်မည်။ ယင်းသို့ဖြစ်ရခြင်းမှာပညတ် တရားတော်ကိုချိုးဖေါက်သည့်အတွက်ပြစ်ဒဏ်ခံရခြင်းဖြစ်ပါသည်။

ဘုရားသခင်၏ပညတ်တော်များကိုစောင့်ရှောက်ခြင်းဖြင့်သန့်ရှင်းစင်ကြယ်ပါသည်။ ဤအကြောင်းအချက်နှင့်စပ်လျဉ်း၍လူအများအယူအဆလွဲနေကြပါသည်။ သို့သော်မိမိ၏တပည့်တော်များတို့သည်သမ္မာတရားတော်အားဖြင့်သန့်ရှင်းခြင်းသို့ရောက်ကြဖို့ယေရှုဆုတောင်းပတ္ထနာပြုတော်မူလျက်– "ကိုယ်တော်၏နှုတ်တော်ထွက်စကားသည်သမ္မာတရားဖြစ်ပါ၏" ဟုနှုတ်မြွက်တော်မူ၏။ (ယောဟန် ၁၇း၁၇)။ တဒင်္ဂတစ်ခဏချင်းသန့်ရှင်းသည်မဟုတ်ပါ။ အစဉ်တစိုက်နားထောင်လျက်တစ်ဆင့်ပြီးတစ်ဆင့်တက်လက်လုပ်ဆောင်ရပါသည်။ စာတန်ကငင်း၏ဖြားယောင်းသွေးဆောင်မှုအရပ်ရပ်ကိုကျွန်ုပ်တို့အပေါ်၌တွန်းအားပေးနေသမျှကာလပတ်လုံးကိုယ်ကိုကိုယ်အောင်မြင်ဖို့တိုက်လှန်ပွဲတစ်ပွဲပြီးတစ်ပွဲဆက်လက်ဆင်နွှဲရပါသည်။ သို့သော်နားထောင်ခြင်းရှိလျှင်အသက်ဝိညာဉ်ကိုသမ္မာတရားတော်ကသန့်ရှင်းစေပါလိမ့်မည်။ သမ္မာတရားတော်၌သစ္စာရှိသောသူများအနေဖြင့်အသက်တာ၏အခြေအနေအမျိုးမျိုးဖြင့်ပုံသွန်းထားသည့်အကျင့်ဓလေ့များသည်အားနည်းကြမည်ဖြစ်သော်လည်းခရစ်တော်၏ကောင်းမှုကျေးဇူးတော်အားဖြင့်အောင်မြင်ကြပါလိမ့်မည်။

## စာတန်၏လှည့်ဖြားမှုနှင့်ထောင်ချောက်

မိမိတို့အနေဖြင့်သန့်ရှင်းခြင်းသို့ရောက်ပြီးသောကြောင့်အပြစ်မပြုနိုင်ကြတော့ဟုလူအများသဘောထားကြပါသည်။ သို့သော်ငင်းအယူအဆမှာမာရ်နတ်၏လှည့်ဖြားမှုထောင်ချောက်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့်အပြစ်အတွင်းသို့ကျဆင်းသွားဖို့ အစဉ်အန္တရာယ်များနေသောကြောင့်ခရစ်တော်ကစုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက်စောင့်နေကြဖို့သတိပေး

မှာထားတော်မူ၏။ မိမိကိုယ်တိုင်အားဖြင့်အားနည်းကြောင်းကိုကျွန်ုပ်တို့ သတိရနေပါကကိုယ်ကိုကိုယ်စိတ်ချလျက်အန္တရာယ်ကိုမထီလေးစား ပြုကြမည်မဟုတ်ပါ၊ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ်တော်မူသော ယေရှုတည်းဟူသောကျွန်ုပ်တို့၏စွမ်းအားအစဖြစ်တော်မူသော ဘုရားသခင်ကိုရှာဖို့လိုအပ်ကြောင်းခံစားမှုရှိလာကြပါလိမ့်မည်။ ကျွန်ုပ်တို့သည်ဘုရားသခင်အသုံးပြုထိုက်သောတန်ဆာများအဖြစ်သို့ ရောက်ဖို့ခရစ်တော်၏ဂုဏ်ကျေးဇူးတော်များကိုနေ့စဉ်ခံယူလျက် ကျွန်ုပ်တို့၏အကန့်အသတ်ရှိနေသောအားနည်းခြင်းကြောင့် စိတ်အားလျှော့မနေဘဲနောင်တရလျက်ကြေကွဲသောစိတ်နှလုံးဖြင့် ကိုယ်တော်ထံချဉ်းကပ်ဖို့ကြိုးစားကြမည်သာတည်း။

ယင်းသို့ဘုရားသခင်အား ကျွန်ုပ်တို့လုံးဝမှီခိုအားထားကြပါလျှင် သမ္မာတရားကိုဆန့်ကျင်ဘက်မပြုဘဲအမှန်တရားဘက်၌အစဉ်ကြံ့ကြံ့ ခံရပ်တည်နိုင်ကြပါလိမ့်မည်။ ကျွန်ုပ်တို့သည်လောကီရေးရာခလေ့ များကိုမလိုက်၊ လူတို့၏ဆိုရိုးစကားနှင့်လုပ်နည်းလုပ်ဟန်များကိုအမှု မထားဘဲသမ္မာကျမ်းမှသွန်သင်ချက်များကိုသာကိုင်စွဲလိုက်လျှောက် သင့်ပါသည်။

အမှားများပေါ်ပေါက်လာပြီးယင်းအမှားများကိုသမ္မာကျမ်း ဖြစ်သည်ဟုသွန်သင်မှုပြုကြသောအခါခရစ်တော်နှင့်မိတ်သဟာယဖွဲ့ ထားသောသူများအနေဖြင့်ယင်းသို့သောဓမ္မဆရာတို့၏စကားကို မယုံဘဲရည်မွန်သောဗေရိမြို့သားတို့ကဲ့သို့အလွန်ကြည်ညိုသော စေတနာစိတ်နှင့်နှုတ်ထွက်တရားတော်ကိုခံယူ၍မှန်သည်မမှန်သည်ကို သိခြင်းငှါကျမ်းစာကိုနေ့တိုင်းအစဉ်စေ့စေ့ကြည့်ရှုကြပါလိမ့်မည်။ ထိုသို့ဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်စကားအကြောင်းကိုအမှန်

သိသောအခါထိုနှုတ်တော်ထွက်စကားဘက်၌ရပ်တည်ကြပေလိမ့်မည်။ ထိုအခါ "ဤမည်သောလမ်းသည်မှန်၏၊ ဤလမ်း၌သာသွားလော့" ဟုမှန်သောသိုးထိန်းသူ၏စကားသံတော်ကိုသူတို့ကြားရပါလိမ့်မည်။ ထိုနည်းအားဖြင့်သမ္မာတရားတော်သည်သင့်အားအကြံပေးသောသူဖြစ်ကြောင်းသင်ကိုယ်တိုင်ပညာဆည်းပူးပြီးဖြစ်ပါလိမ့်မည်။ ထိုအခါသင်သည်သူစိမ်းတစ်ရံဆံ၏စကားကိုနားမထောင်၊ သူ၏နောက်သို့လည်းလိုက်တောမည်မဟုတ်ပါ။

**သင်ခန်းစာနှစ်ရပ်**

စိတ်ဝိညာဉ်ကိုစင်ကြယ်မြင့်မြတ်စေလျက်ကောင်းကင်တံတိုင်းတော်နှင့်ထိုက်တန်သောသူဖြစ်လိုပါကသင်ခန်းစာနှစ်ရပ်ကိုသင်ယူဖို့လိုပါသည်။ ထိုသင်ခန်းစာနှစ်ရပ်မှာကိုယ်ကျိုးစွန့်ခြင်းနှင့်ကိုယ်ကိုကိုယ်ချုပ်တည်းခြင်းဖြစ်ပါသည်။ ဤအရေးကြီးသောသင်ခန်းစာနှစ်ရပ်ကိုအချို့ကအခြားသူများထက်ပို၍လွယ်ကူစွာသင်ယူနိုင်ကြပါသည်။ အဘယ်ကြောင့်ဆိုသော်ဘုရားသခင်သည်သိမ်မွေ့စွာဖြင့်လည်းကောင်း၊ မေတ္တာတော်အားဖြင့်လည်းကောင်းပေးတော်မူသည့်လွယ်ကူသောစည်းကမ်းများကိုသူတို့လေ့ကျင့်လိုက်နာကြသောကြောင့်ဖြစ်ပါသည်။ အချို့သောပုဂ္ဂိုလ်များကမူသူတို့၏စိတ်နှလုံးများအတွင်း၌စွဲကပ်နေသောမာန်မာနနှင့်ကိုယ်ကိုကိုယ်အားကိုးခြင်း၊ ချုပ်ငြိမ်းဖို့အခက်အခဲမီးဖြင့်တဖြည်းဖြည်းအချိန်ကာလကြာရှည်စွာချွတ်ရပါသည်။ သို့ပြီးမှငင်းတို့သည်ကျေးဇူးတော်အားဖြင့်သူတို့၏ရွှေစင်အကျင့်တို့ပေါ်လာပြီးအောင်မြင်သူများအဖြစ်သို့ရောက်ကြပါလိမ့်မည်။

မီးတောက်မီးလျှံပမာပြင်းထန်လှသောစုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုး၊ ဆင်းရဲခြင်းနှင့်အခက်အခဲပေါင်းစုံမှဘေးမသီရန်မခဘဲကျွန်ုပ်တို့လွတ်မြောက်ဖို့ခရစ်တော်၏အသွေးတော်ဆိုင်ရာကောင်းမှု၏ဘုန်းနှင့်ဖြောင့်မတ်ခြင်း၏ဘုန်းတော်များမှတစ်ဆင့်ဘုရားသခင်၏မေတ္တာတော်ကခွန်အားပေးပါသည်။ သို့သော်ခရစ်တော်မှတစ်ပါးအခြားမည်သည့်ကျေးဇူးတရားကမျှကျွန်ုပ်တို့အားမကယ်တင်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော်ခရစ်တော်သည်ကျွန်ုပ်တို့၏ကယ်တင်ခြင်းကိုယ်တော်သည်ကျွန်ုပ်တို့၏ပညာဉာဏ်၊ ကိုယ်တော်သည်ကျွန်ုပ်တို့၏စင်ကြယ်ခြင်း၊ ကိုယ်တော်သည်ကျွန်ုပ်တို့၏ရွေးနုတ်ပိုင်သူဖြစ်တော်မူ၏။

မှန်သောစင်ကြယ်ခြင်းဆိုသည်မှာထာဝရဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့ချစ်ခြင်း၊ ကိုယ်တော်၏ပညတ်တရားတော်နှင့်စီရင်ထုံးဖွဲ့တော်မူချက်များနှင့်အညီအပြစ်ဆိုဖွယ်ရာမရှိဘဲလိုက်နာစောင့်ရှောက်ခြင်းဖြစ်ပါသည်။ ထိုထက်မပိုမလျော့ပါ။ စင်ကြယ်သန့်ရှင်းခြင်းဟုဆိုရာတွင်စိတ်နှလုံးအတွင်း၌တွေ့ထိခံစားမှုတစ်ရပ်မျှသာမဟုတ်ပါ။ ဒေါသရာဂစိတ်နှင့်ပြင်းထန်သည့်အလိုရမ္မက်များကိုဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဖမ်းချုပ်ထားနိုင်သည့်ကောင်းကင်မှဖြစ်ဖွားစေသောအခြေခံသဘောတရားဖြစ်ပါသည်။ ဤသို့သောအခြေအနေသို့ရောက်ဖို့ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူဘုရားသခင်အားဖြင့်ဆောင်ရွက်တော်မူ၏။

သန့်ရှင်းစင်ကြယ်ခြင်းအတုဟူများကားဘုရားသခင်ဘုန်းတော်ကိုမထင်ရှားစေဘဲကိုယ်ကိုကိုယ်ချီးမြှောက်ခြင်းဖြစ်ပါသည်။ ဝမ်းမြောက်ခြင်းအတွက်ဖြစ်စေ၊ ဝမ်းနည်းခြင်းအတွက်ဖြစ်စေအတွေ့အကြုံတစ်ခုခုနှင့် ကြုံရသောအခါမည်သည့်အတွေ့အကြုံပင်ဖြစ်ပါစေ

ကိုယ်ကိုကိုယ်မြှုပ်ထားပြီး ယင်းအတွေ့အကြုံ၏မူလအစဖြစ်တော်မူသောခရစ်တော်အားရောင်ပြန်မဟပ်ပါကစစ်မှန်သောခရစ်ယာန်အတွေ့အကြုံမဟုတ်ပါ။

ကျွန်ုပ်တို့၏စိတ်ဝိညာဉ်အတွင်း၌သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ခရစ်တော်၏ကျေးဇူးတော်အခြေစိုက်သောအခါကျွန်ုပ်တို့၌နှိမ့်ချသောစိတ်ရှိ၍ကောင်းကင်ရေးရာများကိုသာဆွေးနွေးပြောဆိုတတ်သောသူများနှင့်မိတ်သဟာယဖွဲ့ကြပါလိမ့်မည်။ ထိုအခါဝိညာဉ်တော်ဘုရားသခင်နှင့်ဆိုင်သောရေးရာများကိုသာကျွန်ုပ်တို့အားပြသပြီးလျှင်ကျေးဇူးတော်ကိုခံစားရသူအားဘုန်းထင်ရှားစေခြင်းမဟုတ်ဘဲပေးသနားတော်မူသောသခင်၏ဘုန်းတော်ကိုသာထင်ရှားစေပါလိမ့်မည်။ ထိုကြောင့်ခရစ်တော်၏မြတ်တော်မူသောငြိမ်သက်ခြင်းကိုသင်၏စိတ်နှလုံးအတွင်း၌ရရှိထားသောအခါသင်တို့၏နှုတ်များဖြင့်ဘုရားသခင်၏ဘုန်းတော်နှင့်ကျေးဇူးတော်ကိုချီးမွမ်းကြမည်သာတည်း။ သင်တို့၏ပတ္တနာသံများ၊ သင်တို့ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းဆောင်တာများ၊ သင်တို့၏စေတနာအလှူများ၊ သင်တို့၏ကိုယ်ကျိုးစွန့်မှုများသည်သင်တို့၏စိတ်နှလုံးအကြံအစည်များအတိုင်းမဟုတ်၊ သင်တို့၏အပြောအဆိုများအတိုင်းလည်းမဟုတ်မူဘဲသင်တို့သည်အပြစ်သားဘဝ၌ရှိနေစဉ်ကပင်သင်တို့အဖို့ကိုယ်ကိုကိုယ်ပေးစွန့်တော်မူသောသခင်၏ဘုန်းတော်ကိုမြှင့်တင်ခြင်းသာဖြစ်ပါလိမ့်မည်။ ထိုအခါသင့်အနေဖြင့် "အကျွန်ုပ်သည်ယေရှုအားကိုယ်ကိုကိုယ်ဆက်ကပ်ပါ၏၊ မောရှေနှင့်တကွပုရောဖက်အပေါင်းကကြိုတင်ဟောပြောခဲ့ကြသည့်သခင်ကိုအကျွန်ုပ်တွေ့ပါပြီ" ဟုဝန်ခံနိုင်ပါလိမ့်မည်။ သင့်အနေဖြင့် ကိုယ်တော်အားချီးမွမ်းနိုင်သည်နှင့်အမျှမွန်မြတ်

သောကောင်းချီးအဖြာဖြာကိုရရှိခံစားရပါလိမ့်မည်။ သင့်ကိုအကြောင်းပြုလျက်ကျေးဇူးတော်နှင့်ဘုန်းတော်ကိုချီးမွမ်းခြင်းများသည်လည်းဘုရားသခင်၏အထံတော်သို့ပြန်၍ရောက်ကြပါလိမ့်မည်။

## မထိန်းမသိမ်းနိုင်ခြင်းမဟုတ်ပါ

ခရစ်တော်၏ငြိမ်သက်ခြင်းဆိုသည်မှာမထိန်းနိုင်မသိမ်းနိုင်လောက်အောင်ကိုယ်ခန္ဓာလှုပ်ရှားမှုများအားဖြင့်အားပါးတရအော်ကျယ်ဟစ်ကျယ်ပြုမူခြင်းများမဟုတ်ပါ။ ခရစ်တော်၏ငြိမ်သက်ခြင်းဟုဆိုရာ၌အကင်းပါးနားလည်မှုရှိသောငြိမ်သက်ခြင်းဖြစ်ပါသည်။ ယင်းငြိမ်သက်ခြင်းကိုခံယူရရှိထားသူများ၌အယူသီးမှု၊ အလွန်အကျွံပြုလုပ်မှုများရှိမည်မဟုတ်ပါ။ ၎င်းငြိမ်သက်ခြင်းမှာမတည်မငြိမ်၊ အကွက်မကျဘဲရုတ်တရက်ရရှိသည့်ငြိမ်သက်ခြင်းမဟုတ်ပါ၊ ဘုရားသခင်၏ထံတော်မှစီးဆင်းလာသောငြိမ်သက်ခြင်းဖြစ်ပါသည်။

နှုတ်တော်ထွက်တရားတော်နှင့် ဝိညာဉ်တော်ညီညွတ်တော်မူသောကြောင့်အသက်ဝိညာဉ်အတွင်းသို့ကယ်တင်ပိုင်သူ၏ငြိမ်သက်ခြင်းကိုပေးသွင်းသောအခါထိုသူ၏စိတ်နှလုံးသည်ကိုယ်တော်၏နှုတ်တော်ထွက်စကားနှင့် သဟဇာတညီညွတ်ပါသည်။ လူသားနှင့်ဆက်သွယ်မှုပြုသမျှတွင်ဘုရားသခင်သည်မိမိနှုတ်တော်ထွက်စကား၏ဘုန်းကိုထင်ရှားစေတော်မူ၏။ နှုတ်တော်ထွက်စကားသည်လူသားအားဖွင့်ပြထားသည့်ကိုယ်တော်၏အလို၊ ကိုယ်တော်၏အသံဖြစ်သောကြောင့်ထိုနှုတ်တော်ထွက်စကားမှအပမိမိသားသမီးတို့အဖို့အခြားအလိုသစ်၊ အခြားသမ္မာတရားသစ်မရှိပါ။ ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်လာညွှန်ကြားချက်နှင့်မညီညွတ်သည့်အတွေ့အကြုံတစ်ရပ်ကိုသင်ရရှိပါက မည်မျှလောက်ပင်အံ့သြဖွယ်ရာဖြစ်စေကာမူ

အထက်အရပ်မှဆင်းသက်သောအတွေ့အကြုံမဟုတ်နိုင်ပါ။ သမ္မာကျမ်းဌ်ဖေါ်ပြပါရှိသည့်ယေရှုအားသိကျွမ်းခြင်းဖြင့်သာ ခရစ်တော်၏ငြိမ်သက်ခြင်းကိုရရှိခံစားနိုင်ပါသည်။

ဘုရားသခင်၏စမ်းရေတွင်းမှမဟုတ်ဘဲပြင်ပအခြားတစ်နေရာမှလက်ခံရရှိထားသည့်ငြိမ်သက်ခြင်းဆိုင်ရာပျော်ရွှင်မှုဖြစ်ပါက အခြေအနေအရပ်ရပ်အပေါ်မူတည်၍ပြောင်းလဲပါလိမ့်မည်။ သို့သော် ခရစ်တော်ထံမှရရှိထားသည့်ငြိမ်သက်ခြင်းမူကားပြောင်းလဲခြင်းမရှိ၊ အစဉ်တည်မြဲသောငြိမ်သက်ခြင်းဖြစ်ပါသည်။ အသက်တာ၏အခြေအနေအမျိုးမျိုးအပေါ်၌ဖြစ်စေ၊ လောကီရေးဆိုင်ရာဥစ္စာပစ္စည်းပမာဏအပေါ်၌ဖြစ်စေ၊ လောကီရေးရာမိတ်ဆွေအနည်းအများအပေါ်၌ဖြစ်စေမူတည်သည်မဟုတ်ပါ။ ခရစ်တော်သည်အသက်စမ်းရေတွင်းဖြစ်တော်မူ၏။ ထို့ကြောင့်ကိုယ်တော်၏ထံတော်မှလက်ခံရရှိထားသောငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်းသည်ကုန်ခန်းသည်ဟူ၍မရှိနိုင်ပါ၊ အဘယ်ကြောင့်ဆိုသော်ကိုယ်တော်သည်အသက်ရေကိုပေးသောသူဖြစ်တော်မူ၏။ သို့ဖြစ်ရာကိုယ်တော်ကိုကိုးစားသောသူများအနေဖြင့် "ဘုရားသခင်သည်ငါတို့ခိုလှုံရာဖြစ်၍ခွန်အားကိုပေးထားတော်မူ၏၊ ဘေးရောက်သည်ကာလအထူးသဖြင့်ကူမတော်မူကြောင်းထင်ရှားလျက်ရှိ၏။ ထို့ကြောင့်ပထဝီမြေကြီးသည်ရွေ့သွား၍တောင်များတုန်လှုပ်လျက်သမုဒ္ဒရာသို့ကျသော်လည်းငါတို့သည်ကြောက်လန့်ခြင်းမရှိ၊ သမုဒ္ဒရာရေသည်ဟုန်းဟုန်းမြည်၍မွှေနှောက်ပါလေစေ၊ လှိုင်းတံပိုးထသဖြင့်တောင်များတုန်လှုပ်ပါလေစေ၊ မြစ်တစ်မြစ်ရှိသေး၏။ ထိုမြစ်ရေသည်စီး၍ဘုရားသခင်၏မြို့တည်းဟူသောအမြင့်ဆုံးသောဘုရားသခင်တည်ရှိတော်မူရာသန့်ရှင်းသောမြို့တော်ကိုရွှင်လန်းစေတတ်၏" ဟုဆိုနိုင်ကြပေလိမ့်မည်။ (ဆာလံ၊ ၄၆း၁–၄)။

အာဒံနားမထောင်သောကြောင့် ဆုံးရှုံးခဲ့သည့်ကောင်းကင်ဘုံကို ခရစ်တော်၏စုံလင်သောနားထောင်မှုဖြင့်ပြန်လည်ရရှိထားသောကြောင့်ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်း၍ကုန်နိုင်စရာအကြောင်းမရှိပါ။ အာဒံအပြစ်ပြုခဲ့သောကြောင့်အာဒံ၏သားသမီးအစဉ်အဆက်တို့သည်ယင်းပြစ်မှုနှင့်တကွယင်းပြစ်မှုနှင့်ဆိုင်သည့်အကျိုးသက်ရောက်မှုများကိုပါအမွေခွဲဝေခံယူရကြပါသည်။ သို့သော်အာဒံခံရမည့်ပြစ်ဒဏ်ကိုယေရှုသည်အာဒံ၏ကိုယ်စားခံတော်မူပြီးဖြစ်ရာဒုတိယအာဒံတည်းဟူသောခရစ်တော်ထံသို့ပြေးဝင်သောအာဒံ၏သားသမီးစဉ်ဆက်တို့အပြစ်ဖြေလွှတ်ခွင့်ရကြပါလိမ့်မည်။ အာဒံအနေဖြင့်ခံနိုင်ရည်မရှိသောကြောင့်စစ်ဆေးစမ်းသပ်ခြင်းကိုအရှုံးပေးခဲ့ရပါသည်။ သို့သော်ယေရှုသည်ပညတ်တရားတော်ကိုစုံလင်စွာလိုက်နာလျက်ထိုစစ်ဆေးစမ်းသပ်ခြင်းတို့ကိုအနိုင်ယူခဲ့ပါသည်၊ ထိုကြောင့်လူသားသည်ကောင်းကင်ဘုံကိုပြန်လည်သိမ်းပိုက်တော်မူ၏။ သို့ဖြစ်၍ရွေးနုတ်ခြင်းစီမံကိန်းကိုအမှန်အတိုင်းသဘောပေါက်ထားသောသူများအနေဖြင့်ဘုရားသခင်၏သန့်ရှင်းသောပညတ်တရားတော်များကိုချိုးဖေါက်နေစဉ်အတောအတွင်းကယ်တင်ခြင်းမရနိုင်ကြောင်းသိမြင်ကြပါလိမ့်မည်။ ၎င်းတို့အနေဖြင့်အပြစ်မကောင်းမှုကိုရပ်စဲလျက်ခရစ်တော်၏ကောင်းမှုဆိုင်ရာကျေးဇူးတော်အားဖြင့်ကမ်းလှမ်းထားသည့်ဘုရားသခင်၏ကတိတော်များကိုစွဲစွဲမြဲမြဲဆုပ်ကိုင်ထားဖို့လိုပါသည်။

**လူသားအချင်းချင်းမကိုးစားပါနှင့်**

ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်လူတို့၏စွမ်းရည်၌ရပ်တည်ရန်မဟုတ်၊ ဘုရားသခင်၏တန်ခိုးတော်၌ရပ်တည်ရပါမည်။ မိမိ၏ကြီးမြတ်တော်မူသည့်အမှုတော်ကြီးအတွက်အသုံးပြုတော်မူခြင်းခံရသည့်ဘုရားသခင်၏တန်ဆာဖြစ်သောအမှုဆောင်ကြီးများပင်ဖြစ်လင့်ကစား

ထိုလူပုဂ္ဂိုလ်တို့အားအမှီပြုပါကအန္တရာယ်မကင်းပါ။ ခရစ်တော်သာလျှင်ကျွန်ုပ်တို့၏စွမ်းအား၊ ကိုယ်တော်သာလျှင်ကျွန်ုပ်တို့၏ခိုလှုံရာဖြစ်ရပါမည်။ အကောင်းဆုံးသောသူပင်လျှင်မတည်မြဲနိုင်၊ အကောင်းဆုံးသောဘာသာအယူအဆသည်ပင်လျှင်ဖေါက်ပြန်သောအခါလူသားတို့၏စိတ်အာရုံကိုဆွဲဆောင်ရာ၌အန္တရာယ်အကြီးဆုံးဖြစ်နိုင်ပါသည်။ သန့်ရှင်းစင်ကြယ်လျက်အသက်ရှင်စေသောဘာသာအယူအဆဆိုသည်မှာဘုရားသခင်၏နှုတ်တော်ထွက်စကားအလုံးစုံကိုစောင့်ထိန်းသောအယူအဆဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းအားဖြင့်တစ်နိုင်ငံလုံးချီးမြှောက်ခြင်းခံရပါသည်။ ဖြောင့်မတ်ခြင်းနှင့်ကင်းဝေးသောသူမှုကားအဆင့်အတန်းနိမ့်ကျသောသူဖြစ်ပါသည်။

## "ယုံပါ၊ ယုံသာယုံပါ"

"ယုံကြည်ပါ၊ ယုံကြည်ဖို့သာလိုပါသည်။ ခရစ်တော်၌ယုံကြည်လျှင်သင်သည်ပညတ်တရားဟောင်းကြီးနှင့်မည်သို့မျှမသက်ဆိုင်ပါ၊ ခရစ်တော်အားယုံကြည်ဖို့သာလိုပါသည်" ဟုတရားပလ္လင်များမှယနေ့ဟောပြောနေကြပါသည်။ "ကိုယ်ကိုကိုယ်လှည့်ဖြား၍နှုတ်တော်ထွက်တရားကိုနာရုံမျှသာပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူဖြစ်ကြလော့" (ယာကုပ် ၁း၂၂) ဟုတမန်တော်ယာကုပ်ကအကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည်အသေဖြစ်ကြောင်းအတိအလင်းဖွင့်ဆိုထားခြင်းနှင့်မည်မျှလောက်ကွာဟနေပါသနည်း။မေတ္တာတရားအားဖြင့်လက်တွေ့ကျင့်သုံးလျက်စိတ်ဝိညာဉ်ကိုဖြူစင်စေသည့်ယုံကြည်ခြင်းမျိုးကျွန်ုပ်တို့၌ရှိရပါမည်။ အသက်၏ဖြောင့်မှန်ခြင်းနှင့်ရိုးသားခြင်းကိုအပေါ်ယံကြောယုံကြည်ခြင်းဖြင့်အစားထိုး၍ကယ်တင်ခြင်းကိုရှာသောသူအများရှိပါသည်။

ဇဒင်ဥယျာဉ်ခေတ်ကအာဒံ၌စုံလင်သည့်နားထောင်ခြင်းရှိဖို့ ဘုရားသခင်အလိုရှိတော်မူသည်နည်းတူယနေ့လည်းဘုရားသခင်အလိုရှိတော်မူ၏။ ကျွန်ုပ်တို့၌ရှိသည့်ဖြောင့်မတ်ခြင်းသည်ချွတ်ယွင်းမှုကင်းလျက်စုံလင်သည့်ဖြောင့်မတ်ခြင်းဖြစ်ဖို့ကိုယ်တော်အလိုရှိတော်မူ၏။ သားတော်သည်ဤလောကအတွက်အစေခံခြင်းငှါဘုရားသခင်စွန့်လွှတ်တော်မူ၏။ သို့သော်တရားမျှတ၍ကောင်းမြတ်တော်မူသည့်သန့်ရှင်းသောထိုပညတ်တရားတော်ကိုဖျက်သိမ်းဖို့ကိုယ်တော်အသေခံတော်မူခြင်းမဟုတ်ပါ။ ကရာနိလက်ဝါးကပ်တိုင်ပေါ်၌ခရစ်တော်ပူဇော်ခြင်းခံတော်မူသောအားဖြင့်ပညတ်တရားတော်ပြောင်းလဲခြင်းမရှိကြောင်းငြင်းချက်မထုတ်နိုင်သောသာဓကဖြစ်ပါသည်။ အပြစ်သင့်သောလူသား၏ကိုယ်စားအပြစ်၏အခကိုသားတော်ကိုယ်တိုင်တွေ့ထိခံစားရပါသည်။ ယင်းသို့ခံစားတော်မူခြင်းမှာအပြစ်သားအနေဖြင့်ကိုယ်တော်၏အပြစ်အနာအဆာကင်းစင်လျက်စုံလင်တော်မူသည့်ကျေးဇူးတော်ဆိုင်ရာကောင်းမှုကိုယုံကြည်ခြင်းအားဖြင့်ခံယူနိုင်စေခြင်းငှါဖြစ်သတည်း။

အပြစ်သားအနေဖြင့်ငင်းအားရွေးနုတ်တော်မူသည့်သခင်၏စွမ်းအားကိုမှီခိုအားထားလျက်ပညတ်တရားတော်ကိုစောင့်ထိန်းဖို့ဒုတိယအကြိမ်အခွင့်အရေးပေးထားခြင်းဖြစ်ပါသည်။ ခရစ်တော်အသေခံတော်မူခြင်းအားဖြင့်ယဇ်ပူဇော်ခြင်းနှင့်ဆိုင်သည့်အခမ်းအနားများနှင့်တကွအထုံးအဖွဲ့များကိုသာမကကိုယ်တော်၏ပလ္လင်တော်အုတ်မြစ်ဖြစ်၍ကိုယ်တော်၏အကျင့်ပုံတူလည်းဖြစ်တော်မူသောမပြောင်းလဲနိုင်သည့်ပညတ်တရားတော်ကိုပါဖျက်သိမ်းလိုက်ကြောင်း

ဖြင့်ခရစ်ယာန်ပရိသတ်အရှေ့၌စာတန်ကတင်ဆက်ပြသထားခြင်းကို ကရာနိလက်ဝါးကပ်တိုင်ကထာဝရရှုတ်ချပါသည်။

ဘုရားသခင်၏သားတော်ပူဇော်ခြင်းခံတော်မူရာ၌အကျိုးသက်ရောက်မှုမရှိစေခြင်းငှါလည်းကောင်း၊ လူသား၏ကိုယ်စားခရစ်တော်ကိုယ်တိုင်ပူဇော်ခြင်းခံတော်မူသည်မှာလည်းအလဟဿမှာလည်းဆုံးရှုံးမှုမျှသာဖြစ်စေရန်လည်းကောင်းဖြစ်နိုင်သမျှနည်းမျိုးစုံဖြင့်စာတန်ကအားထုတ်ကြိုးစားပါသည်။ ခရစ်တော်အသေခံတော်မူပြီးသည့်အတွက်လူသားအနေဖြင့်ပညတ်တရားတော်ကိုလိုက်နာစောင့်ထိန်းဖို့မလိုတော့ကြောင်း၊ ထိုကြောင့်အပြစ်သားသည်မိမိ၏အပြစ်များကိုမစွန့်မလွှတ်ဘဲသန့်ရှင်းတော်မူသောဘုရားသခင်၏ထံတော်သို့တိုးဝင်ချဉ်းကပ်ဖို့ခွင့်ပြုထားကြောင်းစာတန်ကအဆိုပြုထားပါသည်။ ထိုမျှမကခမ္မပဟောင်းခေတ်အဆင့်အတန်းကိုဧဝံဂေလိတရားတော်အားဖြင့်လျှော့ထားပြီးဖြစ်သောကြောင့်လူတို့အနေဖြင့်မိမိတို့၏အပြစ်မှကယ်တင်ခြင်းရဖို့မလို၊ မိမိတို့၏အပြစ်အတွင်း၌ပင်ကယ်တင်ခြင်းရဖို့ခရစ်တော်ထံသို့လာနိုင်ကြပြီဟုစာတန်ကအဆိုပြုထားပါသည်။

သို့သော်ယောဟန်သည်ခရစ်တော်ကိုမြင်လိုက်ရသောအခါ ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့” (ယောဟန် ၁း၂၉) ဟုကိုယ်တော်၏အမှုတော်အကြောင်းကိုဖေါ်ပြလိုက်ပါသည်။ ထိုကြောင့်နောင်တသံဝေဂရသောဝိညာဉ်အပေါင်းအတွက်သတင်းစကားမှာ– “ဘုရားသခင်မိန့်တော်သည်ကား၊လာကြ၊ တရားစီရင်ကြကုန်အံ့၊ သင်တို့အပြစ်သည်

နီသောအဆင်းရှိသော်လည်းမိုးပွင့်ကဲ့သို့ဖြူလိမ့်မည်၊ ကတ္တီပါနီနှင့်အမျှနီသော်လည်းသိုးမွေးကဲ့သို့ဖြစ်လိမ့်မည်” (ဟေရှာယ ၁း၁၈) ဟူ၍ဖြစ်ပါသည်။

---× × ×---

## ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုခံယူကျင့်သုံးခြင်း

ပြန်လည်သုံးသပ်ခြင်းနှင့် သံတော်ဆင့်မဂ္ဂဇင်း၌ "ဝိညာဉ် ရေးအားနည်းမှုကြောင့်ခွင့်မလွှတ်နိုင်" ခေါင်းစဉ်ဖြင့် ၁၈၉၀ ခု၊ ဇူလိုင်လ ၁ ရက်နေ့ကထုတ်ဝေသည့်အထွေထွေ ဆောင်းပါး။ ရွေးချယ်ထားသည့်သတင်းစကားများ စာအုပ် အတွဲ စာမျက်နှာ ၃၆၃၊ ၃၆၄။

အသက်ရှင်သောယုံကြည်ခြင်းဖြင့်ကိုယ်တော်အားမြော်ဖူး လျက်ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုအကြွင်းမဲ့ကိုးစားသောပုဂ္ဂိုလ် များသည်ခရစ်တော်၏ဝိညာဉ်တော်ကိုသိ၍ခရစ်တော်သည်လည်း ၎င်းတို့အားသိတော်မူ၏။ ယုံကြည်သောသူသည်မိမိ၏ရိုးသားသော ယုံကြည်ခြင်းဖြင့်ကိုယ်ကိုကိုယ်အပြစ်တရား၌အမှန်အသေဖြစ်သည် ဟုမှတ်ယူလျက်ကျွန်ုပ်တို့၏အရှင်ဘုရားဖြစ်တော်မူသောခရစ်တော် ယေရှုအားဖြင့်ဘုရားသခင်၌အသက်ရှင်ကြပါသည်။ ကျွန်ုပ်တို့ သည်ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ ရောက်ကြ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်၊ ဘုရားသခင် သနားတော်မူရာဖြစ်ပါသည်။ ဤမျှလောက်အဖိုးထိုက်သောကတိ တော်များကိုလောကီပညာရှိအားဖွင့်ပြသင့်ပါသလား။ ၎င်းတို့က ကျွန်ုပ်တို့အားမိုက်သည်ဟုပြက်ရယ်ပြုကြပေလိမ့်မည်။ အဘယ် ကြောင့်ဆိုသော် "ဇာတိပကတိလူသည်ဘုရားသခင်၏ဝိညာဉ်တော်အ ရာကိုမခံမယူ၊ ထိုအရာတို့သည်မိုက်မဲသောအရာဖြစ်သည်ဟုထင်တတ် ၏။ ထိုအရာတို့ကိုဝိညာဉ်အားဖြင့်သာပိုင်းခြား၍နားလည်နိုင်သော ကြောင့်ဇာတိပကတိလူသည်နားမလည်နိုင်။" (၁ကောရိန်သု ၂း၁၄)။

အထက်ကောင်းကင်သို့ယေရှုတက်ကြွတော်မူချိန်ရောက်သောအခါ “ခမည်းတော်သည်သမ္မာတရားကိုပြသောဝိညာဉ်တော်တည်းဟူသောတစ်ပါးသောဥပဒ္ဓျာယ်ဆရာကိုသင်တို့နှင့်အတူအစဉ်မပြတ်တည်နေစေခြင်းငှါသင်တို့အားပေးတော်မူမည်။ ထိုဝိညာဉ်တော်ကိုလောကီသားတို့သည်မသိမမြင်သောကြောင့်မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည်သင်တို့နှင့်အတူတည်နေ၍သင်တို့၌ရှိတော်မူသောကြောင့်သင်တို့သိရကြ၏” ဟုတပည့်တော်တို့အားမိန့်တော်မူ၏။ (ယောဟန် ၁၄း၁၆၊၁၇)။ ထိုနောက်တစ်ဖန်ကိုယ်တော်က “ငါ့ပညတ်တို့ကိုရ၍စောင့်ရှောက်သောသူသည်ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကိုငါ့ခမည်းတော်သည်ချစ်သောမူမည်၊ ငါသည်လည်းထိုသူကိုချစ်၍သူ့အားကိုယ်တိုင်ထင်ရှားမည်ဟုမိန့်တော်မူ၏။” (အငယ် ၂၁)။

မိမိတို့သည်လောကီသားတို့နှင့်အတူရောနှောနေထိုင်ကြရာ၌အနှောင့်အယှက်မရှိစေခြင်းငှါလည်းကောင်း၊ ကွဲပြားခြားနားမှုမရှိစေခြင်းငှါလည်းကောင်းသြဝါဒအတုများဖြင့်သာကျေနပ်နှစ်သိမ့်နေသူအများအပြားရှိနေပါသည်။ သို့သော်ဘုရားသခင်၏သားသမီးတို့အနေဖြင့်စာပေနှင့်အပြောအဆိုများအားဖြင့်သာမကစိတ်ဓါတ်အားဖြင့်လည်းကောင်း၊ အကျင့်ကောင်းဓလေ့အားဖြင့်လည်းကောင်းသက်သေခံရကြပါမည်။ လောကီသားတို့သည်ဝိညာဉ်တော်နှင့်ဆိုင်သောသမ္မာတရားကိုမခံမယူနိုင်ကြဟုကျွန်ုပ်တို့၏ကယ်တင်ပိုင်သူမိန့်တော်မူ၏။ ၎င်းတို့သည်သမ္မာတရားတော်၏မူလအစဖြစ်တော်မူသောခရစ်တော်အားမသိကြသောကြောင့်သမ္မာတရားတော်ကိုမသိနိုင်ကြပါ။ နွေးရုံသာရှိသောတပည့်တော်များနှင့်အေးစက်စက်နိုင်သောခရစ်ယာန်အခေါ်ခံသူများသည်ခရစ်တော်၏ဝိညာဉ်တော်ကို

မခံစားရကြသောကြောင့်ကိုယ်တော်၏ဖြောင့်မတ်ခြင်းနှင့်တကွ ၎င်း၏တန်ဖိုးမြင့်မြတ်တော်မူပုံကိုမသိမမြင်ကြပါ။ သို့သော် ကိုယ်ပိုင်ဖြောင့်မတ်ခြင်းတည်ဆောက်ဖို့ရှာဖွေလုပ်ဆောင်ကြပါသည်။

လောကီသားတို့သည်လောကီရေးရာများကိုသာရှာဖွေစူးစမ်းကြရာ၎င်းတို့မှာစီးပွားရေးလုပ်ငန်းများ၊ လောကီရေးရာဘုန်းအသရေများ၊ အဆောင်အယောင်များ၊ကိုယ်အကျိုးစီးပွားစသည်များဖြစ်ကြပါသည်။ ခရစ်တော်အားလူတို့မမြင်မသိစေရန်၎င်းရေးရာများကကာဆီးထားသောကြောင့်၎င်းတို့ကိုချိုးဖေါက်နိုင်ဖို့ခရစ်တော်တိုက်တွန်းတော်မူ၏။ လာလတ္တံ့သောကမ္ဘာကိုလူတို့မမြင်မတွေ့နိုင်စေခြင်းငှါစာတန်က၎င်း၏အရိပ်ဖြင့်ကာဆီးထားသောကြောင့်ထိုကမ္ဘာကိုလူတို့အာရုံစိုက်ကြဖို့ခရစ်တော်အားထုတ်တော်မူ၏။ ထိုထာဝရကမ္ဘာကိုကိုလူတို့မြင်နိုင်ကြစေခြင်းငှါခရစ်တော်ဆောင်ယူခဲ့တော်မူ၏။ ထိုကမ္ဘာကိုလူတို့မြင်ယောင်၍စိတ်ဝင်စားမှုရှိစေရန်ခရစ်တော်လိုလားတော်မူ၏။ ထိုကြောင့်ကျွန်ုပ်တို့နေစရာဖို့အခန်းများကိုမိမိကိုယ်တော်တိုင်သွား၍ပြင်ဆင်ပြီးမှတစ်ဖန်လာပြန်၍မိမိရှိတော်မူရာအရပ်၌ကျွန်ုပ်တို့ရှိစေခြင်းငှါမိမိထံသို့ကျွန်ုပ်တို့ကိုသိမ်းဆည်းမည်ဟုမိန့်တော်မူ၏။ စာတန်ကြံ့ည်ထားသည့်ပုံစံမှာမူကားလူတို့အနေဖြင့်လောကီရေးရာများ၌သာလွန်စွာအာရုံခံစားနေခြင်းအားဖြင့်ဘုရားသခင်၏မေတ္တာတော်နှင့်ကောင်းကင်နိုင်ငံတော်အကြောင်းစိတ်မဝင်စားနိုင်စေရန်ဖြစ်ပါသည်။

## သစ္စာရှိသောဘဏ္ဍာစိုးများဖြစ်ဖို့ခေါ်တော်မူခြင်း

ဘုရားသခင်၏ဥစ္စာဘဏ္ဍာများကိုအပ်နှင်းခြင်းခံရသူတို့သည်သစ္စာရှိသောဘဏ္ဍာစိုးများကဲ့သို့ကျင့်ဆောင်လျှင်၎င်းတို့အားဘုရားသခင်

ခေါ်တော်မူ၏။ လောကီရေးရာဥစ္စာဘဏ္ဍာများကိုပထမဦးစားပေးအ ရာ၌ထားကြစေခြင်းငှါဘုရားသခင်အလိုတော်မရှိပါ။ သို့သော်လူတို့ အနေဖြင့်လောကီရေးရာများကိုပထမဦးစားပေးအရာ၌ထားကြဖို့ စာတန်ကတိုက်တွန်းနေပါသည်။ ကျွန်ုပ်တို့အနေဖြင့်ထိုအရာများ ထက်ပို၍စုံလင်ကောင်းမွန်သောအရာတို့ကိုသာနှစ်သက်မြတ်နိုးစေ ဖို့ဘုရားသခင်အလိုရှိတော်မူ၏။ ကျွန်ုပ်တို့ရင်ဆိုင်တိုက်လှန်ရမည့် ရေးရာများနှင့်ကျွန်ုပ်တို့၌ရှိရမည့်အကျင့်ဓလေ့ပုံစံကိုလည်းကောင်း၊ ကျွန်ုပ်တို့အတွက်ရွေးနုတ်ခြင်းစီမံကိန်းကိုလည်းကောင်းကျွန်ုပ်တို့ အားဘုရားသခင်ပြတော်မူ၏။ သင်တို့ရင်ဆိုင်ရမည့်ဘေးရန်အန္တရာယ် များနှင့်ကိုယ်ကိုကိုယ်ငြင်းပယ်ဖို့လိုအပ်ပုံများကိုလည်းသင်တို့၏ရှေ့ ၌ချ၍ပြတော်မူ၏။ ထိုသို့ရင်ဆိုင်တိုက်လှန်ရသည့်အတွက်ကုန်ကျ သည့်တန်ဖိုးများကိုလည်းတွက်စေလိုတော်မူ၏။ ထိုသို့တိုက်လှန်ရာ၌ လုံ့လဝီရိယစိုက်ထုတ်လျှင်လူသား၏ကြိုးစားအားထုတ်မှု၌ဘုရားသခင် ၏တန်ခိုးတော်ကိုပေါင်းစပ်ပေးတော်မူမည်ဖြစ်ကြောင်းအာမခံပေး ထားတော်မူ၏။

ခရစ်ယာန်တိုက်ပွဲဆိုသည်မှာသာမန်အသွေးအသားရှိသော ရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရခြင်းမဟုတ်၊ အထွတ်အမြတ်တို့နှင့် လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌ နေသောနတ်ဆိုးတို့နှင့်လည်းကောင်းဆိုင်ပြိုင်တိုက်လှန်ရခြင်းဖြစ် ပါသည်။ ခရစ်ယာန်သည်သဘာဝထက်သာလွန်သောရန်သူများနှင့် ရင်ဆိုင်ရမည်ဖြစ်သော်လည်းၚင်းအားတစ်ကိုယ်တည်းလွှတ်ထား မည်မဟုတ်ပါ။ ၎င်း၏ကယ်တင်ခြင်းအတွက်ကယ်တင်ပိုင်သူသည်

အကြီးအမှူးဖြစ်တော်မူသောကြောင့်ကိုယ်တော်နှင့်ပူးပေါင်းဆောင်ရွက်ပါကလူသားအနေဖြင့်အောင်နိုင်သောသူထက်ပို၍အောင်နိုင်ပါလိမ့်မည်။

လူသားအနေဖြင့်စာတန်၏ပရိယာယ်များကိုမသိဘဲနေစေခြင်းငှါဤလောကကိုရွေးနုတ်တော်မူသောအရှင်အလိုမရှိပါ။ အောင်မြင်ရမည့်လူတို့ရှေ့မှောက်၌စာတန်၏တပ်မဟာဗိုလ်ထုကြီးရှိနေပါသည်။ သို့သော်ကျွန်ုပ်တို့အနေဖြင့်မျက်မြင်မရသောအရာများကိုလည်းကောင်း၊ ဘုရားသခင်ကိုကြောက်ရွံ့သောသူတို့အားကယ်နုတ်ဖို့ ၎င်းတို့၏ဝန်းကျင်၌ကောင်းကင်ဗိုလ်ခြေတို့တပ်ချနေပုံကိုလည်းကောင်းကျွန်ုပ်တို့မျှော်ရှုဆင်ခြင်ဖို့ခရစ်တော်အလိုရှိတော်မူ၏။ လူသားများအတွက်ကောင်းကင်တမန်တို့စိတ်ဝင်စားကြပါသည်။ အရာခပ်သိမ်းကိုတတ်နိုင်တော်မူသောသခင်၏တန်ခိုးတော်သည်ဘုရားသခင်အားကိုးစားသောသူတို့အဖို့အစဉ်အဆင်သင့်ရှိနေတော်မူ၏။ ကိုယ်တော်၏နောက်တော်သို့လိုက်သောသူတို့၏အကျိုးအလိုငှါခရစ်တော်၏ဖြောင့်မတ်ခြင်းကိုခမည်းတော်လက်ခံတော်မူလျက်စာတန်မထိမဖေါက်နိုင်သည့်အလင်းနှင့်သန့်ရှင်းတော်မူခြင်းဖြင့် ၎င်းတို့အားဝန်ရံထားတော်မူ၏။ "မစိုးရိမ်ကြနှင့်၊ ငါသည်ဤလောကကိုအောင်ပြီ၊" ငါသည်သင်တို့၏အကာအကွယ်ဖြစ်၏၊ အောင်မြင်သည်တိုင်အောင်ရှေ့သို့ချီတက်ကြလော့" ဟုကယ်တင်ခြင်း၏သခင်မိန့်တော်မူ၏။

## ကရာနိလက်ဝါးကပ်တိုင်

လူသားအနေဖြင့်နဂိုမူလအခြေ၌ပြန်လည်တည်မြဲစေရန်နှင့်ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေရန် ခရစ်တော်အားဖြင့်စီမံထား

တော်မူ၏။ အပြစ်ကြောင့်လူသားနှင့်ဘုရားသခင်စပ်ကြားဖြစ်ပေါ်လာသည့်ပင်လယ်ကွေ့ပမာကျယ်ပြောလှသောချောက်ကြီးကို ကရာနိလက်ဝါးကပ်တိုင်တံတားဖြင့်ကူးဆက်ထားပါသည်။ အပြစ်အတွက်ပြီးပြည့်စုံသည့်လျော်ကြေးကိုယေရှုကိုယ်တိုင်ပေးဆပ်ပြီးဖြစ်သောကြောင့်အပြစ်သားသည်ယင်းကောင်းမှု၏အကျိုးဖြင့်အပြစ်ဖြေလွှတ်ခွင့်ရပြီးပညတ်တရားတော်၏တရားမျှတမှုကိုလည်းထိန်းသိမ်းထားပါသည်။ ခရစ်တော်သည်အပြစ်ကိုဖြေလွှတ်ပိုင်သည့်ပုဇော်သကာဖြစ်ကြောင်းယုံကြည်သောအပြစ်သားတိုင်းအပြစ်ဖြေလွှတ်ခွင့်ရဖို့ကိုယ်တော်ထံချဉ်းကပ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသောခရစ်တော်၏ကျေးဇူးတော်ကောင်းမှုအားဖြင့်ဘုရားရှင်နှင့်လူသားစပ်ကြားဆက်သွယ်မှုလမ်းကြောင်းကိုဖွင့်ထားပါသည်။ အကျွန်ုပ်အားမိမိ၏သားသမီးအဖြစ်ဘုရားသခင်လက်ခံနိုင်တော်မူသောကြောင့်ကိုယ်တော်သည်အကျွန်ုပ်၏ခမည်းတော်ဖြစ်သည်၊ အကျွန်ုပ်အားချစ်တော်မူသည်ဟုယုံကြည်လျက်ဝမ်းမြောက်ရွှင်လန်းနိုင်ပါသည်။

ခရစ်တော်သည်ကျွန်ုပ်တို့အားကိုယ်စားပြုလျက်ကျွန်ုပ်တို့၏အာမခံဖြစ်တော်မူသောကြောင့်ကျွန်ုပ်တို့၏ကောင်းကင်ဆိုင်ရာမြော်လင့်ချက်အပေါင်းကိုခရစ်တော်တစ်ပါးတည်း၌သာဗဟိုပြုထားရပါမည်။ ကျွန်ုပ်တို့သည်ဘုရားသခင်၏ပညတ်တော်တို့ကိုဖေါက်ဖျက်ထားသောသူများဖြစ်သောကြောင့်ပညတ်တရား၏အလိုအရမည်သည့်ဇာတိပကတိလူမျှဖြောင့်မတ်ရာသို့မရောက်နိုင်ပါ။ မိမိချိုးဖေါက်ပြီးသည့်သန့်ရှင်းဖြောင့်မှန်သောပညတ်တော်နှင့်လျော်ညီတိုက်ဆိုင်ဖို့လူသားအနေဖြင့်ကိုယ်ပိုင်စွမ်းအားကိုအားကိုး၍အကောင်းဆုံးအားထုတ်ကြိုးစားသော်လည်းတန်ဖိုးမရှိပါ။ သို့သော်ခရစ်တော်ကိုယုံကြည်ခြင်း

အားဖြင့်ပြည့်စုံလုံလောက်သည့်ဘုရားသခင့်သားတော်၏ ဖြောင့်မတ်ခြင်းကိုတောင်းဆိုခွင့်ရှိပါသည်။ ခရစ်တော်သည်လူသား၏ သဘာဝအားဖြင့်ပညတ်တရား၏ တောင်းဆိုချက်များကိုဖြည့်ဆည်းတော်မူ၏။ ခရစ်တော်သည်ပညတ်တရားတော်၏ ကျိုးနံခြင်းမကောင်းမှုကိုအပြစ်သား၏ ကိုယ်စားခံယူတော်မူလျက်သူသားအဖို့အပြစ်ဖြေလွှတ်ခွင့်ကိုရယူတော်မူ၏။ ထိုကြောင့် "ယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရမည့်အကြောင်းတည်း။" စစ်မှန်သောယုံကြည်ခြင်းဖြင့်ခရစ်တော်၏ ဖြောင့်မတ်ခြင်းကိုခံယူအသုံးပြုခြင်းဖြင့်အပြစ်သားသည်ကိုယ်တော်နှင့်အတူအောင်မြင်သူဖြစ်ရပါသည်။ အဘယ်ကြောင့်ဆိုသော်ငင်းအားဘုရားသခင်ပကတိနှင့်ဆက်ဆံစေသောကြောင့်၎င်း၌ဘုရားသခင်ဇာတိနှင့် လူဇာတိပေါင်းစပ်ထားပြီးဖြစ်ပါသည်။

မိမိကိုယ်ပိုင်စွမ်းအားဖြင့်ပညတ်တရားတော်များကိုကျင့်စောင့်လျက်ကောင်းကင်နိုင်ငံတော်သို့ဝင်စားဖို့အားထုတ်သောပုဂ္ဂိုလ်သည်မဖြစ်နိုင်သောအရာကိုကြိုးစားနေခြင်းသာဖြစ်ပါသည်။ လူသားအနေဖြင့်နားထောင်မှုမရှိလျှင်ကယ်တင်ခြင်းမရနိုင်ပါ၊ သို့သော်ငင်းကျင့်သောအကျင့်များမှာငင်းကိုယ်ပိုင်ခွန်အားဖြင့်ကျင့်သောအကျင့်များမဖြစ်သင့်ပါ။ မိမိအနေဖြင့်ဆန္ဒမှန်ရှိပြီးကိုယ်တော်၏စေတနာစိတ်တော်နှင့်လျော်ညီစွာဆောင်ရွက်နိုင်ရန်မိမိနှင့်အတူခရစ်တော်ဆောင်ရွက်သင့်ပါသည်။ လူသားအနေဖြင့်မိမိ၏ အကျင့်အားဖြင့်ကိုယ်ကိုကိုယ်ကယ်တင်နိုင်မည်ဆိုပါကမိမိကိုယ်တိုင်၌ဝမ်းမြောက်စရာအကြောင်းရှိကောင်းရှိပေလိမ့်မည်။ လူသားအနေဖြင့်ကယ်တင်ခြင်းရဖို့ကိုယ်ပိုင်စွမ်းအားဖြင့်အားထုတ်ခြင်းမှာကာဣန၏

ပူဇော်သကာကိုပုံဆောင်ထားခြင်းဖြစ်ပါသည်။ ခရစ်တော်မပါဘဲလူသားဆောင်ရွက်နိုင်သမျှသည်ကိုယ်ကျိုးရှာမှုနှင့်အပြစ်တို့ဖြင့်ညစ်ညူးနေပါသည်။ သို့သော်ယုံကြည်ခြင်းအားဖြင့်ထုတ်လျှင်မှုကားဘုရားသခင်လက်ခံနိုင်ဖွယ်ဖြစ်ပါသည်။ ခရစ်တော်၏ကောင်းမှုအားဖြင့်ကောင်းကင်နိုင်ငံတော်သို့ရောက်ဖို့ကျွန်ုပ်တို့ကြိုးစားလျှင်အသက်ဝိညာဉ်တိုးတက်ပါသည်။ "ယုံကြည်ခြင်းကိုအစအဦးစီရင်၍စုံလင်စေတော်မူသောသခင်ယေရှုကိုစေ့စေ့ထောက်ရှု" ခြင်းအားဖြင့်ကျွန်ုပ်တို့တစ်ဆင့်ပြီးတစ်ဆင့်စွမ်းအားရလျက်တစ်ဆင့်ပြီးတစ်ဆင့်အောင်မြင်ကြပါလိမ့်မည်။ အကြောင်းမူကားကျွန်ုပ်တို့သည်ပြီးပြည့်စုံသည့်ကယ်တင်ခြင်းရဖို့ဘုရားသခင်၏ကျေးဇူးတော်သည်ခရစ်တော်အားဖြင့်စီမံထားတော်မူ၏။

---× × ×---

## ယုံကြည်ခြင်းနှင့်အကျင့်လက်တွဲလျက်

"ထာဝရအသက်ကို အမွေခံရအံ့သောငှါ အကျွန်ုပ်သည် အဘယ်အမှုကိုပြုရပါမည်နည်း" ခေါင်းစဉ်ဖြင့်အချိန်ကာလ ဆိုင်ရာနိမိတ်လက္ခဏာများမဂ္ဂဇင်းမှ ၁၈၉၀ ခု၊ ဇူလိုင်လ ၂၁ ရက် နေ့ဆောင်းပါး။

မိမိ၏လူတို့အားအပြစ်မှကယ်တင်ဖို့ယေရှုအသေခံတော်မူခြင်းနှင့်ခရစ်တော်၌ရွေးနုတ်ခြင်းဆိုသည်မှာဘုရားသခင်၏ပညတ်တရားတော်ကိုလွန်ကျူးခြင်းမှရပ်စဲလျက်အပြစ်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါဖြစ်သည်။ ကရာနိလက်ဝါးကပ်တိုင်ပေါ်၌ခရစ်တော်အသေခံတော်မူခြင်းမှာမိုးကုပ်စက်ဝိုင်းရှေ့မှောက်၌ပညတ်တရားတော်ကိုမြှင့်တင်ရန်နှင့်ယင်းပညတ်တရားတော်သည်ဖြောင့်မှန်ကြောင်းဘုန်းထင်ရှားစေရန်ဖြစ်ရာဘုရားသခင်၏ပညတ်တရားတော်ကိုဆန့်ကျင်ရန်ပြိုးဖွဲ့လျက်စိတ်လှုပ်ရှားနေသောပုဂ္ဂိုလ်အနေဖြင့်ခရစ်တော်နှင့်မိတ်သဟာယမဖွဲ့နိုင်ပါ။

ဤအချက်ကိုအကြောင်းပြလျက်မိမိတို့သန့်ရှင်းသည်ဟုရဲဝံ့စွာအဆိုပြုမှတ်ယူသောသူများသည်ကိုယ်ကိုကိုယ်ပညတ်တရားတော်နှင့်ဆက်စပ်၍မတွေ့မမြင်နိုင်သောကြောင့်၎င်းတို့၌ဝိညာဉ်ရေးအလင်းတရားမရှိသေးပါ၊ မည်သည့်ကိုယ်ကျိုးလိုလားမှုနှင့်မာန်မာနထားမှုကိုမျှသူတို့မစွန့်မလွှတ်နိုင်ကြသေးပါ။ ထို့ကြောင့်အပြစ်နှင့်ပြည့်ဝနေသောသူတို့၏နှုတ်ခမ်းများဖြင့် "အကျွန်ုပ်တို့သန့်ရှင်းပါသည်၊ အကျွန်ုပ်တို့၌အပြစ်မရှိပါ၊ အကျွန်ုပ်တို့အနေဖြင့်ပညတ်တရားကိုစောင့်ထိန်းနေပါကကျေးဇူးတရားနှင့်လွတ်နေမည်ဟုယေရှုကသင်ပြထားပါသည်၊ ပညတ်တရားဆိုသည်မှာမလွတ်လပ်သည့်အနှောင့်အဖွဲ့

ဖြစ်၍လေးလံသောဝန်ထုပ်ဖြစ်သည် ” ဟုပညတ်တရားတော်နှင့် ဆန့်ကျင်ပြောဆိုကြပါသည်။ သို့သော်ဘုရားသခင်က “အသက်ပင် နှင့်ဆိုင်၍မြို့တံခါးအတွင်းသို့ဝင်အံ့သောငှါညတ်တော်တို့ကိုကျင့် သောသူတို့သည်မင်္ဂလာရှိကြ၏ ” ဟုမိန့်တော်မူ၏။ ကျွန်ုပ်တို့အနေ ဖြင့်မှန်မှန်ကန်ကန်ဆုံးဖြတ်လျက်ယင်းဆုံးဖြတ်ချက်နှင့်ဆောင်ရွက် နိုင်စေခြင်းငှါဘုရားသခင်၏နှုတ်တော်ထွက်တရားတော်ကိုစေ့စေ့ စပ်စပ်လေ့လာရှာဖွေသင့်ပါသည်။ သို့မှသာကျွန်ုပ်တို့အနေဖြင့် နှုတ်တော်ထွက်တရားတော်နှင့်အညီလိုက်လျှောက်လျက်ဘုရားသခင်၏ သန့်ရှင်းသောပညတ်တရားတော်နှင့်ညီညွတ်ပါလိမ့်မည်။

**ပညတ်တရားတော်အားဖြင့်ကယ်တင်ခြင်းမရပါ**
**နားမထောင်လျှင်လည်းကယ်တင်ခြင်းမရပါ**

ကျွန်ုပ်တို့ပညတ်တရားတော်နှင့်ညီညွတ်ဖို့လိုပါသည်၊ သို့ သော်ပညတ်တရားကိုကျင့်စောင့်ခြင်းအားဖြင့်ကယ်တင်ခြင်းမရပါ။ ပညတ်တရားကိုမစောင့်ထိန်းလျှင်လည်းကယ်တင်ခြင်းမရပါ။ ပညတ်တရားဆိုသည်မှာအကျင့်ဓလေ့ကိုတိုင်းတာသည့်စံနှုန်းဖြစ် ပါသည်။ သို့သော်လည်းခရစ်တော်၏ကျေးဇူးတော်အားဖြင့်ကျွန်ုပ် တို့အားပြန်လည်ပြုပြင်ထားခြင်းမရှိလျှင်ပညတ်တရားတော်ကို ကျွန်ုပ်တို့ဖြစ်ဖြစ်မြောက်မြောက်မစောင့်ထိန်းနိုင်ပါ။ ကျွန်ုပ်တို့၏ အပြစ်ရှိသမျှကိုယေရှုကသာဆေးကြောပေးနိုင်ပါသည်။ ကိုယ်တော်သည်ကျွန်ုပ်တို့အားပညတ်တရားတော်အားဖြင့်ကယ်တင် သည်မဟုတ်ပါ၊ ပညတ်တရားတော်ကိုမစောင့်ထိန်းလျှင်လည်း ကိုယ်တော်ကကျွန်ုပ်တို့အားကယ်တင်လိမ့်မည်မဟုတ်ပါ။

ပညတ်တရားတော်အားဖြင့်သာကျွန်ုပ်တို့၌အပြစ်ရှိကြောင်း သိရပါသည်၊ ယင်းသို့ကျွန်ုပ်တို့၌ရှိသည့်အပြစ်၏ပမာဏကိုသိသည် နှင့်အမျှကျွန်ုပ်တို့အနေဖြင့်ယေရှုခရစ်တော်အားမြတ်နိုးရိုသေ ကြပါသည်။ သို့သော်ကျွန်ုပ်တို့၌ရှိသမျှသောအပြစ်မကောင်းမှုများမှ ကျွန်ုပ်တို့အားရွေးနုတ်တော်မူဖို့ကိုယ်တော်သည်မိမိကိုယ်ကိုစွန့်တော် မူသောကြောင့်ကျွန်ုပ်တို့အနေဖြင့်မိမိ၏အခြေအနေကိုသိမြင်သည် နှင့်အမျှယေရှုအားမျှော်ရှုကြပါစို့။ ယုံကြည်ခြင်းအားဖြင့်ခရစ်တော် ၏ကျေးဇူးတော်ကောင်းမှုကိုဆုပ်ကိုင်ထားပါကအသက်ဝိညာဉ်ကို စင်ကြယ်စေသည့်သွေးတော်အားဖြင့်သုတ်လိမ်းပြီးဖြစ်ပါလိမ့်မည်။ ကျွန်ုပ်တို့၏ဝန်းကျင်၌မကောင်းမှုမျိုးစုံနှင့်ဘေးအန္တရာယ်အဖုံဖုံ ဝန်းရံလျက်ရှိနေသည်ကိုကျွန်ုပ်တို့ပို၍ရှင်းလင်းစွာသိမြင်နိုင်သည်နှင့် အမျှခရစ်တော်အားဖြင့်ကျွန်ုပ်တို့လွတ်မြောက်ခြင်းရသည်ကိုပို၍ ကျေးဇူးတရားသိကြပါလိမ့်မည်။ ဤကမ္ဘာမြေကြီးပေါ်သို့ဆင်းရဲ ခြင်းအမျိုးမျိုးနှင့်မကောင်းမှုအဖြာဖြာရောက်လာခြင်းမှာအပြစ်ကျူး လွန်ခြင်းကြောင့်ဖြစ်၍လူသားအနေဖြင့်အပြစ်ကျူးလွန်ဖို့ခရစ်တော် ၏ဧဝံဂေလိတရားတော်ကခွင့်ပြုမထားပါ။

အပြစ်ဆိုသည်မှာအာဒံခေတ်ကသေစေတတ်သောအရာ ဖြစ်သည်နည်းတူယနေ့လည်းသေစေတတ်သောအရာပင်ဖြစ်ပါ သည်။ သတိတရားမရဘဲပညတ်တော်တို့ကိုချိုးဖေါက်လျှင်မည်သူ တစ်ဦးတစ်ယောက်ကိုမျှဘုရားသခင်မျက်နှာသာပေးတော်မူမည်မဟုတ် ပါ၊ ယင်းသို့ပေးဖို့ဧဝံဂေလိတရားတော်၌လည်းအာမခံချက်မရှိပါ။ လူ၏စိတ်နှလုံးအတွင်းကိုယ်ကျင့်တရားယိုယွင်းနေခြင်း၊ ပညတ် တရားကိုလွန်ကျူးသောကြောင့်ပြစ်ဒဏ်သင့်နေခြင်း၊ အပြစ်တရား

ကြောင့်ပျက်စီးဆုံးရှုံးနေခြင်းစသည့်မကောင်းမှုအပေါင်းကိုကျွန်ုပ်တို့အဖို့ ခရစ်တော်ပြင်ဆင်ထားတော်မူသည့်လွတ်မြောက်ရာလမ်းစဉ်တည်း ဟူသောလက်ဝါးကပ်တိုင်ကပို၍ရှင်းလင်းစွာဖော်ပြလျက်ရှိပါသည်။

**လှည့်ဖြားမှုစုံလင်သည့်သွန်သင်ချက်တစ်ရပ်**

ကိုယ်ကိုကိုယ်ဖြောင့်မတ်သည်ဟုသဘောထားနေခြင်းမှာ ယနေ့ခေတ်အန္တရာယ်ဖြစ်ပါသည်။ ခရစ်တော်အားဖြင့်မည်သို့မည်ပုံ ကယ်တင်ခြင်းရနိုင်ကြောင်းကိုယ်ပိုင်ဖြောင့်မတ်ခြင်းကိုအားကိုအား ထားပြုနေသောပုဂ္ဂိုလ်များနားမလည်နိုင်ပါ။ အပြစ်ကိုဖြောင့်မတ် ခြင်းဟူ၍လည်းကောင်း၊ဖြောင့်မတ်ခြင်းကိုအပြစ်ဟူ၍လည်းကောင်း ခေါ်ဆိုနေကြသောသူများဖြစ်ပါသည်။ ပညတ်တရားကိုဖေါက်ဖျက် ခြင်းနှင့်ဆိုင်သည့်မကောင်းမှု၏တန်ဖိုးကိုသူတို့မသိကြပါ၊ ပညတ် တရားတော်ဆိုင်ရာကြောက်လန့်စရာကောင်းပုံကိုလည်းနားမလည် ကြပါ။ ယင်းအခြေသို့ဆိုက်ရသည်မှာဘုရားသခင်သတ်မှတ်ထားသည့် ကိုယ်ကျင့်တရားအဆင့်အတန်းကိုသူတို့မလေးစားကြသောကြောင့် ဖြစ်ပါသည်။ ယနေ့လောက၌အပေါ်ယံပြောင်းလဲမှုပေါများနေခြင်း မှာဘုရားသခင်၏ပညတ်တရားတော်ကိုတန်ဖိုးထားမှုနည်းလွန်းသော ကြောင့်ဖြစ်ပါသည်။ အကျင့်ဓလေ့ကိုတိုင်းတာရန်အတွက်ဘုရားသခင် သတ်မှတ်ထားတော်မူသည့်ဖြောင့်မတ်ခြင်းစံချိန်ကိုမိမိတို့ကိုယ်ပိုင် သတ်မှတ်ထားသည့်ဖြောင့်မတ်ခြင်းစံချိန်နှင့်လူတို့အစားထိုးကြပါ သည်။ သန့်ရှင်းခြင်းသဘောတရားကိုကြည့်မှန်အတွင်းငုင်းတို့အနေ ဖြင့်မှုန်မွှားမွှားမြင်ရသည်အတိုင်းလူတို့အားတင်ဆက်ကြသော ကြောင့်ကိုယ်ကိုကိုယ်အထင်ကြီးခြင်း၊ မာန်မာနထောင်လွှားခြင်းနှင့် မိမိကိုယ်တိုင်ဖြောင့်မတ်သည်ဟုသဘောထားခြင်းများကိုအားပေးနေ

ခြင်းသာဖြစ်ပါသည်။ လူအများထောက်ခံအားပေးနေသည့်သန့်ရှင်းစင်ကြယ်ခြင်းဆိုင်ရာသွန်သင်ချက်၌လှည့်ဖြားမှုအပြည့်ရှိနေပါသည်။ ယင်းသို့လူအများထောက်ခံနေကြသည်မှာလည်းငင်းသွန်သင်ချက်အားဖြင့်လူတို့၏သဘာဝနှလုံးသားစိတ်နေမြင့်သွားစေသောကြောင့်ဖြစ်ပါသည်။ သို့သော်အပြစ်သားအားအကြင်နာဆုံးဟောနိုင်သည့်တရားစကားမှာဘုရားသခင်၏ပညတ်တော်နှင့်ဖွဲ့စည်းထားသည့်သမ္မာတရားဖြစ်ပါသည်။ ယုံကြည်ခြင်းတစ်ခုတည်းရှိနေလျှင်ယင်းယုံကြည်ခြင်း၌အကျင့်မပါဝင်သောကြောင့်အသေဖြစ်ပါသည်။ ထိုကြောင့်ယုံကြည်ခြင်းနှင့်အကျင့်လက်တွဲဖို့လိုပါသည်။

## သွန်သင်ချက်ကိုစစ်ဆေးစမ်းသပ်ခြင်း

သွန်သင်ချက်မျိုးစုံကိုစစ်ဆေးစမ်းသပ်ဖို့ ပုရောဖက်ဟေရှာယကအောက်ပါအတိုင်းကြေညာထားပါသည်။ "တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်းနားထောင်ကြကုန်၊ သူတို့ပြောသောစကားသည်နှုတ်ထွက်စကားနှင့်မညီလျှင်သူတို့၌အရုဏ်မတက်သေး။" (ဟေရှာယ ၈း၂၀)။ ဤလောကတစ်ခွင်လုံး၌အမှားတရားပေါများနေသော်လည်းလူတို့အနေဖြင့်လှည့်ဖြားမှုအတွင်းနစ်မြုပ်နေစရာအကြောင်းမရှိပါ။ သမ္မာတရားရှင်းလှပါသည်၊ အမှားတရားနှင့်ယှဉ်ပါကငင်း၏အရည်အချင်းကိုမြင်သာပါလိမ့်မည်။ ဘုရားသခင်၏ကျေးဇူးတော်ကိုခံစားနေသောဘုရားသခင်၏လူတို့အနေဖြင့်ဘုရားသခင်မည်သို့အလိုရှိတော်မူသည်ကိုနားလည်ကြပါလိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့်ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုခံယူအသုံးပြုနိုင်သောကြောင့်ယုံကြည်ခြင်းအားဖြင့်ကျွန်ုပ်တို့၏အသက်တာပုံစံကိုဖြောင့်မတ်ခြင်းစံချိန်နှင့်ညီလျော်စေနိုင်ပါသည်။

သမ္မာတရားကိုရိုးသားစွာရှာဖွေလေ့လာသောသူအနေဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်၌မှန်သောစင်ကြယ်သန့်ရှင်းခြင်းကိုတွေ့နိုင်ပါသည်။အဘယ်ကြောင့်ဆိုသော်“ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့်ယေရှုခရစ်၌တည်၍ဇာတိပကတိအတိုင်းမကျင့်၊ဝိညာဉ်ပကတိအတိုင်းကျင့်သောသူတို့သည်အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။......ဇာတိပကတိကြောင့်ပညတ်တရားသည်အားနည်း၍မတတ်နိုင်သောအမှုကိုဘုရားသခင်ပြုတော်မူခြင်းငှါအပြစ်နှင့်ပြည့်စုံသောဇာတိပကတိသဏ္ဍာန်ကိုဆောင်သောမိမိသားတော်ကိုစေလွှတ်တော်မူ၍အပြစ်ဖြေဖို့ရာဇာတိပကတိ၌အပြစ်ကိုဒဏ်ပေးတော်မူ၏။ အကြောင်းမူကားဇာတတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောငါတို့သည်တရား၌ပါသောပညတ်တို့ကိုစောင့်ရှောက်မည်အကြောင်းတည်း။ ဇာတိပကတိရှိသောသူတို့သည်ဇာတိပကတိနှင့်စပ်ဆိုင်သောအရာတို့ကိုစွဲလမ်းသောစိတ်သဘောရှိကြ၏။ ဝိညာဉ်ပကတိရှိသောသူတို့မူကားဝိညာဉ်ပကတိနှင့်စပ်ဆိုင်သောအရာတို့ကိုစွဲလမ်းသောစိတ်သဘောရှိကြ၏။ ဇာတိပကတိစိတ်သဘောသည်သေခြင်းအကြောင်းဖြစ်၏။ ဝိညာဉ်ပကတိစိတ်သဘောသည်အသက်ရှင်ခြင်းအကြောင်းနှင့်ငြိမ်သက်ခြင်းအကြောင်းဖြစ်၏။ အဘယ်ကြောင့်နည်းဟူမူကားဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏တရားတော်အလိုသို့မလိုက်တတ်၊ထိုမျှမကမလိုက်နိုင်။ ထိုကြောင့်ဇာတိပကတိ၌ကျင်လည်သောသူတို့သည်ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်ကြ။ သို့သော်လည်းဘုရားသခင်၏ဝိညာဉ်တော်သည်သင်တို့အထဲ၌ကိန်းဝပ်တော်မူလျှင် သင်တို့သည်ဇာတိပကတိဘက်၌ရှိကြသည်မဟုတ်၊

ဝိညာဉ်ပကတိဘက်၌ရှိကြ၏” ဟုတမန်တော်ပေါလုကသွန်သင်ထားပါသည်။ (ရောမ ၈း၁–၉)။

–––× × ×–––

## ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း
## အတွေ့အကြုံလမ်းစဉ်အကျဉ်းချုပ်

၁၈၉၀ ခု၊ နိုဝင်ဘာလ ၄ ရက် နေ့စွဲဖြင့်ပြန်လည်သုံးသပ်ခြင်းနှင့်သံတော်ဆင့်မဂ္ဂဇင်း၌ ဖေါ်ပြခဲ့သည့် "ခရစ်တော်သည်အသက်လမ်း" ဆောင်းပါးမှကောက်နုတ်ချက်။ ရွေးချယ်ထားသည့်သတင်းစကား စာအုပ်အမှတ် ၁ စာမျက်နှာ ၃၆၅–၃၆၈။

"ယေရှုသည်ဂါလိလဲပြည်သို့ကြွတော်မူလျှင်အချိန်ပြည့်စုံပြီး၊ ဘုရားသခင်၏နိုင်ငံတော်သည်တည်လုနီးပြီ၊ နောင်တရကြလော့၊ ဧဝံဂေလိတရားကိုယုံကြည်ကြလော့ဟူသောဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကိုဟောတော်မူ၏။" (မာကု ၁း၁၄၊၁၅)။

နောင်တရခြင်းသည်ယုံကြည်ခြင်း၏အတွဲအဖက်ဖြစ်သောကြောင့်ကယ်တင်ခြင်းအတွက်နောင်တသည်လိုရင်းအချက်ဖြစ်ကြောင်းဧဝံဂေလိတရားတော်ကတိုက်တွန်းထားပါသည်။ နောင်တတရားနှင့်ပတ်သက်၍တမန်တော်ရှင်ပေါလုကအောက်ပါအတိုင်းဟောထားပါသည်။ "သင်တို့အကျိုးပြုစုရာတစ်စုံတစ်ခုကိုမျှငါမထိမ်မဝှက်၊ လူစုဝေးရာ၌လည်းကောင်း၊ အိမ်များ၌လည်းကောင်း၊ သင်တို့အားဟောပြော၍ဆုံးမသွန်သင်သဖြင့်ဘုရားသခင်ရှေ့တော်၌နောင်တရခြင်းတရားကိုလည်းကောင်း၊ ငါတို့သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းတရားကိုလည်းကောင်းယုဒလူ၊ ဟေလသလူတို့အားသက်သေခံသည့်အကြောင်းအရာကိုသင်တို့သိကြ၏။" (တမန်တော် ၂၀း၂၀၊၂၁)။ နောင်တမရလျှင်ကယ်တင်ခြင်းမရနိုင်ပါ။ နောင်တ

သံဝေဂမရှိသောအပြစ်သားသည်ဖြောင့်မတ်ခြင်းတရားကိုစိတ်ပါလျက်မယုံကြည်နိုင်ပါ။ နောင်တဆိုသည်မှာအပြစ်ကျူးလွန်မိသည့်အတွက်ဘုရားသခင်၏အလိုတော်နှင့်ညီလျောသောဝမ်းနည်းခြင်းဖြစ်၍ "ကယ်တင်ခြင်းနှင့်ယှဉ်သောနောင်တစိတ်တည်းဟူသောမပြောင်းလဲနိုင်သောနောင်တစိတ်ကိုပြုပြင်တတ်၏" ဟုတမန်တော်ပေါလု၏သွန်သင်ချက်၌တွေ့ရပါသည်။ (၂ကောရိန်သု ၇း၁၀)။ ဤကဲ့သို့သောနောင်တ၌မိမိ၏ကိုယ်ပိုင်ကောင်းမှုကိုအားကိုးအားထားသည့်သဘောတရားလုံးဝမရှိပါ။ သို့သော်ခရစ်တော်သည်တစ်ပါးတည်းသောကယ်တင်ပိုင်သူဖြစ်ကြောင်း၊ ဆုံးရှုံးနေသောအပြစ်သားအတွက်တစ်ခုတည်းသောမြော်လင့်ချက်ဖြစ်ကြောင်းလက်ခံနိုင်စေရန်အပြစ်သား၏စိတ်နှလုံးကိုပြောင်းလဲပေးသောနောင်တဖြစ်ပါသည်။

အပြစ်သားသည်ပညတ်တရားတော်ကိုလေ့လာရှုစားသောအခါမိမိ၌အပြစ်ရှိနေကြောင်းထင်ရှားသိမြင်လျက်မိမိ၏သံသယစိတ်ကိုဖိအားပေးသဖြင့်ကိုယ်ကိုကိုယ်အပြစ်စီရင်လေ၏။ ထိုအခါမိမိအတွက်တစ်ခုတည်းသောစိတ်သက်သာရာနှင့်မြော်လင့်ချက်ကိုကရာနိလက်ဝါးကပ်တိုင်၌သာရှုမြင်ရ၏။ ထို့ကြောင့်ဘုရားသခင်မိန့်တော်မူသည့်အတိုင်းယုံကြည်လျက်ကိုယ်တော်၏ကတိတော်တို့အပေါ်စွန့်စားလုပ်ဆောင်သောအခါစိတ်ဝိညာဉ်သက်သာခြင်းသို့ရောက်၍ "ကိုယ်တော်ဘုရားသခင်သားတော်၏နာမတော်အားဖြင့်ကိုယ်တော်ထံသို့တိုးဝင်ချဉ်းကပ်သောသူအပေါင်းအားကယ်တင်မည်ဟုကိုယ်တော်ကတိထားတော်မူပါ၏။ ကျွန်တော်မျိုးသည်ဆုံးရှုံး၍ခိုကိုးရာမဲ့လျက်မြော်လင့်ချက်မရှိသောဝိညာဉ်ဖြစ်ပါ၏။ ကိုယ်တော်ဘုရားသခင်၊ ကျွန်တော်မျိုးအားကယ်တင်တော်မူပါ၊ (သို့မဟုတ်)

ကျွန်တော်မျိုးပျက်စီးပါလိမ့်မည်” ဟုပတ္တနာပြုလျက်မိမိတို့၏ယုံကြည်ခြင်းဖြင့်ခရစ်တော်ကိုကိုးစားသောအခါသူသည်ဘုရားသခင်၏ရှေ့တော်၌ဖြောင့်မတ်ခြင်းသို့ရောက်လေ၏။

ဘုရားသခင်ကိုယ်တော်တိုင်တရားမျှတစွာပြုနိုင်တော်မူသော်လည်းအပြစ်သားအားခရစ်တော်၏ကောင်းမှုဆုကျေးဇူးများအားဖြင့်သာဖြောင့်မတ်ရာသို့ရောက်စေပါသည်။ သိလျက်နှင့်ဆက်လက်၍အပြစ်ပြုနေပါက (သို့မဟုတ်) သိလျက်နှင့်မိမိ၏တာဝန်များကိုလျစ်လျူရှုထားပါကမည်သည့်လူသားမျှမိမိ၏အသက်ဝိညာဉ်ကိုခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံဖြင့်ဖုံးအုပ်မထားနိုင်ပါ။ ဖြောင့်မတ်ရာသို့မရောက်နိုင်မီမိမိ၏စိတ်နှလုံးကိုအကြွင်းမဲ့ဆက်ကပ်ထားဖို့ဘုရားသခင်အလိုရှိတော်မူ၏။ ၎င်းအပြင်လူသားအနေဖြင့်ယင်းဖြောင့်မတ်ခြင်းကိုဆက်လက်ကိုင်ထားနိုင်ဖို့သက်ရှင်လှုပ်ရှားသောယုံကြည်ခြင်းဖြင့်လည်းကောင်း၊ မေတ္တာဖြင့်ကျင့်သောယုံကြည်ခြင်းဖြင့်လည်းကောင်း၊ စိတ်ဝိညာဉ်ကိုစင်ကြယ်စေသည့်ယုံကြည်ခြင်းဖြင့်လည်းကောင်းအစဉ်တစိုက်နားထောင်ရပါမည်။

အာဗြဟံ၏အကြောင်းနှင့်ပတ်သက်၍ “ငါတို့အဘအာဗြဟံသည်မိမိသားဣဇာက်ကိုယဇ်ပလ္လင်ပေါ်မှာတင်လှူပူဇော်သောအခါအကျင့်အားဖြင့်ဖြောင့်မတ်ရာသို့ရောက်သည်မဟုတ်လော၊ ယုံကြည်ခြင်းသည်အကျင့်နှင့်အတူပြု၍အကျင့်အားဖြင့်စုံလင်သည်ကိုသိမြင်ရ၏။ အာဗြဟံသည်ဘုရားသခင်ကိုယုံကြည်သည်ဖြစ်၍သူ၏ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏ဟူသောကျမ်းစကားပြည့်စုံလေ၏။ အာဗြဟံသည်လည်းဘုရားသခင်၏အဆွေဟူ၍ခေါ်ဝေါ်ခြင်းကိုခံရ၏။ လူသည်ယုံကြည်ခြင်းအားဖြင့်သာဖြောင့်မတ်ရာ

သို့ရောက်သည်မဟုတ်၊ အကျင့်အားဖြင့်ရောက်သည်ကိုသင်တို့သိမြင်ကြ၏" ဟုယာကုပ်ကမှတ်တမ်းတင်ထားပါသည်။ (ယာကုပ်၊ ၂း၂၁–၂၄)။ လူသည်ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှါထိုယုံကြည်ခြင်းသည်စိတ်နှလုံး၏မြတ်နိုးရာအစွဲအလမ်းများနှင့်စိတ်လှုပ်ရှားမှုများကိုထိန်းချုပ်ထားနိုင်သည့်အဆင့်သို့ရောက်ဖို့လိုပါသည်။ ထိုမျှမကနာခံထောင်ခြင်းအားဖြင့်သာထိုယုံကြည်ခြင်းစုံလင်ပါသည်။

**ယုံကြည်ခြင်းသည်ကတိတော်နှင့်ဆိုင်သည့်စည်းကမ်းချက်**

ခရစ်တော်၏ကျေးဇူးတော်မပါဝင်ပါကအပြစ်သား၏အခြေအနေမှာမြော်လင့်ချက်မရှိပါ။ ၎င်းအတွက်မည်သို့မျှဆောင်ရွက်မပေးနိုင်ပါ။ သို့သော်ထိုသူသည်ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်အံ့သြဖွယ်သောတန်ခိုးကိုပေးသွင်းခြင်းခံရသောအခါစိတ်အားဖြင့်လည်းကောင်း၊ နှလုံးအားဖြင့်လည်းကောင်း၊ အကျင့်ဓလေ့အားဖြင့်လည်းကောင်းလှုပ်ရှားပါသည်။ ထိုသို့ခရစ်တော်၏ကျေးဇူးတော်ကိုပေးသွင်းခြင်းခံရသောအခါစက်ဆုပ်ဖွယ်သောအပြစ်၏အကြောင်းကိုကောင်းစွာသိမြင်၍နောက်ဆုံးတွင်မိမိခန္ဓာကိုယ်ဗိမာန်မှနှင်ထုတ်လိုက်ပါသည်။ ကျေးဇူးတော်အားဖြင့်ကျွန်ုပ်တို့သည်ခရစ်တော်နှင့်မိတ်သဟာယဖွဲ့လျက်ကယ်တင်ခြင်းအမှုတော်၌ကိုယ်တော်နှင့်အတူတွဲဖက်ဆောင်ရွက်ပါသည်။ အပြစ်သားအားအပြစ်မှဖြေလွှတ်ဖို့ယုံကြည်ခြင်းကိုအခြေခံထားလျက်ကတိပြုတော်မူခြင်းမှာသင့်မြတ်သည်ဟုထာဝရဘုရားသခင်မြင်တော်မူပါသည်။ ကယ်တင်ခြင်းရထိုက်သည် ယုံကြည်ခြင်းတွင်ဖြောင့်မတ်ခြင်းဘုန်းတစ်စုံတစ်ရာရှိသောကြောင့်မဟုတ်ပါ၊ အပြစ်ကိုပပျောက်အောင်ကုသနိုင်သည့်

၎င်းယုံကြည်ခြင်းအားဖြင့်သာခရစ်တော်၏ကျေးဇူးတော်ကောင်းမှုကိုဆုပ်ကိုင်ထားနိုင်သောကြောင့်ဖြစ်ပါသည်။ အပြစ်သား၏မကောင်းမှုများနှင့်ချွတ်ယွင်းမှုများ၏နေရာတွင်ခရစ်တော်၏စုံလင်သောနားထောင်ခြင်းကိုယုံကြည်ခြင်းအားဖြင့်တင်ဆက်နိုင်ပါသည်။ ခရစ်တော်သည်မိမိ၏ပုဂ္ဂလိကကယ်တင်ပိုင်သူဖြစ်သည်ဟုအပြစ်သားယုံကြည်သောအခါမိမိ၏ဝတ္တရားမပျက်သောကတိတော်များအားဖြင့်ဘုရားသခင်သည်ထိုသူအားအပြစ်မှဖြေလွှတ်၍ဖြောင့်မတ်ရာသို့လုံးလုံးလျားလျားရောက်စေတော်မူ၏။ ထိုအခါနောင်တရသောဝိညာဉ်အနေဖြင့်မိမိဖြောင့်မတ်ရာသို့ရောက်ခြင်းမှာမိမိအားကိုယ်စားပြုလျက်အာမခံလည်းဖြစ်တော်မူသော၊ မိမိအတွက်အသေခံတော်မူသော၊ မိမိ၏ဖြောင့်မတ်ခြင်းနှင့်အပြစ်ဖြေလွှတ်သောသခင်ဖြစ်တော်မူသောခရစ်တော်ကြောင့်ဖြစ်ကြောင်းကောင်းစွာသဘောပေါက်လေ၏။

"ကျမ်းစာ၌အဘယ်သို့လာသနည်း၊ အားဗြဟံသည်ဘုရားသခင်ကိုယုံကြည်သည်ဖြစ်၍သူ၏ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏။ အကျင့်ရှိသောသူမည်သည်ကားကျေးဇူးတော်အားဖြင့်အကျိုးခံရသည်မဟုတ်၊ခံထိုက်သောအားဖြင့်ခံရ၏။ အကျင့်မရှိသောသူမည်သည်ကားမတရားသောသူ၏အပြစ်ကိုဖြေသောသူကိုယုံကြည်လျှင်သူ၏ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့မှတ်လျက်ရှိ၏။" (ရောမ၊ ၄း၃–၅)။ ဖြောင့်မတ်ခြင်းဆိုသည်မှာပညတ်တရားတော်ကိုလိုက်နာခြင်းဖြစ်ပါသည်။ ဖြောင့်မတ်ဖို့ပညတ်တရားကတောင်းဆိုပါသည်။ ထိုကြောင့်အပြစ်သားအနေဖြင့်ပညတ်တရားအားဖြင့်ကြွေးတင်နေသောသူဖြစ်ပါသည်။ သို့သော်သူကိုယ်တိုင်ကြွေးဆပ်နိုင်သည့်အခြေအနေ၌မရှိပါ။ ထိုကြောင့်ယုံကြည်ခြင်းနည်း

လမ်းတစ်သွယ်ဖြင့်သာ၎င်းအနေဖြင့်ဖြောင့်မတ်ရာသို့ရောက်နိုင်ပါ
သည်။ ယုံကြည်ခြင်းအားဖြင့်သာ၎င်းအနေဖြင့်ခရစ်တော်၏ကောင်း
မှုများကိုဘုရားသခင်ထံသို့သယ်ဆောင်လာနိုင်ပါသည်။ ထိုအခါ
သားတော်၏နားထောင်ခြင်းကိုအပြစ်သား၏စာရင်း၌ဘုရားသခင်ပေး
သွင်းတော်မူ၏။ လူသားကျဆုံးသည့်နေရာ၌ခရစ်တော်၏ဖြောင့်မတ်
ခြင်းကိုအစားထိုးလက်ခံတော်မူ၏။ သို့ဖြစ်ရာဘုရားသခင်သည်
ယုံကြည်လျက်နောင်တသံဝေဂရသောအပြစ်သားအားလက်ခံလျက်
အပြစ်မှဖြေလွှတ်ပြီးလျှင်ဖြောင့်မတ်ရာသို့ရောက်စေတော်မူ၏။
၎င်းအပြင်ထိုအပြစ်သားအားဖြင့်ဖြောင့်မတ်သောသူကိုဆက်ဆံ
သကဲ့သို့ဆက်ဆံလျက်သားတော်ကိုချစ်သကဲ့သို့ချစ်တော်မူ၏။
ဤနည်းအားဖြင့် ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့မှတ်လျက်ရှိ၏။
အပြစ်ဖြေလွှတ်ခွင့်ရပြီးသောအသက်ဝိညာဉ်သည်လည်းကျေးဇူးတော်
တစ်ဆင့်မှတစ်ဆင့်သို့လည်းကောင်း၊ အလင်းတရားတစ်ဆင့်မှ
ပို၍လင်းသောအလင်းသို့လည်းကောင်းတိုးတက်ရှင်သန်လေ၏။
ထိုအခါ၎င်းအနေဖြင့် "ငါတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့်
မဟုတ်ဘဲမိမိသနားခြင်းကရုဏာတော်နှင့်အညီဒုတိယမွေးခြင်းနှင့်
ဆိုင်သောဆေးကြောခြင်းအားဖြင့်လည်းကောင်း၊ သန့်ရှင်းသော
ဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့်လည်းကောင်းငါတို့ကို
ကယ်တင်သောသခင်ယေရှုခရစ်အားဖြင့်ငါတို့အပေါ်သို့ထိုဝိညာဉ်တော်
ကိုကြွယ်ဝစွာသွန်းလောင်းတော်မူ၏။ အကြောင်းမူကားငါတို့သည်
ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်ဖြောင့်မတ်ရာသို့ရောက်၍ ထာဝရ
အသက်ကိုမြော်လင့်သည်နှင့်အညီအမွေခံဖြစ်ကြမည်အကြောင်းတည်း။"
ဟုဝမ်းမြောက်စွာပြောနိုင်ပါလိမ့်မည်။ (တိတု၊ ၃း၅–၇)။

ထိုမျှမက "ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အားဘုရားသခင်၏သားဖြစ်ရ သောအခွင့်ကိုပေးတော်မူ၏။ ထိုသားတို့မူကားလူမျိုးနှင့်စပ်ဆိုင်၍ ဖွားသောသားမဟုတ်၊ မေထုန်သံဝါသအားဖြင့်ဖွားသောသားမဟုတ်၊ လူအလိုအလျောက်ဖွားသောသားမဟုတ်၊ ဘုရားသခင်ဖွားတော်မူ သောသားဖြစ်သတည်း။" ဟုယောဟန် ၁း၁၂၊၁၃ ၌မှတ်တမ်း တင်ထားပါသည်။ ထိုကြောင့်ယေရှုက "ဒုတိယမွေးခြင်းကိုမခံသောသူ မည်သည်ကားဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ" ဟု (ယောဟန် ၃း၃) မိန့်တော်မူလျက် "ရေနှင့်ဝိညာဉ်တော်မမွေးသောသူ မည်သည်ကားဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရ" ဟု (အငယ် ၅)၌ ဆက်လက်၍မိန့်တော်မူပါသည်။ ကျွန်ုပ်တို့သည်ထာဝရဘုရားသခင်၏ သားသမီးများအဖြစ်သို့စင်စစ်ရောက်ကြမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့အတွက်သတ်မှတ်ထားသောစံချိန်မှာသာမညမဟုတ်ပါ။ ပုဂ္ဂိုလ်တစ်ဦးစီအနေဖြင့်ကျွန်ုပ်တို့ကယ်တင်ခြင်းသို့ရောက်ကြပါလိမ့် မည်။ စုံစမ်းစစ်ဆေးရာကာလရောက်လာသောအခါ၌လည်း ကိုယ်တော်အားဝတ်ပြုကိုးကွယ်သောသူများနှင့်ကိုယ်တော်အား မဝတ်ပြုမကိုးကွယ်သောသူများ၏ကွဲပြားမှုကိုကျွန်ုပ်တို့ထင်ရှားစွာ သိမြင်ရကြပါလိမ့်မည်။ ကျွန်ုပ်တို့အားလုံးခရစ်တော်ယေရှု၌ တစ်သီးပုဂ္ဂလယုံကြည်သူများအဖြစ်ကယ်တင်ခြင်းရကြမည်သာတည်း။

အများသောသူတို့ကဒင်းတို့အနေဖြင့်ကောင်းကင်ခရီးသို့ တက်လှမ်းရကြမည်၊ ယင်းသို့တက်လှမ်းရာ၌ဘုရားသခင်၏ထံတော်မှ မျက်နှာကောင်းရဖို့ကိုယ်တိုင်တစ်စုံတစ်ခုပြုလုပ်ရမည်ဟုမှတ်ယူထား ကြသောကြောင့်တက်လမ်းလွဲနေကြပါသည်။ မိမိတို့အားထောက်ပံ့

မည့်သူမရှိဘဲကိုယ်တိုင်အားထုတ်ခြင်းဖြင့်ပို၍ကောင်းသောသူများဖြစ်ဖို့အားထုတ်ကြပါသည်။ ယင်းသို့ကြိုးစားအားထုတ်ခြင်းဖြင့်မည်သည့်အခါမျှပြီးမြောက်အောင်မြင်လိမ့်မည်မဟုတ်ပါ။ ခရစ်တော်သည်ကျွန်ုပ်တို့၏ပူဇော်သကာအဖြစ်အသေခံတော်မူခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တော်သည်ကျွန်ုပ်တို့အဖို့ပုံစံနမူနာအဖြစ်အသက်ရှင်တော်မူခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တော်သည်ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းကြီးဖြစ်တော်မူသောကြောင့်လည်းကောင်း ကျွန်ုပ်တို့အဖို့အဆင်သင့်လမ်းခင်းလျက်ရှိတော်မူ၏။ ထို့ကြောင့်ကိုယ်တော်က "ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏" ဟုမိန့်တော်မူ၏။ (ယောဟန် ၁၄း၆)။ ကောင်းကင်နိုင်ငံတော်သို့တက်ရာလှေကားသို့ရောက်ဖို့ကျွန်ုပ်တို့ကိုယ်တိုင်ကြိုးစားခြင်းဖြင့်တစ်လှမ်းမျှရောက်နိုင်မည်ဆိုပါက ခရစ်တော်၏စကားများ၌အမှန်တရားရှိနိုင်မည်မဟုတ်ပါ၊ သို့သော် ခရစ်တော်အားကျွန်ုပ်တို့လက်ခံကြသောအခါကျွန်ုပ်တို့အနေဖြင့် အသက်ရှင်စေသောလမ်းခရီးသို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ခရစ်တော်ကိုယ်တိုင်သည်ကျွန်ုပ်တို့၏လမ်းခရီးဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည်ကောင်းကင်နိုင်ငံတော်သို့သွားရာလမ်းမှန်အတိုင်းလိုက်လျှောက်နေကြပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ကျွန်ုပ်တို့၌အကျိုးထူးရှိနေပြီဖြစ်ကြောင်း ကျွန်ုပ်တို့၏အကျင့်ကောင်းခလေ့များကသာခကေထင်ရှားစေပါလိမ့်မည်။

**ကိုယ်တော်သည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ်တော်မူ၏**

ခရစ်တော်သည်စိတ်နေသဘောထားကိုကြည့်တော်မူသည်ဖြစ်ရာကျွန်ုပ်တို့သည်ယုံကြည်ခြင်းကိုအခြေခံလျက်မိမိတို့၏ဝန်ထုပ်

ဝန်ပိုများကိုထမ်းဆောင်လျက်ရှိကြောင်းမြင်တွေ့ရပါကကျွန်ုပ်တို့၏အသရေပျက်မှုများကိုကိုယ်တော်၏စုံလင်သောသန့်ရှင်းခြင်းဖြင့်ဆေးကြောတော်မူပါသည်။ ကျွန်ုပ်တို့တတ်နိုင်သမျှကြိုးစားကြသောအခါကိုယ်တော်သည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ်တော်မူ၏။ ကျွန်ုပ်တို့သည်ဤလောက၏အလင်းများအဖြစ်သို့ရောက်ကြဖို့ ကျွန်ုပ်တို့ထံသို့ဘုရားရှင်ပေးပို့တော်မူသည့်အလင်းရောင်အားလုံးကိုခံယူကြဖို့လိုအပ်ပါသည်။ (၁၈၈၉ ခု၊ စာအမှတ် ၃၃)။

———× × ×———

## ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း

၁၈၉၁ ခု၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ရေးသည့်
၁၈၉၁ ခု လက်ရေးစာမူအမှတ် ၂၁ မှကောက်နုတ်ချက်။
သတ္တမနေ့ဥပုသ်အသင်း သမ္မာကျမ်းဋီကာ အတွဲ ၆၊
စာမျက်နှာ ၁၀၇၀၊ ၁၀၇၁။

နောင်တသံဝေဂရသောဒုစရိုက်လူသည် ဘုရားသခင်၏ရှေ့တော်၌ဝမ်းနည်းကြေကွဲလျက်မိမိအတွက်ခရစ်တော်၏အပြစ်ဖြေလွှတ်ခွင့်ကိုထင်ရှားစွာသဘောပေါက်နားလည်ပြီး၊ ယင်းအပြစ်ဖြေလွှတ်ခွင့်သည်မိမိ၏ယခုဘဝအသက်တာနှင့်တကွတမလွန်ဘဝအသက်တာအတွက်ပါတစ်ခုတည်းသောမြော်လင့်ရာဖြစ်ကြောင်းလက်ခံသောအခါ၌ငင်း၏အပြစ်များဖြေလွှတ်ခြင်းခံရပါသည်။ ဤသည်ကားယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းပေတည်း။ ယုံကြည်သောသူတိုင်းသည်မိမိ၏ဆန္ဒကိုဘုရားသခင်၏အလိုတော်နှင့်အကြွင်းမဲ့ညီလျော်စေပြီးလျှင်ရွေးနုတ်ပိုင်သူ၏အပြစ်ဖြေလွှတ်ခြင်းနှင့်ဆိုင်သောကောင်းမှုကုသိုလ်တော်ကိုယုံကြည်လျက်ခွန်အားတစ်ဆင့်မှတစ်ဆင့်သို့လည်းကောင်း၊ ဂုဏ်တစ်ဆင့်မှတစ်ဆင့်သို့လည်းကောင်းတက်လှမ်း၍နောင်တနှင့်စိတ်နှလုံးကြေကွဲသည့်အခြေအနေ၌ဆက်လက်တည်မြဲနေပါမည်။

အပြစ်ဖြေလွှတ်ခွင့်ရခြင်းနှင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းတို့မှာတစ်မျိုးတည်းဖြစ်ပါသည်။ ယုံကြည်သောပုဂ္ဂိုလ်အနေဖြင့်ဆန့်ကျင်ပုန်ကန်သောသူတည်းဟူသောအပြစ်နှင့်စာတန်၏သားဘဝမှခရစ်တော်ယေရှု၏သစ္စာရှိသောနိုင်ငံတော်သားဘဝသို့ကူးပြောင်းပါသည်။ ယင်းကူးပြောင်းခွင့်ရခြင်းမှာမိမိကိုယ်တိုင်အားဖြင့်အမွေခံ

ထိုက်သည့်ကောင်းမှုတစ်စုံတစ်ရာရှိသောကြောင့်မဟုတ်၊ ခရစ်တော်ကိုယ်တိုင်ကလက်ခံတော်မူလျက်မိမိ၏သားအဖြစ်မွေးစားသောကြောင့်ဖြစ်ပါသည်။ အပြစ်သားအနေဖြင့်အပြစ်ဖြေလွှတ်ခွင့်ရခြင်းမှာငင်း၏အပြစ်မကောင်းမှုများကိုငင်းအားကိုယ်စားပြုလျက်အာမခံတော်မူသောသူကခံယူပြီးသောကြောင့်ဖြစ်ပါသည်။ "ဤသူသည်အကျွန်ုပ်၏သားဖြစ်ပါ၏၊ ငင်းအားသေပြစ်စီရင်ထားခြင်းကိုအကျွန်ုပ်ရင်ဆိုင်၍ထာဝရအသက်တည်းဟူသောအကျွန်ုပ်၏အသက်အာမခံစာချုပ်ကိုသူ့အားပေးပြီးပါပြီ၊ သူ၏အပြစ်အတွက်သူခံရမည့်ပြစ်ဒဏ်ကိုလည်းသူ၏ကိုယ်စားအကျွန်ုပ်ခံယူပြီးပါပြီ၊ ယခုပင်သူသည်အကျွန်ုပ်၏ချစ်သောသားဘဝသို့ရောက်ပါပြီ" ဟုကျွန်ုပ်တို့၏သခင်ယေရှုကခမည်းတော်အားလျှောက်ထားတော်မူ၏။ တင့်တယ်သောဖြောင့်မတ်ခြင်းဝတ်ရုံဖြင့်ဖုံးအုပ်ထားခြင်းခံရသောကြောင့်ဘုရားသခင်၏ရှေ့တော်၌အပြစ်ကင်းလျက်ရပ်တည်နိုင်လေ၏။

အပြစ်သားအနေဖြင့်အမှားနှင့်မကင်းနိုင်ပါ၊ သို့သော်ကရုဏာတရားကင်းမဲ့စွာစွန့်လွှတ်ထားခြင်းမခံရပါ။ မည်သို့ပင်ဖြစ်စေသူ၏တစ်ခုတည်းသောမြော်လင့်ရာမှာဘုရားသခင်၏ရှေ့တော်၌နောင်တသံဝေဂရလျက်ခရစ်တော်ယေရှုသခင်ဘုရား၌ယုံကြည်ကိုးစားခြင်းဖြစ်ပါသည်။ ခရစ်တော်သည်ကျွန်ုပ်တို့ခံရမည့်ပြစ်ဒဏ်များကိုကိုယ်တော်တိုင်ခံယူလျက်ကျွန်ုပ်တို့အားသေပြစ်စီရင်ထားခြင်းမှရပ်ဆိုင်းပြီးလျှင်မိမိ၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကိုကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူသောကြောင့်ကျွန်ုပ်တို့၏အပြစ်နှင့်မကောင်းမှုများကိုဖြေလွှတ်ဖို့ဘုရားသခင်၌အခွင့်ထူးရှိတော်မူ၏။ တရားသဖြင့်စီရင်ခြင်းဆိုင်ရာတောင်းဆိုသမျှကိုခရစ်တော်ပူဇော်သောယဇ်အားဖြင့်ကျေအေးစေပါသည်။

ဖြောင့်မတ်ရာသို့ရောက်ခြင်းသည်ပြစ်ဒဏ်စီရင်ခြင်း၏ဆန့်ကျင်ဘက်ဖြစ်ပါသည်။ လုံးဝမထိုက်မတန်သောသူတို့အတွက်ဘုရားသခင်၏အစအဆုံးမရှိသောကရုဏာတော်ကိုအသုံးပြုတော်မူ၏။ ကျွန်ုပ်တို့၏အပြစ်များအတွက်ကိုယ်ကိုကိုယ်ပူဇော်တော်မူသည့်ယေရှု၏အကျိုးကိုထောက်လျက်ဘုရားသခင်သည်ကျွန်ုပ်တို့၏အပြစ်မကောင်းမှုများကိုလွတ်ငြိမ်းခွင့်ပေးတော်မူ၏။ အပြစ်ကျူးလွန်သောကြောင့်ပြစ်ဒဏ်သင့်နေသောအပြစ်သားသည်ခရစ်တော်အားယုံကြည်ကိုးစားသောကြောင့်ဘုရားသခင်၏ရှေ့တော်၌မျက်နှာရလျက်ထာဝရအသက်ကိုဆွတ်ခူးနိုင်ဖို့ကြီးစွာသောမြော်လင့်ခြင်းကိုရလေ၏။

---× × ×---

## ခရစ်တော်အားဖြင့် လက်ခံတော်မူခြင်း

အချိန်ကာလဆိုင်ရာနိမိတ်လက္ခဏာများမဂ္ဂဇင်း၏
၁၈၉၂ ခု၊ ဇူလိုင်လ ၄ ရက် နေ့ဆောင်းပါး။

"ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါဘုရားသခင်သည်မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။" (ယောဟန် ၃း၁၆)။ ဤသတင်းစကားသည်ဤလောကတစ်ခုလုံးအတွက်အကျုံးဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် "သူအပေါင်းတို့သည်" ဟုဆိုထားသဖြင့်ယင်းစကားရပ်၏စည်းကမ်းချက်နှင့်ညီလျော်ပါကအားလုံးအပါအဝင်မည်သူမဆိုယင်းသတင်းစကားနှင့်ဆိုင်သောကောင်းချီးကိုခံစားခွင့်ရှိပါသည်။ ယေရှုသည်မိမိ၏ပုဂ္ဂလိကကယ်တင်ပိုင်သူဖြစ်သည်ဟုယုံကြည်လျက်ကိုယ်တော်အားမျှော်ကြည့်သောသူတိုင်း "ပျက်စီးခြင်းသို့မဟုတ်၊ ထာဝရအသက်ကိုရ" ကြပါလိမ့်မည်။ ကျွန်ုပ်တို့အားလုံးသည်ထာဝရကောင်းချီးကိုခံစားရကြဖို့ပြီးပြည့်စုံသည့်ပြင်ဆင်မှုရှိပါသည်။

ခရစ်တော်သည်ကျွန်ုပ်တို့၏ပူဇော်သကာ၊ ကိုယ်တော်သည်ကျွန်ုပ်တို့၏ကိုယ်စား၊ ကိုယ်တော်သည်ကျွန်ုပ်တို့၏အာမခံ၊ ကိုယ်တော်သည်ကျွန်ုပ်တို့အတွက်ကြားဖျန်ဖြေတောင်းပန်သောသခင်ဖြစ်တော်မူ၏။ ခရစ်တော်သည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း၊ ကိုယ်တော်သည်ကျွန်ုပ်တို့အတွက်သန့်ရှင်းခြင်းနှင့်ရွေးနုတ်ခြင်းဖြစ်တော်မူ၏။ "ထိုသို့နှင့်အညီမှန်သောသန့်ရှင်းရာဌာနတို့၏ပုံဖြစ်သော၊ လူတို့လက်ဖြင့်လုပ်သောသန့်ရှင်းရာဌာနထဲသို့ခရစ်တော်သည်မဝင်ဘဲငါတို့

အတွက်ကြောင့်ယခုဘုရားသခင်၏ရှေ့တော်၌ကိုယ်ကိုပြခြင်းငှါ ကောင်းကင်ကိုယ်ထဲသို့ဝင်တော်မူပြီ။" (ဟေဗြဲ၊ ၉း၂၄)။

ကျွန်ုပ်တို့အဖို့ခရစ်တော်ကြားဖျန်လျှောက်ထားတော်မူခြင်း အရာမှာကိုယ်တော်သည်ကျွန်ုပ်တို့၏ကိုယ်စားနှင့်အာမခံအဖြစ်မိမိ ၏ဘုရားသခင်ဇာတိဆိုင်ရာကောင်းမှုများကိုဘုရားသခင်၏ရှေ့တော်၌ ကျွန်ုပ်တို့အဖို့တင်ဆက်ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏အပြစ်များကိုဖြေလွှတ်ရေးအတွက်ကိုယ်တော်တိုင် ကောင်းကင်သို့တက်ကြွတော်မူ၏။ "တစ်စုံတစ်ယောက်သော သူသည်အပြစ်ကိုပြုမိလျှင်ဖြောင့်မတ်တော်မူသောသခင်ယေရှုခရစ် တည်းဟူသောငါတို့အမှုဆောင်သခင်သည်ခမည်းတော်ထံ၌ရှိတော် မူ၏။ ထိုသခင်သည်ငါတို့၏အပြစ်မကလောကီသားအပေါင်းတို့၏ အပြစ်ဖြေစရာအကြောင်းဖြစ်တော်မူ၏။" (၁ယောဟန် ၂း၁၊၂)။ "ငါတို့သည်ဘုရားသခင်ကိုချစ်ကြသည်ဟုမဆို၊ ဘုရားသခင်သည် ငါတို့ကိုချစ်၍ငါတို့၏အပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှါ သားတော်ကိုစေလွှတ်တော်မူသောအရာ၌ချစ်ခြင်းမေတ္တာရှိ၏။" (၁ယောဟန် ၄း၁၀)။ "ထိုကြောင့်အကြင်သူတို့သည်ယေရှုအားဖြင့် ဘုရားသခင်အထံတော်သို့ချဉ်းကပ်ကြ၏၊ ထိုသူတို့၏အမှုကိုကိုယ်တော် သည်စောင့်လျက်ကာလအစဉ်အသက်ရှင်သောကြောင့်သူတို့ကိုအစဉ် ကယ်တင်ခြင်းငှါတတ်နိုင်တော်မူ၏။" (ဟေဗြဲ၊ ၇း၂၅)။

ဤကျမ်းချက်များကိုထောက်သော်လည်းအပြစ်နှင့်ပြည့်ဝ နေသောကြောင့်မထိုက်မတန်သဖြင့်သင့်အားဘုရားသခင်လက်ခံ တော်မူလိမ့်မည်မဟုတ်ပါဟုစိုးရိမ်ကြောင့်ကြလျက်ဘုရားသခင်ကို မကိုးစားဘဲ ကိုယ်စိတ်ဝိညာဉ်ကိုနှိပ်စက်နေစေခြင်းငှါ ဘုရားသခင်

ကြောင်းသာဓကထင်ရှားနေပါသည်။ “ဘုရားသခင်၌ချဉ်းကပ်ကြလော့၊သို့ပြုလျှင်သင်တို့၌ချဉ်းကပ်တော်မူလိမ့်မည်။” (ယာကုပ် ၄း၈)။ ကရာနိလက်ဝါးကပ်တိုင်ပေါ်၌သင့်အတွက်ယိုစီးသောသွေးတော်၏ကောင်းမှုကိုကိုးစားလျက်သင်၏အခြေအနေကိုကိုယ်တော်၏ရှေ့တော်သို့တင်ပြလျက်အသနားခံတောင်းလျှောက်ပါ။ သင်သည်အပြစ်ကြီးလေးသောသူဖြစ်ကြောင်းစာတန်ကစွပ်စွဲပါလိမ့်မည်၊ သင်ကလည်းယင်းသို့အပြစ်ကြီးလေးကြောင်းဝန်ခံလျက်– “အကျွန်ုပ်သည်အပြစ်ကြီးသောသူဖြစ်ကြောင်းအကျွန်ုပ်သိပါ၏၊ ထို့ကြောင့်သာလျှင်ကယ်တင်ပိုင်သူကိုအကျွန်ုပ်လိုအပ်ပါ၏။ အပြစ်သားတို့အားကယ်တင်ဖို့ဤလောကသို့ယေရှုကြွလာတော်မူ၏။” “ဘုရားသခင်၏သားတော်ယေရှုခရစ်တော်၏အသွေးတော်သည်ငါတို့အပြစ်ရှိသမျှကိုဆေးကြောတော်မူ၏။” (၁ယောဟန် ၁း၇)။ “ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင်ငါတို့အပြစ်များကိုလွှတ်၍အပြစ်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါဘုရားသခင်သည်သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်းပြည့်စုံတော်မူ၏။” (အငယ် ၉)။ ကျွန်ုပ်အားဖြင့်ကယ်တင်ခြင်းကိုတောင်းဆိုဖို့မည်သည့်ကောင်းမှု၊ မည်သည့်ကုသိုလ်မျှမရှိပါ။ သို့သော်ဤလောက၏အပြစ်ကိုဆောင်သွားသောအပြစ်နှင့်လုံးဝထင်ရှားသောဘုရားသခင့်သိုးသငယ်တော်၏အသွေးကိုဘုရားသခင်၏ရှေ့တော်၌တင်ဆက်ပါ၏။ ဤသည်မှာအကျွန်ုပ်၏တစ်ခုတည်းသောအသနားခံလျှောက်ထားချက်ဖြစ်ပါ၏။ ယေရှုသခင်၏နာမတော်အားဖြင့်သာအဘဘုရားသခင်ထံတော်သို့အကျွန်ုပ်ချဉ်းကပ်ခွင့်ရ၏။ အကျွန်ုပ်၏တိုးတိုးမျှသောတောင်းပန်သံကိုကိုယ်တော်ကြားတော်မူလျက် ကိုယ်တော်၏နှလုံးကိုလည်းဖွင့်ထား

တော်မူ၏။ အကျွန်ုပ်အဖို့အလိုအပ်ဆုံးသောအရာကိုလည်းကိုယ်တော်ပေးတော်မူ၏။

## ဖြောင့်မတ်ရာသို့ရောက်ခြင်း

နောင်တရသောအပြစ်သားအနေဖြင့်ဘုရားသခင်လက်ခံနိုင်တော်မူသည့်အဆင့်သို့ရောက်လျက်ဖြောင့်မတ်ခြင်းကြောင့်ဖြစ်ပါသည်။ သူ၏အသက်တာ၌မည်မျှလောက်ပင်အပြစ်များနေစေကာမူယေရှုသခင်အားမိမိ၏ပုဂ္ဂလိကကယ်တင်ပိုင်သူအဖြစ်ယုံကြည်လက်ခံထားပါကခရစ်တော်၏အစွန်းအထင်းကင်းသောဝတ်ရုံကိုခြုံလျက်ဖြောင့်မတ်သည်ဟုမှတ်ယူခြင်းခံရပြီးဘုရားသခင်၏ရှေ့တော်၌ရပ်တည်နိုင်ပါသည်။

မကြာသေးမီကအပြစ်နှင့်အပြစ်ကျူးလွန်ရာ၌အသေဖြစ်နေသောအပြစ်သားသည်ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်သက်ရှင်နိုးထလာပါသည်။ ယေရှုသည်မိမိ၏ကယ်တင်ပိုင်သူဖြစ်တော်မူကြောင်း၊ ယခုမှစ၍နောင်ထာဝစဉ်အသက်ရှင်တော်မူကြောင်း၊ ကိုယ်တော်အားဖြင့် "ဘုရားသခင့်အထံတော်သို့ချဉ်းကပ်ကြ.........သူတို့ကိုအစဉ်ကယ်တင်ခြင်းငှါတတ်နိုင်တော်မူကြောင်း" ယုံကြည်ခြင်းအားဖြင့်သိမြင်လေ၏။ မိမိအားအပြစ်ဖြေလွှတ်ခြင်းနှင့်ဆိုင်သည့်စွမ်းဆောင်မှု၏အနံ့အလျားနှင့်အနိမ့်အမြင့်ကိုလည်းကောင်း၊ ထိုမျှလောကပြီးပြည့်စုံသည့်ကယ်တင်ခြင်းကိုဝယ်ယူတော်မူရာ၌ပေးရသည့်တန်ဖိုးမှာမရေမတွက်နိုင်လောက်အောင်များသည်ကိုလည်းကောင်းအပြစ်သားမြင်သိသောအခါလူ၏စိတ်ဝိညာဉ်အတွင်း၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်ဘုန်းတော်ကိုချီးကျူးခြင်းများအပြည့်ရှိလေ၏။ ကြည့်မှန်အတွင်း၌မြင်တွေ့ရသကဲ့သို့ဘုရားသခင်၏ဘုန်း

အသရေတော်ကိုဖူးမြင်ရပြီးလျှင်ကိုယ်တော်၏ဝိညာဉ်တော်အားဖြင့် ယင်းပုံသဏ္ဍာန်တော်နှင့်အညီပြောင်းလဲခြင်းသို့ရောက်လေ၏။ ကောင်းကင်ရက်ကန်းစင်တော်၌ရက်လုပ်ထားသည့်ကိုယ်တော်၏နား ထောင်တော်မူခြင်းဖြင့်ပြီးစီးထားသည့်ကိုယ်တော်၏နာမတော်ကို ယုံကြည်ခြင်းအားဖြင့်နောင်တရသောအသက်ဝိညာဉ်အားဖြောင့် မတ်သည်ဟုမှတ်ယူသည့်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကိုသူ မြင်တွေ့ရလေ၏။

ယေရှု၏အတုမရှိမြတ်နိုးဖွယ်သောသဏ္ဍာန်တော်ကို အပြစ်သားသည်အာရုံခံစားရသောအခါအပြစ်မကောင်းမှုကဝင်းအား မဆွဲမဆောင်နိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော်ကိုယ်တော်သည် "လူတစ်သောင်းတို့တွင်အထွတ်အမြတ်ဖြစ်တော်မူ၏။" "တစ်ကိုယ် လုံး၌ချစ်ဖွယ်သောဂုဏ်တော်အပေါင်းတို့နှင့်ပြည့်စုံတော်မူ၏။" မိမိ ကိုယ်တိုင်အတွေ့အကြုံအားဖြင့်ဧဝံဂေလိတရားတော်၏တန်ခိုးတော် အကြောင်းကိုသဘောပေါက်လျက်ဝင်း၏ကြီးမားကျယ်ပြောသောပုံစံ စနစ်မှာလည်းမြတ်တော်မူသောအကြံတော်နှင့်အတူတူပင်ဖြစ် ကြောင်းသိမြင်လေ၏။

ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူသည်အသက်ရှင်သောကယ်တင် ပိုင်သူဖြစ်တော်မူ၏။ ကိုယ်တော်သည်ယောသပ်၏သင်္ချိုင်းဂူသစ်အတွင်း ၌မရှိတော့ပါ။ ကိုယ်တော်သည်သေခြင်းမှထမြောက်တော်မူလျက် ကောင်းကင်သို့တက်ကြွတော်မူပြီးလျှင်မိမိအားယုံကြည်သောသူ အပေါင်းအတွက်ကိုယ်စားပြုလျက်အာမခံလည်းဖြစ်တော်မူ၏။ "ထို့ကြောင့်ငါတို့သည်ယုံကြည်ခြင်းရှိ၍ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ငြိမ်သက်ခြင်း

ကိုခံစားကြ၏။" (ရောမ၊ ၅း၁)။ အပြစ်သားသည်ယေရှု၏ကောင်းမှုကျေးဇူးတော်အားဖြင့်ဖြောင့်မတ်ရာသို့ရောက်သောကြောင့်လူသားအတွက်ကိုယ်တော်ပေးဆပ်တော်မူသည့်လျော်ကြေးပြီးပြည့်စုံသည်ဟုဘုရားသခင်အသိအမှတ်ပြုတော်မူ၏။ ခရစ်တော်သည်လက်ဝါးကပ်တိုင်ပေါ်၌အသေခံတော်မူသည်တိုင်အောင်သစ္စာရှိတော်မူခြင်းအားဖြင့်အပြစ်သားအားခမည်းတော်ဘုရားသခင်လက်ခံနိုင်စေခြင်းငှါအာမခံချက်ဖြစ်ပါသည်။ ထိုကြောင့်ကျွန်ုပ်တို့အနေဖြင့်ချီတုံချတုံလုပ်နေပါဦးမည်လား၊ ယုံကြည်တစ်ခါမယုံကြည်တစ်လှည့်သို့လောသို့လောတွေးတော၍သံသယဖြစ်စရာအကြောင်းရှိနေပါသလား။ ဘုရားသခင်သည်ကျွန်ုပ်တို့အားလက်ခံနိုင်စေခြင်းငှါယေရှုသည်ကျွန်ုပ်တို့၏အာမခံဖြစ်တော်မူ၏။ ကျွန်ုပ်တို့သည်ဘုရားသခင်၏ရှေ့တော်၌ရပ်တည်နေနိုင်ခြင်းမှာကျွန်ုပ်တို့၏ကောင်းမှုတစ်စုံတစ်ရာကြောင့်မဟုတ်ပါ။ "ယေဟောဝါဇေဒကနု" ဟုဘွဲ့နာမရှိတော်မူသောသခင်ကိုကျွန်ုပ်တို့ယုံကြည်သောကြောင့်ဖြစ်ပါသည်။ (ယေဟောဝါဇေဒကနု၏အနက်ကားကျွန်ုပ်တို့၏ဖြောင့်မတ်တော်မူသောဘုရားသခင်ဟူလို)။

ယခုအချိန်တွင်ယေရှုသည်ကျွန်ုပ်တို့အတွက်အကျိုးတော်ဆောင်ရန်အသန့်ရှင်းဆုံးသောအခန်းအတွင်းဘုရားသခင်၏ရှေ့တော်၌ရပ်နေတော်မူ၏။ မိမိ၏လူတို့သည်မိမိအားဖြင့်ပြည့်စုံကုံလုံမှုရှိကြောင်းကိုယ်တော်သည်ထိုနေရာ၌မရပ်မနားတစ်ဦးပြီးတစ်ဦးဆက်သတော်မူ၏။ သို့သော်ကိုယ်တော်သည်ကျွန်ုပ်တို့အတွက်ဘုရားသခင်၏ရှေ့တော်၌ယင်းသို့ကိုယ်စားပြုဆောင်ရွက်နေတော်မူသောကိုယ်တော်၏ကရုဏာတော်ကိုအားထားလျက်အရဲစွန့်ပြီးသတိလစ်မနေသင့်ပါ။ အမှုမဲ့အမှတ်မဲ့မလုပ်သင့်ပါ။ ကိုယ်အလိုသို့မလိုက်သင့်ပါ။

ယေရှုသည်အပြစ်ရှိခရစ်ယာန်ဆရာမဟုတ်ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်၌သာစုံလင်ခြင်းသို့ရောက်ကြသည်ဖြစ်ရာယုံကြည်ခြင်း အားဖြင့်ကိုယ်တော်၌တည်နေလျက်နားထောင်ခြင်းရှိပါမှ ချစ်တော်မူသောသားတော်အားဖြင့်လက်ခံတော်မူ၏။

ကျွန်ုပ်တို့၏ကိုယ်ပိုင်အကျင့်ကောင်းများအားဖြင့်မည်သည့် အခါမျှကျွန်ုပ်တို့စုံလင်ခြင်းသို့မရောက်နိုင်ပါ။ ယုံကြည်ခြင်းအားဖြင့် ယေရှုအားရှုမြင်ရသောသူသည်မိမိ၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကို အသိအမှတ်မပြုပါ။ မိမိကိုယ်တိုင်အားဖြင့်မပြည့်စုံကြောင်း၊ မိမိ၏ နောင်တမလုံလောက်ကြောင်း၊ မိမိ၏အခိုင်အမာဆုံးသောယုံကြည် ခြင်းသည်လည်းချည့်နဲ့ခြင်းသာဖြစ်ကြောင်း၊ မိမိ၏တန်ဖိုးအကြီးဆုံး သောပူဇော်သကာသည်လည်းမပြောပလောက်ကြောင်းသဘော ပေါက်ပြီးလျှင်လက်ဝါးကပ်တိုင်ခြေရင်း၌မိမိကိုယ်ကိုနှိမ့်ချလေ၏။ သို့သော်ဘုရားသခင်၏နှုတ်တော်ထွက်ဖေါ်ပြချက်များမှစကား ပြောသံကိုသူကြားရပါသည်။ ၎င်းမှာ "ထိုသခင်၌သင်တို့သည်စုံလင် ခြင်းရှိကြ၏" ဟူသောအံ့ဩဖွယ်ရာသတင်းစကားဖြစ်ပါသည်။ ယခု မှုကားမိမိ၏စိတ်ဝိညာဉ်အတွင်းငြိမ်သက်ခြင်းအပြည့်အဝရရှိလေပြီ။ မိမိကိုယ်တိုင်အားဖြင့်ထိုက်တန်သူဖြစ်ဖို့ကြိုးစားရန်မလိုတော့ပါ။ ဘုရားသခင်၏ထံတော်မှမျက်နှာရဖို့ကောင်းမှုကုသိုလ်တစ်စုံတစ်ခုပြု လုပ်ဖို့လည်းမလိုအပ်တော့ပါ။

## သဘောပေါက်ဖို့မလွယ်သောသမ္မာတရား

ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုး သငယ်ကိုကြည့်ခြင်းအားဖြင့်ခရစ်တော်နှင့်ဆိုင်သောငြိမ်သက်ခြင်း ကိုခံစားရပါသည်။ အဘယ်ကြောင့်ဆိုသော်မိမိအမည်နာမ၏တစ်ဖက်

၌အပြစ်မှဖြေလွှတ်ပြီးကြောင်းရေးမှတ်ထားပြီးဖြစ်ရာ "ထိုသခင်၌ သင်တို့သည်စုံလင်ခြင်းရှိကြ၏။" (ကောလောသဲ ၂း၁၀)ဟူသော ဘုရားသခင်၏နှုတ်တော်ထွက်စကားကိုလက်ခံပါသည်။ လူသား အနေဖြင့်သို့လောသို့လောတွေးတောလျက်သံသယလောကအတွင်း နှစ်ပေါင်းကြာရှည်စွာကျင်လည်ခဲ့ပြီးဖြစ်သောကြောင့်ဤသမ္မာတရား တော်ကိုနားလည်ဖို့မည်မျှလောက်အခက်ကြုံရပါသနည်း။ သို့သော် အသက်ဝိညာဉ်အတွက်မည်မျှလောက်ငြိမ်သက်ခြင်းရလျက်မည်မျှ လောက်အရေးကြီးသောအသက်ဖြစ်ပါသည်။ ဘုရားသခင်လက်ခံ နိုင်တော်မူသောဖြောင့်မတ်ခြင်းကိုရဖို့ကျွန်ုပ်တို့ကိုယ်တိုင်ကြိုးစားနေ ကြပါကလမ်းလွဲနေခြင်းသာဖြစ်ပါသည်။ "အဘယ်ကြောင့်နည်းဟူ မူကားလူအပေါင်းတို့သည်ဒုစရိုက်ကိုပြု၍ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။" (ရောမ၊ ၃း၂၃)။ ထိုမျှမက "ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက်မှန်ကိုကြည့်သကဲ့သို့ဘုရားသခင်၏အသရေ တော်ကိုကြည့်မြင်၍.......ငါတို့သည်ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီပြောင်းလဲခြင်းရှိရကြ၏။" (၂ကောရိန်သု ၃း၁၈)။ ထိုကြောင့်ယေရှုအားကျွန်ုပ်တို့မျှော်ကြည့်ကြဖို့လိုပါသည်။ သင်၌စုံလင်ခြင်းရှိသည်ကိုတွေ့ရအံ့သောငှါဤလောက၏အပြစ်ကို ဆောင်သွားသောဘုရားသခင်၏သိုးသငယ်တော်ကိုကြည့်ဖို့လိုပါသည်။

အပြစ်သားသည်မိမိချိုးဖေါက်ထားပြီးသောဘုရားသခင်၏ ပညတ်တရားတော်၌ရပ်နေခြင်းဖြင့်မိမိကိုယ်ကိုသန့်ရှင်းစေခြင်းငှါ မတတ်စွမ်းနိုင်ပါ။ သို့သော်ခရစ်တော်အားယုံကြည်ကိုးစားခြင်းဖြင့် သူသည်ကိုယ်တော်၏အကန့်အသတ်မရှိသောမေတ္တာတော်၏အရေး အရာဖြစ်လာပြီး ကိုယ်တော်၏အစွန်းအထင်းကင်းသောဖြောင့်မတ်

ခြင်းဖြင့်ဖုံးအုပ်ထားခြင်းခံရပါသည်။ ခရစ်တော်အားယုံကြည်သော သူတို့အတွက် "ကိုယ်တော်၏သမ္မာတရားအားဖြင့်သူတို့ကိုသန့်ရှင်း စေတော်မူပါ၊ ကိုယ်တော်၏နှုတ်တော်ထွက်သမ္မာတရားဖြစ်ပါ၏။ .......ကိုယ်တော်သည်အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကိုလောကီ သားတို့သည်ယုံကြည်မည်အကြောင်း၊ ထိုသူအပေါင်းတို့သည်တစ်လုံး တစ်ဝတည်းဖြစ်လျက်–အဘ၊ ကိုယ်တော်သည်အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်းကိုယ်တော်၌ရှိသကဲ့သို့ထိုသူအပေါင်းတို့သည် ငါတို့၌တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှါဆုတောင်းပါ၏။ ငါတို့ သည်တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့.......သူတို့သည်တစ်လုံးတစ် ဝတည်းဖြစ်၍တစ်လုံးတစ်ဝတည်း၌စုံလင်စေခြင်းငှါ.......ကိုယ်တော် သည်အကျွန်ုပ်အားပေးတော်မူသောဘုန်းအသရေကိုအကျွန်ုပ်တို့ သည်သူတို့အားပေးပါပြီ" (ယောဟန် ၁၇း၁၇–၂၃) ဟူ၍လည်း ကောင်း၊ "တရားတော်မူသောအဘ၊ လောကီသားတို့သည် ကိုယ်တော်ကိုမသိသော်လည်းအကျွန်ုပ်သိပါ၏၊ ကိုယ်တော် သည်အကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းကိုထိုသူတို့သည်သိကြပါ ၏။ ကိုယ်တော်သည်အကျွန်ုပ်ကိုချစ်တော်မူသောမေတ္တာတော်သည် သူတို့၌ရှိစေခြင်းငှါလည်းကောင်း၊ ကိုယ်တော်၏နာမကိုအကျွန်ုပ် သည်သူတို့အားပြညွှန်ပါပြီဖြစ်၍အစဉ်ပြညွှန်ပါမည်။" (အငယ် ၂၅၊ ၂၆) ဟူ၍လည်းကောင်းယေရှုဆုတောင်းပတ္ထနာပြုတော်မူ၏။

ယုံကြည်သောအပြစ်သားအားပကတိသန့်ရှင်းစေလျက်၊ အပြစ် နှင့်ကင်းလျက်၊ အညစ်အကြေးတင်ခြင်း၊အရေတွန့်ခြင်းစသည်တို့ နှင့်ကင်းလွတ်လျက်ဘုရားသခင်၏ထံတော်သို့ဆက်သနိုင်သည့်အခြေ အနေသို့ရောက်စေသည့် ဖြောင့်မတ်ခြင်း၏သဘာဝသဘောတရားကို

အဘယ်သူနားလည်နိုင်ပါမည်နည်း။ ခရစ်တော်သည်ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့်ရွေးနုတ်ခြင်းဖြစ်တော်မူကြောင်းကို ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်၌အာမခံချက်ရှိပါသည်။ ကျွန်ုပ်တို့သည်ကိုယ်တော်၏နှုတ်တော်ထွက်စကားများကိုအကြွင်းမဲ့ ကိုးစားလျက်ကိုယ်တော်၏အကြွယ်ဝဆုံးသောကောင်းချီးကိုခံစား နိုင်စေခြင်းငှါဘုရားသခင်ခွင့်ပြုထားတော်မူ၏။ "အကြောင်းမူကား သင်တို့သည်ငါ့ကိုချစ်ကြ၍ငါသည်ဘုရားသခင့်အထံတော်မှကြွလာ သည်ကိုယုံကြသောကြောင့်ခမည်းတော်သည်ကိုယ်တော်တိုင်သင် တို့ကိုချစ်တော်မူ၏။" (ယောဟန် ၁၆း၂၇)။

---×××---

## ယုံကြည်ခြင်းနှင့်အကျင့်အကြောင်းဟောပြောသော ထိပ်တန်းခရစ်ယာန်ဆရာကြီးတစ်ဦးအတွက် အကြံပေးစကား

၁၈၉၃ ခု၊ ဧပြီလ ၉ ရက်နေ့စွဲဖြင့်ဆရာကြီး အေ၊ တီ၊ ဂျုန်း(စ်) ထံသို့ရေးသည့်စာမှကောက်နုတ်ချက်။ ရွေးချယ်ထားသည်သတင်းစကားများ စာအုပ်အမှတ် ၁ စာမျက်နှာ ၃၇၇–၃၇၉။

ကြီးမားလှသောလူထုအစည်းဝေးပွဲကြီးတစ်ခုသို့ကျွန်မတက်ရောက်ခဲ့၏။ ဆရာကယုံကြည်ခြင်းအကြောင်းနှင့်ခရစ်တော်အား ယုံကြည်သောကြောင့်ဖြောင့်မတ်သည်ဟုမှတ်ယူခြင်းခံရသည့်အကြောင်းကိုတင်ဆက်ဟောပြောနေပုံကိုကျွန်မအိပ်မက်မြင်ရပါသည်။ အကျင့်၌အကျိုးထူးမရှိကြောင်း၊ ယုံကြည်ဖို့စည်းကမ်းသတ်မှတ်ချက်မရှိကြောင်းဆရာကထပ်တလဲလဲပြောဟောပါသည်။ ယုံကြည်ခြင်းနှင့်အကျင့်တရားအကြောင်းယင်းသို့အလင်းပေးလျက်ဟောပြောခြင်းဖြင့်လူတို့စိတ်ရှုပ်ထွေး၍အမှန်တရားကိုမရဘဲနေကြလိမ့်မည်ဟုကျွန်မသိရပါသည်။ ထိုကြောင့်ဤစာကိုရေးဖို့ကျွန်မဆုံးဖြတ်ရပါသည်။ ယင်းအကြောင်းအရာနှင့်ပတ်သက်၍ဆရာ၏ဖော်ပြချက်ပြင်းလွန်းပါသည်။ ကျွန်မတို့အနေဖြင့်ဖြောင့်မတ်ရာသို့ရောက်ဖို့၊ သန့်ရှင်းစင်ကြယ်ဖို့နှင့်ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုခံစားရဖို့စည်းကမ်းချက်များရှိပါသည်။. ဆရာဆိုလိုသည်ကိုကျွန်မသဘောပေါက်ပါသည်။ သို့သော်ဆရာတင်ဆက်ပုံအရအများသောသူတို့၏စိတ်အာရုံ၌အမှားထင်ဟပ်သွားနိုင်ပါသည်။ ကောင်းသောအကျင့်အား

ဖြင့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှကယ်တင်ခြင်းမရနိုင်ပါ။ သို့သော် ကောင်းသောအကျင့်မရှိသူတစ်ဦးတစ်ယောက်ကိုမျှမကယ်တင်နိုင်ပါ။ ပညတ်တရားတစ်ခုအားဖြင့်ကျွန်ုပ်တို့အားဘုရားသခင်ကယ်တင်တော်မူပါသည်။ ထိုသို့ဆိုရာ၌ကျွန်ုပ်တို့အနေဖြင့်အလိုရှိပါကတောင်းရပါမည်၊ တွေ့လိုပါကရှာရပါမည်၊ တံခါးကိုဖွင့်စေလိုပါကခေါက်ရပါမည်။

ကိုယ်တော်ထံသို့လာသောသူအပေါင်းအားအစဉ်ကယ်တင်ဖို့လိုလားတော်မူသည်နည်းတူခရစ်တော်သည်မိမိကိုယ်ကိုလိုလားစွာပူဇော်တော်မူ၏။ ကိုယ်တော်သည်မိမိထံသို့လာလိုသောသူတိုင်းလာနိုင်ကြစေရန်ကမ်းလှမ်းထားတော်မူ၏။ "ငါ့ထံသို့လာသောသူကိုငါသည်အလျှင်းမပယ်" (ယောဟန် ၆း၃၇) ဟုယေရှုမိန့်တော်မူ၏။ ဤအကြောင်းအရာများနှင့်ပတ်သက်၍ကျွန်ုပ်မရှုကြည့်သကဲ့သို့ဆရာလည်းအကယ်စင်စစ်ရှုကြည့်ပါသည်။ သို့သော်ဆရာတင်ဆက်ပုံကြောင့်လူတို့စိတ်ရှုပ်သွားစရာအကြောင်းရှိပါသည်။ အကျင့်တရားနှင့်စပ်လျဉ်း၍ဆရာ၏သဘောထားအယူအဆကိုအောက်ခြေသိမ်းတင်ပြပြီးသောအခါ၊ ယင်းအကြောင်းအရာနှင့်ပတ်သက်၍ပင်ဆရာ့အားမေးခွန်းထုတ်ကြသောအခါဆရာ၏သဘောအရမမှန်မကန်ပြောခြင်းမဟုတ်သော်လည်းအခြားသောသူများသဘောပေါက်လောက်အောင်အခြေခံသဘောတရားအမှန်များကိုရှင်းမပြနိုင်ပါ။ ၎င်းအပြင်ဆရာရှင်းပြပုံများကလည်းဆရာ၏ကိုယ်ပိုင်အခြေခံသဘောတရားများနှင့်ဆရာ၏ယုံကြည်ချက်အတိုင်းဆီလျော်ညီညွတ်ခြင်းမရှိပါ။

တစ်နေ့သောအခါလူငယ်တစ်ဦးယေရှုထံသို့ပြေးလာပြီး "ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ကိုအမွေခံရအံ့သောငှါအကျွန်ုပ်သည်အဘယ်အမှုကိုပြုရပါမည်နည်း" ဟုမေးလျှောက်လေ၏။

(မာကု ၁၀း၁၇)။ ထိုအခါခရစ်တော်က "ငါ့ကိုကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း၊ ဘုရားသခင်တစ်ပါးတည်းသာကောင်းမြတ်တော်မူ၏၊ အသက်ရှင်ခြင်းသို့ဝင်စားလိုလျှင်ပညတ်တော်တို့ကိုစောင့်ရှောက်လော့ဟုမိန့်တော်မူ၏။" ထိုအခါလူငယ်က "အဘယ်ပညတ်တို့ကိုစောင့်ရှောက်ရမည်နည်း" ဟုလျှောက်ပြန်သော်၊ ယေရှုကအများသောပညတ်များကိုကိုးကားဖော်ပြတော်မူသောအခါလူငယ်က "ထိုပညတ်ရှိသမျှတို့ကိုအကျွန်ုပ်သည်ငယ်သောအရွယ်မှစ၍စောင့်ရှောက်ပါပြီ၊ အဘယ်အကျင့်လိုသေးသနည်း" ဟုလျှောက်ပြန်လေ၏။ ယေရှုကလည်း "သင်သည်စုံလင်ခြင်းသို့ရောက်လိုလျှင်သွားလော့၊ ကိုယ်ဥစ္စာများကိုရောင်း၍ဆင်းရဲသောသူတို့အားပေးလော့၊ ထိုသို့ပြုလျှင်ကောင်းကင်ဘုံ၌ဘဏ္ဍာကိုရလိမ့်မည်၊ သို့ပြီးမှငါ့နောက်သို့လိုက်လော့" ဟုမိန့်တော်မူ၏။ ဤသည်မှာစည်းကမ်းချက်များဖြစ်ပါသည်။ သမ္မာကျမ်း၌စည်းကမ်းချက်အပြည့်အဝရှိ၏။ "ထိုလုလင်သည်များစွာသောဥစ္စာကိုရတတ်သောသူဖြစ်၍ထိုစကားကိုကြားလျှင်စိတ်မသာသည်နှင့်သွားလေ၏" (မဿဲ ၁၉း၁၇၊၂၀–၂၂)။

## သတိပြုစောင့်ထိန်းစရာများ

စည်းကမ်းသတ်မှတ်ချက်များမရှိကြောင်းဆရာကပြောပြီးလျှင်ဆရာ၏ဖော်ပြချက်အချို့များမှာလည်းကျယ်ပြန့်လှသောကြောင့်လူတို့စိတ်၌ဝန်လေးစရာဖြစ်ပါသည်။ အချို့လူတို့အနေဖြင့်လည်းဆရာ၏ဖော်ပြချက်များကိုတစ်ခုနှင့်တစ်ခုဆီလျော်ညီညွတ်အောင်မဆက်စပ်နိုင်ကြပါ။ ဘုရားသခင်၏နှုတ်တော်ထွက်စကားမှရှင်းလင်းပြတ်သားစွာဖော်ပြထားချက်များနှင့်ဆရာ၏ဖော်ပြချက်များကိုဆီလျော်ညီညွတ်အောင်သူတို့သည်မဆက်စပ်နိုင်ကြပါ။ ကျေးဇူးပြု၍

ဤအချက်များကိုသတိပြုစောင့်ထိန်းပါ။ ဤကဲ့သို့အခိုင်အမာဖော်ပြခြင်း များအားဖြင့်ကျွန်ုပ်တို့၏အခြေအနေမည်သည့်အခါတွင်မျှပို၍ခိုင်မာ လည်မည်မဟုတ်ပါ။ ပို၍ပင်အားနည်းစေပါသည်။ အဘယ်ကြောင့် နည်းဟူမူကားအများသောပုဂ္ဂိုလ်တို့ကဆရာသည်တစ်ဖက်အစွန်သို့ ရောက်နေပြီဟုသဘောထားကြမည်ဖြစ်ရာငင်းတို့သိဖို့အလွန်မှလို အပ်သည့်အနှစ်သာရအပြည့်အဝရှိသောထိုသင်ခန်းစာများကိုသူတို့ မရမသိဘဲနေကြပါလိမ့်မည်။.........ဆရာ၊ ဤအချက်ကိုသဘော ပေါက်ဖို့မလွယ်ပါ၊ ထိုကြောင့်နှုတ်တော်ထွက်တရားတော်နှင့်မဆီလျော် မညီညွတ်သောသဘောတရားများအားဖြင့်လူတို့စိတ်မရှုပ်ထွေးပါစေ နှင့်။ ခရစ်တော်ကိုယ်တိုင်သင်ပြဟောပြောတော်မူစဉ်ကတပည့်တော် အများဝမ်းနည်းဖွယ်ရာမသိနားမလည်ခဲ့ကြပုံကိုကျေးဇူးပြု၍ထည့် သွင်းစဉ်းစားစေလိုပါသည်။ သို့သော်သန့်ရှင်းသောဝိညာဉ်တော်သည် ယေရှုကတိထားတော်မူသည့်အတိုင်းသူတို့ထံသို့ရောက်လာတော် မူသောအခါသို့လောသို့လောတွေးတောခဲ့သောပေတရုအနေဖြင့် ယုံကြည်ခြင်းသူရဲကောင်းကြီးအဖြစ်သို့ရောက်သဖြင့်သူ၏အကျင့် ဓလေ့မည်မျှလောက်ပြောင်းလဲခဲ့ပါသနည်း။ သို့သော်လိုသည်ထက် ပိုသောတင်ဆက်ခြင်း (သို့မဟုတ်) ရှင်းလင်းခြင်းများကြောင့်ယုံကြည် ခြင်း၌အားနည်းသေးသည့်အသက်ဝိညာဉ်တစ်ခုအားထိမိ၍လဲစရာ အကြောင်းဖြစ်စေခြင်းငှါသူ၏ရှေ့၌ကျောက်စရစ်ခဲငယ်တစ်ခုကိုမျှ ချမထားပါလေနှင့်။ အစဉ်သဖြင့်ရှေ့နောက်ညီလျော်ပါစေ၊ တည်ငြိမ် ပါ၊ လေးနက်ပါ၊ ကျစ်ကျစ်လျစ်လျစ်ရှိပါစေ။ မည်သည့်အကြောင်း အရာ၌မျှအစွန်းမထွက်စေနှင့်၊ ခိုင်မာကျစ်လျစ်သောကျောက်ပေါ်မှာ ရပ်တည်ပါ။ အိုကယ်တင်တော်မူသောဘုရားသခင်၊ ကိုယ်တော်သည်

အလွန်မြတ်တော်မူပါ၏။ "ပညတ်တို့ကိုရ၍စောင့်ရှောက်သောသူသည်ငါ့ကိုချစ်သောသူဖြစ်၏၊ ငါ့ကိုချစ်သောသူကိုငါ့ခမည်းတော်သည်ချစ်တော်မူမည်။ ငါသည်လည်းထိုသူကိုချစ်၍သူ့အားကိုယ်တိုင်ထင်ရှားမည်ဟုမိန့်တော်မူ၏။" (ယောဟန် ၁၄း၂၁)။

ဤသည်မှာမှန်သောစမ်းသပ်စစ်ဆေးခြင်းဖြစ်ရာခရစ်တော်၏နှုတ်တော်ထွက်စကားများကိုနားထောင်လိုက်နာခြင်းဖြစ်ပါသည်။ ကိုယ်တော်၏အလိုသို့လိုက်သောသူသည်နားထောင်ခြင်း၌လည်းကောင်း၊ စိတ်နှလုံးဖြူစင်ခြင်း၌လည်းကောင်း၊ အကျင့်ဓလေ့သန့်ရှင်းခြင်း၌လည်းကောင်းထင်ရှားသည့်အသီးများတည်းဟူသောအကျိုးကျေးဇူးများအားဖြင့်ဤလောကကြီးအားလက်တွေ့သာဓကပြပါသည်။ ဤသည်မှာယေရှုအားမြတ်နိုးရိသေကြောင်းလူသားကိုယ်စားလှယ်ကပြသောသာဓကဖြစ်ပါသည်။

အိုညီအစ်ကို၊ ဘုရားသခင်နှင့်အတူသတိတရားကြီးစွာဖြင့်လျှောက်လှမ်းပါ။ သင့်အားအာရုံစိုက်၍ကြည့်နေသူများရှိကြောင်းသတိပြုပါ၊ သင်သည်မှတ်တိုင်ကိုကျော်လွန်လျက်ဦးစောက်ပြောင်းပြန်ကျသွားစေခြင်းငှါအလိုရှိနေသောသူများရှိနေပါသည်။ သို့သောဆရာ့အနေဖြင့်ယေရှု၏ခြေတော်ရင်း၌နှိမ့်ချစွာခိုလှုံနေပါကစိတ်ချရပါသည်။

ခရစ်တော်၏ကျောင်းတော်၌ကျွန်တော်ကျွန်မတို့ပညာဆည်းပူး၍မပြီးမဆုံးနိုင်ပါ။ ထပ်တလဲလဲပေါင်းစပ်သည့်စီမံကိန်းဖြင့်ပညာဆည်းပူးကြပါလျှင်ဘုရားသခင်ကအမြှောက်စီမံကိန်းဖြင့်တိုးပွားများပြားစေပါလိမ့်မည်။ ခရစ်တော်၏ကျေးဇူးတော်အားဖြင့်အစဉ်တစိုက်လုံ့လဝီရိယစိုက်ထုတ်ကြပါက အပေါင်းစီမံကိန်းအပေါ်၌ကျွန်တော်

ကျွန်မတို့အသက်ရှင်လျက်ခေါ်တော်မူခြင်းနှင့်ရွေးချယ်တော်မူခြင်းကိုတည်မြဲခြင်းငှါလာ၍ကြိုးစားအားထုတ်ဖို့လိုပါသည်။ "သို့ပြုလျှင်ရွေ့လျားခြင်းနှင့်အစဉ်ကင်းလွတ်သည်ဖြစ်၍ငါတို့ကိုကယ်တင်တော်မူသောသခင်ယေရှုခရစ်၏ထာဝရနိုင်ငံတော်ထဲသို့ဝင်စားခြင်းအခွင့်ကိုသင်တို့အားကြွယ်ဝစွာပေးသနားတော်မူလတ္တံ့သတည်း။" (၂ ပေ၊ ၁း၁၀၊၁၁)။

---×××---

## ဘုရားသခင်သန့်ရှင်းတော်မူသကဲ့သို့လူသည်မိမိအတိုင်း အတာနှင့်အညီသန့်ရှင်းနိုင်ပါသည်

"ကိုယ်ကိုကိုယ်သန့်ရှင်းစေလျက်" ခေါင်းစဉ်ဖြင့် ၁၈၉၅ ခု၊ ဇွန်လ ၂၀ ရက်နေ့ထုတ် အချိန်ကာလဆိုင်ရာနိမိတ်လက္ခဏာ များမဂ္ဂဇင်း ဆောင်းပါးမှကောက်နုတ်ချက်။

"ချစ်သူတို့၊ ယခုအခါတွင်ငါတို့သည်ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟုမထင်ရှားသေး၊ သို့သော်လည်းကိုယ်တော်သည်ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည်ကိုယ်တော်နှင့်တူကြလတ္တံ့ဟုငါတို့သိကြ၏။ အကြောင်းမူကားကိုယ်တော်ဖြစ်တော်မူသည်အတိုင်းငါတို့သည် မြင်ရကြလတ္တံ့။" (၁ယောဟန် ၃း၂)။ ဘုရားသခင်၏နှုတ်တော်ထွက်စကားကိုယုံကြည်သောအားဖြင့်ဘုရားသခင်၏သားသမီးများရရှိခံစားရမည့်အမွေအကြောင်းကိုသဘောပေါက်နိုင်ပါသည်။ "ထာဝရအသက်ဟူမူကားမှန်သောဘုရားသခင်တစ်ပါးတည်းဖြစ်တော်မူသောကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်းသိကျွမ်းခြင်းတည်း။" (ယောဟန် ၁၇း၃)။

ဘုရားသခင်၏သားသမီးတို့သည်ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်သိကျွမ်းလျက်ကိုယ်တော်သည်ဤလောကသို့ဖြောင့်မတ်စွာစီရင်တော်မူရန်ကြွလာတော်မူဖို့မြတ်နိုးစွာယုံကြည်ကြသည်မှာမြော်လင့်ခြင်းဘုန်းအသရေထင်ဟပ်သည်တိုင်အောင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်ထိုအချိန်သို့ရောက်သောအခါသူတို့သည်ကိုယ်တော်အားကိုယ်တော်ဖြစ်သည်အတိုင်းမျက်ဝါးထင်ထင်ဖူးမြင်ရလျက်ကိုယ်တော်ကဲ့သို့ဖြစ်ပြီးလျှင်ကိုယ်တော်နှင့်အတူအစဉ်မပြတ်နေကြ

မည်ဖြစ်ပါသည်။ ထိုရောအခါအိပ်ပျော်လျက်ရှိသောသန့်ရှင်းသူတို့အားၿငင်းတို့၏သင်္ချိုင်းဂူများအတွင်းမှခေါ်ထုတ်လျက်ဘုန်းအသရေပြည့်ဖြိုး၍မသေမပျောက်နိုင်သောအဖြစ်သို့ရောက်စေပါလိမ့်မည်။ ထိုလွတ်မြောက်ရာမဟာနေ့ကြီးသို့ရောက်သောအခါသင်တို့သည်လည်းပြန်၍ရောက်လာကြပြီးဘုရားသခင်အားဝတ်ပြုကိုးကွယ်သောသူများနှင့်ကိုယ်တော်အားကိုးကွယ်ဆည်းကပ်ခြင်းမပြုသောသူများကွာခြားပုံကိုထင်ရှားစွာရှုမြင်ရပါလိမ့်မည်။ ခရစ်တော်ပြန်၍ကြွလာတော်မူသောအခါကိုယ်တော်အားယုံကြည်သောသူအပေါင်းတို့အတွက်အံ့ဩမိန်းမောစရာဖြစ်လျက်ဤလောက၏တိုင်းနိုင်ငံအပေါင်းတို့သည်ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူဖြစ်တော်မူသောသခင်ယေရှု၏နိုင်ငံများအဖြစ်သို့ရောက်ကြလိမ့်မည်သာတည်း။

ခရစ်တော်သည်ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်အဖြစ်နှင့်ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်ကောင်းကင်ယံမိုးတိမ်များအကြားမှပေါ်ထွက်လာတော်မူဖို့မြော်လင့်နေသောပရိသတ်အနေဖြင့်မိမိတို့၏အသက်တာပုံစံများအားဖြင့်လည်းကောင်း၊ မိမိတို့၏အကျင့်ဓလေ့များအားဖြင့်လည်းကောင်းဤလောကတွင်ခရစ်တော်အားကိုယ်စားပြုသင့်ပါသည်။ “ထိုသို့မြော်လင့်သောသူမည်သည်ကားကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏။” (၁ယောဟန် ၃း၃)။ ခရစ်တော်သည်အပြစ်ကိုမုန်းတီးတော်မူသည်နည်းတူၿငင်းတို့အနေဖြင့်လည်းအပြစ်တရားကိုမုန်းကြပါလိမ့်မည်။ ခရစ်တော်သည်ခမည်းတော်ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ထိန်းတော်မူသည်နည်းတူသူတို့အနေဖြင့်လည်းစောင့်ထိန်းကြပါလိမ့်မည်။ သူတို့သည်သမ္မာတရားတော်နှင့်ဆိုင်သော

သွန်သင်ချက်များကိုမငြင်းမပယ်ရုံမျှမကခရစ်တော်၏နောက်တော်သို့ လိုက်သောသူများပီသစွာကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ကြ စေခြင်းငှါသမ္မာတရားတော်နှင့်ဆိုင်သောသွန်သင်ချက်များကိုစိတ်နှလုံး ပါလျက်အသက်တာတစ်လျှောက်လက်တွေ့ကျင့်သုံးရပါမည်။ သို့မှ သာလျှင်ဘုရားသခင်သန့်ရှင်းတော်မူသည်နည်းတူလူတို့သည်လည်း မိမိတို့၏အတိုင်းအတာအလိုက်သန့်ရှင်းကြမည်သာတည်း။

**တရားကိုနာရုံမျှသာမဟုတ်ကျင့်သောသူများ**

မိမိတို့သည်ဘုရားသခင်၏သားသမီးများဖြစ်ကြသည်ဟု ကိုယ်ကိုကိုယ်အဆိုပြုသောသူများသည်လူမျိုးဆက်တိုင်း၌ရှိပါသည်။ ၎င်းတို့အနေဖြင့်ပင်စိမ်း၊ စမွတ်၊ ဇီရာမှစ၍ဟင်းသီးဟင်းရွက် တို့ကိုပင်ဆယ်ဖို့တစ်ဖို့ဆက်ကပ်ကြသော်လည်းဘုရားတရားနှင့် ဝေးကြပါသည်။ အဘယ်ကြောင့်ဆိုသော်ကရုဏာထားခြင်း၊ တရားသဖြင့်စီရင်ခြင်းနှင့်ဘုရားသခင်၏မေတ္တာတော်နှင့်အညီ အသက်ရှင်နေထိုင်ခြင်းတည်းဟူသောပညတ်တရားတွင်ပို၍ အလေးထားစရာများကိုလျစ်လျူရှုကြပါသည်။

ယနေ့လောကတွင်လည်းအလားတူစွာလှည့်ဖြားနေသူများရှိ ပါသည်။ အဘယ်ကြောင့်ဆိုသော်အထူးတလည်သန့်ရှင်းပုံပေါ်သော် လည်းတရားတော်နှင့်အညီမကျင့်မစောင့်ဘဲတရားတော်ကိုနာရုံမျှသာ ပြုသောသူများရှိပါသည်။ ဤကဲ့သို့မိမိကိုယ်ကိုလှည့်ဖြားနေသူများ သည်အမြင်မှန်ရကြဖို့ကျွန်ုပ်တို့မည်သို့မည်ပုံဆောင်ရွက်ကြပါမည်နည်း ဟူမူကားမှန်သောဘုရားတရားကြည်ညိုပုံကိုငင်းတို့၏ရှေ့၌ပုံစံနမူ နာပြရုံသာရှိပါသည်။ ထိုသို့ဆိုသော်ကျွန်ုပ်တို့အနေဖြင့်တရားကိုနာ ရုံမျှသာမဟုတ်ဘဲဘုရားသခင်၏ပညတ်တော်များကိုစောင့်ထိန်းပါမည်။

သို့မှသာလျှင်အကျင့်ဓလေ့သန့်ရှင်းခြင်းနှင့်ဆိုင်သည့်အလင်းရောင်သည်ထိုသူတို့သွားရာလမ်းပေါ်၌ရောင်ပြန်ဟပ်လျက်လင်းနေပါလိမ့်မည်။

## လောကီပုံသဏ္ဌာန်မဟုတ်

ဘုရားသခင်၏သားသမီးများသည် လောကီပုံသဏ္ဌာန်ကိုဆောင်ကြလိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်သမ္မာတရားတော်ကိုစိတ်နှလုံးအတွင်း၌လက်ခံရရှိထားခြင်းအားဖြင့်စိတ်ဝိညာဉ်ကိုသန့်ရှင်းစင်ကြယ်စေလျက်အကျင့်စာရိတ္တပါပြောင်းလဲမည်ဖြစ်ရာထိုသူ၌ဘုရားသခင်နှင့်တူသောစိတ်ထားရှိနေမည်ဖြစ်ပါသည်။ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်ဘုရားသခင်နှင့်တူသောစိတ်သဘောထားမရှိသေးပါကငင်း၏ပင်ကိုသဘာဝနှင့်အညီကိုယ်ကျင့်တရားပျက်ပြားနေပေဦးမည်။

စိတ်နှလုံးအတွင်းခရစ်တော်ရှိနေတော်မူလျှင်မိမိ၏နေအိမ်၌ဖြစ်စေ၊ မိမိ၏လုပ်ငန်းခွင်၌ဖြစ်စေ၊ လူအများရှေ့၌ဖြစ်စေ၊ ဘုရားရှိခိုးကျောင်းအတွင်း၌ဖြစ်စေသိသာပေါ်လွင်ပါလိမ့်မည်။ စိတ်အာရုံကိုမြင့်တင်မြင့်မြတ်စေရာ၌လည်းကောင်း၊ စိတ်နှလုံးကိုနှိမ့်ချပျော့ပျောင်းစေရာ၌လည်းကောင်းသမ္မာတရားတော်၏တန်ခိုးကိုခံရ၍လူတစ်ကိုယ်လုံးသည်ဘုရားရှင်၏အလိုတော်နှင့်လိုက်ဖက်ပါလိမ့်မည်။ သမ္မာတရားတော်အားဖြင့်ပုံသဏ္ဌာန်ပြောင်းလဲသောသူအနေဖြင့်ဤလောကအတွင်းသို့အလင်းရောင်ပေးသွင်းပါလိမ့်မည်။ အကြင်ပုဂ္ဂိုလ်တစ်ဦး၌ခရစ်တော်၏မြော်လင့်ခြင်းရှိ၏။ ထိုပုဂ္ဂိုလ်အနေဖြင့်ကိုယ်တော်သန့်ရှင်းတော်မူသကဲ့သို့မိမိကိုယ်ကိုသန့်ရှင်းစေပါလိမ့်မည်။ သခင်ခရစ်တော်ဘုရားကြွလာတော်မူဖို့မြော်လင့်ခြင်းမှာမဟာမြော်လင့်ခြင်းဖြစ်ပါသည်။ တာသွားသောမြော်လင့်ခြင်းဖြစ်ပါ

သည်။ ထိုမြော်လင့်ခြင်းသည်ကားဘုရင်တကာတို့၏ဘုရင်ကြီး
တင့်တယ်မြင့်မြတ်ခြင်းရှိပုံကိုဖူးမြင်ရဖို့နှင့်ကိုယ်တော်နှင့်တူဖို့
မြော်လင့်ခြင်းဖြစ်ပါသည်။

ခရစ်တော်ကြွလာတော်မူသောအခါ ဤကမ္ဘာမြေကြီးသည်
ကိုယ်တော်၏ရှေ့တော်၌တုန်လှုပ်၍ကောင်းကင်တို့သည်စာစောင်
ပမာလိပ်ကြပြီးတောင်များ၊ ကျွန်းများသည်ၸင်းတို့၏နေရာမှရွေ့ကြ
ပါလိမ့်မည်။ "ငါတို့၏ဘုရားသခင်ကြွလာတော်မူ၏။ တိတ်ဆိတ်စွာ
နေတော်မမူ၊ ရှေ့တော်၌မီးလောင်လျက်ပတ်ဝန်းကျင်၌မိုးသက်မုန်တိုင်း
ပြင်းပြလျက်ရှိ၏။ မိမိလူတို့ကိုစစ်ကြောစီရင်ခြင်းအလိုငှါအထက်
ကောင်းကင်ကိုလည်းကောင်း၊ မြေကြီးကိုလည်းကောင်းခေါ်တော်မူ
လျက်ယဇ်ပူဇော်သောအားဖြင့်ငါနှင့်ပဋိညာဉ်ဖွဲ့သောငါ၏သန့်ရှင်း
သူတို့ကိုငါ့ထံသို့စုဝေးကြဟုမိန့်တော်မူ၏။ ဘုရားသခင်သည်ကိုယ်
တော်တိုင်တရားဆုံးဖြတ်တော်မူသည်ဖြစ်၍ဖြောင့်မတ်တော်မူခြင်း
အကြောင်းကိုကောင်းကင်တို့သည်ထင်ရှားစွာပြကြလိမ့်မည်။"
(ဆာလံ၊ ၅၀း၃–၆)။ ထာဝရဘုရားသခင်၏နေ့ကြီးအကြောင်းကို
ဆင်ခြင်သောအခါကျွန်ုပ်တို့အဖို့တစ်ခုတည်းသောခိုလှုံရာမှာအပြစ်
မှန်သမျှကိုကြဉ်ရှောင်ရန်သာဖြစ်ကြောင်းသိသာပါသည်။
အပြစ်လမ်းစဉ်အတွင်း၌ဆက်လက်တည်နေသောသူများမူကား
အပြစ်စီရင်ခြင်းခံရသူများနှင့်ပျက်စီးသောသူများတွင်ရောနှောပါဝင်
ကြမည်သာဖြစ်ပါသည်။

## အပြစ်ကျူးလွန်သူများ၏ ကံကြမ္မာ

အပြစ်လမ်းစဉ်ကိုရွေးချယ်သောသူတို့၏ကံကြမ္မာကိုတမန်
တော်ယောဟန်ရှုမြင်ရပါသည်။ "လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး

သူဌေးသူကြွယ်၊ ခွန်အားကြီးသောသူမှစ၍ကျွန်များ၊ လူလွတ်များအပေါင်းတို့သည်မြေတွင်း၌လည်းကောင်း၊တောင်ပေါ်မှာရှိသောကျောက်များ၌လည်းကောင်းပုန်းရှောင်လျက်နေ၍ထိုတောင်များ၊ ကျောက်များတို့ကိုခေါ်လျက်ငါတို့အပေါ်သို့ကျကြ၏။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့်သိုးသငယ်၏အမျက်တော်ကိုကွယ်ကာ၍ငါတို့ကိုဖုံးအုပ်ကြပါ။ အမျက်တော်ထင်ရှားသောနေ့ကြီးရောက်ပါပြီတကား၊ အဘယ်သူသည်ခံရပ်နိုင်မည်နည်းဟုပြောဆိုက၏။” (ဗျာ၊ ၆း၁၅–၁၇)။

အပြစ်သား၏ကံကြမ္မာမူကားလွန်စွာမှဆိုးရွားလှသောကြောင့်အပြစ်၏အကြောင်းကိုကျွန်ုပ်တို့အမှန်အတိုင်းသိထားဖို့လိုပါသည်။ သို့မှသာလျှင်ကျွန်ုပ်တို့အနေဖြင့်အပြစ်လွှမ်းမိုးခြင်းမှလွတ်မြောက်ကြပါလိမ့်မည်။ တမန်တော်ယောဟန်က “အပြစ်ကိုပြုသောသူမည်သည်ကားပညတ်တော်ကိုလွန်ကျူး၏၊ အပြစ်သည်ကားပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း” ဟုဆိုထားပါသည်။ (၁ယောဟန် ၃း၄)။ ဤသည်မှာအပြစ်၏အနက်မှန်ဖြစ်ပါသည်။ အပြစ်ဆိုသည်မှာ– “ပညတ်တော်ကိုလွန်ကျူးခြင်း” ဖြစ်ကြောင်းဤကျမ်းချက်ဖြင့်ရှင်းလင်းစွာအနက်ဖွင့်ဆိုထားပါသည်။ အပြစ်သားအနေဖြင့်မိမိပြုသောအပြစ်များကိုစွန့်၍ယေရှု၏ထံတော်သို့လာဖို့မကြာခဏတိုက်တွန်းခြင်းခံရပါသည်။ သို့သော်ယင်းအပြစ်သားအားခရစ်တော်ထံသို့လမ်းညွှန်မည့်သံတော်ဆင့်အနေဖြင့်ရှင်းလင်းစွာလမ်းညွှန်ထားပါ၏လား။ “အပြစ်သည်ကားပညတ်တော်ကိုလွန်ကျူးခြင်း” ဖြစ်ကြောင်း၊ ထိုကြောင့်၎င်းအနေဖြင့်နောင်တသံဝေဂရလျက်ဘုရားသခင်၏ ပညတ်တော်တို့ကိုချိုးဖေါက်ခြင်းမှရပ်တန်းကရပ်

ဖို့လိုပြီဖြစ်ကြောင်းကိုထိုသူအားရှင်းလင်းပြတ်သားစွာညွှန်ကြားပြီး
ပါပြီလား။.......

ကျဆုံးလျက်ရှိသောအပြစ်သားအားလက်ခံဖို့ဘုရားသခင်သည်
မိမိ၏သန့်ရှင်းသောပညတ်တရားမှအငယ်ဆုံးသောစာလုံးဗိန္ဒုတစ်
လုံးကိုမျှမပြောင်းမလဲနိုင်ပါ။ ယင်းသို့ပြောင်းလဲနိုင်ပါကကောင်းကင်
နှင့်မြေကြီးကိုစိုးမိုးတော်မူဖို့ပညတ်တရားပြဋ္ဌာန်းတော်မူရာပညာ
ဉာဏ်တော်မပြည့်စုံသကဲ့သို့ဖြစ်နေပေမည်။ သို့သော်အပြစ်ကျူးလွန်
သောလူသား၏ပြစ်ဒဏ်ကိုလူသား၏ကိုယ်စားခံယူစေရန်နှင့်လူသား
အတွက်အာမခံအဖြစ်ဆောင်ရွက်တော်မူဖို့၊ ၎င်းအပြင်ကိုယ်တော်၏
စုံလင်သောဖြောင့်မတ်ခြင်းကိုနောင်တရသောသူအားခွဲဝေပေးဖို့မိမိ
၏တစ်ပါးတည်းသောသားတော်ကိုဘုရားသခင်စွန့်လွှတ်နိုင်တော်မူ၏။
ပြစ်ဒဏ်သင့်နေသောလူမျိုးအတွက်ခရစ်တော်သည်အပြစ်နှင့်ကင်းစင်
သောပူဇော်သကာအဖြစ်ခံယူတော်မူသောအားဖြင့်လူအပေါင်းတို့
သည်မြော်လင့်ခြင်းဆိုင်ရာအကျဉ်းသားများဖြစ်လာကြပါသည်။ ထို
သို့ဆိုသော်လူသည်သန့်ရှင်းသောပညတ်တော်တို့ကိုချိုးဖေါက်သည့်
အတွက်ဘုရားသခင်၏ရှေ့တော်၌နောင်တရခြင်းအားဖြင့်လည်းကောင်း၊
ခရစ်တော်သည်မိမိတို့၏ကိုယ်စားနှင့်အာမခံဖြစ်တော်မူသည်ဟု
ယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ ခရစ်တော်သည်မိမိတို့၏
ဖြောင့်မတ်ခြင်းဖြစ်တော်မူသည်ဟုယုံကြည်ခြင်းအားဖြင့်လည်း
ကောင်းဘုရားသခင်၏ရှေ့တော်သို့သစ္စာရှိသောသူများအဖြစ်ပြန်၍
ရောက်ကြပြီးလျှင်ကိုယ်တော်၏သန့်ရှင်းသောပညတ်တော်တို့ကို
ပြန်၍လိုက်နာနိုင်ရန်ဖြစ်ပါသည်။

## ခရစ်တော်၏ ဖြောင့်မတ်ခြင်းအားဖြင့် နားထောင်နိုင်ပါသည်

ဘုရားသခင်၏ပညတ်တော်တို့သည်သန့်ရှင်း၊ ဖြောင့်မှန်၊ ကောင်းမြတ်တော်မူသောကြောင့်အပြစ်သားမစောင့်မထိန်းနိုင်ပါ။ သို့သော်နောင်တရလျက်ယုံကြည်သောအသက်ဝိညာဉ်သည်ခရစ်တော်၏ ဖြောင့်မတ်ခြင်းကိုခွဲဝေခံစားရသောအခါယင်းသို့မစောင့်မထိန်းနိုင်သောအခြေအနေ၌မတည်မနေတော့ပါ။ သို့ဖြစ်ရာအပြစ်နှင့်ပြည့်ဝသောလူသားအနေဖြင့်ပညတ်တရား၏ တောင်းဆိုချက်နှင့်သင့်တင့်ညီညွတ်ဖို့၊ ခမည်းတော်ဘုရားသခင်လက်ခံနိုင်တော်မူသည့်ဖြောင့်မတ်ခြင်းကိုခွဲဝေခံစားနိုင်ဖို့နှင့်ဘုရားသခင်၏ ရှေ့တော်၌ပြန်လည်မျက်နှာသာရဖို့ခရစ်တော်သည်ဤလောကသို့ဆင်း၍သက်ရှင်နေထိုင်လျက်လူသားကိုယ်စားအသေခံတော်မူ၏။

သို့သော် ဘုရားသခင်၏ပညတ်တရားတော်ဆိတ်သုဉ်းတိမ်မြုပ်ဖို့နှင့်ကယ်တင်ခြင်းစီမံကိန်းကြီး၏အနက်အမှန်ကိုဖုံးအုပ်ထားဖို့မှာစာတန်၏အစဉ်တစိုက်ကြံစည်ရည်မှန်းချက်ဖြစ်ပါသည်။ ထိုကြောင့်ကရာနိလက်ဝါးကပ်တိုင်၌ခရစ်တော်အသေခံတော်မူခြင်းအားဖြင့်လူတို့သည်ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ထိန်းဖို့မလိုတော့ဟူသောမဟုတ်မမှန်သည့်သဘောတရားကိုအစပြုတီထွင်ခဲ့ပါသည်။ ဘုရားသခင်သည်မိမိ၏အခြေခံစည်းမျဉ်းဥပဒေများကိုဖျက်သိမ်း၍ကိုယ်ကျင့်တရားစံချိန်ကိုလည်းပစ်ပယ်လျက်မိမိ၏ သန့်ရှင်းစုံလင်သောပညတ်တော်တို့ကိုလည်းဆိတ်သုဉ်းစေပြီဖြစ်ကြောင်းမသမာသောနည်းမျိုးစုံဖြင့်လှည့်ဖြားလျက်ဤကမ္ဘာပေါ်၌စာတန်သတင်းဖြန့်ထားပါသည်။ ယင်းသို့လှည့်ဖြားပုံများအောင်မြင်ခဲ့မည်ဆို

ပါကကောင်းကင်နိုင်ငံတော်အတွက်မည်မျှလောက်ကြီးမားသောနစ်
နာမှုကြီးဖြစ်ပါလိမ့်မည်နည်း။ ပညတ်တရားတော်ကိုဖျက်သိမ်းပြီး
ကြောင်းမကြေညာရုံမျှမကပညတ်တရားတော်ကိုပြောင်းလဲ၍မရ
ကြောင်း၊ ယင်းပညတ်တရားတော်၌ထာဝရတည်သောလက္ခဏာရှိ
ကြောင်းကရာနိကုန်းတော်ပေါ်မှမိုးကြိုးသံဟိန်းသည်တိုင်အောင်
ကြေညာတော်မူ၏။ ပညတ်တရားတော်ကိုဖျက်သိမ်းလျက်ကောင်းကင်
နှင့်မြေကြီးဆိုင်ရာဘုရားသခင်စိုးမိုးအုပ်ချုပ်တော်မူခြင်းနှင့်ဘုရားသခင်
၏မရေမတွက်နိုင်သောကမ္ဘာများကိုလည်းတည်မြဲတည်လျက်နေစေ
နိုင်မည်ဆိုပါကခရစ်တော်ယေရှုအသေခံဖို့လိုမည်မဟုတ်ပါ။
ယေဟောဝါဘုရားသခင်၏ပညတ်တရားတော်အခြေခိုင်ကြောင်း
ခရစ်တော်အသေခံတော်ခြင်းအားဖြင့်ထာဝရဖြေရှင်းလိုက်ပါသည်။
ခရစ်တော်သည်ပြစ်ဒဏ်သင့်နေသောကမ္ဘာ၏ကိုယ်စားပြစ်ဒဏ်ကို
အပြည့်အဝခံယူပြီးသောအခါနောင်တသံဝေဂရသောလူသားအနေ
ဖြင့်အမြင့်ဆုံးသောဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ထိန်းနိုင်ေ
ခြင်းငှါကျေးဇူးတော်ကိုပေးတော်မူလျက်ဘုရားသခင်နှင့်
လည်းပြန်လည်သင့်မြတ်စေရန်ယေရှုသည်ဘုရားသခင်နှင့်လူသားစပ်
ကြားဖျန်ဖြေသောသခင်အဖြစ်ဆောင်ရွက်တော်မူ၏။ ပညတ်တရား
(သို့မဟုတ်) ပုရောဖက်တို့ကိုဖျက်သိမ်းဖို့ခရစ်တော်ကြွလာတော်မူခြင်း
မဟုတ်ပါ။ ၎င်းတို့နှင့်စပ်လျဉ်း၍အငယ်ဆုံးသောစကားတစ်လုံးအထိ
ပြည့်စုံစေဖို့ကြွလာတော်မူ၏။ ဘုရားသခင်၏ပညတ်တရားတော်သည်
ကျဆုံးသောဤကမ္ဘာ၏ရှေ့မှောက်၌သာမကကောင်းကင်မိုးကုပ်စက်ဝိုင်း
နှင့်တကွမကျဆုံးသောကမ္ဘာများ၏ရှေ့မှောက်၌ပါသန့်ရှင်းကြောင်း၊
ဖြောင့်မှန်ကြောင်းနှင့်မှန်ကန်ကြောင်းကို ကရာနိလက်ဝါးကပ်တိုင်မှ

အပြစ်ဖြေလွှတ်ခွင့်ပြုခြင်းအားဖြင့်ဘုန်းတော်ကိုကာကွယ်တော်မူ၏။
ပညတ်တရားတော်နှင့်ပတ်သက်၍အမြင်ကျယ်စေဖို့နှင့်ပညတ်
တရားတော်၏ဘုန်းတော်ကိုထင်ရှားစေဖို့ခရစ်တော်ကြွလာတော်မူ၏။

---× × ×---

## ဘုရားသခင်၏နှုတ်တော်ထွက်စကားနှင့်ညီညွတ်ဖို့လိုအပ် သောအယူအဆများနှင့်အလေ့အကျင့်များ

၁၉၀၂ ခု၊ မတ်လ ၂၅ ရက်နေ့ထုတ် ပြန်လည်သုံးသပ်ခြင်း နှင့်သံတော်ဆင့်မဂ္ဂဇင်း ဆောင်းပါးမှကောက်နုတ်ချက်။

မိမိသည်ဘုရားသခင်၏ရှေ့တော်၌သန့်ရှင်းစင်ကြယ်ခြင်းသို့ ရောက်ပါပြီဟုအဆိုပြုသောသူအများရှိပါသည်။ သို့သော်ဖြောင့်မတ် ခြင်းဆိုင်ရာမဟာစံချိန်ကိုငင်းတို့အားတင်ပြသောအခါငင်းတို့အနေ ဖြင့်ထူးခြားစွာစိတ်မငြိမ်သက်ဖြစ်လျက်သန့်ရှင်းစင်ကြယ်ခြင်းသို့ ရောက်ပါပြီဆိုသည့်အဓိပ္ပါယ်ကိုငင်းတို့လုံးဝနားမလည်ကြောင်း ထင်ရှားပြကြပါသည်။ ငင်းတို့၌ခရစ်တော်၏စိတ်နေသဘောထား မရှိပါ။ အဘယ်ကြောင့်ဆိုသော်ငင်းတို့အနေဖြင့်အမှန်ပင်သန့်ရှင်းခြင်း သို့ရောက်ပြီးသူများဖြစ်ပါကဘုရားသခင်၏နှုတ်တော်ထွက်တရားတော် ကိုငင်းတို့အားဖွင့်ပြလျှင်ပင်ငင်းတို့အနေဖြင့်နှုတ်တော်ထွက်စကားကို ရိုသေကြောင်းချက်ချင်းပြကြပါလိမ့်မည်။ ငင်းအပြင်သွန်သင်ချက်တစ်ခု စီနှင့်စပ်ဆိုင်သည့်သမ္မာတရားကိုသဖို့ပြင်းပြသည့်စိတ်ရှိကြောင်း နှုတ်မြွက်ကြပါလိမ့်မည်၊ အလွန်ဝမ်းမြောက်နေသည့်ခံစားမှုတစ်ရပ် မှာသန့်ရှင်းစင်ကြယ်ခြင်းသို့ရောက်သည့်သာဓကမှန်မဟုတ်ပါ။ "အကျွန်ုပ်ကယ်တင်ခြင်းရပြီ၊ အကျွန်ုပ်ကယ်တင်ခြင်းရပြီ" ဟုအခိုင် အမာပြောခြင်းဖြင့်ထိုအသက်ဝိညာဉ်ကယ်တင်ခြင်းခံရပြီး (သို့မဟုတ်) သန့်ရှင်းခြင်းသို့ရောက်ပြီးကြောင်းသာဓကထင်ရှားသည်မဟုတ်ပါ။

ထူးခြားစွာစိတ်လှုပ်ရှားတက်ကြွနေသူအများက ငင်းတို့အနေဖြင့် သန့်ရှင်းစင်ကြယ်ပြီဟုပြောကြပါသည်။ သို့သော်စင်ကြယ်ခြင်း ဆိုသည့်စကားရပ်၏အနက်ကိုပင်နားလည်နိုင်သည့်သဘောထားသည်

၎င်းတို့၌မရှိပါ၊ အဘယ်ကြောင့်ဆိုသော်၎င်းတို့အနေဖြင့် သမ္မာကျမ်းစာ (သို့မဟုတ်) ဘုရားသခင်၏တန်ခိုးတော်အကြောင်းမသိကြသေးပါ။ ၎င်းတို့အနေဖြင့်ထူးခြားစွာဝမ်းမြောက်နေကြသောကြောင့် ဘုရားသခင်၏အလိုတော်နှင့်ညီညွှတ်နေပြီဟုမိမိကိုယ်ကိုသွေးကြွစေခြင်းသာဖြစ်ပါသည်။ သို့သော်၎င်းတို့၏အတွေ့အကြုံများကို ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်နှင့်တိုက်ဆိုင်စစ်ဆေးသော အခါအမှန်တရားကိုလက်မခံဘဲသူတို့၏နားများကိုပိတ်၍ "အကျွန်ုပ်သန့်ရှင်းခြင်းသို့ရောက်ပြီ" ဟုသာရေရွတ်၍အမှန်နှင့်အမှားသဘောထားကွဲလွဲမှုကိုရပ်စဲလိုက်ပါသည်။ ၎င်းတို့ကိုယ်တိုင်အမှန်အမှားကို ခွဲခြားသိဖို့နှင့်မိမိတို့သည်ကြောက်ခမန်းလိလိကိုယ်ကိုကိုယ်လှည့်ဖြားနေခြင်းများဖြစ်ကြောင်းကေန်အမှန်သိကြဖို့သမ္မာကျမ်းကိုစေ့စေ့ရှာဖွေစစ်ဆေးရန်သူတို့ငြင်းဆန်ကြပါသည်။ သန့်ရှင်းစင်ကြယ်ခြင်းသို့ရောက်သည်ဆိုသည်မှာမတည်မငြိမ်သည့်ခံစားမှုတစ်ရပ်ထက် အထူးပိုပါသည်။

စိတ်တက်ကြွနေခြင်းမှာသန့်ရှင်းခြင်းမဟုတ်ပါ။ ကောင်းကင်ဘုံ၌ရှိတော်မူသောကျွန်ုပ်တို့အဘဘုရားသခင်၏အလိုတော်နှင့်လုံးဝဥဿုံညီညွှတ်ခြင်းတစ်ခုတည်းသာလျှင်သန့်ရှင်းခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ယင်းအလိုတော်ကိုလည်းကိုယ်တော်၏ပညတ်တော်၌ဖေါ်ပြထားပါသည်။ ဘုရားသခင်၏ပညတ်တော်အလုံးစုံကိုစောင့်ရှောက်ခြင်းသည်သန့်ရှင်းစင်ကြယ်ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်တော်တော်ထွက်တရားတော်ကိုနာယူကြောင်းသာဓကပြသော ဘုရားသခင်၏သားသမီးများသည်သန့်ရှင်းစင်ကြယ်ကြပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်စကားတော်သည် ကျွန်ုပ်တို့အတွက်

လမ်းညွှန်ဖြစ်၍လူတို့၏အယူအဆနှင့်သဘောတရားများမှာကျွန်ုပ်တို့အတွက်လမ်းညွှန်မဟုတ်ပါ။ သန့်ရှင်းစင်ကြယ်ခြင်းသို့အမှန်ရောက်လိုသောသူများသည်ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်ကိုသည်းခံလျက်၊ ဆုတောင်းပတ္ထနာပြုလျက်နှိမ့်ချသောသဘောဖြင့်စိတ်နှလုံးကြေကွဲလျက်ရှာဖွေလေ့လာကြပါစေ။ "ကိုယ်တော်၏သမ္မာတရားအားဖြင့်သူတို့ကိုသန့်ရှင်းစေတော်မူပါ၊ ကိုယ်တော်၏နှုတ်တော်ထွက်စကားတော်သည်သမ္မာတရားဖြစ်ပါ၏" ဟု (ယောဟန် ၁၇း၁၇) ယေရှု၌ဆုတောင်းပတ္ထနာပြုတော်မူသည်ကိုသတိရကြပါစေ။

**နှုတ်တော်ထွက်စကားတော်နှင့်အညီသက်ရှင်နေထိုင်ခြင်း**

ခရစ်ယာန်အယူအဆဆိုသည်မှာ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်သက်ရှင်လှုပ်ရှားခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည်ခရစ်တော်အားယုံကြည်လျက်ခရစ်တော်၌သာအသက်ရှင်ရကြပါမည်။ အဘယ်ကြောင့်ဆိုသော်ခရစ်တော်သည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏။ ဘုရားသခင်၏နှုတ်တော်ထွက်စကားကိုကျွန်ုပ်တို့ယုံကြည်သောအခါဘုရားသခင်ကိုလည်းယုံကြည်ကြပါသည်။ ကိုယ်တော်၏ပညတ်တော်များကိုကျွန်ုပ်တို့စောင့်ထိန်းသောအခါဘုရားသခင်ကိုကျွန်ုပ်တို့ယုံကြည်ကိုးစားလျက်ကိုယ်တော်၏အလိုတော်သို့လိုက်လျှောက်ကြပါည်။ ဘုရားသခင်၏ပညတ်တော်များကိုကျွန်ုပ်တို့မြတ်နိုးရှိသေသောအခါဘုရားသခင်ကိုလည်းကျွန်ုပ်တို့ရိုသေမြတ်နိုးကြည်ညိုကြပါသည်။

ကျွန်ုပ်တို့သည်လိမ်လည်လှည့်ဖြားမှုတစ်ရပ်ကိုယုံကြည်သောအားဖြင့်အသက်သူမျှစင်ကြယ်ခြင်းလမ်းစဉ်သို့မရောက်နိုင်ပါ။ ဖြောင့်မတ်ခြင်းစံချိန်ဖြစ်သောပညတ်တော်မှပညတ်တစ်ခုတလေကိုမျှ

မစောင့်ထိန်းသော်လည်းကယ်တင်ခြင်းရနိုင်ပါသည်ဟုတစ်ကမ္ဘာလုံး မှခရစ်ယာန်ဆရာအပေါင်းကပြောဟောကြသည်တိုင်အောင်ကျွန်ုပ်တို့ အနေဖြင့် "အောက်မေ့လော့" "မလုပ်နှင့်" ဟုရှင်းလင်းပြတ်သားစွာဖေါ် ပြထားသည့်ပညတ်တစ်စုံတစ်ခုကိုဖေါက်ဖျက်လျှင်ကျွန်ုပ်တို့၏ တာဝန်အနည်းငယ်မျှလျော့နည်းမသွားပါ။ ပြစ်ဒဏ်လည်းအနည်း ငယ်မျှပေါ့မသွားပါ။ ကျွန်ုပ်တို့၏ဘိုးဘေးများအနေဖြင့်၎င်းတို့၏ လမ်းစဉ်အတိုင်းလိုက်လျှောက်လျက်ဝမ်းမြောက်စွာကွယ်လွန်သွား ကြမည်ဖြစ်သော်လည်း ၎င်းတို့၏လမ်းစဉ်အတိုင်းကျွန်ုပ်တို့လိုက် လျှောက်ရမည်၊ ၎င်းတို့ကျင့်သည့်ပုံစံအတိုင်းကျွန်ုပ်တို့ကျင့်ရမည်ဟု ကျွန်ုပ်တို့မထင်မမှတ်သင့်ပါ။

ယနေ့ကျွန်ုပ်တို့လက်ခံရရှိသောအလင်းတရားမှာဘိုးဘေး တို့ခေတ်ကလက်ခံရရှိသောအလင်းတရားထက်ပိုပါသည်။ ကျွန်ုပ်တို့ အားဘုရားသခင်လက်ခံတော်မူဖို့အလိုရှိပါကဘုရားသခင်၏အထံတော် မှ၎င်းတို့လက်ခံရရှိသောအလင်းတရားကို၎င်းတို့အနေဖြင့်သစ္စာရှိ စွာယုံကြည်လိုက်လျှောက်သကဲ့သို့ယနေ့ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့ရရှိသည့်အလင်းတရားအတိုင်းသစ္စာရှိစွာယုံကြည်လိုက် လျှောက်ရပါမည်။ သူတို့လူမျိုးစုခေတ်ကသူတို့၏လမ်းခရီးပေါ်သို့ ရောက်လာခဲ့သည့်အလင်းကိုသူတို့လက်ခံလျက်တိုးတက်ကောင်းမွန် အောင်ပြုပြင်ဆောင်ရွက်ခဲ့ကြသကဲ့သို့ယနေ့ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏လမ်းခရီးပေါ်သို့ရောက်လာသည့်အလင်းရောင်ကိုလက် ခံလျက်ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားကြရပါမည်။ ကျွန်ုပ်တို့၏ခေတ် ၌ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ဗိမာန်အတွင်းသို့ရောက်လာသည့်အလင်း တရားနှင့်လျော်ညီစွာကျွန်ုပ်တို့စီရင်ခြင်းခံရကြမည်ဖြစ်ပါသည်။ ရရှိ

သောအလင်းရောင်လမ်းပြသည့်အတိုင်းလိုက်လျှောက်ပါကကျွန်ုပ်
တို့အားလုံးခရစ်တော်၌လွတ်မြောက်သောအမျိုးသားအမျိုးသမီးများ
ဖြစ်ကြပါလိမ့်မည်။

---***---

## စာရေးသူ၏အကြောင်း

အီးဂျီဂိုက် (၁၈၂၇–၁၉၁၅) ရှေးဦးသတ္တမနေ့ဥပုသ်အသင်းတော်အတွက်အလင်းတရားလမ်းညွှန်သူဖြစ်ခဲ့ပါသည်။ အသက် ၁၇ နှစ်အရွယ်မှစ၍ခရစ်တော်၏ဘုန်းတော်များကိုမြင်ခြင်းအားဖြင့်ဖူးမြင်ရပါသည်။ ရှေးလွန်ပြီးကာလနှင့်လာလတ္တံ့သောရေးရာလျှို့ဝှက်ချက်များကိုလည်းမြင်ခြင်းအားဖြင့်မြင်ရပါသည်။

သတ္တမနေ့ဥပုသ်အသင်းတော်အုပ်ချုပ်ရေးတွင် ရာထူးဖြင့်တာဝန်မထမ်းမဆောင်ခဲ့သော်လည်းဝိညာဉ်ကယ်ဆယ်ရေး၊ အသင်းတော်ခေါင်းဆောင်များအားအကြံပေးခြင်း၊ ဝိညာဉ်ရေးရာတိုးတက်ကြီးပွားရေးအတွက်အားပေးသည့်တစ်သီးပုဂ္ဂလများနှင့်အဖွဲ့များအားခရစ်ယာန်သတင်းစကားပေးပို့ခြင်းတို့ဖြင့်အမှုတော်ဆောင်ခဲ့ပါသည်။

ယနေ့ငင်းပြုစုထားသည့်ခရစ်ယာန်စာအုပ် ၉၀ ကျော်ကိုပုံနှိပ်ထုတ်ဝေ လျက်ရှိပါသည်။

“အပြစ်သားအားအကြင်နာဆုံးဟောနိုင်သည့်ခရစ်ယာန်တရားစကားမှာဘုရားသခင်၏ပညတ်တော်နှင့်ဖွဲ့စည်းထားသည့်သမ္မာတရားဖြစ်ပါသည်။ ယုံကြည်ခြင်းတစ်ခုတည်းရှိနေလျှင်အကျင့်မပါသောကြောင့်အသေဖြစ်ပါသည်။ ထိုကြောင့်ယုံကြည်ခြင်းနှင့်အကျင့်လက်တွဲဖို့လိုပါသည်။”